

www.burmeseclassic.com
နှင်းမာန
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# သျှင်ဗြ

# နှင်းမာန

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၃၈၄၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၄၈၀၀၄၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ ဇွန်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




အခန်း (၁)

“ဘယ်နှနာရီလဲ”

“ဆယ့်တစ်နာရီ”

မေးသည့်သူက ရှေ့မှာထိုင်လျက် ဖြေသည့်သူက နောက်မှာ။ ကားတံခါးကိုဖွင့်၍ ခြေနှစ်ဖက်စလုံး ချထိုင်နေသည်။

“လွှမ်း၊ သူ ထွက်လာလို့ ရပ့်မလားဟင်”

“လာတာမြင်ရင် လာတယ်လို့မှတ်”

စီးကရက်သောက်မပျက်၊ စတီယာရင်မှာ တင်ထားသည့် လက်ကိုလည်း အေးဆေးစွာ အနားပေးလျက် သူလို တိုက်ကြီးဆီကို လည်တဆန့်ဆန့် ဖြစ်နေတာမျိုးလည်း မရှိ။

ဒါပေါ့၊ သူ့ကိစ္စမှ မဟုတ်တာ။ ကိုယ့်ကိစ္စကို လိုက်ပေးခဲ့တာ မှန်ပေမယ့် ဒီလောက်ထိ ကူဖော်လောင်ဖက်မရှိတော့လည်း မချင့်မရဲစိတ်နှင့် အားငယ်သလိုလို။

“လွှမ်း ...”

“ဘာလဲ”

“မင်းကလဲ နည်းနည်းပါးပါး ငုံ့ကြည့်ပြီး အကဲခတ်စမ်းပါဦး”



www.burmeseclassic.com

www.burmeseclassic.com



လွှမ်း မျက်နှာလှည့်လာသည်။ ဒါပေမယ့် တိုက်ကြီးဆီကို သူ ပြောလိုက်လို့ အားနာပါးနာ ကြည့်ပေးလိုက်ခြင်းမဟုတ်ဘဲ သူ့လိုပဲ လည်ပင်းလိမ်၍ နောက်လှည့်ကြည့်ကာ …

"သူများသားသမီးကို အလစ်သုတ်ဖို့ လာတာကွာ၊ မီးခံသေတ္တာ ဖွင့်ဖို့မှမဟုတ်တာ၊ တိုက်ကြီးကို မော့ငေးနေတော့လဲ အိုင်လပ်ဗ်ယူ လို့ မင်းကို လှမ်းပြောမှာမဟုတ်ဘူး၊ ငြိမ်ငြိမ်ထိုင်နေ"

စိတ်တော့ တိုသွားသည်။ သို့သော် အောက်ချလိုက်၊ ပြန်ရုပ်လိုက် လုပ်နေမိသည့် ခြေထောက်တစ်ဖက်ကိုတော့ အောက်မှာချထားလျက် သားအတိုင်း နောက်ထပ် ပြန်မရုပ်မိအောင် နေလိုက်ရ၏။

မိန်းမခိုးဖို့အတွက်က သူ့မှာ ငွေအနည်းအကျဉ်းပဲရှိသည်။ ဒါ တောင် မိန်းမယူမလို့ပါလို့ သေချာဝန်ခံပြီး မများသောလခလေးထဲမှ နည်းနည်းစီ ဖဲ့ယူစုဆောင်းခဲ့ရတာဖြစ်သည်။

အိမ်မှာ မိသားစုကလည်း များသည်။ ကိုယ့်မိသားစုတော့ မဟုတ်ပါ။ ငယ်ငယ်ကတည်းက မိဘမဲ့ခဲ့ရသည့် သူ့ကို ဒီအဒေါ်တွေ ကပဲ ကျွေးမွေးစောင့်ရှောက်ခဲ့တာမို့ သူ ဘွဲ့ရပြီး အလုပ်အကိုင်လေး ရလာတော့ ငါ့အလှည့်ပဲလို့ ကိုယ်တိုင်သတ်မှတ်ပြီး ရသည့်လခလေး ကို မခြွင်းမချန် အပ်နှံပေးခဲ့သည်။

နှင်းကို ခိုးယူဖို့ အစီအစဉ်တွေဖြစ်လာတော့ မခြွင်းမချန်ကနေ ခြွင်းခြွင်းချန်ချန် လုပ်ခဲ့ရသည်။

"ဒေါ်လေး၊ ကျွန်တော် မိန်းမယူမလို့၊ အဲဒါ ပိုက်ဆံစုမဖြစ်မှာ"

သူ ဖွင့်ပြောတော့ ဒေါ်လေးကလည်း ခွင့်ပြုပါသည်။

"မိန်းမယူမှာကို မပြောပါဘူး၊ မင်းလဲ အလုပ်နဲ့အကိုင်နဲ့ အရွယ် ရောက်ပြီပဲ၊ ဒါပေမယ့် ဒီအသက်အရွယ်ကျမှ ခိုးပြေးတာတွေ ဘာတွေ တော့ မလုပ်နဲ့နော်၊ ဟိုနေ့က မင်းဆီကိုလာတဲ့ကောင်လေးနဲ့မင်း ပြော နေသံကြားလို့"





"ဟာ … အဲဒါတော့ မခိုးလို့မရဘူး ဒေါ်လေးရ၊ သူက အရမ်း ချမ်းသာတာ၊ သူ့မိဘကျေနပ်အောင် တင့်တင့်တယ်တယ် တောင်းရမ်း ယူဖို့ ကျွန်တော့်မှာ ဘာမှမရှိဘူး"

"သူကရော၊ ခိုးရာလိုက်မှာတဲ့လား"

"လိုက်မှာပါ။ အကျပ်အတည်းဖြစ်လာရင် သူ ကျွန်တော့်နောက် ကို လိုက်မှာ၊ အဲဒါ သေချာတယ်၊ ဒါကြောင့် ကိုယ့်ဘက်က အဆင်သင့် ပြင်ထားတာ"

ပိုက်ဆံစုဖို့ ရည်ရွယ်ခဲ့စဉ်က နှင်းကို ခိုးရာလိုက်ခဲ့ဖို့ သူ မပြောရဲ သေးတာ တကယ်ပဲဖြစ်သည်။ နှင်းကလည်း သူကလွဲပြီး တခြား တစ်ယောက်ကိုတော့ ဘယ်တော့မှ လက်မထပ်ဘူးလို့ ကတိပေးထား တာပဲ ရှိသည်။ ဒီလိုလုပ်ဖို့ မပြောခဲ့ပေ။

ဒါပေမယ့် သူတို့ကိစ္စတွေကိုလည်း သိကုန်သည်။ နောက်တစ် ယောက်နဲ့ လက်ထပ်ဖို့ကို ချက်ချင်း ထစီစဉ်၏။ ထို့ကြောင့် ယခုလို ကိစ္စတွေ ပေါ်လာခဲ့ခြင်းဖြစ်သည်။ တကယ်ဖြစ်မြောက်ခဲ့တာကတော့ လွှမ်း ကူညီလို့ပါ။

ညက တိတ်ဆိတ်ခြင်းညဉ့်နက်ထဲသို့ တိုးသထက် တိုးလာခဲ့၏။ သမ်းထဲမှာ မီးတိုင်မရှိ၊ ရှိတဲ့မီးတိုင်ကလည်း မလင်းပေ။

နေ့ဘက်မှာ အလွန်လှပသော နှစ်ဆောင်ပြိုင်နှစ်ထပ်တိုက်ကြီး က ညအမှောင်ထဲမှာ မီးရောင်တွေ မညီမညာလင်းလျက် တိုက်၏ အပေါ်ထပ် အနည်းငယ်ကိုပဲ မြင်ရသည်။ မီးရောင်များမှလွဲ၍ တိုက် ကိုယ်ထည်က ညထဲမှာ ပျောက်ကွယ်နေသည်။

သူတို့ကားက တိုက်၏ဘယ်ဘက်ထောင့် ကေရာဖ်ပင်ကြီး အောက်မှာ ရပ်ထားတာဖြစ်သည်။ အနက်ရောင်က ညနှင့်ရောထွေး နေသော်လည်း ကားထဲက စီးကရက်မီးခိုးဖြူဖြူတွေက အလိပ်လိုက် ထိုးတက်နေတာ ထင်းနေ၏။ သူ့မှာ အမှတ်တမဲ့ စီးကရက်မီးခိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထို သတိထားမိသွားပြီး ရှေ့ခန်းထဲမှာ အေးဆေးစွာ မှိန့်ထိုင်နေသည့် လွှမ်းဝခုံးကို လှမ်းတို့၍ ...

"လွှမ်း၊ မင်း စီးကရက်မီးခိုးတွေကို ကြည့်ဦး။ တော်ကြာ မိန်းမ မရလိုက်ဘဲ မီးသတ်ကားလာလို့ ပြေးနေရဦးမယ်"

"ကောင်းတာပေါ့ကွ"

လွှမ်းက ရယ်သံသဲ့သဲ့နှင့် သူ့ဆီကို အကြည့်မရောက်ဘဲ မျက်နှာ စောင်းကြည့်ကာ .....

"မီး ... မီး ဆိုပြီး မင်းရဲ့နှင်း လုံးထွေးပါလာတော့ အသာလေး ဆွဲပြေးရုံပဲ"

လွှမ်းပြောပုံကြောင့် သူ ရယ်ချင်သွားသည်။ တကယ်ပဲ အဲဒီ အတိုင်း ခြောက်လှန့်ထုတ်ရတော့မလိုလို ဖြစ်နေပြီ။ နောက်ထပ် နာရီ ကြည့်တော့ ဆယ့်နှစ်နာရီခွဲဖို့ ဆယ်မိနစ်။

"လာနေပြီ"

"ဟာင် ...."

နာရီပေါ်ကို အကြည့်ရောက်သွားစဉ် လွှမ်းအသံကြောင့် သူ ဆတ်ခနဲ ဖြစ်သွားသည်။

"ဘယ်မှာလဲ၊ မင်း ဘာမြင်လို့လဲ လွှမ်း"

ကားပေါ်ကနေ ဆင်းလိုက်ပြီးတဲ့အထိ ခြံထဲကိုကြည့်တော့ သူ ဘာမှမမြင်။ လွှမ်းက ထိုင်လျက်တနေ တံခါးဖွင့်လိုက်၏။ လူကတော့ မဆင်းသေးဘဲ တံခါးကို ကိုင်ထားရင်း ....

"အပေါ်ထပ်မှာ အရိပ်တွေ လှုပ်ရှားကုန်တာ မြင်တယ်၊ မင်းရဲ့ နှင်း ဒီနားရောက်နေလောက်ပြီထင်တယ်၊ သွား တံခါးနားကို"

သူ ဘာသံမှလည်း မကြား။ ဘာမှလည်း မမြင်၊ လွှမ်းကတော့ ကားပေါ်ကမှ ဆင်းလာပြီ။

"အလင်း ..."





"ဟာင် ... နှင်း"

လွှမ်းကို ထပ်မေးမလို့ ပါးစပ်ပြင်ရင်း တံခါးဆီ လှမ်းကြည့်လိုက် မိတုန်း နှင်းအသံလေးကို ကြားရ၏။

"နှင်း ..."

သူ တံခါးဆီ သေလုမျောပါး ပြေးသွားမိသည်။

"ဟော့ ရပ်နေစမ်း၊ ငိုင်းထား"

အခြေအနေက ချက်ချင်းကြီး ဆူဆူညံညံ ထဖြစ်လာသည်။ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ခြံကျယ်ကြီးထဲမှာ လူရိပ်တွေ များစွာ ဖြစ်လာ၏။ ဘယ်တုန်းက မီးတွေ ဖွင့်လိုက်မှန်းမသိဘဲ ဖွေးခနဲ ထဖြစ် လေသည်။

"အလင်း ...."

"နှင်း ... လာ"

"ဟော့ ... ဆွဲထား"

နှင်းက တံခါးကို မြန်မြန်ဆန်ဆန်ကြီး ဆွဲဖွင့်ပစ်လိုက်၏။ တံခါး ပွင့်သွားသည်နှင့် နှင်းလက်ကို လှမ်းဆွဲလိုက်သည့် အလင်းမှာ ....

"ဒိန်း ........"

"အား ......"

သံတံခါးကြီးက အလင်းမျက်နှာကို ဒိန်းခနဲ ဝင်ဆောင့်တိုက်၏။ သူ့အလိုလိုမဟုတ်ပါ။ အတွင်းမှ လူရှုယ်တစ်ယောက်က လွှားခနဲ ပြေး လာပြီး တံခါးကို ဆောင့်ကန်ပစ်လိုက်တာဖြစ်သည်။

အလင်း ခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ လူကလည်း လန်ကျသွား သည်။ ထိုအချိန်လေးမှာ လွှမ်း အနားရောက်လာသည်။ အထဲရော၊ အပြင်ရော ဖွင့်လို့ရနေသည့် တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်ပစ်လိုက်၏။

ပြီးတော့ နှင်းကိုချုပ်ကိုင်ထားပြီးဖြစ်သည့် လူရှုယ်ထံသို့ လွှဲ[illegible] ပစ်လိုက်သည်။ တစ်ဆက်တည်း လက်က နှင်းကို ဆွဲထုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်တာ ...

"အလင်းဖြူ၊ မင်းတို့ပြေးကြ"

ပြန်ကျုံးထလိုက်ပြီဖြစ်သည့် အလင်းဆီသို့ နှင်းကို တွန်းပစ်လိုက်၏။ ထိုအချိန်တွင် ခြံကြီးထဲမှာ ဆိုက်စုံဂိုက်စုံနှင့် လူတွေ ပြေးထွက်လာကြပြီဖြစ်သည်။

"လွှမ်း ...."

"ငါ့ကို မပူနဲ့ သွား ... မြန်မြန်"

နှင်းလက်ကိုဆွဲ၍ ကားဆီကိုပြေးလာခဲ့စဉ် အလင်းမျက်နှာက နောက်မှာ ကျန်ခဲ့ကာ ...

"လွှမ်း၊ လွှမ်း လာလေကွာ"

လှည့်ကြည့်မိစဉ်မှာ သူ မျက်လုံးပြူးသွား၏။ လွှမ်းဘေးမှာ လူတွေဝိုင်းလျက် ...။

"လွှမ်း ...."

အလင်း ခြေလှမ်းတွေ တုံ့သွားသည်။ နှင်းကို ကားထဲသွင်းလိုက်ကာမှ သူ လွှမ်းဆီကို ခြေဦးလှည့်မိ၏။

"အလင်း ... တက်လေ၊ မြန်မြန်လာ"

နှင်းက ကားကိုစက်နှိုးလျက် သူ့ကို လှမ်းခေါ်၏။

"အလင်း၊ မြန်မြန်တက်"

"ဟိုမှာ လွှမ်း ..."

"အို ... ဟိုမှာ ဖေဖေ လာနေပြီ အလင်း"

မျက်မှန်ကြီးကို တံခါးဝမှာ ဝင်းခနဲ လက်ခနဲ မြင်လိုက်ရသဖြင့် လွှမ်းဆီသို့ ဦးတည်လိုက်မိသည့် အလင်းခြေလှမ်းက တုံ့ခနဲ ပြန်ဖြစ်သည်။

"လာလေ ... အလင်း"

သူ ကားထဲ ကပျာကယာ ပြေးဝင်လိုက်ရသည်။ ကားက သု





ဘ်ခါး သေချာမပိတ်လိုက်နိုင်မီ ဝေါခနဲ ပြေးထွက်လေသည်။

ထိုစဉ်မှာ ဘေးခြံများထဲမှ လူတချို့ တုတ်တွေဆွဲ၍ ပြေးထွက်လာကြတာကို မြင်လိုက်ရ၏။

"နှင်း ..., ဟိုမှာ လွှမ်းတစ်ယောက်တည်း ကျန်ခဲ့ပြီ၊ မဖြစ်ဘူး။ ကိုယ်တို့ပြေးလို့ မဖြစ်တော့ဘူး"

သူငယ်ချင်းကျန်နေခဲ့သဖြင့် အလင်း ကားပေါ်မှာ မျောက်မီးခဲကိုင်မိသလို နောက်ပြန်လှည့်ထိုင်လျက် မျက်လုံးတွေ ပြူးနေ၏။

နှင်းက ကားကို နည်းနည်းမှ အရှိန်မလျှော့ပေ။

"သူက ကာယကံရှင်မှ မဟုတ်တာ၊ မိသွားလဲ ပြဿနာမရှိဘူး အလင်း။ ပူမနေနဲ့"

"မဟုတ်ဘူး နှင်း၊ လွှမ်းကို ဝိုင်းချကြမှာ၊ ပြီးတော့ အချုပ်ထဲရောက်မှာ ဒီကောင်၊ နှင်း သွားနှင့်ပါကွာ၊ ကိုယ် လွှမ်းကိုသွားကူမှ ဖြစ်မယ်"

"ဘာပြောတယ် အလင်း၊ နှင်းက ယောကျ်ားနောက်လိုက်တာကို တစ်ယောက်တည်း ဆက်သွားရမယ် ဟုတ်လား၊ အလင်းကိုမိပြီး အချုပ်ထဲထည့်ပစ်ရင် နှင်းက ဘယ်မှာနေရမှာလဲ"

အလင်း မျက်စိမျက်နှာပျက်လျက် နှင်းကို ကြည့်သည်။ ပြီးတော့ ပျောက်ကွယ်သွားပြီဖြစ်သည့် လွှမ်း ကျန်နေခဲ့သောမြင်ကွင်းက ရင်ထဲမှာစွဲကာ တံတွေးကို ငုပ်ခနဲ မျိုချသည်။

နှင်းက အလင်းကို မှန်ထဲကနေ မျက်မှောင်ကြုတ်နှင့်ကြည့်ကာ ...

"အလင်း အဲဒီလိုဖြစ်နေလို့ ကမ္ဘာလွှမ်းဆိုတဲ့ကောင်က အမြဲတမ်း လွှမ်းမိုးနေတာ၊ နေပါစေ၊ အဲဒါ သူ့ဝါသနာပဲ"

"နှင်းရယ် ..."

အလင်းမျက်နှာ ရှုံ့မဲ့သွားရှာသည်။ အမြဲတမ်းလိုလို မျက်နှာတစ်ထောင်ကို တွန့်ထားလျက် မျက်လွှာတွေ မေးစင်းကြည့်တတ်သော လွှမ်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] အထက်စီးဆန်တတ်မှုကို မျက်လုံးထဲမှာ မြင်ယောင်သွားမိသည်။

ကမ္ဘာလွှမ်းဟာ ကမ္ဘာလွှမ်းပါပဲ။ လွှမ်းမိုးချင်တာသက်သက်တော့ မဟုတ်ပါဘူး။

လွှမ်းရဲ့ လွှမ်းမိုးခြင်းခံရတာကိုပဲ အလင်း ကျေနပ်ခဲ့သည်။ လွှမ်းကို အားကျခဲ့ဖူးသည်။ သူ့ အားကျယုံကြည်ချစ်ခင်နေသူကိုမှ နှင်းက ဘာဖြစ်လို့ ဝေဖန်ရတာလဲ။ ဝေဖန်သည့် သူမကလည်း သူ၏ နှလုံးသည်းပွတ်ဖြစ်နေပြန်သည်။ အလင်းမျက်နှာမကောင်းရှာ။ ဪ အလင်းရယ် ...။

ကားမောင်းနေရင်း ချစ်သူကို ငဲ့ကြည့်ပြီး နှင်း ပင့်သက်ရှိုက်မိ၏။ ချစ်သူနှင့် သူငယ်ချင်းကို အချိုးတူ ချစ်ခြင်းတွေပေးနေသည့် သည်ယောကျ်ားကို နှင်း နားလည်ပေးနေခဲ့ရတာလည်း ခုမှမဟုတ်ပေ။

တကယ်တော့ အလင်းဖြူ ဆိုသောယောကျ်ားဟာ တကယ်ပဲ အဖြူရောင်သက်သက်နဲ့ အရိပ်လည်းမဲ့ကာ .....။





အခန်း (၂)

ခြံထဲကို ဝင်လိုက်သည်နှင့် မာန့်မျက်နှာလေးက တစ်သက်လုံးမှာ မမြင်ဖူးခဲ့သော ရွှင်မြူးခြင်းများနှင့် ဝင်းခနဲ ဖြစ်သွားလေသည်။

ပြီးတော့ ထိုင်နေရာကနေ ဆိုဖာပေါ်မှာ ဒူးထောက်လေး ပြင်ထိုင်လိုက်ကာ လည်ပင်းလေးရှည်၍ တစ်ခြံလုံးကို လည်ပင်းလိမ်အောင် လိုက်ကြည့်လေသည်။

နှုတ်ခမ်းလေးနှစ်လွှာကို ဖိပိတ်ပြုံးလိုက်ပုံက 'ဒါ ငါတို့ပိုင်တဲ့ခြံကြီး' ဆိုသော ပီတိတွေ ပြည့်သိပ်လျှက် ပြောမပြတတ်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ကတုန်ကယင်ဖြစ်နေရှာကာ ...

"မေမေ"

"ဟင် သားသား"

"ဒါ သားသားဘိုးဘိုးရဲ့ ခြံကြီးပေါ့နော်"

နှင်းက ဒူးထောက်နေသည့် သား၏ခါးလေးကို ထွေးပိုက်လိုက်ရင်း ခေါင်းညိတ်၏။

"သားသားတို့ ပိုင်တာပေါ့နော်"

နှင်း နောက်ထပ်ခေါင်းညိတ်တာကို သားကမကြည့်ဘဲ 'ဟာ' ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထတ်သီးဆုပ်လေးနှင့် လက်ဝါးတစ်ဖက်ထဲ ထိုးထည့်ပစ်၏။

ကားက ကြီးမားတုတ်ခိုင်သော အုတ်တိုင်လုံးကြီးများနှင့် ပေါ်တီကိုအောက်မှာ ရပ်တန့်သွားသည်။

"နှင်း ... သမီးလေး ..."

ကားဝင်လာသည့်တောက်လျှောက်မှာ နောက်ကနေ အပြေးတစ်ပိုင်း ပါလာသည့် နှုတ်ခမ်းမွေးနှင့် နားသယ်စပ်များပါ ဖြူနေသော လူကြီးက လှိုက်လှဲစွာ နှုတ်ဆက်၏။

"ဦးလေးပြုံး"

"သမီးလေးရယ်၊ ငါ့သမီးကို မြင်လိုက်ရတာ ဦးလေး နောက်ထပ်တစ်ဘဝကို လတ်လတ်ဆတ်ဆတ်ကြီး ပြန်ရလိုက်သလိုပဲကွယ်၊ ဝမ်းသာလိုက်တာ"

နှုတ်ဆက်ရင်း သူ့ကို မော့ကြည့်နေသည့် မာန်ကို ငုံ့ကြည့်သည်။

"မြေး၊ ဒါ သမီးရဲ့သားလား။ မြေးက လူချောကြီးပါလား"

ဒူးတစ်ဖက်ချပြီး မာန့်ပခုံးလေးနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ ပြီးတော့ ပါးပြင်နုနုလေးနှစ်ဖက်ကို နမ်း၍ သွားတွေပေါ်အောင် ရယ်နေသည်။

"ကောင်းလိုက်တာ၊ ခုလို သမီးနဲ့မြေးနဲ့ နေရလိမ့်မယ်လို့ ဦးလေး မိတ်ကူးတောင် မယဉ်ဝံ့ပါဘူး။ ကိုကြီးတို့လင်မယားသာရှိသေးရင် သူတို့ ဘယ်လောက်ပျော်လိုက်ကြမလဲ"

'ဦးလေးပြုံးလောက်တောင် ပီတိဖြစ်လိမ့်မယ်မထင်ပါဘူး' ဟု စိတ်ထဲမှ ပြောမိရင်း နှင်းမျက်နှာလေးမှာ ကြေကွဲရိပ်ကလေး ဖျတ်ခနဲ ထင်သွား၏။ အတိတ်ကို အတိတ်မှာထားခဲ့နိုင်ဖို့က အတိတ်၏ခြေရာထဲကို ကိုယ်တိုင်ဝင်လာခဲ့ပြီမို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။

"ရော့ သမီးလေး၊ ဒီမှာ သော့"

ဦးပြုံးက ကပျာကယာ ပြန်ထရပ်ပြီး သော့တွဲကြီးကို နှင်းလက်





ထဲ ထည့်လိုက်သည်။

"ဘဘ"

"ဗျ"

မာန်က ဦးပြုံးလက်ကို တရင်းတနှီး ဆုပ်ကိုင်ခါလိုက်ပြီး ...

"ဘဘ၊ သားကို ခြံကြီးထဲ လိုက်ပြပါလား"

"အမယ်လေး၊ ပြချင်လိုက်တာမှ မြေးရယ်၊ လာ ... လာ"

ဝမ်းသာအားရပြောရင်း ဦးပြုံးက မာန့်ရှေ့မှာ ဆောင့်ကြောင့်ကျောပေးထိုင်၏။

"ဘဘ၊ ဘာလုပ်တာလဲဟင်"

"မြေးက ဘဘကျောမှာ ပိုးလေကွာ"

"ဟင့်အင်း။ သားသား ငရဲကြီးမှာပေါ့။ ထပါ ဘဘရဲ့"

နှင်းကလည်း တံခါးတွေဖွင့်ရင်း လှည့်ကြည့်သည်။

"မဟုတ်တာ ဦးလေးပြုံးရယ်၊ လက်ဆွဲခေါ်သွားလိုက်ပါ"

"ဒီနေရာမှာ ငရဲမရှိဘူး။ ဘာဖြစ်လဲ၊ ဒါဆိုရင် ကလေးချီတဲ့လူတွေက ကလေးတွေကို ငရဲပေးနေတာပဲလား၊ ချစ်လို့ ကျောပေးတာ၊ ဘာဖြစ်လဲ၊ လာပါ၊ တက်စမ်းပါ မြေးရာ၊ ဘဘက မြေးကို ကျောပိုးပြီး သွားနိုင်ပါသေးတယ်ကွ"

မာန်က နှင်းကို မော့ကြည့်သည်။ နှင်းက ပြုံးပြီး ပြန်လှည့်သွားသဖြင့် ဦးပြုံးလည်ပင်းကိုဖက်၍ ကျောပေါ်တက်ထိုင်လိုက်သည်။

"ဟေး ...."

ဦးပြုံး ထရပ်လိုက်သည်နှင့် လက်ကလေးတစ်ဖက်ဆန့်၍ တအားကျူးအော်သည်။ ဦးပြုံးက တဟားဟားရယ်၏။

"သမီးရေ၊ ကားပေါ်ကပစ္စည်းတွေ ဘာမှမကိုင်နဲ့၊ အေးမောင်သူဟာသူ သယ်လိမ့်မယ်"

ဟုလည်း နောက်လှည့်မကြည့်ဘဲ အော်ပြောသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးပျော်နေတာကိုကြည့်ကာ နှင်းမျက်ဝန်းမှာ မျက်ရည်တွေဝေ့လည်လာခဲ့သည်။ မွေးလာကတည်းက ကံကောင်းခြင်းလက်ဆောင်မရှိခဲ့သော ကလေး။

လူမှန်းသိတတ်ပြီဆိုကတည်းက အဖေဆိုတာ မရှိခဲ့။ ဘိုးဘွားဆွေမျိုး၏ ပြုစုစောင့်ရှောက်ယုယမှု၊ ခြွေရံသင်းပင်း ဘာဆိုဘာမှမရှိခဲ့။ အဆိုးဆုံးသည် သားလေးဟာ ပြည့်စုံချမ်းသာခဲ့ရတာ မရှိခဲ့ခြင်းဖြစ်သည်။ ဒါ ဘာ့ကြောင့်လဲ။

ဘဝကို အဆုံးခံ၍ ဆုပ်ကိုင်ထားခဲ့သော မာနများကြောင့်ပဲ ဖြစ်သည်။ အဆုံးခံခဲ့လိုက်သည့် ဘဝများထဲမှာ သားလေးရဲ့ဘဝ ပါသွားသည့်အဖြစ်ကိုတော့ သူမ သတိတရရှိနေခဲ့သည်။ ဒါပေမယ့် သူမ ဂရုမစိုက်ဖွာ နေပစ်ခဲ့သည်။

ဒီနေ့ သည်အိမ်သို့ သူမ ခြေချခဲ့ခြင်းဟာလည်း သားလေး၏ရှေ့ရေးအတွက် သူမဘက်က တတ်နိုင်သမျှ ရင်းနှီးဖျော်ချပေးခဲ့သော မာနများဖြစ်၏။ အလွန်မာနကြီးသော မိန်းမတစ်ယောက်၏ ဆုံးဖြတ်ချက်အရာရာအားလုံးဟာ ချစ်သောသူတစ်ယောက်အတွက်ပဲ ဖြစ်လိမ့်မည်။

မာနများကြောင့် ချစ်မိခဲ့သည်။ မာနများကြောင့်ပဲ အားလုံးကိုမုန်းမေ့ခဲ့၏။ ဒီနေ့ သူမ ဖျော်ချခဲ့လိုက်သည့် မာန၏ တစ်စိတ်တစ်ဒေသဟာ ရှေ့အတွက် နောက်ဆုတ်လိုက်သော မာနအင်ပါယာရဲ့ ထွက်လိုက်ခြင်းလား၊ ဟုတ်သည်လား၊ မဟုတ်ဘူးလား သူမပဲ သိလိမ့်မည်။

အစခပ်သိမ်းသော ဆုံးဖြတ်ချက်တိုင်းမှာ ဘယ်သောအခါမှ နောင်တရကြောင့်ကြခြင်းမရှိခဲ့ဖူးသော၊ မိမိကိုယ်မှလွဲ၍ ဘာကိုမှ ယုံကြည်မှုဟု မမြင်ခဲ့သော ...။

ထိုပြင် ထူးဆန်းစွာ ချစ်တတ်သလောက် ပြတ်တောက်စွာ မုန်းတီးတတ်သည့် သူမသည် နှင်းမာနဆိုသော မိန်းမတစ်ယောက်ပဲ ဖြစ်လေသည်။





အခန်း (၃)

"အခု ကျွန်တော်တို့ရဲ့ ဖိုက်ပ်ပွိုင့်ကုမ္ပဏီမှာ ..."

ဦးချစ်တင်အောင်သည် မင်္ဂလာ တတ်ရပ်လိုက်ခြင်းနှင့် စကားသံတစ်ထပ်တည်း ကျသွားသဖြင့် အားလုံး၏အာရုံက သူ့ထံသို့ စုစည်းသွက် ရောက်ရှိသွားကြ၏။

ဦးချစ်တင်အောင် နှင်းထိုင်နေသည့်ဘက်သို့ သိသာအောင် စောင်းငဲ့ကြည့်ကာ ...

"အများဆုံးရှယ်ယာရှင်ဖြစ်တဲ့ ဦးဇော်လွင်ရဲ့ ကိုယ်စား သူ့ရဲ့ တစ်ဦးတည်းသောသမီး ဟော့ဒီက ဒေါ်နှင်းမာနက ဆက်လက်ပြီး တာဝန်ယူမ်းဆောင်သွားမှာပါ"

စည်းဝေးခန်းမထဲကို ဝင်လာကြကတည်းက မျက်နှာစိမ်းဖြစ်သည့် နှင်းကို အားလုံးပဲ သတိထားမိကြပြီးဖြစ်သည်။ မြင်လည်းမြင်သာဖြစ်၏။

သို့သော် အထူးတလည် မိတ်ဆက်ပေးလိုက်သည်နှင့် အားလုံး၏ အသိအမှတ်ပြု နှုတ်ဆက်သောမျက်ဝန်းများနှင့် ကြည့်လာကြသည်။ နှင်းမျက်နှာက ပြုံးသည်လည်းမဟုတ်၊ တည်တင်းတာမျိုးလည်း မဟုတ်ဘဲ အားလုံး၏အကြည့်များကို နူးလည်လက်ခံသည့်သဘော



www.burmeseclassic.com

www.burmeseclassic.com



မြင့် မျက်လွှာချပစ်လိုက်သည်။

ပြီးတော့ သူမရှေ့တည့်တည့်မှာ တစ်လုံးလွတ်နေသေးသည့် ခုံဆီ အကြည့်ရောက်သွား၏။ ဦးချစ်တင်အောင်က ဆက်ပြောနေသည်။

စားပွဲရှည်ကြီး၏ မျက်နှာချင်းဆိုင်များမှာ ထိုင်နေကြသည့် ရှယ်ယာဝင်များနှင့် မိတ်ဆက်ပေးရင်း ကုမ္ပဏီမှာ အရေးပါသော အဆင့်ဆင့်ဝန်ထမ်းများနှင့်လည်း မိတ်ဆက်ပေးသည်။

"အခု ကျွန်တော်တို့ ဖိုက်ပ်ပွိုင့်ကုမ္ပဏီက အတက်အကျနှစ်ခုရဲ့ အလယ်မှာ ရှိနေပါတယ်၊ ဒါကလဲ ဟိုတုန်းကတည်းက ဖွဲ့စည်းထားခဲ့ကြတဲ့ ဒါရိုက်တာဟောင်းတွေရဲ့ ဖွံ့လုံ့လကြောင့်ပါပဲ၊ တိုးတက်လာပြီလို့ မပြောနိုင်ပေမယ့် ကျဆင်းသွားခြင်း မရှိခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ခေတ် ပြောင်းလဲမှုရဲ့ ရေစီးကြောင်းကို သက်ရင့်မျက်လုံးများနဲ့ လိုက်မမီတာလဲ ဖြစ်နိုင်သလို ရှေ့မတိုးနိုင်တာဟာ တိုးဖို့ခွန်အားတွေ လိုနေတယ်ဆိုရင် မမှားဘူး"

ဦးချစ်တင်အောင် စကားခဏရပ်ပြီး အားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ အများ၏ စူးစိုက်နေမှုကို မြင်ရမှ ဆက်ပြောသည်။

"အဲဒီအပေါ်မှာ ကျွန်တော်တို့ လက်ရှိဒါရိုက်တာတွေ တိုင်ပင်ကြပါတယ်၊ ဒါက တခြားမဟုတ်ပါဘူး၊ အဟောင်းကလဲ အဟောင်းလိုကောင်းနေပေမယ့် ဆန်းသစ်ခြင်းကို လူတိုင်း မျှော်လင့်ကြတာပဲလေ လူကြီးတွေအစား လူငယ်တွေရဲ့ ဆန်းသစ်တီထွင်ခြင်းကို အစားထိုးကြည့်ချင်တယ်၊ ဒါကြောင့် ဦးဇော်လွင်ကိုယ်စား ဒေါ်နှင်းမာန အခုလိုဝင်ရောက်ထမ်းဆောင်လာတာကို ကျွန်တော်တို့ ဝမ်းသာအားရ ကြိုဆိုပါတယ်၊ ဒီလိုပဲ၊ ဒါရိုက်တာ ဦးကမ္ဘာမြေကိုယ်စား သူ့ရဲ့သားဖြစ်တဲ့ ကမ္ဘာလွှမ်းကိုလဲ အထူးတလည် ဖိတ်ထားရပါတယ်"

နှင်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ကမ္ဘာလွှမ်း ...။





ဒါ နာမည်တူမဖြစ်နိုင်ပါ။ မုန်းတီးရွံရှာသောမျက်ဝန်းများက တလက်လက် စူးရဲသွား၏။ သူမကို ဘယ်သူကမှ ဂရုစိုက်သတိထားနေကြတာမဟုတ်ပေ။

"ဒီလူငယ်က နိုင်ငံခြားဈေးကွက်သင်တန်းတွေကို တက်ရောက်အောင်မြင်ထားတဲ့သူ ဖြစ်သလို သူ့ကိုယ်ပိုင်စီးပွားရေးထူထောင်ဖို့ အင်ပြည့်အားပြည့်ဖြစ်နေတဲ့ လူငယ်ပါပဲ၊ အခု ဖိုက်ပ်ပွိုင့်မှာ ဦးကမ္ဘာမြေကိုယ်စားဆိုတာက ကျွန်တော်တို့ဘာသာ ညှိနှိုင်းပြီး အစီအစဉ်သစ်အဖြစ် သူ့ကို ထည့်သွင်းရတာဖြစ်ပါတယ်"

နှင်းရင်ထဲမှာ ဒေါသတွေ လှိုင်းတံပိုးထလာသည်။ သင်းက ဘာဖြစ်လို့ နေရာတကာ လွှမ်းမိုးနေခဲ့တာလဲ။

ဖအေက ကမ္ဘာမြေတဲ့၊ ဒီနာမည်လည်း သူမ မကြားဖူးခဲ့ပါ။ ဖေဖေနှင့် ကမ္ဘာမြေဆိုသည့်လူတစ်ယောက် လုပ်ငန်းပူးပေါင်းလုပ်ကိုင်နေကြတာကို ဟိုတုန်းကလည်း နှင်းမသိခဲ့ပါ။ သိဖို့အကြောင်းကလဲ မရှိ။ ဖေဖေဟာ သူ့လုပ်ငန်း၊ သူ့ဝင်ငွေ ဘာဆိုဘာမှ မေမေ့ကို အသိပေးခဲ့တာမရှိ။ လျှို့ဝှက်သိပ်သည်းသော ဖေဖေ့လှုပ်ရှားမှုတွေ အောက်မှာ မေမေကလည်း စပ်စပ်စုစု ဘာမှမမေး။ နှင်းကလည်း ဝင်မပါခဲ့။

မမေးတဲ့သူကိုပဲ ဖေဖေက ပြောသေးသည်။ "သမီးအမေက သိပ်နေတတ်တဲ့ မိန်းမ" တဲ့။ မေမေက အေးတာပါလို့ ပြောတော့လည်း လှောင်ရိပ်နှင့် မဲ့သည်။

"အေးလွန်းတော့ ထုံတယ် သမီးရဲ့၊ ထုံလွန်းတော့ အတာပေါ့"တဲ့။

မေမေကတော့ ကြေကွဲရိပ်များနှင့် ပြုံးရှာသည်။

"ပြောပါစေ သမီးရယ်" ဆိုသည့် ဖြေသိမ့်လိုက်သည့်စကားတွေထဲမှာ ဘာတွေ ကွဲကြေပျက်စီးသွားခဲ့သလဲဆိုတာ မသိခဲ့ပေမယ့် အဖေ ထင်သလိုနေထိုင်သွားလာခဲ့သမျှ ဘာဆိုဘာမှ မပြောတော့ဘဲ နေခဲ့တာ ထိုအချိန်မှ စခဲ့သည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မေမေက ရွှေရုပ်လေးလို ဝင်းစက်လှပနေသည့် မိန်းမပါ။ လူတိုင်းက မေမေ့နာမည်အရင်းကို သိပ်မသိကြဘဲ မိသားစုတွေထဲမှာ အမည်တွင်ခဲ့သော 'ရွှေရုပ်လေး' လို့ပင် အသိအမှတ်ပြုခဲ့ကြသည်။

ဒါကိုလည်း ဖေဖေကတော့ အသိအမှတ်ပြုပုံမရှိပေ။

"မိန်းမတစ်ယောက်ရဲ့ အထရက်ရှင်ဟာ အလှတစ်ခုတည်း မဟုတ်ဘူးဗျ။ လှတဲ့မိန်းမကိုထားပြီး တခြားမှာ သာယာသွားတတ်တာတွေ အများကြီးရှိတာပဲ၊ ခင်ဗျားတို့သိပါတယ်"

အိမ်မှာပဲ ဒင်နာလုပ်တဲ့အခါ မိတ်ဆွေအပေါင်းအသင်းတွေ စုရုံးပြီး သူတို့ပါးစပ်ထဲမှာ ဘာလဲ၊ ဘာစီးပွားရေးလုပ်ငန်းမှမပါ။ ပြောနေကြသမျှ မိန်းမဆိုတာ ဘယ်လို၊ သူ့မိန်းမနဲ့ သူ့အခြေအနေက ဘယ်လို၊ ဟိုမိန်းမကတော့ ဘာညာ၊ အားလုံးသော စကားတွေထဲမှာ ဖေဖေ့ဝေဖန်စကားတွေထက် ဥပေက္ခာများတာ ဘယ်သူမှ မပါဘူးလို့ နှင်းထင်သည်။

ဒီစကားတွေကို တစ်စွန်းတစ်စ ကြားရပါများတော့လည်း ဖေဖေနဲ့မေမေ ဆုံစည်းမှုကို နှင်း အံ့သြလာခဲ့မိ၏။

မေမေက ချစ်သည်၊ ဖေဖေက မချစ်။ မေမေဟာ သူမကိုယ်တိုင် ဖေဖေ့ဆီက ဂရုစိုက်ကြင်နာမှုကို တောင့်တပြီး မရခဲ့ပေမယ့် ဖေဖေ့ကိုတော့ ဂရုတစိုက် ပြုစုသည်။

ဖေဖေ့ကျတော့ မေမေ ဂရုစိုက်တာကို မကြိုက်တတ်ပြန်။ နောက်တော့လည်း မေမေက သပ်သပ်၊ ဖေဖေက တစ်ဘာသာ၊ နှင်းကတော့ ဘယ်ဘက်ကမှ မပါဘဲ နေခဲ့သည့် ဘဝလမ်းမှာ သူများသားသမီးတွေလို ဖအေက အပြင်မှာ ထင်သလို ပျော်ရွှင်နေလို့ မအေကို အားပေးနှစ်သိမ့်ရင်း မျက်ရည်ကြိတ်ကျနေခဲ့သည့် မိန်းကလေးတွေထဲမှာ နှင်း မပါခဲ့ပေ။





"ဖေဖေ ဒီလိုပြောတာ မေမေဘာဖြစ်လို့ငြိမ်ခံနေတာလဲ၊ မဟုတ်ဘူးဆိုတာ ပြန်လှည့်ပြောမနေဘဲ မေမေလုပ်ပြလို့ရတာပဲ၊ ဖေဖေ့လိုပဲ မေမေ့မှာလဲ စီးပွားရေးလုပ်ငန်းတွေ ရှိတာပဲမဟုတ်ဘူးလား"

မေမေ့ဘက်က ရင်နာမိစဉ်က ပြောဖူးသည်။ မေမေက မတုန်မလှုပ် ဖြေသိမ့်သည့်အပြုံးနဲ့ပဲနေသည်။

ပြိုင်လာလျှင် အရှုံးပေးဆိုသည့် ဝါဒကို မုန်းတတ်သော နှင်းကတော့ မေမေ့ကိုပါ နောက်ထပ် မပြောခဲ့တော့ပေ။ သူပဲသိသည်၊ သူပဲတတ်သည် ဆိုသည့် ဖေဖေ့ကိုလည်း မမြင်သလိုဘဲ နေခဲ့သည်။ နေတတ်သလို နေသည်၊ စားတတ်သလိုပဲ စားသည်။

ထို့ကြောင့် ဖေဖေ့စီးပွားရေးလုပ်ငန်းတွေ ဘာဆိုဘာမှလည်း နှင်း မသိ။ ကျနေသလား၊ ရှုံးနေသလား၊ တိုးတက်အောင်မြင်နေသည်လား နှင်း ဘာမှမသိခဲ့။

နောက်ဆုံးမှာ မေမေပဲ အသေစောသွား၏။ ရင်ထဲက ဒေါသနက ပိုရင့်လာခဲ့သည်။ အရှုံးပေးတတ်တာ ကောင်းသလား၊ မျိုသိပ်သည်းခံတော့ ဘာဖြစ်လာသလဲ၊ အသုံးမကျသည့် မိန်းမဆိုသည့်ဘဝမှာပဲ မေမေ ညှိုးငယ်စွာ ပေးဆပ်သွားခဲ့ရသည်။

နှင်းနှင့်ဖေဖေ တစ်လမ်းတစ်ဘာသာစီ ပို၍ ဝေးကွာသွားခဲ့ကြသည်။ ဖေဖေ သေဆုံးခဲ့သည်အထိ ဘာသတင်းမှ နားမထောင်၊ သိလည်း မသိချင်သည်မို့ ကျောခိုင်းထွက်သွားခဲ့တာ သားလေးတစ်သက်ပဲ ဖြစ်သည်။

ဒီအချိန်ကျမှ ဖေဖေ ဘာတွေလုပ်ထားခဲ့သလဲဆိုတာ ခေါင်းထဲ ရှုတ်ခနဲ ဝင်လာခဲ့သည်။ ဖေဖေ့လုပ်ငန်းကို စိတ်ဝင်စား၍မဟုတ်ပေမယ့် ဦးကမ္ဘာမြေနှင့် ပတ်သက်ခဲ့သည့်အဖြစ်ကို မကျေနပ်နိုင်။

"ဦးကမ္ဘာမြေကိုယ်တိုင် သဘောတူပြီး သူ့ရဲ့သားကို ဆွေးနွေးပေးခဲ့တာပါ၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့မူလရည်ရွယ်ချက်တွေကို ဖျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ ဖိုက်ပွိုင့်မှာပဲ အားဖြည့်ပါဝင်မယ်ဆိုတာကို ကျေနပ်ရမှာပဲလို့ တွက်ရမှာပါ။ ခုလို အသေးစိတ် အကျယ်တဝင့် တင်ပြဆွေးနွေးရတာက တိုင်ပင်ခဲ့ကြတဲ့အချိန်မှာ ပါဝင်ခြင်းမရှိခဲ့တဲ့ ဒါရိုက်တာ ဦးဝင်းနောင်နဲ့ ဒီက ဒေါ်နှင်းမာနတို့ကို ဆွေးနွေးဆုံးဖြတ်နိုင်ဖို့ပါ"

ကားမောင်းနေရင်း အစည်းအဝေးက စကားတွေကို နားထဲမှာ ပြန်လည်ကြားယောင်မိ၏။

"အဲ သင့်တော်တာပဲ"

"ဟုတ်တယ်၊ ကျွန်တော်တို့ ကြိုဆိုပါတယ်"

"ကမ္ဘာလွှမ်းက ဒီနေ့ မတက်ဘူးလား"

သံပြိုင်နီးပါး ထောက်ခံလိုက်သော အားလုံး၏ သဘောတူကျေနပ်မှုတွေထဲမှာ နှင်း ချက်ချင်းထရပ်ပြီး အကြောင်းပြတားဆီးဖို့က မဖြစ်နိုင်ပေ။

ဆွေးနွေးနေကြတာက စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ၊ သူမ မလိုလားနိုင်တာက ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သည့် ပုဂ္ဂလိက ခံစားချက်။ ကားကို မီးပွိုင့်မှာ အချိန်မီ မရပ်လိုက်နိုင်ဘဲ ရှေ့လွန်သွားပြီးမှ နောက်ပြန်ဆုတ်ရသည်။

နှာက တင်းနေသည်။ ကမ္ဘာလွှမ်းဆိုသည့် နာမည်ကြားလိုက်တာနဲ့ မပေါင်းသေးသော အတိတ်အကြောင်းများက ကျွဲလူးလိုက်သော ရေအိုင်ကဲ့သို့ ဖြစ်သွားခဲ့၏။

"ဒီခန်းမကြီးထဲမှာ စည်းဝေးပွဲထိုင်ခုံနေရာတွေ လစ်လပ်နေခဲ့တာ ကြာပါပြီ၊ ငါးဦးစလုံး စုံညီစွာရှိစေချင်သလို ဒီထဲမှာ ခွန်အားသစ်တွေ ဖြစ်တဲ့သဘောပါပဲ၊ ဒါရိုက်တာငါးဦးရဲ့ ဆုံးဖြတ်ချက်တွေကို သိရှင်ပါတယ်ခင်ဗျာ"

ဦးချစ်တင်အောင် ပြောလိုက်တော့ လေးဦးစလုံးက သဘောတူကြသည်။ သူမ လောလောဆယ် ခေါင်းခါဖို့ ခဲယဉ်းသွား၏။ ခက်သည်





က ကုမ္ပဏီလုပ်ငန်းဆိုတာကို နှင်း ဘယ်တုန်းကမှ နီးစပ်ပတ်သက်ခဲ့တာ မရှိသည့်အဖြစ်ပင်။

ဘယ်လိုဖိအားနဲ့ ထောက်ပြပြီး ကန့်ကွက်မလဲ၊ ရှိစေတော့။ နှင်း ဘာမှမပြောနိုင်ဘဲ အံကြိတ်အသက်အောင့်ပြီး ပြန်လာခဲ့သည်။ ဖေဖေ ဆုံးသွားပြီး ဖေဖေနဲ့ပတ်သက်၍ တိုက်နဲ့ခြံရယ်၊ ကားတစ်စီးရယ်၊ ပြီးတော့ ဒီကုမ္ပဏီမှာ ပါဝင်ထားသည့် ရှယ်ယာတွေရယ် ကျန်ရစ်ခဲ့သည်။

ဆက်ခံဖို့ရှိသည့် သမီးဖြစ်သူ နှင်းမာနကို သတင်းစာထဲကနေ ခေါ်ခဲ့သည်။ ကြားသိသောအရပ်ဒေသမှ ဆက်သွယ်အကြောင်းကြားဖို့ ကြေညာ၏။

သတင်းစာတွေထဲမှာ ပလူပျံအောင်ခေါ်နေကာမှ နှင်းက ြနှင်။ မိ၏။

သွားဖို့ ဆုံးဖြတ်ခဲ့၏။ ဒါကလည်း သားလေးရှေ့ရေးအတွ စခါပြန်လှန်တော့မှ

နေထိုင်စရာ ဝညိထည်ဝါဝါ ရှိစေချင်သည်။ လိုက်သည်။

ယောက်အဖြစ် မိဘအရှိန်အဝါနှင့် ခံ့ခံ့ညားညား သား သို့ဘက်က အစွန်

မည်။

ဘယ်တော့မှ မပြန်တော့ဘူးလို့ ဆုံးဖြတ်ထားသ ဘ်နှင့်ပုံကို မျက်လုံး

ပြန်လာခဲ့မိ၏။ ဒီရောက်တော့ လုပ်ငန်းဆိုတာ တကယ် ဟသည်။

လွယ်ကလေး လက်လျှိုဝင်လို့မရပါလားဆိုတာကို သိ

ဒါဟာ ပထမဆုံး စဉ်းစားရမည့်အချက်။ နောက် ဟာ ဦးဝင်းနောင်

ကမ္ဘာလွှမ်း၊ စိတ်ဆတ်၍ ဒေါသဖြစ်လွယ်သော၊ ပြဿနာ ရှ

သေးသေး ဘယ်တော့မှ အရှုံးမပေးတတ်ဘဲ လက်ပါတတ်သည့် နှလုံးလား"

ဆိုးရှိသော၊ ဒီလိုလူက ဘာတွေများ အောင်မြင်အောင် ဆောင်ရွက မှာလဲ။

လောလောဆယ်မှာတော့ ဖိုက်ပွိုင့်မှာ သူပဲ ဦးဆောင်သွားတော့ လိုလိုဖြစ်နေခဲ့ပြီး နှင်းကိုယ်တိုင် သူ့ကို ဆရာတင်ရဖို့တွေ ရှိလာနိုင် သည်။ တိုင်ပင်ရမည်၊ လေ့လာရမည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး၊ ကိုယ်မပိုင်တာကို ဘာလုပ်မှာလဲ။ ဒီလိုအသုံးမကျတဲ့ ကောင်ကို ဘာဖြစ်လို့ ဆရာတင်ရမှာလဲ။

ကားကို ပေါ်တီကိုအောက်မရောက်ခင် ရပ်ပစ်လိုက်သည်။ ပြီးတော့ ကားပေါ်က မဆင်းနိုင်ဘဲ ဖုန်းထုတ်ယူလိုက်၏။





အခန်း (၄)

ဖုန်းခေါ်လို့မရသမျှ စားချင်စိတ်လည်း မရှိ၊ ရေလည်း မချိုးနိုင်။ လက်ကိုင်ဖုန်းကိုချကာ စာအုပ်ထဲမှာ နံပါတ်တွေ လိုက်ရှာမိ၏။

စိတ်လောကြီးပြီး မျက်စိမှောက်နေခဲ့ကာ နှစ်ခါပြန်လှန်တော့မှ တွေ့သည်။ ဦးဝင်းနောင်နံပါတ်အတိုင်း လှမ်းခေါ်လိုက်သည်။

ဦးဝင်းနောင်ဆိုသည့် လူကြီးက သူမထိုင်သည့်ဘက်က အစွန်ဆုံးမှာ ထိုင်သည့်လူ၊ မျက်နှာရှည်ရှည်၊ နှုတ်ခမ်းတွဲတွဲနှင့်ပုံကို မျက်လုံးထဲမှာ မြင်ကာ ဖုန်းစောင့်ရင်း စိတ်မရှည်နိုင်ဖြစ်လာသည်။

"ဟဲလို ..."

"ဩော် .... ကျွန်မ နှင်းမာနပါရှင်၊ အခုပြောနေတာ ဦးဝင်းနောင်ဟုတ်ပါတယ်နော်"

"မဟုတ်ပါဘူး၊ ကိုယ့်အသံက ဒီလောက်တောင် ရင့်ရော်နေလို့လား"

နှင်းမျက်နှာမှာ ဝေခွဲမရခြင်းတွေ ဖြစ်ပေါ်သွားကာ ...

"ရှင်က ဘယ်သူလဲ"

"ကမ္ဘာလှမ်း ..."

"ဘာ ..."

"တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်သံက ပီပီပြင်ပြင် ခုန်ပေါက်ဝင်သွားမှာ သေချာပါသည်။

"ဒါ ဦးဝင်းနောင်ရဲ့ဖုန်း မဟုတ်ဘူးလား"

"ဟုတ်တယ်၊ အဲဒီမှာ ကိုယ်ရောက်နေတာ"

"ဦးဝင်းနောင်ကို ခေါ်ပေး၊ ငါ နင်နဲ့ စကားပြောစရာ ဘာမှမရှိဘူး"

"သူ မရှိဘူး၊ ပြောချင်တာရှိရင် ပြောခဲ့၊ မပြောနိုင်ရင် ချလိုက်လို့ရပြီ၊ အိုခေ ..."

"ဒီမှာ ..."

"ပြော ..."

"ဖိုက်ဗ်ရိုင့်က ရှယ်ယာကို ငါ ထွက်တယ်၊ အဲဒါ ပြောပြလိုက်၊ ဒါပဲ"

ခွပ်ခနဲမြည်သွားအောင် ချပစ်လိုက်သည်။ အားမရနိုင်ဘဲ ဖုန်းကို နောက်ထပ်စောင့်ကြည့်တာ ပေါက်ခွဲပစ်ချင်စိတ်တွေ ဖြစ်လာခဲ့၏။

အလကားကောင်၊ တစ်ကိုယ်ကောင်းသမား။ အလင်းရယ်၊ ရှင့်ကို သတ်ခဲ့တဲ့လူကို နှင်း ဘယ်လိုမျက်လုံးနဲ့ ကြည့်ရမလဲ။

ဒီလူသတ်သမားက နှင်းတို့သားအမိဘဝနဲ့ တစ်စိတ်တစ်ပိုင်း ပတ်သက်လာခဲ့ပြန်ပြီ။ သူ့ကြောင့် နှင်း ယောကျ်ားကို ဆုံးရှုံးခဲ့ရတယ်၊ သူ့ကြောင့် အခု မိဘရဲ့ လက်ငုတ်လက်ရင်း စီးပွားရေးတစ်ခုလုံးကို စွန့်လွှတ်ဖို့ ဖြစ်လာပြန်ပြီ၊ ရှင်သိရဲ့လား။

ရှင်ကတော့ ခွင့်လွှတ်ပေးဦးမှာပါ၊ နောက်ဆုံးထွက်သက်အထိ ရှင် သူ့ကို တမ်းတပြီး သေသွားခဲ့တာ၊ မုန်းတယ်၊ သိပ်ကို ရွံစရာကောင်းတဲ့လူ၊ ကျွန်မ ဆုတောင်းတယ် သိလား၊ နောက်ဘဝမကူးခင် နောက်ဆုံးထွက်သက်အထိ ကျွန်မ မုန်းနေတာကို ဒီလူ သိပါစေ။

ဘယ်တော့မှ ခွင့်မလွှတ်နိုင်တာကိုလည်း သိပါစေ။

ကျွန်မတို့ရဲ့ အမုန်းဒဏ်သင့်ပြီး ဒီထက် အဆပေါင်းများစွာသော သောကတွေကို ရရှိပါစေ။





အခန်း (၅)

"နင်ကလဲ ဆုံးဖြတ်တာ မြန်လိုက်တာ နှင်းရယ်၊ ငါဖြင့် ထင်ကို မထင်ဘူး၊ တကယ်ပဲ"

"ဘာမထင်တာလဲ"

"အလင်းဖြူကို နင် အဖြေပေးလိုက်တာလေ"

တစ်ယောက်တည်းသော သူငယ်ချင်းလေးဖြစ်သည့် ဇင်ဇင်လတ်က မျက်နှာလေးလည်း ရှုံ့မဲ့နေသည်။ ဖွင့်လည်း ပြောသည်။

မြင်နေကျအတိုင်း ခေါင်းမာတတ်သည့်အပြုံးနှင့် နှင်းက တစ်ဖက်လှည့်နေသည်။ လတ်က နှင်းလှည့်နေသည့်ဘက်ကို လိုက်ကြည့်ပြီး မယုံနိုင်။

"နှင်း ပြောစမ်းပါ၊ ရုပ်လဲ သိပ်ချောတာမဟုတ်ဘူး၊ စာလဲ သိပ်တော်လွန်းတယ်ဆိုတဲ့အဆင့်မှာ မရှိဘူး၊ မိသားစုတွေ တစ်ပြုံကြီးနဲ့ ဆင်းက ဆင်းရဲသေးတယ်၊ နင်နဲ့ လုံးဝမထိုက်တန်တာတွေကို မသိဘူးလား နှင်းရယ် ... ဟောင် ငါ ဟိုတစ်ဖက်ကို ချီးဖွဲ့ပြောချင်လို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်သူငယ်ချင်းနဲ့တော့ သဘောမတူပါဘူးဟာ၊ လုံးဝ ကို မထိုက်တန်ဘူး"

နှင်းက လတ်မျက်နှာကို ပြန်ငဲ့ကြည့်သည်။ နာရီကို ငုံ့ကြည့်လိုက်

www.burmeseclassic.com



ပြီး အတန်းပြန်တက်ဖို့အချိန် လိုသေးတာကိုသိမှ ပြောဖို့စကားကို အစဆွဲထုတ်သည်။

"ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းကို ဘာနဲ့သတ်မှတ်ကြတာလဲ၊ ငါမသိဘူး လတ်၊ ဒါပေမယ့် ဥစ္စာပေါ၊ ရုပ်ချောလို့ အထင်ကြီး ဆရာကောင်းတဲ့ ယောကျ်ားတွေမှာရော၊ တကယ်အရည်အချင်း ရှိလို့လား"

နှာကျင်စွာ သတိရမိသည့်မျက်နှာတစ်ခုက ဖေဖေ့မျက်နှာပဲ ဖြစ်သည်။ ချောတဲ့လှတဲ့မိန်းမတိုင်း ဆွဲဆောင်နိုင်တာမဟုတ်ဘူးဆိုပြီး ချောနေသန့်နေတဲ့ ဖေဖေ့ကျတော့ရော၊ ယောကျ်ားကောင်းဆိုတဲ့ အရည်အချင်းတွေ ဘယ်လောက်ရှိနေလို့လဲ။

နှင်းမျက်ဝန်းထဲက စာတွေကို ဖတ်တတ်နေသည့် လတ်ကလည်း အကြောင်းရင်း၏ မြစ်ဖျားခံရာကို ခန့်မှန်းလိုက်မိပြီးဖြစ်ကာ ...

"နှင်းရယ် ...."

ခေါင်းမကုတ်ချင်ဘဲ ကုတ်မိသည်။ ရင်ထဲမှာ ပေါ့သွားအောင် ဟင်းခနဲ သက်ပြင်းချလိုက်ပေမယ့်လည်း မပေါ့မပေါ့ဘဲ။

"လူတစ်ယောက်မှာ တစိတ်၊ ဘဝပေါင်းစုံ အဖြစ်ပေါင်းစုံထဲမှာ တစ်ဦးတစ်ယောက်ရဲ့ စိတ်ဓာတ်အဖြစ်သနစ်ကိုပဲ တရားသေယူထား လို့ ဖြစ်ပါ့မလား၊ လူဆိုးတွေချည်း ရှိကြတာလဲ မဟုတ်ဘူး၊ လူကောင်း တွေချည်းပဲလို့လဲ သတ်မှတ်လို့မရဘူး၊ ဘဝတစ်ခုကို ဆုံးဖြတ်ဖို့ အကြောင်းတွေ အများကြီးပဲ၊ ရင်းနှီးစိုက်ထုတ်ပြီး ရှင်သန်လာတဲ့ ရှိသလို ဘာမှ စိုက်ထုတ်ပင်ပန်းမှုမရှိဘဲ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မြပုခက်တွင်းမှာ အိပ်စက်ကြီးပြင်းလာတဲ့သူတွေလဲ ရှိတယ်၊ အရိုပ်ကို ခိုနေရတဲ့သူ နေပူမှာကို မကြောက်ပေမယ့် နေပူထဲကလူကို နင် သွား ကြည့်ပါလား။ အပူဒဏ်ကို သူ ဘယ်လိုငြီးကာရှဲ့မလဲဆိုတာ တစ်မျိုး ကြားရမှာပဲ၊ ကိုယ်ရင်ဆိုင်ရတဲ့ဘဝကိုပဲ ကိုယ့်အပြုသဘောနဲ့ကိုယ်





မှန်တယ် ထင်နေကြတာ၊ နည်းနည်းပါးပါး နားလည်စမ်းပါ၊ နင် ကလေး လဲ မဟုတ်တော့ဘူး၊ ဘဝတစ်လျှောက်လုံး သန့်သန့်စင်စင်နဲ့ မာန ကြီးကြီး လက်မထောင်လာခဲ့ပြီး တက္ကသိုလ်နောက်ဆုံးနှစ်ကျမှ ရှုံး စားထားပစ်လိုက်တာ ကြည့်ပါဦး"

"ယောကျ်ားတစ်ယောက် တော်သလား၊ ညံ့သလားဆိုတာ အိမ် ထောင်ဦးစီးဖြစ်သွားတဲ့အခါကျမှ သိကြရတာမျိုးထင်တယ် လတ်ရဲ့၊ အထူးသဖြင့် ချောနေတဲ့ယောကျ်ားတွေကို ငါ မကြိုက်ဘူး"

"အဲဒါကိုပြောတာ၊ နင် ခါးသီးတာတစ်ခုနဲ့ပဲ အားလုံးကို ..."

"အားလုံး ဒီတိုင်းပါပဲ၊ အခု ကျောင်းမှာပဲကြည့်ပါလား။ ခပ်ချော ချော ခပ်သန့်သန့်ဆိုတဲ့ ရုပ်တွေလေ၊ ဘယ်မိန်းကလေးကိုမှ အလွတ် မပေးဘဲ ကြည့်တယ်၊ သူတို့ရဲ့ရုပ်မှာ သာယာပြီး မိန်းကလေးတွေက သူလိုလို ကိုယ့်လိုလို စိတ်ကူးယဉ်ကြ၊ ရင်ခုန်ကြနဲ့ ဒါကို သူတို့ကလဲ ကျေနပ်နေတာပဲ၊ 'ချောတဲ့ယောကျ်ားက ချောတဲ့မာနရှိတယ်၊ တကယ် ဆိုရင် အလှအပကို ကိုးကွယ်ဖို့က မိန်းကလေးအလုပ်ပဲ၊ အလှဟာ ရတနာတစ်ပါးဆိုတဲ့စကားက မိန်းကလေးတွေအတွက်၊ သူတို့က ချောတာလေးတသသနဲ့ မာန်တက်နေတာ ဘယ်လောက်ရှုံ့ဖို့ကောင်းလဲ"

"နှင်းကလဲ တစ်ယူသန်ပြန်ပြီ၊ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အလှအပ မကြိုက်တဲ့သူ ရှိလို့လား"

"ကြိုက်တာနဲ့ ကိုးကွယ်တာ တစ်ခြားစီပါ လတ်ရယ်၊ ပန်းကို မိန်းကလေးတွေနဲ့ တင်စားကြတယ်၊ 'မိန်းကလေးတွေပဲ ပန်းကြိုက် တာ မှန်တယ်၊ ဒါပေမယ့် ပန်းပျိုးတဲ့ဥယျာဉ်မှူးမှာ ပန်းပန်ချင်လို့ ပျိုး တာမှ မဟုတ်ဘဲ၊ အလှအပဆိုတာ ယောကျ်ားလေးတွေဘက်က ပေးလိုတဲ့အပိုင်းမှာပဲ ရှိရမယ်၊ သနပ်ခါးလိမ်းဖို့၊ ပန်းပန်ဖို့ လိုသလား။ ဒါတော့ အလှပြင်တဲ့ယောကျ်ား၊ အဲ ... အထူးသဖြင့် ပြင်ဆင်နေ တာကို ပြောတာပါ၊ လုံးဝ အထင်မကြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



လတ်က နှင်းရဲ့ဒဿနတွေကို နားထောင်ရင်း နောက်ထပ် ခေါင်းကုတ်ပြန်သည်။

"မလှတဲ့သူတွေကိုတော့ နင်က ရိုးရိုးကုပ်ကုပ်ရှိတယ်၊ မပွေရှုပ်ဘူးလို့ အကောင်းမြင်လိုက်တာလား"

"အကောင်းမြင်တာ မဟုတ်ဘူး။ ဒါပေမယ့် အမြင်ကတ်စရာ မရှိတာတော့ သေချာတယ်"

"နှင်းရယ်၊ ချောမှမချောတာ၊ မချောမှတော့ ခေါင်းထောင်တက်ကြွနေစရာ ဘာမှမရှိဘဲ၊ မရိုးလို့၊ မကုပ်လို့ ရမလား၊ အရှည်ကြီး လျှောက်တွေးမနေပါနဲ့ဟာ၊ နင်ကသာ ချောတဲ့ယောကျ်ားတွေကို ကြည့်မရတာ၊ တို့မေဂျာက ကင်းတောင်မှ နင့်ကို ဒူးထောက်ကြွေဆင်းနေတဲ့ဟာ၊ နင့်ဒေါ်းက အလင်းဖြူဆိုတဲ့ကောင်ထက် အများကြီး သာတာတွေ ဝိုင်းဝိုင်းကို လည်နေတာပဲ၊ အဲဒါတွေကိုကျော်ပြီး သူ့ကိုမှ ဘာဖြစ်လို့ ရွေးလိုက်တာလဲ"

"သနားလို့"

"အဲဒါကိုပဲ ငါ နားမလည်တာ၊ တစ်ကောက်ကောက်လိုက်ပြီး အသေအလဲ ကြိုးစားနေတာတွေကို ဂရုမစိုက်ခဲ့ဘဲနဲ့ ဟိုကချောင်းကြည့်၊ ဒီကချောင်းကြည့်နဲ့ သူ့ကိုယ်သူတောင် မတန်မရာမှန်းသိလို့ မကြိုးစားရဲတဲ့လူကို"

"ကုန်ပြီ လတ်ရယ်၊ ငါ ရွေးထားပြီးတဲ့လူကို အဲဒီလောက် မဖဲ့ပါနဲ့"

ဒေါသနှင့် မဟုတ်သော်လည်း နှင်း ပိတ်ပင်လိုက်တာဟာ တကယ် မနှစ်သက်တာကို သိသာစေခဲ့သည်မို့ လတ် မျက်နှာပျက်သွားရှာသည်။ ပြီးမှ စိတ်မကောင်းသံလေးနှင့် .....

"ငါက ကျူးကျော်တာဒေါသနဲ့ပါ နှင်းရယ်၊ ပြောခဲ့သားပဲ၊ ဟိုတစ်ဖက် ကို ချိုးဖဲ့ချင်လို့ မဟုတ်ပါဘူးဆိုတာ၊ တကယ်ပါ။ ငါ့ဘဝကို နင်လဲ အသိပဲဟာ၊ တက္ကသိုလ်တက်နိုင်နေပေမယ့် ငါ့ဘဝက အလင်းဖြူနဲ့ သိပ်မကွာပါဘူး၊ ဘဝတူချင်းဖို့ ချိုးဖဲ့ပြောနေတော့ သူများကြားရင် ရယ်မယ်၊ ငါ ဝင့်လိုက်မယ်၊ ဒါပဲရှိတယ်၊ ငါပြောနေတာ နင့်အတွက်ပါ။ နှင် ရည်းစားထားတာက သူများလို ပေါ့ပေါ့လေးမဟုတ်ဘူး၊ လက်တွဲဖော်အဖြစ်ပါ တစ်ခါတည်း ရွေးပစ်လိုက်တာ၊ အဲဒါကိုသိလို့ စိတ်ပူပြီး ပြောမိတာပါ။ အရိပ်ထဲကလူ နေပူမှာမကြောက်တဲ့အဖြစ်မျိုး နင့်ကို မဖြစ်စေချင်ဘူး။ ဆင်းရဲတဲ့ခါးသီးမှုကို နင့်ထက် ငါက ပိုသိတယ်၊ နင့်ကို ဒီဘဝမျိုးထဲ ခုန်မချစေချင်တာ တကယ်ပဲ"





"ငါကတော့ ခုန်ချဖို့ ဆုံးဖြတ်ထားတာ လတ်၊ အမေ့ဝမ်းထဲမှာ သန္ဓေတွယ်နေခဲ့တုန်းက အပြင်လေစိမ်းတောင် အတိုက်မခံဖူးကြဘူး မဟုတ်လား၊ လောကထဲကို ခုန်ဆင်းလာကြတဲ့အခါကျတော့ ဆင်းရဲတဲ့ကလေးရော၊ ချမ်းသာတဲ့ကလေးရော၊ ဝတ်လစ်စလစ် မွေးရတာပဲ၊ ချမ်းသာတဲ့ကလေးမှာ အင်္ကျီဝတ်ပြီးသားလေး ပါလာတာမှမဟုတ်တာ"

"ဩော် ...."

လတ် ခေါင်းညိတ်ရတော့သည်။ နှင်း၏ တစ်ယူသန်မှုများမှာ မိဘနှစ်ပါးထံမှ အဆင်မပြေမှုတွေ ဖုံးလွှမ်း၍ အဆိပ်သင့်သွားခဲ့ပြီမှန်း နားလည်ခဲ့၏။

လတ် ဘယ်လိုတွေးသွားပြီကို နှင်းကလည်း သိနေပြန်သည်။ ထို့ကြောင့် ပြုံး၍ ....

"နင်ပြောခဲ့သလိုပဲ နားလည်လိုက်ပေါ့ဟာ၊ ကိုယ်ရင်ဆိုင်ရတဲ့ ဘဝကိုပဲ ကိုယ့်အပြုသဘောနဲ့ကိုယ် မှန်တယ်ထင်ကြတာလေ၊ ငါလဲ ငါ့ဘဝရဲ့ခံယူချက်က အမှန်ဆုံးလို့ ထင်တာပဲ၊ အားလုံးကို တစ်သမတ်တည်းမတွက်ရဘူးဆိုပေမယ့် ငါ ကျင်လည်ခဲ့တဲ့ဘဝကိုပဲ ငါ လက်ခံခဲ့တာကိုး၊ ငါ့ဘဝက ငါ့အယူအဆပဲ၊ လူအများက မဖြစ်နိုင်ဘူးလို့ ထင်နေကြတဲ့အရာကို ငါ ဖြစ်အောင်လုပ်လိုက်တယ်၊ အားလုံး အံ့သြသွားပြီး သူ ပျော်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ရော ...."

"ဘာလဲ ..."

"ပျော်လား ...."

"ပျော်တာပေါ့၊ သူ့ရင်ထဲက အပျော်တွေ ငါ့ရင်ထဲ ရောက်လာတာမျိုး၊ ချောတာ၊ ထောတာတွေကို ကြည့်မရလို့ဘဲ ဒါတွေကို ကန်ချပြီး မချောတဲ့သူကို ရွေးလိုက်တာ"

"နင့်အဖေကရော၊ သဘောတူကျေနပ်ပါ့မလား"

"ဘာ ....ဟား ဟား ဟား"

နင်းက ပခုံးလေးတွေလှုပ်အောင် ရယ်ပစ်လိုက်သည်။

"သဘောမတူတော့ ငါ့ရဲ့ လုံ့လဝီရိယတွေ ပိုပြီး အရောင်ထွက်လာတာပေါ့၊ သားသမီး မိသားစုဆိုတဲ့ သံယောဇဉ်ကို တစ်သက်လုံး တန်ဖိုးထားရမှန်းမသိခဲ့တဲ့ ယောကျ်ားတစ်ယောက်ဟာ သမီးတစ်ယောက်ကျမှ နှမြောတသစွာ ရင်ဘတ်ထုငိုကျန်ခဲ့မယ်ဆိုရင် ငါ ပြာပူအိုးထဲ ခုန်ချသလိုဖြစ်ခဲ့ရင်တောင် အပူဟပ်ပြီး မကာန်းသေးခင် ငါ့မျက်လုံးတွေကို ပြူးပြဖွင့်ထားဦးမှာ၊ ဘာဖြစ်လို့လဲသိလား။ ငါ့အဖေငိုတာကို မြင်သွားချင်လို့"

ငယ်စဉ်ကတည်းက ရင်နာတတ်ခဲ့သည့်ဝေဒနာနှင့် နင်းရဲ့နှလုံးသားက မာကျောနေခဲ့သည်။ ဆုံးဖြတ်လိုက်သမျှ ဖြစ်အောင်လုပ်နိုင်ဖို့မှာ ဘဝက ဒုတိယ၊ ကိုယ့်အတွက ပထမ၊ အလင်းဖြူကို နင်း အဖြေပေးခဲ့သည်။

အရပ်အမြင့်က အနေတော်လောက်နှင့် အသားညိုညို၊ ဆံပင်တိုတိုနှင့် ဘောင်းဘီရှည် ဘယ်တော့မှ မဝတ်တာလား၊ မနှစ်သက်တာလားတော့ မသိ၊ အကျီပုဆိုး၏ အရောင်အဆင်းကိုကြည့်တာနှင့် နှမ်းပါးမှန်းလည်း သိသာသည်။ ထိုယောကျ်ားက အလင်းဖြူဟု အမည်တွင်သူ။





မျက်ခုံးခပ်ထူထူ ရှိပုံပေါ်သော်လည်း မည်းနက်မနေဘဲ ခပ်ဖျော့ဖျော့သာ ဖြစ်သည်။ နှာတံသိပ်မပေါ်ပေမယ့် မဆိုးလှပါ။ ထူပြည့်ပြည့်နှုတ်ခမ်းသားတို့က အသားညိုပေမယ့် ပြာမနေဘဲ ကြည့်ကောင်းသည်။ ရှက်ကြမ်းရေကျိုဆိုသည့် ကြည့်ပျော်ရှုပျော်ရုပ်မျိုးတော့ ရှိလေသည်။

နှင်းမာနဲ့ ချစ်သူတွေဖြစ်သွားကြပြီဆိုတော့ မိန်းကလေးချင်း နှင်းတို့ မှဲ့ရွှံ့ကဲ့ရဲ့ကြသည်။ သူမတို့၏ အကောင်းစားချစ်သူတွေကို နှင်းမြင်အောင် ဆွဲထုတ်ကြွားသည်။

မမြင်နိုင်မှန်းသိလျှင် တစ်ဖွဲ့တစ်နွဲ့ကြွားအောင်ပြော၍ ချီးမွမ်းကြ၏။ ငါ့ချစ်သူရဲ့မိဘက ဘာ၊ ဘယ်လိုလုပ်ငန်းကြီးတွေ ပိုင်တာ၊ တစ်ဦးတည်းသောသား ဘာညာအစပြု၍ ...။

"နှစ်ယောက်တစ်ဘဝ ထူထောင်ကြရပြီး တစ်ရေးနိုးထကြည့်လို့မှ အမောမပြေတဲ့ရုပ်ကြီး ဘာလုပ်ဖို့လဲ"

"အားကိုးချင်လို့ ယောကျ်ားယူတာပဲ၊ တိုယ်က ပြန်ပြီးတင်တောင်းရမယ့်ယောကျ်ားမျိုးတော့ နီးပါပဲ"

ပြောဆိုကဲ့ရဲ့ကြတာတွေကို အများကြီးကြားလာရ၏။ ပြီးတော့ အလင်းဖြူခမျာလည်း ဒုက္ခများရှာသည်။ နှင်းကို ပိုးပန်းမရကြသည့် ယောကျ်ားသားတချို့၏ ရန်စောင်ထိုးကြိတ်ခြင်းကို ခံရသည်။ ခြိမ်းခြောက်ကြ၊ အမိန့်ပေးတားမြစ်ခြင်း အမျိုးမျိုးကြားမှာ မတုံ့ပြန် မကာကွယ်နိုင်တာတော့ ရှိသည်။

ဒါပေမယ့် နှင်းကို သူ မစွန့်လွှတ်ဘဲ ဇွဲနဘဲနှင့် ချစ်ခဲ့၏။ ထိုအချိန်မှ အားကိုးခင်တွယ်ထိုက်သော သူငယ်ချင်းကောင်းရလိုက်သည်ဟု နှင်းကို ဝမ်းသာအားရ ပြောပြခဲ့ဖူးသည်။

သူက ကမ္ဘာ့လွှမ်း ...။

"မနေ့က ကိုယ် ဖယ်ရီပေါ်က ဆင်းကျန်ခဲ့တုန်း ဟိုနေ့က ကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ ရန်စလာတယ် နှင်းရဲ့၊ ကိုယ် ဒေါသဖြစ်ဖြစ်နဲ့ စထိုးပစ်လိုက်
တယ်၊ သူတို့ဝိုင်းထိုးတော့ ကိုယ်ဘယ်လှုပ်နိုင်တော့မလဲ၊ အဲဒီမှာ သ
ရောက်လာတာ၊ သူ တကယ်တော်တယ်ကွာ၊ ကိုယ့်လိုမဟုတ်ဘူး၊ သွက်
လဲသွက်တယ်၊ တတ်လဲတတ်တယ်၊ သုံးကောင်စလုံး ကွေးကောက်
ကျန်ခဲ့တာပဲ” တဲ့။

နောက်နေ့တွေမှာ စကားပြောတိုင်း ပါပါလာတတ်တာက ကမ္ဘာ
လွှမ်းနာမည်ပဲ ဖြစ်၏။ သူက အလင်းဖြူလို စီးပွားရေးတက္ကသိုလ်က
မဟုတ်။ အင်္ဂလိပ်စာအဓိကနှင့် နောက်ဆုံးနှစ်ဖြစ်၏။ ကိုယ်ပိုင်ကာ
နှင့် ကျောင်းတက်ခဲ့သူဖြစ်ကာ အလင်းဖြူနှင့်အတူ ဖယ်ရီပေါ်လိုက်
စီးတာ ခဏခဏဖြစ်လာသည်။

ချစ်ခဲ့ကြပေမယ့် သူကိုယ်သူ အားငယ်နေပုံရသည့် အလင်းဖြ
သည်လည်း ကမ္ဘာလွှမ်းနဲ့ပေါင်းမိကာမှ မြူးကြွသွက်လက်လာ၏။

ခွန်အားအသစ်များနှင့် ပြောဆိုသွားလာပုံပင် တစ်မျိုးတစ်မည
ဖြစ်လာခဲ့သည်။ ဒါပေမယ့် နှင်း သဘောမကျပါ။

အလင်းဖြူဟာ ဘယ်သူနှင့်မှ မရောနှောဘဲနေစဉ်မှာ ခပ်အေ
အေး ရည်မွန်စွာ ရှိသည်။ မတော်ပေမယ့် ညံ့တယ်လို့လည်း မထို
သည့် အနေအထား။

ကမ္ဘာလွှမ်းနဲ့ယှဉ်တွဲလာတော့ တစ်စုံတစ်ရာသော လွှမ်းမိုး
အောက် ရောက်သွားသကဲ့သို့ နှင်း မြင်လာသည်။ ကိုယ်ဝန်ဆော
တွေ မီးဖွားခါနီးမှာ လက်ကိုင်အားပြုစရာရှာတာမျိုးလို အမှီသဟဲ
ခုအပေါ်မှာ အားကိုးအားထားပြုနေရသည်ကို အလင်းဖြူက တွေ
နေသည်ဟု နှင်း ထင်ခဲ့၏။

ပြီးတော့ ရန်တွေ ခဏခဏ ဖြစ်တတ်လာ၏။ နှင်း မသိအော
အတန်းလစ်ဘတ်လာ၏။ နှင်း နှင့်စကားပြောနေရင်း ‘ဟိုမှာ
လာနေလို့၊ ခဏ’ ဟုပြောကာ ထထွက်သွားတာတွေ ခဏခဏ





လှမ်းကြည့်လိုက်တိုင်း ကမ္ဘာလွှမ်းဆိုသည့်ပုံစံက ဆံပင်ခပ်ပါးပါး
ကုပ်ထောက်နှင့် ဖြူဝင်းသည့်အသားက ထင်းနေသည်။ အလင်းဖြူ
နှင့် ယှဉ်ရပ်လိုက်လျှင် သူက ခေါင်းတစ်လုံးလောက် ကျော်နေသည်။

ထိုပြင် အဆင့်အတန်းကို သိသာစေနိုင်သော ဝတ်စားပုံကြောင့်
ကျောင်းထဲဝင်လာတာနဲ့ ကမ္ဘာလွှမ်းဆိုတာ နာမည်ရော၊ လူရော မိန်း
ကလေးတွေ ပါးစပ်ဖျားမှာ ကျွတ်စီကျွတ်စီ ပြောစရာလေးတွေ ဖြစ်
ကျန်ခဲ့သူ။

“အဲဒီတစ်ယောက်နဲ့ တွဲသွားတွဲလာ သိပ်ပျော်နေသလား အလင်း၊
ကိုယ်တော်တော် မတော်တော် တော်တဲ့လူနဲ့ မယှဉ်ရင် ကိုယ် ညံ့တာ
လူမသိဘူးပေါ့။ ဘာဖြစ်လို့ သူနဲ့ တွဲနေရတာလဲ၊ အလင်းမှာ သူနဲ့တွဲလို့
ဂုဏ်ကျက်သရေတွေ တိုးလာသလား”

ဒေါသဖြစ်တော့လည်း ပြောမိသည်။ ဒါလည်း အလင်းဖြူက
နာကျင်ရှမှန်းမသိ။

“လွှမ်းက တကယ်တော်တာပါ။ ချောတာလဲ မှန်တာပဲ၊ ပြီးတော့
တကယ်ချမ်းသာတယ်၊ သူ့မှာရှိတာတွေကို ကိုယ်လုယူလို့မရသလို
ကိုယ့်ရဲ့မပြည့်စုံမှုတွေကို ထားပစ်ခဲ့ပြီး ထွက်ပြေးလို့လဲ ရတာမှမဟုတ်
တာ နှင်းရယ်၊ ဘယ်သူဘာပြောပြောပေါ့ကွာ၊ လွှမ်းက ကိုယ့်ရဲ့ခွန်အား
ပဲ၊ သူနဲ့ ခင်မင်လာကာမှ ကိုယ့်မှာ အပျော်တွေ၊ ခွန်အားတွေ ရခဲ့တာ၊
အထူးသဖြင့် နှင်းကိုချစ်ခဲ့တာ သိပ်ကို ပျော်စရာကောင်းပါလားလို့
ထွတ်လပ်စွာကြည်နူးခွင့်ကို သူနဲ့ခင်မှ ခံစားခဲ့ရတယ်”

“ဒါဆို အစကတော့ နှင်းနဲ့ချစ်ခဲ့တာကို အလင်း စိတ်ဆင်းရဲနေ
ရတယ်ပေါ့”

“ဒီလိုတော့ မဟုတ်ဘူးလေ၊ ဒါပေမယ့် စောင်းအိုလုလင်နဲ့ ဘုရင့်
သမီးတော် ချစ်ကြိုးသွယ်ခဲ့ကြတယ်ဆိုတာ တစ်ခါက ပုံပြင်ထဲမှာပဲ
ဆေး ဖာတ်သိမ်းမလှခဲ့ဘူးဆိုတာလဲ အားလုံးပဲ သိကြတယ်၊ နှင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘယ်လောက်ပဲချစ်ချစ် ကိုယ့်မှာ ခွန်အားမဲ့နေတဲ့အဖြစ်ကို ဘယ်လိုလုပ် မေ့ထားလို့ရမှာလဲ”

အလင်းဖြူဟာ အလင်းဖြူဆိုတဲ့အတိုင်း မာန်မာနအရောင် အဆင်း ဘာဆိုဘာမှ မရှိခဲ့တဲ့သူဖြစ်၏။ ရင်ဘတ်ထဲမှာလည်း ဖြူသည်၊ သူ့မျက်လုံးတွေမှာလည်း ဖြူပါသည်။

မဖြူတာက ကမ္ဘာလွှမ်း ...။ နာမည်ကြားလိုက်ကတည်းက ထို နာမည်ကို မုန်းခဲ့မိသည့် နှင်းကတော့ .....။





အခန်း (၆)

“အလင်း ....”

နှင်း သူ့ကို မျက်နှာချင်းဆိုင်မိကာမှ အထူးတလည် နှုတ်ဆက် ခေါ်လိုက်ခြင်းမဟုတ်ပါ။ အလင်းဖြူ၏ကိုယ်ပေါ်က အဝတ်အစား တွေကို သိသိသာသာပဲ ကြည့်လိုက်မိသည်။ အလင်းဖြူကလည်း သူ့ ကိုယ်သူ ပြန်ငုံ့ကြည့်တော့မလိုဖြစ်သွားပြီးမှ ခပ်အမ်းအမ်းရယ်ကာ ...

“ကြည့်မကောင်းလို့လား နှင်း”

ဟု မလုံမလဲနှင့် မေးသည်။ ပြီးတော့ ခုံတန်းလေးရဲ့အစွန်မှာ ဝင်ထိုင်လိုက်သည်။ အင်းယားရေပြင်က မနေ့တစ်နေ့ကအတိုင်းပဲ ရှိ နေတာပါ။ ဒါပေမယ့် အလင်းဖြူက ကန်ရေပြင်ကိုပဲ ရန်သူ့ခြေရာ ရှာသလို စေ့စေ့စပ်စပ် လိုက်ကြည့်နေခဲ့၏။ အလွန်ရိုးသား၍ ရှက်တတ် သည့် အလင်းဖြူ ...။

နှင်း စိတ်မကောင်းဖြစ်သွားသည်။ ဒါတွေလည်း ကမ္ဘာလွှမ်းနဲ့ပဲ ဆက်သက်မှာကို တွေးလိုက်မိသည်၊ သောင်းကျော်တန်အကောင်းစား ရှပ်အင်္ကျီအဝါရောင်နှင့် ချည်ချောပုဆိုး။

ပုဆိုးက ဝိတောက်ခြောက်ရောင်ရင့်ရင့်မို့ အင်္ကျီအဝါနုနုနှင့်



www.burmeseclassic.com

လိုက်ဖက်သည်။ ထို့ပြင် အလင်းဖြူက အသားညိုပေမယ့် ခြောက်ခြောက်မွဲမွဲမနေတာမို့ တော်ရုံဘာဝတ်ဝတ် ကြည့်ကောင်းနေတဲ့သူ။

ခါတိုင်းထက်ပိုပြီး ရှင်းသန့်ချောမွေ့နေသည် မှန်ပေ...မှ ဒီပုံစံဖြစ်လာတာဟာ ကမ္ဘာလွှမ်းနှင့် လုံးဝသက်ဆိုင်နေတာကိုတော့ နှင်းဘဝင်မကျနိုင်ဘဲ ဖြစ်နေခဲ့၏။

"ပြောလေ နှင်း၊ ကိုယ်က အမြဲတမ်းပဲ ပြောင်ပြောင်ရောင်ရောင်မရှိတော့ ..."

"အို ... ဘာတွေပြောနေတာလဲ အလင်းရယ်၊ အလင်းကို ပြောစရာရှိလို့ နှင်းက စဉ်းစားနေတာ"

"ဘာလဲ၊ ကိုယ် ဒီလိုဝတ်လာတာကိုပဲ မဟုတ်လား"

နှင်း အားတုံ့အားနာဟန်နှင့် စာနာသောမျက်ဝန်းလေးတွေ မော့လာတော့ အလင်းဖြူက အင်အားမဲ့သည့်အပြုံးနှင့် ခေါင်းဆတ်သည်။

"ကိုယ် သိပါတယ်၊ ဟုတ်တယ်၊ မနေ့က မွေးနေ့လေ၊ မွေးနေ့ရှင်က ခေါ်ကျွေးတယ်၊ သူကပဲ ဝယ်ခြမ်းပေးလိုက်တာတွေ အများကြီးပဲ၊ နှင်း အမြင်မှာ ကိုယ်က မှီခိုချင်တယ်၊ ယောကျ်ားလေးချင်း မာနမထားဘူး ဘာညာ ထင်နေတယ် မဟုတ်လား"

နှင်း က ခေါင်းမခါဘဲ သူ့ကိုပဲ ငေးကြည့်နေလိုက်၏။ အလင်းဖြူက ဒါကိုလည်း နားလည်နေပြန်သည်။ ပြုံးတော့ ပြုံးနေတာပါပဲ။ ဒါပေမယ့် သူ့မျက်နှာဟာ စက္ကန့်ပေါင်းများစွာနောက်မှာ အိုမင်းမစွမ်းဖြစ်လာခဲ့ပြီး ....

"ကိုယ် စိတ်မကောင်းဘူး နှင်း၊ ဘာဖြစ်လို့လဲဆိုတော့ နှင်းကိုကိုယ် သိပ်ချစ်ရသလို လွှမ်း ကိုလဲ ကိုယ်ခင်တယ်၊ အဲဒီခင်မင်စိတ်မှာ သူ ချမ်းသာလို့လဲ မဟုတ်ဘူး၊ ခုလို အားကိုးနေရလို့လဲ မပါဘူး။ ခင်ကိုခင်မိတာ၊ သူနဲ့ သွားလာနေရတာကို လွတ်လပ်ကျေနပ်နေတာ၊ သာတယ် နာတယ် မတွက်ခဲ့တဲ့အထဲမှာ သူ ပေးသမျှ ကျွေးသမျှကို ယူစား





ရှိနေတဲ့အထိပဲ၊ ပြီးတော့ ကိုယ့်စိတ်ထဲမှာ ညီအစ်ကိုချင်း သွားလာတိုင်ပင်နေရသလို ထင်တာ၊ ကိုယ့်ဘဝမှာ ချစ်သူနဲ့ခင်သူကို တစ်ပြိုင်တည်းရလိုက်သလို နှစ်ယောက်စလုံးကို တန်ဖိုးထားတယ်၊ ချစ်တယ်၊ ဒါပေမယ့် နှင်းရယ်၊ အခု ကိုယ် ဘာပဲပြောပြော နှင်းကတော့ ယုံမှာမဟုတ်ပါဘူး၊ ကိုယ်က ဆင်းရဲတဲ့သူဖြစ်တော့ ..."

"မဟုတ်သေးဘူး အလင်း၊ ဆင်းရဲတဲ့လူ မာနကြီးရင် အသက်တောင် အသေခံနိုင်တယ် တဲ့၊ မာနတရားဆိုတာ ဆင်းရဲတဲ့သူတွေအတွက် တစ်ခုတည်းသော အားကိုးရာ၊ သေဖော်ရှင်ဖက်"

"မှန်ပါတယ်၊ ဒါပေမယ့် 'ငါလိုလူ' ဆိုတဲ့ ကိုယ့်ကိုကိုယ် ယုံကြည်ချက်တွေ အပြည့်အသိပ်နဲ့ စိတ်ဓာတ်ခိုင်မာတဲ့ ယောကျ်ားမျိုး ကိုယ်မဟုတ်ခဲ့ဘူး နှင်း၊ ကိုယ်က မိဘမဲ့ပါ၊ မိဘမမဲ့ခင်ကလဲ ကိုယ့်စိတ်က [illegible]ည့်ခဲ့တယ်၊ မိဘမဲ့ပြီးတော့လဲ ဒီတိုင်းပါပဲ၊ ရိုးသားကြိုးစားခြင်းကို [illegible]ယူတတ်တဲ့ ကိုယ့်စိတ်ထဲမှာ တစ်ထစ်ချမာနမျိုး မရှိခဲ့ဘူး၊ အဲဒီအတွက် ကိုယ့်ကို ပျော့ညံ့တဲ့ယောကျ်ားလို့ နှင်း မထင်ဘူးဆိုရင် ကိုယ်[illegible]ူးရှုးတင်ပါတယ်"

နှင်းက မျက်နှာပေါ် အုပ်ကျလာသည့် ဆံပင်တွေကို ဖယ်ရှားရင်း[illegible]လင်းဖြူကို ကြည့်နေခဲ့၏။ ဒီယောကျ်ား တကယ့်ကို နူးနူးညံ့ညံ့[illegible]ူအဆတွေ ရှိနေလို့သာ ကမ္ဘာလွှမ်းကို အထင်တကြီး ခွဲခွဲလမ်း[illegible]း ခင်မင်သွားခဲ့တာ ဖြစ်မည်။

ပြီးတော့ ကမ္ဘာလွှမ်းဆိုတဲ့ တစ်ယောက်ကရော၊ စိတ်ဓာတ်၊ [illegible] ဘယ်လောက်ကောင်းနိုင်မှာတဲ့လဲ။ လူဆိုးလား။ လူကောင်း[illegible]သိပေမယ့် အသတ်အပုတ် ကျွမ်းကျင်နေတဲ့လူ၊ တိုက်ပွဲပေါင်း[illegible]စွာမှာ အောင်မြင်မှုသရဖူဆောင်းနေခဲ့သည့် လူရမ်းကားဆိုတာ [illegible] သေချာနေပါသည်။

ဒီလူကိုမှ ခင်ပါသည်၊ သူ ခင်နေတာ သူ့မှာ အပြစ်မရှိပါဟု ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောနေပါပြီ။ နှင်း ရင်ထဲမှာ သိနေတာတွေ ရှိသည်။ အဲဒါက သူကိုယ်သူ နားမလည်ခဲ့သော အလင်းအပေါ်မှာ နှင်းက နားလည်နေတာတွေပဲဖြစ်၏။ ဒါပေမယ့် မပြောနိုင်တော့တဲ့ ဖြစ်နေသည်။ ချစ်သူနှင့် သူငယ်ချင်းကို အချိုးတူချစ်ခင်တွယ်တာနေပါသည်ဟု ဝန်ခံခဲ့ပြီးပြီပဲ။

"အဲဒါတွေ ထားလိုက်ပါတော့ အလင်းရယ်၊ တစ်ခါတွေ့ဖြစ်ကြဖို့ကို တစ်ခါအတန်းလစ်ရတာ လွယ်တာမဟုတ်ဘူး။ နှင်း ပြောချင်တာက ကျောင်းပြီးသွားရင် အလင်း ဘာလုပ်မလဲဆိုတာ"

နှင်းက အလင်း မျက်နှာညိုနေတာကို ကြာရှည်မမြင်လိုတဲ့သူ ဖြစ်နေသည်။ စပြီးချစ်ကြပြီဆိုကတည်းက သနားချစ်ကြောင့် ခိုင်မြဲသွားခဲ့သည်လားမသိ၊ အလင်းကို နှင်း အစစအားလုံး နားလည်နေသည်။

အလင်းရဲ့ စရိုက်၊ အလင်းရဲ့ ပတ်ဝန်းကျင်အယူအဆအကုန် နှင်း ခွင့်မလွှတ်နိုင်တာ ဘာမှမရှိခဲ့။ သူငယ်ချင်းကတော့ ပြောဖူးပါသည်။

"အေးပေါ့လေ၊ ကိုယ့်ထက်နိမ့်တဲ့လူကို ရွေးတာ ကောင်းတော့ ကောင်းပါတယ်၊ မာနပြိုင်တာတွေ၊ တိုက်ခိုက်အနိုင်လုရတာတွေ မဖြစ်တော့ဘူးပေါ့၊ ဘာဖြစ်ဖြစ် ကိုယ်က အနိုင်ယူရုံပဲ" တဲ့။

တွေးမိလိုက်တော့ နှင်း ပြုံးမိသေးသည်။ ဘယ်သူက နိုင်နေတာလဲတော့ မသိပေ။ ကိုယ့်ကိုကိုယ် သိနေတာတော့ အလင်းနဲ့ပတ်သက်သမျှအားလုံးကို နားလည်ပေးနိုင်ခြင်းပဲဖြစ်လေသည်။

သူ အားငယ်သွားတာကို မမြင်ချင်၊ နှိမ့်ချသည့်စကားတွေ သူ ပြောရင် မကြားရက်နိုင်၊ လူမနိုင်လို့ ကံကိုပုံချရလျှင်တော့ ဒါ ရှုံးနေ စက်ပဲလား၊ ဒါမှမဟုတ် နှင်းကပဲ ပေးဆပ်ရဖို့ ကံပါလာလို့လား။

နောက်ထပ်ထူးဆန်းတာတစ်ခုသည် ချစ်သူတွေဖြစ်ခဲ့ပြီဟု နှင်း ယောက်စလုံးသတ်မှတ်ချက်ဖြင့် ရင်းနှီးစွာ တွဲသွားတွဲလာဖြစ်ခဲ့ကြတာ မှန်သည်။ ချစ်တယ်လို့ နှင်းက မဖြေခဲ့ရပါ။ သူ ပေးခဲ့သော မွေးနေ့ လက်ဆောင်-ိုသည့် အသည်းပုံရင်ထိုးမှာ နောက်ထပ် အသည်းတစ်





လှလှပပလေး ထပ်ကပ်ပြီး နှင်းက ပြန်ပို့ပေးလိုက်တာ နဲ့ ချက်ချင်း သူ ရောက်လာခဲ့တာဖြစ်သည်။

"နှင်း၊ နှင်းက ကျွန်တော့်ကို ဟို ... လက်ခံတယ်ပေါ့နော်၊ ကျွန်တော့်မေတ္တာ အဲ ... ကျွန်တော်ချစ်နေတာကိုလေ"

ကျောင်းဆင်းတော့ လမ်းမှာပဲ သူက နောက်ကပါလာသည်။ လတ်က မကျေမနပ်နှင့် ခပ်ခွာခွာလေး ဖယ်သွားပေးသည်။

"နှင်း ... နှင်း။ ဟုတ်လားဟင်"

သူ ဓာတုန်ကယင် လိုက်မေးတော့ နှင်းက လှည့်ကြည့်ပြီး ပြုံးပြ လိုက်သည်။ ပြီးတော့ ခေါင်းညိတ်လိုက်၏။

"ဟာ ... တကယ်ပဲဗျာ၊ ဝမ်းသာလိုက်တာ၊ နှင်း ... နှင်း တကယ်နော်"

သူ့လက်ဖဝါးထဲကို လက်သီးဆုပ် ပစ်ထည့်ထိုးထည့်၊ ခါးနည်းနည်းကုန်း၍ ဆတ်ခနဲ ကိုယ်ပြန်မတ်၍ ဟားခနဲ ထပ်အော်၏။

သူ ပျော်သွားတာလေးကိုကြည့်ပြီး နှင်းက လိုက်ရယ်လေသည်။ နောက်နေ့ကျတော့ နှင်းတို့နှစ်ယောက် ကင်န်တင်းသွားစဉ် ခပ်လှမ်းလှမ်းကနေ မဝံ့မရဲ သူ ပါလာသည်။ စားပွဲမှာထိုင်တော့လည်း သူက ဘေးစားပွဲမှာ ထိုင်ဖို့ ဟန်ပြင်၏။

"အလင်းဖြူ၊ ယူ ဒီကိုလာထိုင်လေ"

"ဟင် ... ကျွန်တော်လာရမှာလား"

သူ ဝမ်းသာအားရ ထလာတော့လည်း နှင်းက ပြုံးနေခဲ့သည်။ လတ်ကတော့ နှုတ်ခမ်းလေးစေ့၍ မျက်နှာကို သိသာအောင် လွှဲထားသည်။

ချစ်ခဲ့ကြတာက ဤသို့ စခဲ့ကြခြင်းဖြစ်သည်။ နှင်းကိုချစ်ခွင့်ရဖို့ ကြိုးစားနေကြသည့် ကင်းဆိုသည့် ယောကျ်ားကအစ ယောကျ်ား အချို့ တက်ခေါက်ကုန်ကြသည်။

"ငါတို့ပြိုင်စရာလူ မဟုတ်ပါဘူး" ဆိုပြီး အလှ၊ မာန ဘာမှ ယှဉ် စရာသောကြောင့် လတ်မှိုင်ချနေခဲ့ကြသည့် အတန်းထဲက မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ ဟားတိုက်လှောင်ရယ်ကြသည်။

တချို့သောမျက်းစွာ၏ မျက်လုံးတွေထဲမှာ နှင်းက ထူးဆန်းနေသည်လား။ မိုက်မဲနေတာလား၊ ဘာမှန်းမသိသော်လည်း နှင်းကတော့ ကျေနပ်သည်။

ဘယ်သူမှ မထင်တာကို လုပ်လိုက်ရလို့ ကျေနပ်သည်။ အားငယ်ညှိုးနွမ်းနေသူ၏ မျက်ဝန်းတစ်ချက် လင်းလက်သွားတာကို ငေးကြည့်ပြီး သူ့လိုပဲ နှင်း ပျော်သည်။

ထို့ကြောင့် ကိုယ့်ကိုကိုယ် သတ်မှတ်ခဲ့တာ အလင်းဖြူကို နှင်းချစ်သည်။ သူနှင့် ပတ်သက်သမျှအားလုံးကို နှင်း ကြည်ဖြူလိုက်လျောနိုင်ဖို့ပဲ တွေးသည်။

အလင်းဖြူက နှင်း မျက်နှာပြောင်းလဲသွားတာကို သေချာအကဲခတ်နေရင်း ကန်ရေပြင် ရေငွေ့နွေးကြောင့် လွင့်ပါသွားသည့် နှင်းရဲ့ဆံပင်တွေကို မရဲတရဲလေး သိမ်းဖယ်ပေးကာ ...

"နှင်း၊ နှင်း .. ဘာဖြစ်လို့ စကားလွှဲလိုက်တာလဲဟင်၊ လွှမ်းနဲ့ ကိုယ့်အကြောင်း တစ်ခုခု သိချင်သေးတယ်မဟုတ်လား"

နှင်းက ခေါင်းခါလိုက်သည်။ ခါးစပ်လောက်အထိ ဝဲဖြာနေသည့်ဆံပင်တွေကို လေကြောင့် စိတ်မရှည်ဖြစ်လာသဖြင့် အားလုံးကို စုယူပြီး ရင်ဘတ်တစ်ခြမ်းလေးမှာ တင်ထားလိုက်သည်။ ပြီးမှ သူ့ကို ပြန်ကြည့်၍ ....

"နှင်းက ဘာလို့ သူ့အကြောင်း သိချင်ရမှာလဲ အလင်းရဲ့၊ အလင်းကို သူ ကျောင်းချင်းလဲမတူ၊ ဒီလောက် လာရင်းနှီးပတ်သက်နေတာကို စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားလို့ပါ၊ ဘာမှမဖြစ်ဘူး"

"သူက ကိုယ့်ကိုပဲ ခင်တာပါ၊ သူ့မှာ သူငယ်ချင်းနှစ်ယောက် အစကတည်းက ရှိတယ်၊ ဒါပေမယ့် အခု ကိုယ်တစ်ယောက်တည်းနဲ့ပဲ တွဲဖြစ်တော့တယ်၊ သူ့သူငယ်ချင်းတွေက ကိုယ်ပိုင်ကားစီးနိုင်တဲ့သူ





တွေချည်းပဲ၊ ပြီးတော့ သူ့လိုပဲချည်းပဲတဲ့၊ ကိုယ်ကတော့ မတူဘူးတဲ့လေ"

ပြောပြရင်း အလင်းဖြူက နှင်းကို မြတ်နိုးသော မျက်ဝန်းများနှင့် ကြည့်ကာ လက်ဖဝါးနုနုလေးကို ဖွဖွဆုပ်ကိုင်သည်။

"နှင်းလိုပဲ တကယ်ပြောတာ၊ ဝယ်ယူဖန်တီးလို့မရတဲ့ စေတနာတွေ သူ ကိုယ့်ကိုထားတာ၊ ကိုယ့်တစ်သက်မှာ ဒီဘာတွေကလွဲပြီး ကိုယ့်အပေါ်မှာ နူးညံ့နွေးထွေးတဲ့ အကြင်နာတွေ ပေးခဲ့ကြတာ၊ နှင်းနဲ့လွှမ်းပဲ ရှိခဲ့ဖူးတယ်၊ ကိုယ့်ကို မိဘမဲ့ဘဝကနေ ဒီလိုဖြစ်လာအောင် စောင့်ရှောက်ခဲ့ကြတဲ့ ဒေါ်လေးတို့ မိသားစုထဲမှာတောင် ပေးကမ်းစောင့်ရှောက်တာက သပ်သပ်၊ အကြင်နာထားတာ၊ မထားတာက သပ်သပ်ပါ"

ဘာပြောပြော နှင်းနှင့်အတူတူ ထည့်ထည့်ပြောလာပြီဖြစ်သည့် လွှမ်း ဆိုတာကို နှင်း သေချာမဆုံဖူးပေမယ့် မှတ်မှတ်ရရတော့ ဖြစ်နေခဲ့သည်။

"ခုလဲ ကိုယ် ကျောင်းပြီးသွားရင် သူနဲ့အတူတူပဲလေ၊ သူ့အဖေရဲ့ အလုပ်ထဲမှာ ကိုယ့်ကို ထည့်ပေးမယ်တဲ့၊ သူများလို ကိုယ် အလုပ်လက်မဲ့ထိုင်နေဖို့ မလိုတော့ဘူး၊ အစတုန်းကတော့ ကျောင်းပြီးအလင်း ဘာလုပ်မလဲလို့ နှင်း မေးလာရင် ဘယ်လိုဖြေရမှန်းမသိလို့ ကိုယ် ရင်တွေပူနေရတာ"

အလင်းရယ် ....။ ဘဝနဲ့ဖြစ်ပေါ်လာတဲ့ အခြေအနေအတိုင်း အလိုက်အထိုက် စီးမျောကြီးပြင်းလာခဲ့ရသည့် အလင်းဟာ ဘာကိုဖြစ်ဖြစ် တစ်ထစ်ချ မဆုံးဖြတ်ရဲခဲ့သော်လည်း တွေးခေါ်မြော်မြင်နေခဲ့တာတွေ ရင်နှင့်အပြည့်ရှိနေတာကိုလည်း နှင်း နားလည်သွားသည်။

အတွေးတိုင်းဟာ ဆုံးဖြတ်ချက်ရှိနေမှ အမှန်းနဲ့အမှန်ဆိုတာ ပေါ်လာမယ်၊ တွေးနေ၊ ဆင်ခြင်နေရုံနဲ့ ဘာမှဖြစ်မလာနိုင်ဘူးဆိုတာ အလင်း သိနေရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"သမီး ..."

ဆိုဖာပေါ်မှာ ခြေချင်းချိတ်ထိုင်ပြီး စာဖတ်နေတုန်း ဖေဖေ ခေါ်လို့ လှည့်ကြည့်လိုက်၏။ ဖေဖေက ဖုန်းကို နှင်း မြင်အောင်ပြထားပြီးမှ ချထားခဲ့သည်။ နှင်း ထသွားပြီး ကိုင်လိုက်၏။

"ဟဲလို ..."

"နှင်းမာန"

နားထဲမှာ စူးခနဲ ဝင်သွားသည်။ ယောကျ်ားလေးတစ်ယောက်အသံဖြင့် ဒီလို နာမည်တစ်ဆုံးတစ်စ မာကျောကျောခေါ်ခဲ့တာမျိုး မရှိခဲ့ဖူးပေ။

အထူးသဖြင့် 'နှင်း'၊ 'နှင်းမာန ဟုတ်ပါတယ်နော်'၊ 'နှင်း ... တို့က ဘယ်သူပါ' စသော ချယ်နှုးညှုသည့် နှုတ်ဆက်ခြင်းများဖြင့်သာ ခေါ်တတ်ကြ၏။

"ဟုတ်တယ်၊ ရှင်ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် မင်းသိဖို့ မလိုပါဘူး။ အလင်းဖြူ ကျောင်းမလာနိုင်တာ သုံးရက်ရှိပြီ၊ အဲဒါ သိလား"





နှင်း ဘာမှပြန်မဖြေခဲ့ပါ။ နှုတ်ခမ်းကို ဖိကိုက်ထားရင်း ဘယ်သူဖြစ်နိုင်သည်ကို တွေးမိလိုက်သည့်ခဏမှာ အလင်း နာမည်သာ ပါမလာလျှင် ဖုန်းချပစ်လိုက်တာ ကြာပြီ။

"နားထောင်နေတယ် မဟုတ်လား။ မင်းကို သူ ပြောခိုင်းတာ၊ မနက်ဖြန် အင်းယားကန်စပ်မှာ သူ စောင့်နေမယ်တဲ့၊ သူ တော်တော်နေမကောင်းဖြစ်နေတယ်၊ အဲဒါက စာထဲမှာ မပါဘူးနော်၊ တို့သိတာကို ပြောပြတာ၊ သူက မင်းကို စာပေးခိုင်းတာလေ၊ ကျောင်းကို သွားပေးဖို့ ပြောတယ်၊ အဲဒီဖယားတွေကို မကျေချင်လို့ ရည်းစားမထားတာ စာလာပေးဖို့ကို ဘယ်လိုလုပ်ရမလဲ၊ သူ့ကိုတော့ မပြောရက်လို့ မပြောခဲ့ပါဘူး၊ ဒီမှာ မင်းက ကိုယ့်ချစ်သူတစ်ယောက်လုံးကို ဖုန်းနံပါတ်ပေးထားဖို့တောင် တွန့်တိုနေသလား။ ဒါမှမဟုတ် ထည့်မတွက်တာလား။ အဲဒါ လုံးဝ သဘာဝမကျဘူးနော်၊ မင်း သိထားဖို့က အလင်းဖြူကို ဖယားလို့ မသတ်မှတ်ဖို့ပဲ"

နှင်း လက်က ဖုန်းကို ကြေမွမတတ် ဖိဆုပ်ထားဆဲ။ ဘာမှပြန်မပြောချင်အောင် ဒေါသတွေ ဆူပွက်လျက်နှင့် နားထောင်နေမိသည်။

"သူ့စာကို ဖတ်ချင်သေးရင် ခြံရှေ့မှာ မင်းထွက်ယူ၊ ဒါပဲ"

နှင်း ဆတ်ခနဲ ဖြစ်သွားသည်။ ခြံရှေ့ကို ပြေးကြည့်ဖို့ ပြင်လိုက်သည့်ခြေလှမ်းက တုံ့ခနဲ ပြန်ဖြစ်၏။ အောက်ထပ်ကနေ ရှေ့ကိုမမြင်နိုင်။ ဖုန်းကို ချလိုက်ပြီးမှ ခြံရှေ့ကို ခပ်ဆတ်ဆတ်လေး လျှောက်ထွက်လာခဲ့သည်။

"ဦးလေးပြူ။ တံခါး ခဏဖွင့်ပေးပါ"

"ဟေ ... အေး အေး"

ဦးပြူးက ချက်ချင်းရောက်လာပြီး ဖွင့်ပေးသည်။ ဖွင့်ပေးရင်း မေး၏။

"သမီးက ကားမပါဘဲ ဘယ်ကိုတုန်း"

"ခြံရှေ့တင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးပြူးမျော ဖွင့်ပေးရပေမယ့် ဦးဇော်လွင်၏ မိန့်မှာချက်ကလည်း ရှိနေခဲ့သဖြင့် ရင်မောစွာ ဖြစ်နေခဲ့သည်။

"သမီးကို ခုတလော ခင်ဗျားဂရုစိုက်ကြည့်ပါ၊ ကျွန်တော်က အိမ်မှာမရှိတဲ့အချိန်က များတယ်၊ ဝင်တာ၊ ထွက်တာ၊ အပေါင်းအသင်းက အစ ဂရုစိုက်ပါ"

ဒီထက် ဘာမှ ပိုမပြောပေမယ့် သမီးမိန်းကလေးတစ်ယောက်ကို ဤသို့ ဂရုစိုက်ရှုပ်ချယ်လာရပြီဆိုလျှင် ဘာဆိုတာကို လူကြီးပီပီ နားလည်နေခဲ့သည်။

နှင်း ကတော့ ဦးပြူးကို ဂရုမစိုက်ပါ။ တံခါးဖွင့်သွားသည်နှင့် ခြံရှေ့ကို ထွက်လိုက်သည်။ မျက်လုံး ဘယ်မှမငေ့လိုက်ရဘဲ အသင်စက်စက်ဘဝဖြင့် လုံးကြေနေသည့်စာကို တန်းခနဲ မြင်၏။

ကြည့်စမ်း၊ သူများစာကို လုပ်သွားတာ၊ နှင်း ဒေါသလည်းဖြစ်ကာ စာရွက်လုံးကလေးကို နမြောတသစွာ သွားကောက်လိုက်သည်။

ဒီနားထိရောက်လာပြီး ဖုန်းလည်းဆက်ရဲ့သားနဲ့ ထွက်ယူမှာပဲဆိုတာကို မသိဘူးလား၊ လွှင့်ပစ်မလို့ စိတ်ကူးပြီးမှ ယုတ်မာစီးကျော စွာ ချပေးခဲ့တာလား။

"တောက်"

စာကို ဖြန့်လိုက်တော့ ကြေမွနေသည့်စာပေါ်မှာ အလင်း၏ လက်ရေးလေးတွေက သနားစဖွယ်။ မဖတ်ဖြစ်သေးဘဲ တယုတယ ပြန်ခေါက်ပြီး ရင်ဘတ်ထဲ ထည့်လိုက်သည်။

ထို့နောက် ကားထွက်သွားသည့် အရပ်မျက်နှာဘက်ကို လှည့်အံကြိတ်လိုက်၏။

ဘယ်လိုရဲစက်နဲ့များ အသံကြားတာနဲ့ အံကြိတ်နေမိရတာလဲ။





အခန်း (၈)

ချိန်းထားသည့်နေရာကို လှမ်းမြင်ရသည်နှင့် နှင်း ခြေလှမ်းတွေ တုံ့သွားသည်။ ခုံတန်းလေးမှာ အလင်း ထိုင်နေတာကို မြင်ရသလို သူ့ရှေ့ကန်စပ်မှာ ရပ်နေသူကို ဆက်တွဲမြင်လိုက်ရသဖြင့် မျက်နှာက တင်းခနဲ ဖြစ်သွားသည်။

အလင်းနှင့် နှစ်ယောက်တည်းတွေ့မှ အေးဆေးပြောပြမလို့ ကိုစွအဝဝက ဆိုးဆိုးဆတ်ဆတ် ခြေလှမ်းမြန်သွားခဲ့၏။

အချိန်အားသည်နှင့် ကဗျာတွေရေးပြီး နှင်းကို ဖတ်ခိုင်းတတ်သည့် အလင်းက ခုလည်း စာအုပ်တစ်အုပ်နှင့်ဖြစ်သည်။ သူ့မျက်ဝန်းများအောက်မှာ ခြေထောက်အစုံ ဝင်ရောက်သွားပါမှ ဖျတ်ခနဲ မော့ကြည့်ကာ ....

"နှင်း ..."

နှင်း ကိုမြင်လိုက်ရတိုင်း ကြည်နူးချိုမြသွားတတ်သည့် နှုတ်ခမ်းများက အားရဝမ်းသာ ဖွင့်ဟသွားပြီး ကြိုဆိုသည်။ ထိုအချိန်မှာ နှင်း ဘက်ကို ဖျတ်ခနဲ စောင်းကြည့်လိုက်သည့် မျက်နှာတစ်ခြမ်းကို လှည့်မကြည့်ရဘဲ နှင်း သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အလင်းရဲ့ စာ"

အလုံးလိုက်ကလေးအတိုင်းပဲ အလင်း ရင်ခွင်ထဲ ပစ်ထည့်ပေးလိုက်သည်။

"နှင်း ... ဒါ ..."

အလင်းဖြူ မျက်နှာပျက်ကျသွားပုံက သနားစရာပါ။ ဒါပေမယ့် ဘေးကမျက်နှာကြောင့် အလင်းကို စာနာဖို့လည်း မေ့သွားခဲ့၏။

"အလင်း၊ ဖြန့်ကြည့်လိုက်လေ"

"ဟုတ်ပါတယ်၊ ဒါ ကိုယ့်စာပဲ၊ ဘာ ... ဘာဖြစ်လို့လဲ"

"အလင်း၊ ဒီတိုင်းပဲ ပေးလိုက်တာလား"

"ဟို ..."

အလင်းဖြူ ဘာဖြေရမှန်းမသိ၊ စာအိတ်မပါတာကို ပြောတာလား၊ ဒီလို အလုံးလိုက်ဖြစ်နေတာကို ပြောတာလား၊ ဒေါသထန်နေသည့် နှင်း မျက်နှာကိုကြည့်ရင်း ကန့်စပ်ဘက်ကနေ ဒီဘက်တည့်တည့် လှည့်ရပ်လိုက်သည့် လွှမ်း ထံသို့ မျက်လုံးက ရောက်သွားမိ၏။

နှင်း က အလင်း ကို စူးစိုက်ကြည့်ရင်း လွှမ်း ဘက်ကို သိသိသာသာ တစ်ချက်ငဲ့ပြီးမှ ...

"နောက်ကို စာအိတ်ထဲ သေချာထည့်ပြီး လုံလုံခြုံခြုံ ပေးပါ။ သူများဖတ်ပြီး လွှင့်ပစ်ခဲ့မှ နှင်း က လိုက်ကောက်ဖတ်ရတာ ကောင်းလား"

"ဟိုတ် ... မင်း စော်ကားလှချည်လား"

နှင်းက ခါးတစ်ဖက်ထောက်၍ ဆတ်ခနဲ လှည့်ကြည့်သည်။ ရှပ်အင်္ကျီလက်တို အနီရဲရဲနှင့် ဘောင်းဘီရှည်အနက်ပေါ်မှာ ဖြူဝင်းနေသည့်အသားက ထင်းနေ၏။ ဆံပင်ရှည်ပျော့ပျော့ တုမ်ထောက်မှာ မျက်မှန်နက်တပ်ထားပြီး စတိုင်လ်ထွင်လိုက်သေးသည်။

မထူမပါး နှုတ်ခမ်းအစုံက စိုရွှဲနေသည်။ နှုတ်ခမ်းတစ်[illegible]က် ဒီ ကိုက်စဉ်မှာ မေးရိုးနှစ်ဖက် တင်းခနဲ ကားသွားတာကို မြင်[illegible]က်[illegible]





လွှမ်း က အံတစ်ချက်ကြိတ်၍ တစ်လှမ်းချင်းတိုးလာသည်။ နှင်းနှင့် မလှမ်းမကမ်းကျမှ မျက်မှန်ကို ဆွဲချွတ်ပစ်၏။

"စာမှာ အိတ်မပါပေမယ့် ဖြန့်ဖို့ကို လုံးဝစိတ်မဝင်စားဘူး၊ ခေါက်လျက်သား လုံးချေထားခဲ့တာ မင်း မမြင်ဘူးလား"

"မမြင်ဘူး။ အဲဒီထဲက စာတစ်ကြောင်းပဲ နင်ရွတ်သွားတာ မဟုတ်ဘူးလား၊ အစကတည်းက မပေးချင်ရင် မပြနဲ့၊ ပေးမယ်ဆိုရင် အကောင်းအတိုင်းထားခဲ့၊ သူများသမီးရည်းစားကြားမှာ နင်က ဘာမို့လို့ ပိုင်စိုးပိုင်နင်း ချေလိုချေ၊ နှောက်လိုနှောက် လုပ်ပစ်ရတာလဲ"

"ချေတာ၊ နှောက်တာမဟုတ်ဘူး။ ဘယ်လိုလူမျိုးကိုမှလဲ ဒါမျိုး တုညီမပေးခဲ့ဘူး။ အလင်းဖြူ ဆိုတဲ့ကောင်ကြောင့်၊ အဲဒါ မင်း နားသည်၊ စာကို အခေါက်လိုက် ဖွေးဖွေးကြီးချပစ်ခဲ့တာထက် စွန့်ပစ်ခဲ့စည်းလို ချခဲ့တာက ပိုပြီး အန္တရာယ်ကင်းမယ်ထင်လို့"

"ဟုတ်လား"

နှင်း က မျက်တောင်ကော့တွေအားလုံး မျက်ခွံပြေပြေမှာ ပြန်တပ်နေတဲ့အထိ မှိုးနေသည့် လွှမ်း မျက်နှာဆီကို စူးစိုက်ကြည့်သည်။ [illegible]တော့ မဲ့တဲ့တဲ့ပြုံးကာ ...

"ဒါဆို နင် တော်[illegible]တော်စွမ်းတာပဲ၊ စာထဲမှာ မပါတာကိုတောင် [illegible]ည့်ပြောသွားသေးတယ်၊ စာထဲမှာတော့ မပါဘူးတဲ့၊ ပြောင်ပြောင်ကြီး [illegible]တာ ရှုံစရာကြီးနော်"

"မင်း ..."

လွှမ်း မျက်နှာဝင်းဝင်းက ရဲခနဲ ရင့်သွားသည်။

"နေကြပါဦး၊ လွှမ်း ... ခဏလေး"

ငေးခနဲ ကြည့်နေမိပြီးမှ နှစ်ယောက်၏အလယ်မှာ အလင်းဖြူက [illegible]ခန်းကတန်း ထရပ်သည်။ ပေါင်ပေါ်တင်ထားသည့် စာအုပ်ကြား[illegible] [illegible] စာရွက်ရော၊ ဘောလ်ပင်တွေရော ဖရိုဖရဲ လျှောကျကုန်တော့သည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စကြည့်နိုင်။

"နှင်း၊ ကိုယ် ရှင်းပြပါရစေ"

"အို ...အလင်း မသိပါဘူး။ သူ ဘယ်လိုလုပ်သွားတာ နှင်းရဲ့ အိမ်ရှေ့မှာ၊ နှင်း သိတယ်"

"မဟုတ်ပါဘူး နှင်းရယ်၊ စာထဲမှာမပါဘဲ ပြောသွားတာ ဘာလဲ ဟင်၊ ကိုယ် နေမကောင်းဖြစ်နေတာကို မဟုတ်လား၊ အဲဒါ ကိုယ် တမင်တကာ ပိတ်လိုက်တာပါ။ နှင်း စိတ်ပူမှာစိုးလို့ ထည့်မရေးထား တဲ့အကြောင်းရော၊ တကယ်လို့ လူကြားထဲမှာ စာလှမ်းပေးရမှာ ခက် ခဲနေရင် ဒီနေရာကို လာခဲ့ဖို့ပဲ ပြောပေးပါဆိုတာလဲ ကိုယ်ပဲ မှာတာ အဲဒါ တကယ်ပါ၊ လွမ်း ကို နှင်း အထင်မလွဲပါနဲ့ကွာ"

နှင်း က ဘဝင်မကျနိုင်သည့် မျက်နှာကိုလည်း တင်းထားဆဲနှင့် ခါးထောက်မဖြုတ်၊ ချထားသည့် လက်တစ်ဖက်က ဆုပ်ကျစ်ထား လျက်သား ရှိနေဆဲ။

"အလင်းဖြူ"

ခေါ်သံက ဒေါသသံတော့ မပါပါ။ သို့သော် အလွန်အေးစက်ထုံ နေသည့် အံကြိတ်သံနှင့်ဖြစ်ကာ လွမ်း က မျက်မှန်ကို အေးဆေး ပြန်တပ်လိုက်၏။

"ငါ သွားမယ်"

ပြောပြီး ရှေ့ကို နှစ်လှမ်းတိုးလိုက်သည်၊ နှင်းရဲ့ ဘေးတည့်တည့် ရောက်မှ ခြေလှမ်းကို သိသာစွာ လျှော့ချပြီး လှည့်ကြည့်၏။ ထို့နော အဖက်မတန်လို့ မပြောမဆိုချင်တော့သလို ဆတ်ခနဲ ပြန်လှည့် ထွက်သွားလေသည်။

"သူက ဒီကို ဘာလာလုပ်တာလဲ အလင်း၊ နှင်းကို ချိန်းတာလား သူနဲ့ ချိန်းထားတာလား"

မေးခွန်းက ဆုံးသွားလေသည်။ ဆုံးအောင် မေးလိုက်မိပြီးမှ





သာစွာ ချောင်ကျနေသည့် အလင်းဖြူမျက်နှာကို သေချာ သတိထား မိခဲ့၏။ အလင်းက စိတ်မကောင်းကြီးစွာ ဖြစ်သွားသည့်မျက်နှာဖြင့် ဆံပင်တစ်ချက်သပ်ကာ နေရာမှာ ပြန်ထိုင်၏။

"ထိုင်ပါဦး နှင်းရယ်၊ ကိုယ် ရှင်းပြပါ့မယ်၊ ဒေါသတွေ ခဏလေး ဖယ်ပြီး ထိုင်ပါ၊ နော် ..."

နှင်းကို မော့ပြောပြီး ထိုင်လျက်ကနေ စာရွက်လုံးကလေးကို ရော၊ ကဗျာစာရွက်လေးနှင့် ဘောပင်န်တွေကို လိုက်ငုံ့ကောက်၏။

နှင်းက မမှိတမိဖြစ်နေသည့် ကဗျာစာရွက်ကို လိုက်ကောက်ပေး လိုက်ပြီး တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်သည်။

"ဆောရီး အလင်းရယ်၊ အလင်းရဲ့စာကို လုံးထွေးချပစ်ခဲ့တဲ့ အတွက် ဒေါသဖြစ်သွားလို့ ပြောလိုက်တာ၊ ခုလဲ မကျေနပ်ဘူး၊ ဒါပေမယ့် အလင်း နေမကောင်းဖြစ်နေတာကို မမေးမိဘူး ဆောရီးနော်"

"ရပါတယ် နှင်းရယ်၊ သူ ဒီရောက်နေတာက ကိုယ့်ကို အိမ်မှာ ဝင်ခေါ်ပြီး သူကိုယ်တိုင် လိုက်ပို့တာပါ၊ နေမကောင်းဖြစ်ပြီဆိုကတည်း က ဆေးဖိုးစရိတ်ကို နေ့တိုင်း သူပဲ တာဝန်ယူနေတာ၊ ဒေါ်လေးတို့က တောင် သူ့ကို ကျေးဇူးတင်နေကြတာလေ၊ အိမ်မှာက မပြေမလည် ဖြစ်တော့ ဆေးခန်းမှန်မှန်ပြဖို့က မလွယ်ဘူးမဟုတ်လား၊ ကိုယ် သွေး လွန်တုပ်ကွေးဖြစ်ပြီး သေမလိုဖြစ်ခဲ့တာ နှစ်ကြိမ်တောင်ပဲ နှင်းရဲ့၊ ပြီဆို ဘယ်တော့မှ သေးသေးကွေးကွေးနဲ့ ပြီးခဲ့တာမရှိဘူး၊ သွေး သွင်းရတာပဲ၊ ခုလဲ ချက်ချင်းကြီး အသည်းအသန်ထဖြစ်သွားတာ"

"အဲဒါ နှင်းက အရင်မသိသင့်ဘူးလား အလင်းရယ်၊ သူတောင်မှ အလင်းကို ဒီလိုတာဝန်ယူဖို့ စေတနာရှိရင် နှင်း ရင်ထဲမှာ ပိုတာပေါ့၊ ဒါ အလင်း ဘာဖြစ်လို့ ဘာမှမပြောရတာလဲ"

အလင်းဖြူက မပွင့်တပွင့်အပြုံးနှင့် မျက်လွှာချလိုက်၏။

"ချစ်သူက ပိုပြီးနွေးထွေးမှာကို မသိဘဲ နေမလား နှင်းရယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ထေမထွန် ကိုယ့်မှာ အဲဒီမာနလေးတော့ ရှိခွင့်ပေးပါ။ နှင်း ရောက်လာပြီး တွဲထူခေါ်၊ ဆေးထိုးပေးတာကို ခံနေဖို့အထိ ကိုယ်က မိန်းမတစ်ယောက်ကို မှီခိုနေသင့်သလား"

နှင်း ပင့်သက်လေးချသည်။ ဟုတ်ပါသည်။ ဒီနေ့ထိ နှင်း ဆီက အလင်းဖြူ ဘယ်လိုအကူအညီမျိုးမှ မယူခဲ့ဖူးသလို လေသံနဲ့တောင် မဟာခဲ့ပေ။

နူးညံ့တတ်သည့် ခပ်နွဲ့နွဲ့ အလင်းဖြူ၏ ပန်းနုရောင်နှလုံးသားထဲမှာ အားလုံးထက် နည်းနည်းအရောင်ရင့်နေခဲ့သည်က အချစ်ကြောင့်ဖြစ်လာသော မာနစိတ်လေးသာဖြစ်၏။ နှင်းကခေါင်းညိတ်ပြီး အလင်းဖြူ လက်ဖဝါးလေးပေါ်မှာ သူမလက်နှင့် ထပ်ဆုပ်လိုက်၏။ ပူရှိန်းတတ်နေသည့် အဖျားငွေ့က လက်ကောက်ဝတ်ကို ကိုင်ကြည့်စရာမလို။

"အို ... အလင်း၊ ကိုယ်တွေ ပူနေပါလား"

ပြောရင်း နဖူးမှာ လက်ခုံနှနှနှင့် ကပ်စမ်းမိပြန်သည်။

"ပူနေတာပဲ အလင်းရယ်၊ နေမကောင်းဘဲ ဒီနေရာမှာတွေ့ဖို့ ဘာလို့ ချိန်းနေရတာလဲ၊ လေတွေ တအားတိုက်နေတဲ့ဟာ"

အလင်းက နှင်း လက်ကလေးကို နဖူးက ဖယ်ချပြီး ဆုပ်ကိုင်ထားလိုက်ကာ ...

"အဲဒီလို နှင်း ကြင်နာတဲ့အသံလေးကို ကြားချင်တာ"

"အလင်းရယ် ..."

"ကိုယ်တို့ ဒီနေရာမှာပဲ တွေ့နေကျဥစ္စာ၊ အလွယ်တကူရှာရတာ ဒီနေရာပဲ ဖြစ်မှာပေါ့။ ကိုယ် အကြောင်းမကြား ဘာမကြားနဲ့ ကျောင်းပျက်နေတာကို နှင်း အထင်လွဲမှာစိုးတာလဲ ပါတယ်၊ မဖြစ်လို့ လွှမ်းကို အကူအညီတောင်းလိုက်ရတာပါ။ လူကြုံပါးဖို့ ဆက်သွယ်ဖို့က သူပဲရှိတာကိုး"





"ဖုန်းနံပါတ်လေး ဘာလေး နှင်း ကိုယ့်ကို ပေးထားပါလားလို့ အလင်း ဘာဖြစ်လို့ မပြောတာလဲ၊ အလင်းကိုယ်တိုင်က မမေးရဲတာလား။ ဒါမှမဟုတ် ဟိုပုဂ္ဂိုလ်က နှင်း ကိုပြောသလိုမျိုး သူ့ကို မပြောခဲ့လို့လား"

နှင်း က အလင်း မျက်နှာကိုပဲ ကြည့်၍ အကဲခတ်နေခဲ့သည်။ အလင်း ဆက်ပြောလာမှာကို နားစွင့်ထားခဲ့၏။ ဒါပေမယ့် မျက်နှာက ဘာမှ ပြောင်းလဲမှုမရှိဘဲ သူမ ထင်သလို စကားတွေလည်း မပြောခဲ့ပေ။

"နှင်းနဲ့လွှမ်း ဘာဖြစ်လို့ ဘုဘောက်ခဲတွေဖြစ်သွားခဲ့တာလဲ မသိဘူးနော်၊ အဲဒါ ကိုယ့်ကြောင့်ပဲ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် နှင်းရယ်၊ လွှမ်းက စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ဆိုတာလေးတော့ ခေါင်းထဲထည့်ထားပေးပါ"

ယူကျုံးမရသံနှင့် ပြောနေပြန်သည်။ ပြောရင်း မျက်နှာတစ်ချက်ခဲ့သွား၏။

"အလင်း၊ အလင်း၊ ဘာဖြစ်လို့လဲဟင်"

"ခေါင်းနည်းနည်းကိုက်လာလို့ ရပါတယ်၊ ဒီမှာလေး နှင်းကို ပြမလို့"

အလင်းဖြူက ပြုံးပြုံးရယ်ရယ် ပြန်လုပ်ပြီး စောစောက စာအုပ်ကြားထဲက လျှောကျသွားခဲ့သည့် စာရွက်ကလေးကို နှင်း လက်ထဲ ထည့်သည်။

"ကဗျာစပ်ထားတယ်၊ ကိုယ့်ကဗျာတွေကို နှင်း ပဲ ခေါင်းစဉ်တပ်ပေးနေကျဆိုတော့ ဒါကိုရေးပြီးတာနဲ့ နှင်း ဆီ ပြေးလာချင်တော့တာပဲ ဒီနားရောက်မှ နည်းနည်းပါးပါး ထပ်ဖြည့်လိုက်သေးတယ် သိလား၊ နှင်း ယူသွားနော်"

"အလင်းကရော ..."

"ကိုယ်ပြန်တော့မယ်၊ ဒီကပြန်မှ ဆေးခန်းဝင်ရမှာ"

"ဟုတ်တယ်၊ ဒီမှာ လေတိုးနေတာ၊ အလင်း ပြန်တာပဲ ကောင်းတယ်၊ ထ ... ဒီနေ့တော့ နှင်း ဆေးခန်းလိုက်ပို့မယ်"

ထရပ်လိုက်ပြီးမှ အလင်းဖြူက ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုတော့ နှင်းရယ်၊ လွှမ်း ဟိုဘက်မှာ စောင့်နေမှာပါ၊ စိတ်ချလက်ချ ဖြစ်နေနော်၊ နှင်း ရင်ထဲကို ဝင်ကြည့်ရတာထက် ပိုပြီး ကိုယ်ကသိတယ်၊ မစားဘဲ ဝသွားတာမျိုးက စေတနာပီတိပဲ နှင်းရဲ့၊ နှင်း ထားတဲ့ စေတနာတွေကို ကိုယ် ယူသွားမယ်၊ ပြန်တော့နော်"

အလင်းမျက်နှာလေးကို ငေးကြည့်ပြီး နှင်း ရင်ထဲမှာ နင့်သွားသည်။ ပို၍ သနားမိသည်။ ပြီးတော့ ချစ်သည်။ ထို့နောက် ပြုစုပေးချင်မိသည်။ ချစ်သူသက်တမ်းတစ်လျှောက်မှာ ဟိုမှာ၊ ဒီမှာ တွေ့မယ် ဆုံမယ်၊ ဘယ်တုန်းကမှ မချိန်းခဲ့ဖူးသလို ပခုံးဖက်တဲ့အထိတောင် မရင်းနှီးခဲ့တဲ့သူပါ။ နှင်းရဲ့လက်ကလေးကို ထွေးဆုပ်သည်။ 'နမ်းမယ်နော်' လို့ မရဲတရဲပြောပြီး မထိရဲထိရဲ ဖွဖွလေး နမ်းသည်။

"နှင်းကို ကိုယ် သိပ်ချစ်တာပဲ" လို့ ပြောနေရုံနဲ့ ကြည်နူးဝမ်းသာဖြစ်နေခဲ့သည့် အလင်းဖြူသည် 'ကိုယ့်ကိုချစ်တယ်လို့ ပြောပါဦး' ဆိုတာမျိုးလည်း ဘယ်တော့မှ မမေးခဲ့ဖူးပေ။

နှင်းက မချစ်ခဲ့ဘဲ နှစ်သိမ့်ဖြေသိမ့်ပေးခဲ့ရုံပဲဆိုရင်တောင် တစ်သက်လုံး ကျေနပ်သွားတော့မလောက် ရောင့်ရဲခဲ့သည်။ နှင်းကို ဖက်ပွေ့နမ်းရှိုက်ဖို့ပင် သူနှင့်မထိုက်တန်သလို မတို့ရက် မထိရက် ချစ်ခဲ့၏။

"နှင်းရယ်၊ တကယ်တော့ မင်းရဲ့တန်ဖိုးဟာ ကိုယ်နဲ့ လုံးဝ မထိုက်တန်ပါဘူး" လို့ ပြော၍လည်း အရိပ်တကြည့်ကြည့် ဖြစ်ခဲ့ရသည်။

ထို့ကြောင့် နှင်း ရွေးချယ်ခဲ့တာ ဘယ်လိုမှ မမှားနိုင်ဘူးဆိုတာ အထပ်ထပ်သေချာနေမိခဲ့တာ ဖြစ်၏။

အလင်းဖြူ၏ ဖြူစင်မှုကို နှင်း မြတ်နိုးသည်။ အခွင့်အရေး မယူတတ်တာကို အထင်ကြီးခဲ့၏။ တစ်လောကလုံးက အလင်းဖြူကို 'ဘယ်လိုကောင်စား။ ဘယ်အဆင့်' ဘယ်လောက်ပဲ နှိမ့်ချကဲ့ရဲ့ကြပါစေ ...

နှင်းအတွက် အလင်းဖြူသည်သာ နှလုံးသားရဲ့ သခင် ....။





အခန်း (၉)

ကျောင်းတွေ ပြီးသွားကြတော့ နောက်ထပ်တွေ့ဖို့ နှစ်လ၊ သုံးလ အပ်စောင့်လည်း ကျောင်းတုန်းကလို နေ့စဉ်ဆုံတွေ့ကြဖို့က မဖြစ်နိုင်တော့ပေ။

ထိုအခါ အလင်းဖြူကပဲ နှင်း တို့ခြံကြီးရှေ့မှာ လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင် ဖြစ်လာခဲ့ရ၏။ တကယ်တမ်းကျတော့ ခေါက်တုံ့ခေါက်ပြန် သွားလာနေပေမယ့် အသံတော့ မပေးရဲခဲ့ပါ။

ရောက်သွားခဲ့သမျှ လွှမ်း၏ကားနှင့်မို့ ခြေထောက်အေးပြီး ဝမ်းရောင်ဖို့လည်း မရှိ၊ လာတိုင်း မဆုံဖြစ်ကြတာပဲ ရှိသည်။ နှင်းကလည်း အပေါ်ထပ်ကနေ ကိုယ်ယောင်ပြသည်။ ဖျတ်ခနဲ လှစ်ခနဲ ခဏလေး မြင်လိုက်ရရင်ပဲ အလင်းဖြူကလည်း ကျေနပ်သွားတတ်သည်။ ကျောင်းတက်နေရတုန်းကလို ခေါ်ပြောသွားလာသည့်အဆင့်လောက်တောင် မလွယ်တော့သည့်အဖြစ်က စိတ်ပျက်ဖွယ်ကောင်း၏။ တစ်ခါတစ်ခါ ခြံရှေ့ခပ်လှမ်းလှမ်းကနေ လွှမ်း က စိတ်မရှည်နိုင်စွာ ဖုန်းနှင့်ခေါ်သည်။

နှင်း လာကိုင်တာနှင့်တိုးလျှင် အလင်းဖြူ လက်ထဲ ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com

သိုက်ဦး ကြိုက်သလို အလွမ်းသယ်ကြဆိုပြီး ထားပေးလိုက်ဖို့။

ခေါ်လိုက်သမျှ ယောကျ်ားသံကြားလိုက်၊ မိန်းမသံ ကြားလိုက်၊ အသံတွေကို ခန့်မှန်းချက်အရ အသက်ကြီးကြီးအရွယ်တွေပဲ ဖြစ်နေသည်။

"တောက်"

လွှမ်း က စိတ်မြန်လက်မြန်သမားမို့ ခေါသထွက်၊ တက်ခေါက်။

"အလင်းဖြူ၊ အဲဒီအိမ်မှာ သားအဖနှစ်ယောက်ပဲ ရှိတာဆို၊ မင်း ပြောတော့ ..."

"ဘာဖြစ်လို့လဲ"

"တစ်ခါကလဲ မိန်းမကြီးတစ်ယောက်၊ ဟိုတစ်ပတ်တုန်းကလဲ သူ့အဖေတဲ့၊ ခုလဲ မိန်းမကြီးတစ်ယောက်အသံပဲ"

"မင်းကလဲကွာ၊ အိမ်ဖော်ဘာညာ ဖြစ်မှာပေါ့၊ နှင်းရဲ့အမေက ဆုံးသွားပြီ၊ သူ့အဖေကလဲ အရွယ်ကောင်းတုန်းပေမယ့် နောက်အိမ်ထောင်မပြုဘူး၊ နှင်း ငါ့ကိုပြောဖူးတယ်၊ ဒါပေမယ့် သူ့အဖေနဲ့သူက နွေးထွေးပုံ မပေါ်ဘူးကွ"

"ကျွတ် ..."

လွှမ်း မျက်နှာ ရှုံ့မဲ့သွားသည်။ နောက်ကြည့်မှန်ထဲမှာ မြင်နေရသည့် အလင်းဖြူ မျက်နှာကို ဒေါသမကင်းစွာ ကြည့်၏။

"မင်းကို သူ့အဖေနဲ့သူ နွေးတာ အေးတာ ငါမေးနေတာ မဟုတ်ဘူး၊ သူ မင်းကို မနွေးလို့ ပြောနေတာ၊ သားအဖနှစ်ယောက်ပဲရှိတာ ဆိုရင် ဒီအဖေက ဖုန်းနားမှာပဲ တစ်ချိန်လုံး ငုတ်တုတ်ထိုင်နေသလား ဒါမှမဟုတ် ဖုန်းဒလဝမ်ထားနေလို့လား၊ ဆက်တာ သုံးခါကွာ၊ တစ်ခါမှ မကိုင်ဘူးဆိုတာ သဘာဝမကျဘူး"

"ဟုတ်တယ်၊ မတော်တဆ နှင်းနဲ့ငါ့ကိစ္စကို သူ့အဖေသိသွားလို့များလား"

အလင်းဖြူက ချစ်သူဘက်က ဖေးဖေးမမလေး ပြောရှာသည်။





လွှမ်း က လက်မခံ။

"သိတော့ သိသွားတဲ့အကြောင်း တစ်စုံတစ်ရာနဲ့ သူ ဆက်သွယ်ပေါ့၊ 'ခြံရှေ့ကို မလာနဲ့ ဖေဖေ သိသွားပြီ' ဘာညာ မင်းကို အသိပေးလို့ မရဘူးလား၊ ဆင်းလာလို့မရရင်တောင် မင်းကို သူ မြင်နေတာပဲဟာ၊ လက်မြှောက်ခြေမြှောက်နဲ့ အခြေအနေကို လုပ်ပြရင်တောင် မင်း သိလို့ရတယ်၊ သူ့ကိုက နေနိုင်တာ၊ ဒီမှာ ..."

လွှမ်း က နောက်ကို ကိုယ်တစ်ခြမ်းလှည့်၍ ကူရှင်ပေါ်ကနေ နောက်ကို သမင်လည်ပြန်ကြည့်ကာ ...

"အလင်းဖြူ၊ မင်း ယောကျ်ားပဲကွာ၊ တစ်ဖက်စောင်းနင်းကြီး ထိုးကျွေးပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်မနေစမ်းပါနဲ့၊ မိန်းကလေးတွေ လှနေကြတာ ယောကျ်ားလေးတွေအတွက်ပဲ၊ လှလို့ချစ်တာ ဘာဖြစ်လဲ၊ သူလဲ မင်း သူ့လောက်မချောဘဲနဲ့ ချစ်ခဲ့တယ်၊ မတူညီတာ ဘာရှိလဲ၊ သူရော ကိုယ်ရော နှစ်ကိုယ်တူမျှခဲ့ကြတာ၊ မင်း ဘဝမှ ပျာယာခတ်နေဖို့ မလိုဘူး၊ မတူတန်တာ ဘာမှမရှိဘူးဆိုတဲ့ စိတ်ကိုမွေးပြီး နည်းနည်းပါးပါး မာနထားဦး"

"မင်းကလဲကွာ"

ဒီလိုကျတော့လည်း အလင်းဖြူ မျက်နှာမကောင်းရှာ။ လွှမ်း ကို သူပြောခဲ့ဖူးသည်။

"နှင်း က ကျောင်းမှာ သိပ်ပေါ်လွင်တာ၊ သူ့ဘေးမှာ ငါ့ထက် ချောပြီး ငါ့ထက် အများကြီးသာတဲ့ကောင်တွေ ဝိုင်းနေတဲ့ကြားက ငါ့ကို ရွေးလိုက်တာကွ၊ တကယ်ဆို ငါနဲ့ မထိုက်တန်ပါဘူးကွာ"

ကိုယ့်ချစ်သူအကြောင်း ရင်ဖွင့်တုန်းကပါ။ ပြောလိုက်တုန်းကတော့ သူ့ကို ကရုဏာမျက်ဝန်းများနှင့် လွှမ်း က ခေါင်းညိတ်ထောက်ခံခဲ့၏။

"တကယ်ချစ်ကြပြီဆိုရင် ဘယ်သူဖျက်ဖျက် မပျက်ဘူးလို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးတယ်၊ သူက ကိုယ့်ကိုချစ်နေပြီဆိုရင် မင်း မတူတန်တာတွေ ခေါင်းထဲ မထည့်ပါနဲ့၊ ဒီမှာ မင်းနောက်မှာ ငါရှိနေမယ်”တဲ့။

တကယ်လည်း ကူညီခဲ့သည်။ သူ့သူငယ်ချင်းတွေကိုလည်း ထားခဲ့သည်။ ကျောင်းချိန်၊ နားချိန် ဘယ်အချိန်မှာဖြစ်ဖြစ် အလင်းဖြူဆိုတာနှင့် လွှမ်း က ခေါင်းညိတ်ပြီးသား။ နီးစပ်မှုမရှိကြဘဲ ခင်မင်သွားခဲ့ကြတာ အံ့သြစရာပဲဖြစ်သည်။

အထူးသဖြင့် နှင်း နှင့်သူ့ကိစ္စမှာ “မင်း စိတ်မပူပါနဲ့” ဆိုသည့် အားပေးမှုဖြင့် ပါဝင်လာခဲ့ခြင်းသာဖြစ်သည်။ ခုလိုပြောလာတာလည်း နှင်း ကိုရော၊ သူ့ကိုရော တကယ်ဒေါသဖြစ်နေတာ မဟုတ်ပါ။ တစ်ခုခု ထူးခြားမလာသည့်အဖြစ်အတွက် စိတ်မရှည်နိုင်ခြင်းပဲဟု အလင်းဖြူ နားလည်လိုက်သည်။

ထို့ကြောင့် တောင်းပန်သည့်အပြုံးဖြင့် သူက ခြံရှေ့ဆီကို လှမ်းကြည့်ကာ ....

“သူ့အိမ်ပေါ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကိုယ်မြင်ရတာမှ မဟုတ်တာ၊ မင်းကလဲ၊ နည်းနည်းတော့ သည်းခံပါဦးကွာ၊ မင်း ဆက်ဆက်နေတာကိုလဲ ယောကျ်ားလေးတစ်ယောက်ယောက်က ဆက်နေတယ်ဆိုပြီး သူ့အဖေက ကျိုင်းရှာချင်ရှာနေမှာလေ”

“ရှာရင် ကောင်းတာပဲ၊ ဒီလိုဖြစ်ဖို့ ခုပဲ ထပ်ဆက်ဦးမှာ”

“ဟာ ... လွှမ်း”

လွှမ်း က ဖုန်းပြန်ကိုင်သည်။ အလင်းဖြူ ကမန်းကတန်း ရှေ့တိုးလာပြီး လွှမ်း ပခုံးကို ပုတ်သည်။

“တစ်ခါ ခေါ်ပြီးပြီပဲ၊ တော်ပါတော့ကွာ၊ တစ်နေ့တည်း နှစ်ခါ ထပ်ခေါ်မှ ပိုဆိုးကုန်လိမ့်မယ်၊ ကားကို ခြံရှေ့ကနေ တစ်ပတ်လောက် ပတ်ပေး၊ မြင်ရ မမြင်ရ ပြန်ကြမယ်ကွာ၊ ကဲ ...”

လွှမ်း က အလင်းဖြူ ကို မျက်မှောင်ကြုတ်နှင့်စောင်းကြည့်ကာ





ဖုန်းကိုတော့ မချသေးပေ။ သနားဖို့လည်း ကောင်းသည်။ မသနားထိုက်ဟု ယူဆထားသည့်စိတ်မှာ ဒေါသလည်းဖြစ်၏။ ယောကျ်ားဆိုတဲ့ မာန လေးတောင် အလင်းဖြူမှာ မရှိ။

“ငါ သူ့ပါးလေးကိုတောင် ဒီနေ့အထိ မနမ်းဖူးခဲ့ဘူး၊ နမ်းရမှာ မတူမတန်သလိုလို၊ သိမ်ငယ်သလိုလိုနဲ့၊ ပြီးတော့ ငါ့ကို စိတ်ဆိုးသွားမှာပဲလို့ ထင်နေတာ” တဲ့။

ပြောပုံလေးက သနားဖွယ်၊ ဒါပေမယ့် သနားစရာလား။

ဟိုက လာဆို လာသည်၊ သွားဆိုသွား၊ ထိုင်ဆိုမှထိုင်၊ ဘယ်လောက်ထိ ဆိုးရွာသလဲဆိုရင် ...

“နှင်း ကို ငါ အိပ်မက်ထဲမှာ နမ်းလိုက်ရတာ ရင်တွေခုန်လွန်းလို့ အဲဒီနေ့က ဖယ်ရီလဲ မမီ၊ ကားတိုးစီးတာက နောက်ကျနဲ့ ကျောင်းတံခါးပိတ်ပြီးမှ ရောက်တယ်၊ ဘာဖြစ်လို့လဲ သိလား၊ အိပ်မက်ကနိုးတော့ မျက်လုံးဖွင့်လိုက်ရင် ရင်ခုန်နေတာတွေ ပျောက်သွားမှာစိုးတာနဲ့ ဆက်မှိန်းနေတာလေ”

ပြောကြဆိုကြရင်း သူ့မှာ ရယ်ပင်မရယ်နိုင်ရှာ။ လွှမ်း ကို ပြန်ပြောပြနေတာတောင် ရင်တွေခုန်နေသလိုလို ပြုံးတုံ့တုံ့ ငေးမောလျက်နှင့်။

“နှင်း ကို ငါ သိပ်ချစ်တာပဲကွာ၊ မင်းကိုလဲ ခင်တယ်၊ မင်းနဲ့နှင်းကိုလဲ ခင်ခင်မင်မင် ရှိကြစေချင်တယ်၊ ခလွန်ဘူးထင်တယ်နော်”

လွှမ်း ကိုလည်း တောင်းဆိုသလိုလို၊ ဆန္ဒပြုသလိုလို ပြောဖူး၏။

“ဘယ်လိုလုပ် လွယ်မှာလဲ၊ မင်းလိုကောင်ပဲ တည့်မှာ” ဆိုတာ ပါးစပ်ကတော့ ထုတ်မပြောရက်ခဲ့ပါ။ အလင်းဖြူကို ကျောင်းသားအချင်းချင်း ဝိုင်းထိုးနေကြတာ မြင်ကတည်းက ပြဿနာအစကို သိခဲ့ရတော့ စိတ်မကောင်းဖြစ်ခဲ့သည်။

ဆင်းရဲတာနဲ့ပဲ ချမ်းသာပြီး လှပတဲ့ မိန်းကလေးတစ်ယောက်ကို ကြိုက်ခွင့်မရှိတော့ဘူးလား။ ပြီးတော့ ‘သူက ငါ့ကို အဖြေပေးပြီးပြီ”



www.burmeseclassic.com

www.burmeseclassic.com



လို့ အလင်းဖြူက ပြောခဲ့သည်။

"ပြီးနေပြီပဲကွ၊ ကြိုက်ခွင့်ရှိလို့ ကြိုက်တယ်၊ သူက ချစ်ခွင့်ပေးလို့ ချစ်တယ်၊ ဘာဖြစ်လဲ၊ ဘယ်ကောင်မှ ဂရုမစိုက်နဲ့၊ ဟိတ်ကောင်၊ ဆက်လုပ်"

သူကိုယ်တိုင် ဖိအားပေးခဲ့သည်။ သူငယ်ချင်းတွေထဲမှာ ကြည့်လိုက်တော့လည်း သူ့ဘေးမှာ ရှိနေကြသမျှထဲတွင် အလင်းဖြူတစ်ယောက်သာ ငုံ့ညှာသင့်ဆုံးလူ ဖြစ်နေသည်။ ထို့ကြောင့် အားလုံးထက်ပိုပြီး သူခင်ခဲ့တာ ကရုဏာလည်း ပါပါသည်။

ဒါတောင်မှ ဒီနေ့ထိ သူ အလင်းဖြူကို အိမ်ထိ အလည်စာစ်ခါမှ မခေါ်ခဲ့ဖူးပေ။ မခေါ်ချင်လို့မဟုတ်၊ မြင့်မြင့်မြင်တိုင်း မော့ကြည့်ညှိုးငယ်တတ်သည့် အလင်းဖြူကို သူ့အပေါ် အထင်ကြီးစိတ်တွေ ထပ်မဖြစ်စေချင်၊ ဘဝတွေ မတူပါလားလို့ နောက်ထပ်အတွေးရောက်ကုန်မှာကို မြင်နေခဲ့၏။

ခုခေတ် ယောကျ်ားလေးလူငယ်တွေထဲမှာ အလင်းဖြူဟာ ရှားပါးစွာ နူးညံ့အေးချမ်းလွန်းသူ ဖြစ်လေသည်။ အားငယ်ပြီး နုနွဲ့နေတာမျိုးတော့ မဟုတ်၊ ဒါပေမယ့် မာန်မာနနည်းလွန်းတာက ဆိုးသည်။ ကိုယ့်ကိုကိုယ် ရုပ်ဆိုးတာမဟုတ်ဘဲ ဆိုးသည်ထင်နေသည်။

ဆင်းရဲတာ ချမ်းသာတာ ဘာဆန်းလို့လဲ။ ဒါကို သူ့မှာ အဆန်းတကြယ် အပန်းတကြီး ခံစားနေခဲ့၏။

အလင်းဖြူအတွက်ဆို အထူးသဖြင့် အချစ်ရေးမှာ ကံကောင်းစေချင်ပါသည်။ သူငယ်ချင်းထက် ချစ်သူဆိုသော အရင်းနှီးဆုံးသူ တစ်ယောက်ထံမှ ခွန်အားတွေ ရသွားစေချင်၏။ ခုတော့ နှင်းမာန ဆိုသည့် မိန်းမက ဘာလဲ။

စိတ်ထဲရှိသည့်အတိုင်းသာ ပြောချလိုက်ရလျှင် အလင်းဖြူ ဘာဖြစ်သွားမည်မသိ၊ လွှမ်း ကိုယ့်စိတ်ကို ပြန်ထိန်းလိုက်သည်။ အလင်းဖြူ





မျက်နှာကို စိုက်ကြည့်ရင်း ပျံ့လွင့်သွားသည့် စိတ်တွေကို စုစည်းပြီး ဒီဘက်ပြန်လှည့်လိုက်တော့ ...

"နှင်းမာန"

သူ ရေရွတ်လိုက်တာက အလင်းဖြူကို အကြောင်းကြားလိုက်တာ မဟုတ်ပါ။ ဒါပေမယ့် အလင်းဖြူလည်း မြင်သွားသည်။

"နှင်း ... နှင်း လာနေတယ်ကွ"

ကားဆီကို လျှောက်လာနေတာ နှစ်ယောက်စလုံးမြင်နေလျက်က ထခုန်မတတ်ဖြစ်သွား၏။

လွှမ်းက ကူရှင်မှာ ကျကျနန မှီပစ်လိုက်ပြီး နှင်း လာနေသည်ကို စိုက်ကြည့်၏။ နှင်းမာန ဆိုသည့်အတိုင်း ခြေလှမ်းတိုင်းက မာနေသည်။ သုတ်သီးသုတ်ပျာ အလျင်စလို ဘာမှမရှိ။

မိုးပြာရောင်ဖျော့ဖျော့ လက်ပြတ်ဂါဝန်ရှည်ရှည်က ပွယောင်းယောင်းကြီးမဟုတ်ဘဲ ကိုယ်က ပျော့ပျော့နွဲ့နွဲ့လေး ခိုကပ်နေသည်။

ခါးလောက်ထိရှည်သည့် ဆံပင်ရှည်တွေက ထူလွန်းတာလည်း မဟုတ်ဘဲ ခပ်ဝဲဝဲနှင့် ကျောပြင်မှာ လမ်းလျှောက်သည့်ဟန်အတိုင်း နွဲ့ခါနေသည်။

ငေးနေချင်အောင် လှသည်။ ငေးနေရင်း ပီတိနှင့် ငေါ်ကျုနပ်ကျန်ခဲ့လောက်အောင် ညှို့နိုင်စွမ်းသည်။ အထူးတလည်ပြင်ဆင်ပြီး ထွက်လာတာ မဟုတ်မှန်းလည်း သိသာနေလျက်နှင့် လှနေတာကိုက ထူးခြားတဲ့ မိန်းကလေးဖြစ်သည်။

သူမကို အလင်းဖြူက ပြလို့ အဝေးကနေ မြင်ဖူးသည်။ ထိုးကြွတြိတ်ကြ ဖြစ်ရလောက်အောင် လှနေတာကို သူ အသိအမှတ်ပြုခဲ့ရသည်။

ထို့ကြောင့်လည်း အလင်းဖြူနှင့် အဆင်ပြေသွားစေချင်လို့ အစစအရာရာ သူ ကူညီနေခဲ့တာပါ။ သို့သော် နှင်း ကို စူးစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလှတာကို မခံစားမိတော့ဘဲ မကျေနပ်စိတ်က ကြီးထွားလာ၏။

ထွက်လာပုံက တစ်နေကုန် မြေခွေးချောင်းချောင်းနေသည့် ချစ်သူထံ မိဘ၏ အလစ်အငိုက်မှာ ခွန်းစားထွက်လာပြီး တွေ့ရပုံနှင့် မတူ၊ တစ်ချက်မှ မယိမ်းယိုင်ခဲ့သည့် ခြေလှမ်းများနှင့် ကားနားရောက်လာကာ တံခါးဖွင့် ဆင်းလိုက်ပြီဖြစ်သည့် အလင်းဖြူထံ ရောက်အောင်သွား၏။

"နှင်းရယ်၊ ဝမ်းသာလိုက်တာ၊ ကိုယ် မတွေ့ရတာကြာလို့ လာတာ၊ နှင်းရော ပြောစရာရှိလို့လား၊ အချိန်ရလား"

နှင်း သည် ကား၏ရှေ့တူရူမှလာစဉ် မျက်နှာကို တင်းမော့ထားသော်လည်း လွှမ်း ကိုလွန်၍ အလင်းဖြူထံ ရောက်သွားသည်နှင့် ဖျတ်ခနဲ နူးညံ့နွေးထွေးသွားခဲ့ပြီး ...

"ဖေဖေမရှိဘူးဆိုတော့ နည်းနည်းပါးပါးတော့ ပြောလို့တော့ရတယ် အလင်းရဲ့၊ အချိန်တော့ မရဘူး၊ ဖေဖေက ပြန်ချင်တဲ့အချိန် ပြန်လာတာလေ"

"[illegible]ား စောစောက ထွက်လာပါတော့လား နှင်းရယ်" လို့ ရင်ထဲမှာ ညည်းမိသည်။ မျက်နှာပျက်သွားပေမယ့် အလင်းဖြူ ပါးစပ်ကတော့ ဘာမှ မပြောခဲ့ပါ။

စောစောကပဲ လွှမ်း ပြောခဲ့တာတွေကိုလည်း သတိရလိုက်မိ၏။ ဒါကိုလည်း ဖျောက်လိုက်ပါသည်။

"မတွေ့တာကြာပေမယ့် နှင်း ဆီကို နေ့တိုင်းကြီးလာနေဖို့ မလိုပါဘူး အလင်းရယ်၊ အလုပ်ဆင်းနေရတော့ နေ့လယ်တစ်ခေါက်၊ ညနေတစ်ခေါက်၊ ဒီနေ့တော့ အလုပ်နားလိုက်တာလား"

"အင်း ..."

"နှင်းနဲ့အလင်းက ချစ်ခဲ့ကြပြီးသား၊ ချစ်နေကြရင် လူချင်းမတွေ့ရလဲ ဘာဖြစ်လဲနော်၊ ပြီးတော့ အလင်းကို ဒီပုံစံနဲ့ နှင်း က မြင်ချင်ကာ





မဟုတ်ဘူး"

"ဘယ်လို ..."

နှင်း က အလင်း မျက်နှာပျက်သွားတာမို့ ဆက်မပြောချင်ပေမယ့် နှုတ်ခမ်းလေးတစ်ချက် ဖိပစ်လိုက်ပြီးမှ ...

"ကိုယ့်ကို အသုံးချပြီး သူများက ကြွားဝါနေတာဆိုရင် ကိုယ်ပဲ လူညံ့ဖြစ်မှာ"

ရှေ့မှာရှိနေသည့် လွှမ်း ကိုယ်က ကျရှင်ကနေ ဆတ်ခနဲ ခွာပြီးသား ဖြစ်သွား၏။

"သတိရတဲ့အခါ လမ်းလျှောက်လာခဲ့ပေါ့၊ အလင်းကို နှင်း ချစ်ခဲ့တာ ပကာသနတွေ ပါခဲ့တာမှမဟုတ်ဘဲ၊ ဖုန်းဆက်တာလဲ နှင်း မကြိုက်ဘူး၊ နှင်း အလင်းကို သတိရပြီး မြင်နေ တွေးနေတဲ့အထဲမှာ အလင်း ကားနဲ့လာမယ်၊ ဖုန်းဆက်နိုင်တယ်ဆိုတာမှ မပါဘဲ၊ ဘယ်လိုမှ ခံစားလို့မရဘူး သိလား၊ ဒါမှမဟုတ်ရင်လဲ ..."

"နှင်းမာန ..."

နောက်က ခေါ်သံကြားတော့ နှင်း မျက်နှာ ချက်ချင်းအေးခဲသွားသည်။ ဘေးကို ခြေလှမ်းရွှေ့ပြီး နောက်လှည့်ရင်ဆိုင်တော့ သူမနောက်မှာ ရပ်နေသည့် လွှမ်း နှင့် အလင်းဖြူ ဆုံးယောက်က တြိဂံပုံအကျအနဖြစ်သွား၏။

"မင်း ဒါတွေပြောဖို့လာတာဆိုရင် အလင်းဖြူဆီရောက်အောင်သွားဖို့ မလိုဘူး၊ ကဲ ...ပြော"

"ဟုတ်တယ်၊ နှင့်ကို ပြောချင်တာ၊ အရမ်းပြောချင်နေတာက အလင်းနဲ့ နှင်နဲ့ တွဲနေတာ ငါ မကြိုက်ဘူး၊ သူများတွေအမြင်မှာ နှင့်ဘားကိုစီး၊ နှင့်အကူအညီတွေနဲ့ အလင်းက သိပ်ဟုတ်နေပြီလို့ ထင်တာ၊ ငါ့အမြင်မှာတော့ အလင်းကို အစိမ်းသရဲကပ်နေသလိုပဲ ကမ္ဘာလုံး

"နှင်း ...."



www.burmeseclassic.com

"အို ...အလင်း ခဏနေစမ်းပါ၊ ဘယ်သူမှ ကိုယ့်အရိပ်ကိုကြည့်ပြီး လမ်းမလျှောက်ဘူး၊ ကိုယ့်ကိုကိုယ်တောင် အမှတ်တမဲ့ဖြစ်နေတဲ့ အရာကို ခဲဘားလှပဲမြင်တာ"

နှင်း က အလင်းဖြူကိုလည်း လှည့်ပြောသည်။ လွှမ်း ဘက်ကိုလည်း ပြန်လှည့်၏။

"အလင်းက ဆင်းရဲပေမယ့် ဖြူစင်တယ်၊ ငါ အထင်ကြီးတဲ့ ယောကျ်ားမျိုးပဲ၊ ပိုက်ဆံရှိပြီး ထင်တိုင်းကြဲရမ်းကားနေတဲ့ လူတွေထက် အများကြီးသာတယ်"

"နေစမ်းပါဦး၊ ဘာကိုကြည့်ပြီး တို့ကို ရမ်းကားတယ်ပြောတာလဲ"

"ရန်ဖြစ်နေတာလေ၊ အလင်းနဲ့တွဲကာမှ ရန်ဖြစ်ကြတာ သုံးခါ၊ တစ်ခါက ရဲတွေဘာတွေတောင် ဝင်ရှင်းရသေးတယ်၊ နှင်းက အလင်းနဲ့ ပတ်သက်သမျှ သူ မပြောလဲ သိတာပဲ၊ နင့်လိုလူနဲ့ ပေါင်းမိသွားကတည်းက ရင်တာမမနဲ့ နားစွင့်နေရတာ"

"နှင်း ...မဟုတ်ဘူး၊ အဲဒါ ကိုယ့်ပြဿနာတွေပါ၊ လွှမ်း က သူနဲ့ မဆိုင် ...."

"သူ ပါလို့ဖြစ်[illegible]တာပဲ အလင်း၊ အလင်း သည်းခံတတ်တာ လူတိုင်း သိကာယ်၊ ဘယ်တုန်းကရော အုတ်အောင်သောင်းတင်း ဖြစ်ခဲ့ဖူးသလဲ၊ ရန်ဖြစ်တတ်လာတာ ဖြစ်ရတဲ့လူနဲ့ ပေါင်းလို့ပဲ"

"ဟွန်း ..."

လွှမ်း က နှင်း ကို စူးစိုက်ကြည့်ပြီး မကြည်ပြုံးနှင့် မဲ့၏။

"ဒါဆို မင်းက အခု တမင်ညှဉ်းပြီး ဖြတ်တောက်ထားတာ တို့နဲ့ ပေါင်းလို့ပေါ့"

နှင်း က မဖြေပါ။ ဖြေဖို့လိုသေးလား ဆိုသော မျက်ဝန်းလေးတွေက စူးစူးရဲရဲနှင့် မလွှဲ၊ လွှမ်း က ခေါင်းညိတ်ပြီး အလင်းဖြူကို လှမ်းကြည့်ကာ ...





"ဆောရီး အလင်းဖြူ၊ ငါတို့က အတွေးမှားသွားတာ၊ မင်း ဒီတိုင်းလာရင် အဆင်ပြေနေပြီပဲ၊ ငါ သွားမယ်"

"လွှမ်း ..."

လွှမ်း က ကားထဲပြန်ဝင်သည်။ အလင်းဖြူ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီးမှ ပြန်တွန့်၏။ ကားက နောက်ကို ဖြည်းဖြည်းလေး ဆုတ်လာပြီးမှ ...

"မနက်ဖြန် ပြန်ဆုံမယ်"

ဟုပြောပြီး မောင်းထွက်သွားလေသည်။ နှင်း က ညိုမှိုင်းကျန်ခဲ့သည့် အလင်း မျက်နှာရှေ့ကို တည့်တည့်လှည့်ရပ်လိုက်ကာ ...

"ဒီကို သူ ပါမလာရုံနဲ့ မပြီးသေးဘူးနော်၊ အလင်းကို သူနဲ့ နောက်ထပ် ဘယ်တော့မှ မတွဲစေချင်တာ၊ နှင်း စေတနာကို နားလည်ရင် နောက်ဆုတ်ဖို့ ကြိုးစားပါ အလင်းရယ်"

နှင်း ကိုငေးကြည့်လာသည့် အလင်းဖြူ မျက်နှာက နောက်ဆုံးထွက်သက်အကုန်မှာ ခေါင်းစိုက် ဇက်ကျိုးသွားတော့မည့် လူနာတစ်ယောက်နှယ်။

နှင်း ကို သိပ်ချစ်ပါသည်။ လွှမ်း ကို အဆုံးရှုံးမခံနိုင်။ သူ့မျက်ဝန်းထဲမှာ သံယောဇဉ်လောင်ကျွမ်းများဖြင့် ရပ်ပျက်ဆင်းပျက်ဖြစ်နေ၏။

ဒါကို နှင်း နားလည်သည်။ ဘယ်သူ့အတွက်ပြောတာလဲ ဆိုတာကို အလင်း တစ်နေ့တော့ သိလာမှာပါဟု ဖြေသိမ့်ကာ တားပစ်လိုက်သော စည်းတစ်ကြောင်းကို ဖျက်ပြင်ပေးဖို့လည်း မကြိုးစားတော့ဘဲ နေလိုက်၏။

အလင်းအတွက် သူမဘက်မှာ ဘယ်လိုရင်ဆိုင်နေရသလဲဆိုတာရော …င်းကမှ မသိဘဲ။

အလင်းနှင့်နှင်း ခွဲထွက်လာကြပြီး တံခါးဝနားမှာ ရပ်လိုက်မိသည်နှင့် ခြံခန်းအလယ်မှာ မားမားကြီးရပ်နေသည့် ဖေဖေ့မျက်ဝန်းများ

www.burmeseclassic.com



ရှေ့သို့ ရောက်သွားခဲ့သည်။

တကယ်တော့ အိမ်မှာ ဖေဖေရှိနေပါသည်။ လွှမ်း ဖုန်းခေါ်လိုက်တိုင်း ဖေဖေ မကိုင်ဖြစ်ပေမယ့် ခေါ်တိုင်းပဲ သိသည်။

"ဘာတဲ့လဲ"

"ဘာမှမပြောဘူး ဆရာ၊ ဖုန်းပြန်ချသွားတယ်"

ထမင်းချက်ဒေါ်ယုကလည်း ကြားသည့်အတိုင်းပဲ ပြန်ပြော၏ ထိုအခါ သူနှင့်လည်း တိုးမှုးခဲ့သည့် လူငယ်သာဖြစ်မည်ကို ဖေဖေ သိပါသည်။ သိနေတာကို နှင်း သိအောင်လည်း မျက်မှန်နောက်ကနေ နှင်းကို စူးစူးရဲရဲ ကြည့်ပြခဲ့သေးသည်။

ကမ္ဘာလွှမ်း ဆိုတာတော့ မသိ၊ အလင်းဖြူ ဆိုတာကိုလည်း ဒီအချိန်အထိ စိတ်ဝင်စားပုံ မပြခဲ့သေးပေ။ ဖေဖေ သိနေတာကို နှင်း သိနေလျက်နှင့်၊ ပြီးတော့ အိမ်မှာပဲ ဖေဖေရှိနေတာဟာ နှင်း ကြောင့် ဆိုတာလည်း သိနေသားနဲ့ အလင်းဆီကို ရဲရဲတင်းတင်းပဲ ထွက်တွေ့ ခဲ့သည်။

ဖေဖေရှိနေတာကို မသိသလို ပြောခဲ့တာကတော့ ပြဿနာ ပို၍ လေးနက်စေချင်သည်။ ထို့ပြင် အလင်း စိုးရိမ်တကြီး ပျာပျာသ ဖြစ်သွားမှာကို မလိုချင်။

ကိုယ့်ဘက်က အခက်အခဲကို ကိုယ့်ဘာသာဖြေရှင်းရမည်ဟု နှင်း ခံယူထားခဲ့၏။ နှင်း ဖေဖေ့ကို တစ်ချက်ပဲ မျက်လွှာပင့်ကြည့်ကာ ရှေ့ ဆက်တိုးခဲ့သည်။

မျက်စိအောက်မှာ ဖေဖေ ခဏလေးပျောက်ကွယ်သွားသည်နှင့် သူမ အပြင်ထွက်သွားခဲ့တာဖြစ်သည်။ စကားမစမီ ဖေဖေ့နှုတ်ခမ်း အုံ့သြခံခက်သည့်မဲ့ပြုံးကို အရင်မြင်လိုက်ရသည်။

"ငါ့ရဲ့သမီး ရဲရင့်ပေမယ့် မကြောက်ဘူးဆိုတာ ဖေဖေ ခုမှ သိ တယ်"





ရှေ့တိုးလာရင်း ဖေဖေ့ရှေ့နားကျမှ နှင်း ခြေလှမ်းတွေ ရပ်သွားသည်။ မျက်လွှာချထားခဲ့ပေမယ့် ခေါင်းငုံ့နေတာလည်း မဟုတ်။

ဦးဇော်လွင်က နှင်း ကို စူးစိုက်ကြည့်၍ ခပ်စောင်းစောင်း ဘေးသို့ လျှောက်ထွက်သွားရင်း ...

"ရဲရင့်တာနဲ့ အကြောက်အလန့်မရှိတာကို သမီး ခွဲခြားသိရဲ့လား"

"မတွေးမိဘူး ဖေဖေ၊ နောက်ထပ် ဖေဖေ ဒေါသတွေဖြစ်နေမှာ စိုးလို့ နှင်း သွားရှင်းတာပါ"

"ပြီးသွားပြီလား"

နှင်း မျက်နှာ နည်းနည်းငုံ့ချပစ်လိုက်ပြီး အသက်အောင့်သည်။

"နောက်ထပ်မလာဖို့ ပြောလိုက်ပါပြီ"

"ဟွန်း ..."

ဦးဇော်လွင် ဖျတ်ခနဲ ပြန်လှည့်၏။ မျိုသိပ်ထားခဲ့သည့် ဒေါသက ဒီနေရာမှာ ပေါက်ကွဲဖို့အတွက် နောက်ဆုံးစက္ကန့် ဒီးရိုး၊ ဓီးရိုးတွင် ...

"ဘယ်တော့မှ မလာရဘူး။ တစ်သက်လုံးအတွက် နှုတ်ဆက် လိုက်တာပဲလို့ မှတ်လိုက်တော့"

ဦးဇော်လွင်က နှင်း မျက်နှာလေးကို နီးကပ်စွာ လာစိုက်ကြည့် လျက် ....

"ပြောစမ်း သမီး၊ နှစ်ယောက်ထဲက ဘယ်သူလဲ သမီး"

နှင်း က မော့ကြည့်၏။ သားအဖနှစ်ယောက် မျက်လုံးချင်း ဆုံ သွားသည်။ ထိုမျက်ဝန်းထဲမှာ နှင်း က တစ်စုံတစ်ရာကို ရှာဖွေတွေ့ ရှိသွားကာ ...

"ဆင်းရဲပြီး ကြည့်ပျော်ရှုပျော်ရုပ်မျိုးပဲရှိတဲ့ တစ်ယောက်ပါ"

"သိတယ်"

ဦးဇော်လွင် အလွန်အမင်းဒေါသဖြစ်သွားသည့် လေသံဖြင့် ချာခနဲ လှည့်ထွက်သွား၍ ....



www.burmeseclassic.com

www.burmeseclassic.com

"သေချာအောင် ထပ်မေးလိုက်တာ၊ သမီး ခြေလှမ်းမပျက်အောင် နေနိုင်ခဲ့ပေမယ့် ဖေဖေက သိတယ်၊ အထူးသဖြင့် သတ္တိတွေ မွေးမြူနေတဲ့ သမီးရဲ့မျက်လုံးထဲမှာပဲ ရှာတွေ့ခဲ့တာ၊ မိဘ ခွင့်မပြုနိုင်တဲ့ အလုပ်တစ်ခုခု လုပ်မိထားပြီဆိုတာ သိပ်ကို အကဲခတ်ရလွယ်တာပဲ၊ သမီးကို ဖေဖေ တော်တော်အံ့သြသွားခဲ့တယ်၊ နိမ့်တာမြင့်တာ ကိုယ့်ရှေ့မှာ ယှဉ်လျက်သားမြင်နေရတယ်၊ လူငယ်စကားနဲ့ပြောရရင် ရုပ်ချောတာ၊ မချောတာကိုရော ယှဉ်မကြည့်မိဘူးလား၊ ကိုယ့်ရှေ့ကို တွဲလျက်ရောက်လာတဲ့ ဘဝနှစ်ခုထဲမှာ ဘာကိုကြည့်ပြီး သမီးက အနိမ့်ဆုံးကို ရွေးပစ်လိုက်တာလဲ၊ ဖေဖေ ထင်တယ်၊ အချစ်ကြောင့် မိုက်ရူးရဲ ဆုံးဖြတ်လိုက်တာမျိုးလဲ မဟုတ်နိုင်ဘူး။ အဲဒီလိုရူးသွပ်သွားလောက်အောင် ဒီကောင့်မှာ ဘာဆွဲအားမှ မရှိဘဲ"

ဦးဇော်လွင်က စကားရပ်ပစ်သည်။ နှင်း ပြန်ပြောလာတာကို စောင့်တာမဟုတ်ပါ။ နှင်း ပါးစပ်ပြင်လိုက်ပြီးမှ ပြောခွင့်မပေးဘဲ ဆက်၍ ...

"ဒါလုပ်ရင် ဒါဖြစ်မယ်ဆိုတာကို သိတယ်၊ သိသိနဲ့လုပ်တာ၊ ဒါဖြစ်ရင် ဒီလိုရင်ဆိုင်ဖို့ ဆိုတဲ့ သတ္တိတွေ စုဆောင်းပြီး ကျကျနန ဖေဖေ့ကို တော်လှန်ဖို့ ကြိုးစားနေတာ၊ တစ်ခုပဲ ဖြေ၊ သမီး နောက်ဆုတ်မလား ဖေဖေ တားဆီးရမလား"

"သမီးကို ဆုံးဖြတ်ခွင့်ပေးပါ ဖေဖေ"

"လုံးဝမပေးနိုင်ဘူး၊ ဇော်လွင် ဆိုတဲ့ ဖေဖေ့လက်ထက်ကျမှ ဘာ[illegible] ပျက်သွားတဲ့မျိုးဆက် လုံးဝ မရှိရဘူး၊ ဒီမှာ နှင်းမာန၊ ကိုယ့်မိဘ[illegible] အခြေအနေကို ပြန်ကြည့်မိရဲ့လား၊ စီးပွားရေး ဘယ်လိုယိုင်နေတ[illegible] ဆိုတာရော သိလား"

"အဲဒါက ဖေဖေ ဦးဆောင်နေတဲ့ လမ်းကြောင်းအတိုင်းပဲ မဟုတ်[illegible] ဘူးလား ဖေဖေ၊ ဖေဖေ့ဦးဆောင်မှုအောက်မှာ သမီးဘဝ အနိမ့်အ[illegible]





အဓိကဖြစ်နေခဲ့တာတောင် ဖေဖေ့ကို သမီး ဘာများ[illegible]၊ ဟိုတုန်းကရော ခုရော နှင်း ဖေဖေ့ကို စိတ်ဆင်းရဲအောင် [illegible] ဘာမှ မရှိဘူး။ သမီးကိုလဲ ...."

"သမီးကို ဆုံးဖြတ်ခွင့်မပေးနိုင်ဘူးဆိုတာ ဖေဖေ့အမိန့်နော်၊ သမီးကို တောင်းဆိုနေတာ မဟုတ်ဘူး။ ဖေဖေ့ကို သမီး [illegible]ခြင်း၊ မဝေဖန်ခြင်း အားလုံးဟာလဲ သမီးရင်ထဲမှာ ဖေဖေ့အပေါ် [illegible] နဲ့ပတ်သက်ပြီး ရင်ထဲမှာ စုဆောင်းထားတဲ့ အဖုအကျိတ်တွေကြောင့် ဆိုတာ ဖေဖေ သိတယ်၊ ဖေဖေ့ကို သမီးက မပြော[illegible]တာ မဟုတ်ဘူး၊ မပြောချင်တာ၊ မပြောရဲလို့လဲမဟုတ်ဘူး၊ ဂရုမစိုက်တာ"

နှင်း မျက်နှာလေး ပြန်လွှဲထားရင်း ငြိမ်သက်[illegible]။

"အဲဒီအတွက် ဖေဖေနဲ့သမီးကြားမှာ အမှားအမှန်၊ အယူအဆတွေ ဆွေးနွေးနေကြဖို့ မလိုတော့ဘူး။ ဖေဖေ မှားခဲ့တာ ရှိရင်ရှိမယ်၊ သမီးကို မှားခွင့်မပေးနိုင်ဘူး၊ နောက်ထပ် သမီးမှတ်[illegible] သမီး ဖေဖေက လူဆိုးမဟုတ်ပေမယ့် လူကောင်းတော့ မဟုတ်ဘူး။ အဲ[illegible]ကို မမေ့နဲ့၊ ဘယ်သူ ဘာဖြစ်သွားသွား ကိုယ်လုပ်ချင်တာကို ဖြစ်အောင် လုပ်မယ့်သူ၊ မကြောက်တတ်ဘူးဆိုရင် သမီး စမ်းကြည့်ပါ"

နှင်း ကို ဘာမှပြောခွင့်မပေးဘဲ ဖေဖေက လှည့်ထွက်သွားသည်။ တော်ရုံနှင့် မျက်ရည်မလွယ်တတ်ခဲ့သော နှင်း မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေ့ကျန်ခဲ့၏။

တစ်ပြိုင်တည်းမှာ ခံစားလိုက်ရသည့် [illegible]တွေက နှလုံးသားနှင့် မဆံ့နိုင်အောင်ဖြစ်နေသည်။ ချစ်သူက ကိုယ့်ကို နားမလည်၊ ဖေဖေက ခွင့်မလွှတ်၊ ပြီးတော့ ဒီပြဿနာတွေ ပိုရှုပ်ထွေးကုန်ရတာ သူ့ကြောင့်။

"ပြောစမ်း သမီး၊ နှစ်[illegible]ထဲက ဘယ်သူလဲ" တဲ့။

"သိတယ်" လို့ [illegible]ဒါသတွေကြောင့် ဖြစ်[illegible]ခဲ့တာထက် ပိုသွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရှေ့ကို တွဲလျက်ရောက်လာတဲ့ ဘဝနှစ်ခုထဲမှာ ဘာကို ကြည့်ပြီး အနိမ့်ဆုံးကို ရွေးလိုက်တာလဲ" တဲ့။

လူယုတ်မာ၊ နှင်း တက်ခေါက်၍ လက်သီးဆုပ်ပ ားလိုက်မိသည်။ ဒီလိုဖြစ်လာအောင် မာယာတွေ သုံးသွားတာ၊ အလင်း ဘေးမှာ လိုက်နေပေးတာ၊ သူ့ကြောင့်သာမဟုတ်ရင် အလင်းဘဝ ဒီလောက် စုတ်ပြတ်သွားဖို့ မရှိနိုင်၊ ဒါတွေကို အလင်း နားမလည်ဘူးလား၊ ဘာဖြစ်ဖြစ် အလင်းမှာ အပြစ်မရှိပါ၊ အလင်းဖြူ ဆိုသော ဖြူစင်သည့် ယောကျ်ားဟာ ယုတ်မာတတ်သူတစ်ယောက်၏ ကြိုးကိုင်မှုမှာ ကျဆုံးရမှာပဲ ဖြစ်သည်။

နှင်း ဒေါသအမုန်းများသည် ချစ်သူကိုတော့ ချန်လှပ်ထားခဲ့ပြီး ထိုသူတစ်ယောက်ကိုသာ ...။





အခန်း (၁၁)

"ဟင် ..."

မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားတော့ နားထဲမှာ ဆူညံနေသည့် နှ်းသံက ပစ္စုပ္ပန်နှင့်အတိတ်ကို ကန့်လန့်ကာချ၍ တစ်ခန်းရပ်ပစ် ိုက်သလို။

ဆိုဖာပေါ်မှာ အတိတ်က နာကြည်းခဲ့သမျှကိုတွေးရင်း ဘယ်လို ်ပျော်သွားမှန်းမသိလိုက်၊ လက်ပိုက်လျက်နှင့် ငုတ်တုတ်အတိုင်း ်ပျော်ခဲ့သည်။

ဆိုဖာမှာမှီကာ စောင်းငဲ့ကျနေသည့် ခေါင်းက ထရပ်လိုက်တော့ ်ကြောတွေ နာကျင်နေခဲ့၏။ အိမ်မှာ လူပို ဘယ်သူမှမရှိ၊ ဦးလေး ာလည်း အပြင်မှာပဲနေတာမို့ ဖုန်းလာတော့ ကိုင်မည့်သူလည်း ။ ထိုအသံကြောင့်ပဲ နှင်း နိုးလာတာဖြစ်၏။

"ဟဲလို ..."

"နှင်းမာန လားကွယ်"

"ရှင် ... ဟုတ်ပါတယ်"

"အန်ကယ်က ဦးဝင်းနောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ..."

ကိုယ်က ကိုယ့်ဆန္ဒကိုပြောပြီးပြီမို့ နှင်း ဘက်က စပြောဖို့မရှိ။

"တူမကြီး"

"ဟုတ်ကဲ့ ပြောပါရှင်"

"အန်ကယ် ခုပဲ ပြန်ရောက်တယ်၊ လွှမ်း ကို တူမကြီးပြောခဲ့တဲ့ ကိစ္စကို အန်ကယ် တစ်ခုလောက်ပြောချင်တယ်ကွယ်"

"ဟုတ်ကဲ့"

"အစည်းအဝေးခန်းမထဲမှာ မျက်နှာစုံညီ ဆွေးနွေးအကြံပြုခဲ့ကြ တဲ့ ကိစ္စဆိုတော့ အန်ကယ့်ကို အသိပေးလိုက်ရုံနဲ့ ဒီကိစ္စကို ဆုံးဖြတ်လို့ မရဘူး သမီးရဲ့၊ ကျန်တဲ့ ဒါရိုက်တာသုံးဦးနဲ့"

"နှင်းက ဝင်ခွင့်ပြုဖို့ တောင်းဆိုနေတာမှမဟုတ်ဘဲ အန်ကယ် နှုတ်ထွက်ခြင်းအတွက် ဒီလောက်ထိ မလိုပါဘူး"

"မှော လိုပြီကော သမီးရယ်၊ ဦးဖော်လွှင်က ရှယ်ယာအများဆုံး ပါသူပဲ၊ သူ့ရဲ့နှုတ်ထွက်ခြင်းက ကုမ္ပဏီရဲ့အနာဂတ်နဲ့ လုံးဝ သက်ဆိုင်နေတာ လိုတာပေါ့။ ဒါ့တူမက နှုတ်ထွက်တယ်ဆိုရင် ဒီရှယ် ယာကို ပြန်အမ်းယူနိုင်တဲ့သူ အန်ကယ်တို့ထဲမှာ မရှိဘူး၊ တခြားတစ် ဦးရဲ့ လက်ထဲကို ဒီကုမ္ပဏီ ရောက်သွားမှာပဲ၊ အန်ကယ် တစ်ခု အ ပေးပါရစေ၊ လုပ်ငန်းကို စိတ်မဝင်စားလို့ ဒါမှမဟုတ် တခြား ကြောင်းကြောင့် မလုပ်နိုင်လို့ တစ်ခုခုကြောင့်ဆိုရင် တူမကိုယ်စား တစ်ယောက်ယောက်ကို ယုံကြည်စိတ်ချစွာ လွှဲပြောင်းပေးထားလို ပါ အန်ကယ်တို့က ..."

"နှင်း ဘယ်သူ့ကိုမှ မယုံဘူး။ ကိုယ့်ရဲ့ကိုယ်စားဆိုတာလဲ မထား ဘူး။ အဲဒီတော့ ရင်းနှီးမြှုပ်နှံမှုကိစ္စနဲ့ ဖယားတွေရှုပ်နေတာဆိုရင် ရှ ယာကိစ္စကိုရော၊ နှင်းတို့သားအဖကိုရော မေ့ထားလိုက်ပါ။ နှင်းကတော့ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ ..."





"ဟာ တူမ၊ သမီးရယ် ...နေပါဦး"

နှင်း ဖုန်းချတော့မှာကို သိနေသလို ဦးမင်းနောင်အသံက ပျာပျာ သလဲကြီးဖြစ်သွားကာ ...

"အဲဒီလို မလုပ်လိုက်ပါနဲ့၊ ဒါမျိုးလဲ ဘယ်သူကမှ ဝမ်းသာကြမှာ မဟုတ်ပါဘူး။ နောက်တစ်ခုရှိပါတယ်၊ နားထောင်ပါဦး၊ အဲဒီလောက်ထိ တူမကြီး ဆုံးဖြတ်ထားတယ်ဆိုရင် သိပါပြီ၊ လုပ်ငန်းထဲကို မလာဘူး ဆိုရင်လဲ နေပါ၊ ကုမ္ပဏီရဲ့ နှစ်ပတ်လည်အစည်းအဝေးတိုင်းမှာပဲ မပျက်မကွက် တက်ရောက်ပေးမယ်ဆိုရင် ရပါပြီ၊ အကျိုးအမြတ် အတိုင်း ခံစားခွင့်ကို တူမကြီး အတိအကျ ရစေရပါမယ်"

နှင်း ဘာမှမပြောဘဲ နေသည်။ ဒီ့ထက်ကောင်းတာတောင် ဒီ လောက် မကောင်းနိုင်တော့ဘူးဆိုတာကို တွေးလိုက်မိ၏။

ကိုယ့်ရဲ့အဓိကအခက်အခဲက ကုမ္ပဏီလုပ်ငန်းကို အစကရော၊ အခုရော ဘယ်လိုမှ စိတ်မဝင်စားနိုင်ခြင်းပင်။ ပြီးတော့ အလွန်မုန်းတီး နေခဲ့သည့်မျက်နှာကို မမြင်ချင်။

ဒါတွေရဲ့နောက်မှာ မရှိမဖြစ် လိုအပ်နေတာက စားဝတ်နေရေး အတွက် ငွေပဲဖြစ်၏။ ကိုယ် မကျွမ်းကျင်တာကို မလုပ်ရဘဲ ငွေရနေ တယ်ဆိုရင်လည်း ကောင်းတာပါပဲ၊ ဒါပေမယ့် သူမ အလုပ်လုပ်မှ ဖြစ်မည်။

ရန်ကုန်ကို ပြန်ရောက်လာတာ သိပ်မကြာသေးပေမယ့် ကိုယ့် ဇာတိမြေမို့ စိမ်းသက်နေတာ ဘာမှမရှိ၊ အလုပ်တစ်ခုရဖို့အတွက် ကြိုး စားရမည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"မဝတ်ချင်ပါဘူး"

"ဝတ်ရမယ်၊ လာခဲ့၊ သားသားနော်၊ မေမေ့ကို စိတ်ကိုအောင် မလုပ်နဲ့၊ လာ ..."

"ဟင့်အင်း"

မာန် က လက်ပိုက်လေးလုပ်ထားကာ သူ့ကိုယ်ပေါ်ကို အင်္ကျီ ချုပ်ချုပ်ကာမှာ စိုးသည့်ဟန်နှင့် အဝတ်ဗီရိုကြားထဲကို နောက်ပြန်ဆုတ်သွား၏။

"ဒီအင်္ကျီ ဘာဖြစ်လို့လဲ သား၊ မဟုတ်တာကို ဂျီမကျရဘူး"

"မေမေကလဲ၊ သားသား မကြိုက်ပါဘူးဆိုနေမှ"

"အင်းလေ၊ ဘာဖြစ်လို့ မကြိုက်တာလဲဆိုတာ ပြော"

ပခုံးနှစ်ဖက်ကနေ ကိုင်ပြထားသည့် အနီရောင်စပို့ရှပ်လေးကို မာန် က ရွံ့ရွံ့မဲ့မဲ့လေး ကြည့်သည်။

"ရင်ဘတ်မှာ ကြောင်ရုပ်တွေနဲ့ မေမေရ"

"ဟင် ..."





နှင်း က သိထားလျက်နှင့် အင်္ကျီရင်ဘတ်လေးကို တစ်ခါ ထပ်ကြည့်မိကာ ...

"ကြောင်လေးနှစ်ကောင် ခြင်းလေးထဲမှာ ချစ်စရာလေးပဲဟာ၊ ဘာဖြစ်လို့လဲ"

"သားသား မကြိုက်ဘူး"

"သားသားက ဘယ်လိုပုံတွေကို ကြိုက်လို့လဲ"

မာန် သည် ပြောခွင့်ရလိုက်တာကို ဝမ်းသာသွားသလို မျက်နှာလေး ဝင်းထိန်သွားသည်။ လက်ပိုက်လေးဖြုတ်၍ ကိုယ်မှာ ဆန့်ကပ်ချပြီး လက်သီးဆုပ်၏။

ထို့နောက် မျက်နှာကိုမော့ကာ ပါးစပ်ကို အစွမ်းကုန် ဖြဲဟပြသည်။ ခြေဖျားကလေး ထောက်ကြွသွားသည်အထိ တအားဟပစ်လိုက်ပြီးမှ ပြန်စေ့၍ ...

"အဲဒီလို ပါးစပ်ကြီးဖြဲပြီး အစွယ်ကြီးတွေ ချွန်ထွက်နေတဲ့ ကျားပုံ"

"အမယ်လေး၊ အဟွန်း ..."

နှင်း အင်္ကျီကိုင်ထားသည့် လက်နှစ်ဖက်လုံး ပြန်ပြုတ်ကျကာ ရယ်လိုက်မိလေသည်။ မာန် ကလည်း လိုက်ရယ်ပြီး နှင်း လည်ပင်းကို ပြေးဖက်၏။ ပါးတစ်ဖက်ကိုလည်း နမ်းကာ ...

"မေမေ ..."

"ရှင် ..."

"ကျားပုံပါတဲ့အင်္ကျီ ဝယ်ပေးနော်"

"ပါးစပ်ကြီးဖြဲနေတာ ကြောက်စရာကြီး သားသားရယ်"

"အရုပ်ပဲဟာ၊ မေမေကလဲ၊ ကျုပ်ရှင်မှာဆို ရာဇာ့အင်္ကျီမှာ ကျားကြီးနဲ့ သိလား၊ ကျားပါးစပ်ကြီးကိုကြည့်ပြီး သားသားက အဲဒီကျားပါးစပ်ကြီးထဲ ဝင်ကြည့်ချင်တာ"

"ကျားပါးစပ်ထဲဝင်ရင် ကိုက်စားခံရမှာပေါ့ သားသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျားကရော၊ ဘာဖြစ်လို့ ပါးစပ်ကြီးဖြဲနေတာလဲဟင်"

"ကျားဆိုတာ ဟိန်းတယ်လေ၊ ကျားဟိန်းသံဆိုတာ ပြောကြတာတွေ သားသား ကြားဖူးတယ်မဟုတ်လား"

"ဟုတ်"

"သူက သူ့ကို ကြောက်အောင် ဟိန်းနေတာပေါ့"

"ပါးစပ်ကြီးဖြဲပြီး ဟိန်းတာလား"

"အင်းပေါ့"

"သားသားဆို မကြောက်ပါဘူး"

"သားသား မကြားဖူးလို့ပါ"

"မေမေရော၊ ကြားဖူးလို့လားဟင်"

"မကြားဖူးပေမယ့် ကျားဆိုတာ ကြောက်ကြတာပဲလေ"

မာန် က နှာခေါင်းလေး ရှုံ့မွှမွှနှင့် ခေါင်းခါသည်။

"သားသားကတော့ သူများပြောတိုင်း မယုံပါဘူး၊ မေမေပဲ သူများ မြှူဆွယ်စည်းရုံးတာကို မယုံရဘူးဆို၊ ကိုယ့်ခေါင်းနဲ့ ကိုယ်တိုင် ဆုံးဖြတ်ရမယ်ဆို"

နှင်း က သားလက်ကလေးနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ခေါင်းညိတ်လိုက်တော့ ...

"သားသားမှ မယုံတာ၊ မကြောက်ဘူး"

"အဲဒါမှ မေမေ့သား"

နှင်း က သားကိုဖက်၍ နဖူးလေးကို နမ်းသည်။ ထိုအခါ နဖူးကို မြတ်မြတ်နိုးနိုး နမ်းတတ်ခဲ့သည့် အလင်းကို သတိရလိုက်မိသည်။ အလင်းဟာ နူးညံ့သူပီပီ ကဗျာဆန်ဆန် နေရာတကာ မြင်တတ်တဲ့သူ။

"နဖူးကိုပဲ နမ်းတဲ့ချစ်သူက မြတ်နိုးကိုးကွယ်ချင်တဲ့သူပေါ့၊ ကိုယ်က နှင်းနဲ့ နှင်းရဲ့အချစ်ကို တန်ဖိုးထားပြီး ကိုးကွယ်မယ့်သူလေ"

အလင်းနဲ့ နှင်းရဲ့ အိမ်ထောင်သက်တမ်းဟာ ဘာများ ကြာရှည်ခဲ့





လို့လဲ။ လက်ထပ်ပြီး တစ်နှစ်မပြည့်တတ်သေးခင် သားလေး အလင်းမာန်ကို လွယ်ခဲ့ရသည်။ သားလေးကိုမွေးပြီး ခုနစ်လအကြာမှာ အလင်း ဆုံးသွားခဲ့သည်။

ချစ်ခင်ကြည်နူးခဲ့ရသည့်ကာလလေးမှာ အလင်းဟာ နှင်း အတွက် အလွန်ချစ်ခင်မြတ်နိုးဖွယ်ကောင်းသည့် အားကိုးထိုက်သော ခင်ပွန်းကောင်းဖြစ်ခဲ့သည်။

လူက ကဗျာဖွဲ့၊ စာဖွဲ့ နွဲ့နွဲ့ပေမယ့် မပြည့်စုံသည့်ဘဝမှာ နှင်းကို မျက်နှာမငယ်စေခဲ့ရပေ။ သူ့ခွန်အားနှင့် တတ်နိုင်သမျှ ရှာဖွေစောင့်ရှောက်ခဲ့သည်။ ကြင်နာယုယခဲ့သည်။ ခုတော့လည်း ဒါတွေဟာ ...။

"မမ ဖုန်းလာနေတယ်"

"ဟင် ... အေး အေး"

မနေ့ကမှ အသစ်ခေါ်ထားခဲ့ရသည့် အိမ်ဖော် တင်နွဲ့က လာအကြောင်းကြားသည်။ ဝဝတုတ်တုတ် ပုပုနှင့် အရွယ်ကိုယ်ခန္ဓာကို ပုံပန်းမကျပေမယ့် သွားလာလုပ်ကိုင်တာကျတော့ သွက်လက်မြန်ဆန်ပါသည်။ နှင်းက နေရာမှ ထရပ်လိုက်ကာ ...

"တင်နွဲ့ရေ၊ ဒီမှာ သားသားကို သူ လက်ညှိုးထိုးတဲ့အကျီ ယူဝတ်ပေးလိုက်နော်၊ သားသားက အကျီတွေ ကိုယ့်ဟာကိုယ် မဖွနဲ့ ကြားလား"

"ဟုတ် ..."

နှင်းက နှစ်ယောက်လုံးကိုမှာပြီး အပြင်ထွက်သွားခဲ့သည်။ အလုပ်တိစ္စပြောထားတာ ရပြီထင်သည်။ ရပါစေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကားတွေ ရှေ့မှာ ကျပ်သိပ်နေတာ ရှေ့တိုးမရအောင်ဖြစ်နေသဖြင့် ဘာဖြစ်နေတာလဲဟုတွေးကာ ခေါင်းထုတ်ကြည့်လိုက်မိသည်။

"ကားမီးလောင်နေတာကွ"

"လူမရှိဘူးကွ၊ ရပ်ထားတုန်း မီးထတောက်တာ ထင်တယ်"

ဘေးက နှင်း တို့လိုပဲ ရပ်လိုက်ကြရသည့် ကားတွေဆီမှ ပြောသံတွေ ကြားလိုက်ရသည်။ ကားပိတ်နေပုံက အနည်းဆုံး နာရီဝက်ကျော်လောက်မှ ဒီက ထွက်ရဖို့ရှိ၏။ ကလေး ကျောင်းနောက်ကျတော့မည်။ နှင်း နာရီငုံ့ကြည့်ကာ ဘေးကနေ လမ်းတောင်း၍ ဘတ်စ်ကားကြီးတစ်စီးနောက်ကနေ လိုက်ကပ်ထွက်လိုက်သည်။

"မေမေ"

"ဟင် ..."

"မေမေက ကား ဘာဖြစ်လို့ မောင်းတတ်တာလဲဟင်"

"သင်ထားလို့ပေါ့ သားသားရယ်"

ကားမောင်းနေရတာ စိတ်လောနေသဖြင့် သား မေး[illegible]တာကို သေချာဖြေချင်စိတ် မရှိ။





"မေမေ ..."

"ဟင် ..."

"မေမေရော၊ ကားမောင်းတတ်လားဟင်"

"ဟင် ... ဪ ... တတ်တာပေါ့ သားရယ်"

ညာလိုက်တာမှန်း သား သိလျှင် "မေမေပဲ မညာရဘူးဆိုပြီး ဘာလို့ ညာရတာလဲ" ဆိုပြီး ငေါက်ခနဲ မေးမှာ သေချာသည်။ မတတ်နိုင်တော့ပါ။ မှသားမပါ လက်ာမချော ဆိုသည့် စာဆိုကိုပဲ အားကိုး၍ နှင်း ညာလိုက်ရ၏။ ဒါ မိဘဂုဏ်သိက္ခာနှင့် သက်ဆိုင်နေ၍ပါ။

"မေမေ၊ ဘဘက ကားမမောင်းတတ်ဘူးနော်"

ဒီနေ့ ဒရိုင်ဘာ မအားသောကြောင့် သွားစရာရှိသည်ဟု ပြောထားပြီးမှ နှင်း ပဲ လိုက်ပို့ရသဖြင့် ဦးလေးဖြူးကို သားက သတိရသွားပုံ ပေါ်သည်။

ကားပေါ်မှာထိုင်စီးရင်း ဟိုဒီလိုက်ငေးရင်း သူ့မှာ မေးစရာတွေ တစ်ခုပြီးတစ်ခု ပေါ်လာနေတာတာက ပြဿနာမဟုတ်၊ ဟိုဘက်လမ်းကြောပိတ်နေသဖြင့် နှင်း လိုပဲ ဒီဘက်ကို ဖောက်ထွက်လာသည့် ကားတွေကလည်း ဒီမှာ များပြားစွာ လာဖြစ်နေသည်။

ကားတွေစိပ်နေသဖြင့် အရှိန်ယူလို့မရ၊ နောက်ထပ် ဖုံထွက်နိုင်ဖို့ ကြိုးစားရင်း နှင်း၏ မကျေနပ်မှုတွေကို သားရဲ့မေးခွန်းတွေအပေါ် ရောက်မကုန်အောင် မနည်းကြိုးစားနေရသည်။

"အဲဒါ ဘဘက သင်မထားလို့ပေါ့ ဟုတ်လား"

"အင်းပေါ့"

"ဦးမောင်ရော၊ မေမေရော အလုပ်ရှုပ်နေရင် သားသားကို အခုလို ဘယ်သူက လိုက်ပို့မှာလဲ"

"သားသားရယ်၊ ခဏလေးနေဦး၊ မေမေ ဒီမှာ ကားဂရုစိုက်မောင်းနေရလို့နော်"



www.burmeseclassic.com

www.burmeseclassic.com



“မေမေကလဲ ...”

မာန်က နဖူးမထောက်တထောက် ဆံပင်ရှည်လေးတွေကို ကုတ်တာမဟုတ်ဘဲ ဆွဲဖွပစ်၏။ ပြီးတော့ ရင်ခွင်ထဲမှာ ပိုက်ထားသည့် လွယ်အိတ်ကို ဘေးမှာချပစ်လိုက်ပြီး နှင်း ဘက်ကိုလှည့်၍ ...

“မေမေပဲ မသိတာရှိရင် မေးရတယ်၊ သူများမေးရင် ဖြေရဲရတယ် ဆို ...”

“မေးတာ မြန်းတာက လမ်းပေါ်မှာကျတော့ လျှော့ရတယ် သားသားရဲ့”

“လမ်းပေါ်မှာ သားသားက မြင်ရတဲ့ဥစ္စာ”

နှင်း က သားကိုငုံ့ကြည့်ပြီး ပြုံးလိုက်၏။

“ဘာတွေမြင်ပြန်ပြီလဲ၊ ကဲ ... မေး”

“ဟိုနားမှာ သားသားတို့ ကားရပ်ထားတုန်းက မုန့်ဆိုင်ဘေးမှာ စာရေးထားတာ သားသား ဖတ်ခဲ့တယ်”

“ဘာတဲ့လဲ”

“လူ့အကြောင်း ပေါင်းမှသိ တဲ့၊ အဲဒါ ဘာလဲဟင်”

နှင်း က ကားကို မီးပွိုင့်မှာ ရပ်ပစ်လိုက်ကာ ...

“လူတစ်ယောက်ကို မျက်နှာမြင်ရုံနဲ့ ဒီလူ လူဆိုးလား၊ လူကောင်းလား ခန့်မှန်းဖို့ခက်တယ်လို့ ပြောတာလေ၊ တစ်ယောက်နဲ့တစ်ယောက် ခဏလေးမြင်ဖူးတာနဲ့ အဆိုး၊ အကောင်း ပြောလို့မရဘူး သားရဲ့၊ ကြာရှည်ခေါ်ပြောဆက်ဆံဖူးမှ အကဲခတ်လို့ရတာ၊ ပေါင်းမှသိ ဆိုတာ အဲဒါကိုပြောတာပေါ့”

မာန် မျက်တောင်လေးတဖျပ်ဖျပ်နှင့် စဉ်းစားနေပုံက နှင်း ပြောတာကို ဘဝင်ကျပုံမရှိသေး။

“ဒါဆိုရင် မေမေ ကျောင်းမှာ တီချယ်လေးက သားသားခဲတံ ပျောက်လို့ တိုင်ပြောတော့ ထွန်းထွန်းလင်းရဲ့ ကွန်ပါဘူးထဲက ယူပေး





တယ်”

“ဟုတ်လား”

“သားသားက ထွန်းထွန်းလင်းမယူမှန်း သိတယ် မေမေရဲ့ သူ့ သားသားလိုပဲ ခဲတံမျိုးရှိတယ်”

ဒီအဖြစ်ကိုကြုံတော့ နှင်း စိတ်ဝင်စားကာ မီးပွိုင့်စိမ်းသွားတာကို ာင် ရုတ်တရက် သတိမထားမိလိုက်ဘဲ ကမန်းကတန်း ထွက်ရသည်။

“ပြောစမ်း သားသား၊ အဲဒီတော့ သားသားခဲတံက ဘယ်ရောက် ွားလဲ”

“သားသားခဲတံက သားသားအိတ်ထဲမှာပဲ ကျနေတာ၊ ကွန်ပါဘူး ို့ မပိတ်ဘဲ ထည့်လိုက်လို့ ကျသွားတာလေ”

“အဲဒါ သားသား ဆိုးတာပေါ့”

“ဟင့်အင်း၊ သားသား မဆိုးပါဘူး၊ သားသားက ရှာနေတုန်း ီချယ်လေးက စာမရေးဘူးလားလို့ မေးလို့ ခဲတံပျောက်လို့ လို့ ပြော ိုက်တာ”

ဆရာမက တချို့ကလေးတွေ စာရေးနေတုန်း ခဲတံကောက်ချွန် တာမြင်လျှင် ကိုယ်တိုင်ယူပြီး ချွန်ပေးတတ်ကြတာမို့ ဘယ်ကလေး ာ ဘယ်လိုပစ္စည်းရှိတယ်ဆိုတာကို အများအားဖြင့် သိထားကြ၏။

ထို့ကြောင့် သား ခဲတံပျောက်သည်ဆိုတာနှင့် ရှာလိုက်တော့ ဆင်တွေမှားကုန်တာဖြစ်၏။

“တီချယ်လေးက ထွန်းထွန်းလင်းကို ရိုက်သေးတယ်၊ ခိုးတယ်ဆို ာ လူဆိုးတွေ အလုပ်တဲ့၊ ကြီးရင် လူဆိုးဖြစ်မှာ မကြောက်ဘူးလား အဲဒါ တီချယ်လေးက ထွန်းထွန်းလင်းကို မဟုတ်ဘဲနဲ့ ပြောတာ ် မေမေ၊ ထွန်းထွန်းလင်းကို မပေါင်းဘဲနဲ့ လူဆိုးလို့ပြောလိုက်တာ ာပေါ့နော်”

နှင်း က သွားတွေပေါ်အောင် ရယ်လိုက်ပြီး သားခေါင်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်စနိုးပွတ်ပစ်လိုက်မိသည်။ ကလေးဖြစ်ပြီး တွေးတာ မေးတာလည်း ဝါသနာကြီးလွန်းပါ၏။ ပေါင်းမှသိ ဆိုသည့် စကားဆိပြန်ရောက်အောင် မေးတတ်ပုံလေးကိုလည်း သဘောကျသွားမိသည်။

ထိုစဉ် ရှေ့က ကားကို စိတ်မရှည်နိုင်စွာ ကျော်တက်ဖို့ လှည့်ထုတ်လိုက်စဉ် ...

"ဟင် ...."

ရှေ့မှာ ဘွားခနဲ တိုးဝင်လာသည့် ကားတစ်စီးကို မြင်လိုက်ရသဖြင့် နှင်း မျက်လုံးတွေ ပြာသွား၏။ သို့သော် နှင်း ရဲ့ကားက ဦးခေါင်းတိမ်းလျက်သားနှင့် တုံ့ခနဲ ထိုးရပ်သွားကာ ဘာဖြစ်သွားမှန်းလည်း မသိ။

"မေမေ ဘာဖြစ်တာလဲ"

"ကားပျက်သွားတာ"

ကလေးကို ပြန်ဖြေရင်း စက်နှိုးတာ ဘယ်လိုမှ နှိုးမရ။

"တီ ... တီ"

ရှေ့မှာ ဦးတိုက်ရပ်တန့်သွားခဲ့သည့် ခဲပုပ်ရောင် လင့်နိခရိုဇာကားကြီးက စိတ်မရှည်သည့် ဟွန်းသံပေးနေသည်။ နှင်း ဘယ်လိုမှ ထွက်ပေးလို့ မရနိုင်။

ဖင်ပိုင်းက လွတ်နေသည့် လမ်းတစ်ခြမ်းမှာ ကားတွေ အဆင်ပြေစွာ သွားလာနေပေမယ့် နှင်း ၏ကား ကန့်လန့်ခံထားသလို ဖြစ်နေသော ဒီဘက်မှာတော့ ဘာကားမှ မရှိတော့ပေ။

ကားကို ဒေါသဖြစ်ဖြစ်နှင့် မရမက နှိုးနေတုန်းမှာ ရှေ့ကားပေါ်ကလူ ဆင်းလာတာ သိလိုက်သဖြင့် မော့ကြည့်လိုက်မိလျှင် ...

"ဟင် ..."

အံ့သြဟန် ဗျတ်ခနဲ ထင်ကာ နှင်း မျက်နှာ တင်းမာသွား၏။

ကမ္ဘာလွှမ်း ...။





ဘာအစက်အပြောက်မှ မပါသည့် အဖြူဆွတ်ဆွတ် ဘောင်းဘီရှည်နှင့် အဖြူရောင်ဆွယ်တာလက်ရှည်၊ ထိုအပေါ်မှာ မီးခိုးရောင်ဖျော့ဖျော့ ဂျက်ကက်အတိုလေး ထပ်ဝတ်လျက် မျက်မှန်နက်သေးသေးလေးကို စွပ်ထား၏။

ဟိုတုန်းကတည်းက ဒီရုပ်ကို ဘယ်မှာမြင်ရမြင်ရ ခုလိုပဲ ရှင်းသန့်ကြော့မော့နေလျက်သာ။ တစ်သက်လုံးက ကြည့်မရခဲ့သည့်မျက်နှာဖြစ်၏။

သူက နှင်း ကားကို မြင်ကတည်းက နှင်း မှန်းသိနေသည်လား၊ ဒါမှမဟုတ် မြင်လိုက်မှ သိပေမယ့် ဂရုမစိုက်သလို လုပ်ပစ်တာလားမသိ။ မျက်နှာကို ပြတ်ထွက်မတတ် ရှုပုပ်တင်းပြတ်ထားသည့် နှင်းဆီးကို လျှောက်လာသည်။

"ဘာဖြစ်သွားတာလဲ"

"မြင်တဲ့အတိုင်းပဲ"

လွှမ်း မေးတာကို မကြည့်ဘဲဖြေ၏။ လွှမ်း က သူ့ကို မော့မော့လေး ငေးနေသည့် မာန် ကို လှမ်းကြည့်ကာ မျက်မှန်ကို အသာလေးချွတ်လိုက်၏။

သတိလက်လွတ် ရှုးစိုက်ငေးမိသွားပြီး မျက်ဝန်းတို့ကို ပြန်ရုပ်သိမ်းသည်။ နှင်း ကို ခါးအနည်းငယ်ကိုင်းကြည့်ကာ ...

"မင်း ခဏဆင်းလိုက်"

နှင်း ဆတ်ခနဲ မော့ကြည့်သည်။

"ဘာလုပ်မလို့လဲ"

"စက်နှိုးကြည့်ရမှာပေါ့၊ ဒါမှ ဘာဖြစ်မှန်းသိမှာ"

"မလိုဘူး၊ လုံးဝကို နှိုးလို့မရလို့ ထိုင်နေတာ၊ ကိုယ့်ကားကို ရှောင်ထွက်သွားလိုက်"

"သွားလို့ မရလို့ပေါ့ကွ၊ နောက်မှာ ကားတွေ ပိတ်မိနေပြီကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်း မြန်မြန်"

နှင်း အံကလေးကြိတ်မိသည်။ ကိုယ်နောက်မှာ မရှိပေမယ့် သူ့ကားနောက်မှာ ကားတွေရှိသည်။ မီးတွေဖွင့်ထားပြီး တချို့ကားက ဟွန်းသံပေးနေ၏။

ယာဉ်ထိန်းရဲ ရောက်လာပေမယ့်လည်း ကားပျက်နေတာကို ဘာမှ မတတ်နိုင်။ ဒီနေ့ကျမှ ဟိုလမ်းမှာပိတ်၊ ဒီလမ်းမှာပိတ် ရုပ်ပြုဖြစ်နေသည့် ယာဉ်ရှုပ်ထွေးမှုတွေကို စိတ်ပျက်သွားသလို မျက်နှာရှုံ့မဲ့သွားသည်။ ခရာမှုတ်သံက ပို၍ စူးရှသွားသည်။

မုန်းဖို့ကောင်းလိုက်သည့် ကား၊ နှင်း နှိုးကြည့်တာ ဘယ်လိုမှ မရဘဲ သူ ဝင်နှိုးတော့ နိုးသွားလိုက်တာ အကောင်း။

"ဟာ ..."

'ဂရင်း' ခနဲ ကားစက်သံထွက်လာတော့ မာန့် အသံလေးက ဝမ်းသာအားရ။

"ဦးဦးက စက်နှိုးတတ်တယ်"

ရယ်ဟဟလေးနှင့် အထင်ကြီးသော မျက်ဝန်းလေးတွေ ဝင်းလက်နေသည်။ လွှမ်းက ရယ်ပြလိုက်ပြီး မာန့်ခေါင်းလေးကို ခပ်ဖိဖိ ပွတ်ပစ်လိုက်ကာ ...

"သား ဘယ်နှတန်းရောက်ပြီလဲ"

"နှစ်တန်း"

"ဟုတ်လား၊ တော်လိုက်တာကွာ"

ကလေးက သေချာကြည့်လေ၊ ချစ်စရာကောင်းလေပါ။ အသားညိုတာလေးပဲ အလင်းဖြူနဲ့ တူတာ၊ မျက်တောင်ကော့ကော့၊ နှာတံချွန်လေးနှင့် နှုတ်ခမ်းလေး စုထွေးနေဘာရော၊ လေးထောင့်ဆန်သည့် မျက်နှာရော၊ မေးဖျားလေးချွန်နေတာကအစ နှင်းမာနနဲ့ ချွတ်စွတ်။

ပြောရမည်ဆိုလျှင် ဆံပင်ပါးပါး ကုပ်ထောက်ပုံလေးကတော့





သူနဲ့ တူနေ၏။

"လွှမ်း၊ ငါ့သားက ဆံပင်နီကျင်ကျင် ပါးပါးကလေးပဲ ပါတယ်၊ ငါရော နှင်းရော ဆံပင်ကောင်းရဲ့သားနဲ့ ကြဲကြဲဖန်ဖန် မင်းနဲ့ သွားတူနေတာ"

ပြော၍ ခပ်ကြိတ်ကြိတ်ရယ်နေသည့် အလင်းဖြူ မျက်နှာကို သတိရလိုက်မိသည်။

"မေတ္တာမရှိဘူး မရှိဘူးနဲ့ တွေ့လား လွှမ်း၊ တစ်ခုံတစ်ရာတော့ ပေးတူတာပဲကွ၊ ဟဲ ဟဲ ငါ ဘယ်လောက်ခင်သလဲ ယုံပြီလား"

"ဘာဆိုင်သလဲ၊ ခွေးကောင် တိုးတိုးပြော"

"ဆိုင်တာပေါ့ကွ၊ မင်းနဲ့ ဆံပင်တူနေတာကို ငါ ဘယ်လောက် ပီတိဖြစ်နေရသလဲ သိလား၊ ငါ့သားလဲ မင်းသားပါပဲကွာ"

နှင်းနဲ့လွှမ်း မျက်နှာချင်းဆိုင်လို့မရပေမယ့် ကွယ်ရာမှာဆို အလင်းဖြူက လွှမ်း ဘက်က ပြေရာပြေကြောင်းဖြစ်အောင် အမြဲတမ်း စ တတ်သည်။

"ငါ့မိန်းမပြောတာဆိုတာတွေကို ဒီမျက်နှာကြီးငဲ့ပြီး ဖြေသိမ့်လိုက်ပါကွာ၊ အပြစ်မယူပါနဲ့"

သူ့မျက်နှာကြီး သူ ပြန်လက်ညှိုးထိုးပြရင်း တောင်းတောင်းပန်ပန် ပြောတာတွေလည်း ရှိသည်။ သူကလည်း သူပါပဲ၊ နှင်း ရှေ့မှာဆို ကလေးကို လှည့်၍ဝင်မကြည့်ခဲ့။

လှည့်ကြည့်နေလည်း နှင်းက ကြိုက်မှာမဟုတ်တာ သေချာနေသည်။ ကလေးကို အလင်းဖြူက လွှမ်း ဘေးမှာ ချထားခဲ့တာမြင်သည်နှင့် ဘာလုပ်နေနေ ပစ်ထားခဲ့ပြီး ကလေးကို လာခေါ်သွားတာပဲ ဖြစ်သည်။

"အလင်းနော်၊ ငါ ရှာဖွေနေတာပဲဆိုပြီး ထင်သလို သွားလာနေလို့ မရဘူး၊ ဘာအကြောင်းမှ မပြန်နဲ့၊ အချိန်မှန် အိမ်ပြန်ရမယ်၊ ဒါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပြဿနာမှ နှင်း မကြားပါရစေနဲ့"

အိမ်မှာ သူ ရှိနေပြီဆို နှင်းမာနက အလင်းဖြူကိုလည်း စကားကောင်းကောင်းမပြောခဲ့။ ခုတော့ သားလေး ဒီအရွယ်ရောက်လာခဲ့ပြီ။ နှစ်တွေသာ ကြာခဲ့သည်။ နှင်းမာနနှင့် သူ့ကြားထဲက အမုန်း အငြိုးတွေက လတ်လတ်ဆတ်ဆတ်ကြီးပဲ ရှိသေးသည်။

"သားနာမည် ဘယ်သူတဲ့လဲ"

"အလင်းမာန်"

သိပြီးသားပါ။ ဒါပေမယ့် ခုမှသိသလို သူ ခေါင်းညိတ်လိုက်သည်။ ကလေးနာမည်ကို ပေးတုန်းကလည်း နှင်းမာန သူ့ကို ရေရေလည်လည် ဖုံးခဲ့သေးသည်။

"အလင်းဆိုတာ ကောင်းပေးမယ့် ဖြူတာနဲ့ ထပ်ကပ်လိုက်တော့ ဘာမှမရှိတော့ဘူး။ သားသားကို အလင်းလို အစွန်းရောက်ဖြူစင်မှုတွေတော့ မပေးနိုင်ဘူး။ ဖြူလွန်းတော့ အစွန်းထင်းမခံနိုင်ဘူးလေ၊ ဥပမာပြောတိုင်းယုံပြီး ငိုတိုင်း သနားတတ်နေမှာ စိုးတယ်" တဲ့။

ဒါကြောင့် 'အလင်းမာန်' လို့ ပေးပါသတဲ့။

ထိုစဉ် သူ့မျက်ဝန်းထဲမှာ မာန် လည်ပင်းကြားထဲက ဆွဲကြိုးလေးကို မြင်လိုက်ကာ စူးစိုက်ကြည့်မိ၏။

"ကမ္ဘာလွှမ်း ...."

တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်ကာ နှင်း က အော်သည်။

"ဘာလုပ်နေတာလဲ၊ နှင် ငါ့သားနဲ့ စကားစမြည်ပြောနိုင်ဖို့ ဒီကားပေါ် တက်ခွင့်ပေးထားတာ မဟုတ်ဘူး၊ ဆင်း"

လွှမ်း က လှည့်မကြည့်ဘဲ မာန် ကိုပဲ ရယ်ပြကာ ...

"ဦးကို ခင်လား"

ဟု တိုးတိုးလေး ငုံ့မေးလိုက်သည်။ မာန် က ခေါင်းလေးညိတ်၍ –

"ခင်တယ်၊ ဦးဦးက မေမေနဲ့ မခင်ဘူးလား"





"ခင်ပါတယ်၊ ဦး သွားမယ်နော်"

သူ ကားပေါ်ကဆင်းတော့ နှင်းက နောက်ဆုတ်ဖယ်ပေး၏။ လွှမ်း က လမ်းပေါ်မှာ ခြေချရပ်ပြီးမှ နှင်း ကားထဲဝင်လို့မရအောင် ပိတ်ရပ်ထားကာ ...

"နှင်းမာန"

"ဘာမှမပြောနဲ့၊ ဖယ် ရှေ့က"

"ကလေးကို လျှောက်မပြောပါနဲ့"

"ဘာ ..."

နှင်းက နှုတ်ခမ်းမဲ့ကြည့်ပြီး မရယ်ချင်ဘဲ ရယ်သည်။

"တရုတ်သိုင်းကားတွေထဲကလို သူ့အဖေအတွက် သွေးကြွေးဆပ်ဖို့ဘာတွေတောင် ဖြစ်လာဖို့ရှိသေးတယ်၊ ပူမနေနဲ့"

နှင်းက ပြောပြီးသည်နှင့် လွှမ်း ကိုယ်ကို ပခုံးနှင့်တိုက်ပစ်ကာ ကားထဲဝင်သည်။ ဒေါသကြောင့် ရင်တွေ တရကြမ်းခုန်ကာ မော^ဟိုက်တုန်ယင်လာခဲ့သည်။

သင်းမျက်နှာကို မြင်ရတိုင်း အလင်းကို သတိရသည်။ သတိရတိုင်း နာကြည်းမိ၏။ ဒီကြားထဲ သား၏စကားသံက နားထဲဝင်လာလိုက်တာ- သံရည်ပူစီးကြောင်းတစ်ခုလို ...။

"မေမေ၊ ဦးဦးက ရုပ်ရှင်မင်းသားနဲ့ တူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား သမီး"

"ပြေပါတယ်၊ ဒါပေမယ့် မိတ်ဆွေတွေနဲ့တွေ့ရင် စပ်စုကြတာ တော့ သိပ်မုန်းဖို့ကောင်းတာပဲ"

နှင်း က ဘာကျာတံခါးကို ပိကပ်သွားအောင် တွန်းပစ်လိုက်ပြ ပန်းအိုးနေရာ ချနေသည့် ဦးဖြူး အလုပ်လုပ်နေတာကို ကြည့်သည်

လှေကားတစ်ထစ်ဆင်းပြီး ဒုတိယထစ်မှာ ဂါဝန်စလေးသိမ်း ထိုင်ချလိုက်ပြီး ...

"ဖြည်းဖြည်းလုပ်ပါ ဦးလေးဖြူးရဲ့၊ အရေးမှမကြီးတဲ့ဟာ"

ဦးဖြူးက ဒီတိုင်းချထားခဲ့သည့် ပန်းအိုးတွေကို ပေါ်တီ တံစက်မြိတ်နားမှာ သေချာစီရီ ချနေသည်။ နဖူးကချွေးကို လက်မောင်း နှင့် ပင့်သုတ်ပြီး ရယ်သည်။

"ဘယ်ဟုတ်မလဲ သမီးရယ်၊ ပန်းဆိုတာ ပြုစုခံချင်တဲ့အမျိုး ပန်းအိုးလေးနဲ့ဆိုပေမယ့် ဒီတိုင်းပစ်ထားလို့ မကောင်းဘူး။ ကျကျ နေရာချ၊ မြေသားလေးတွေ သာသာဖွပြီး ညှာတံလေးတွေ ခံနိုင် ရေဖွားကလေးတွေ ပက်ပေးထားလိုက်ရင် ချက်ချင်းခေါင်းထောင်





လာတာ၊ ဒီတိုင်းချထားတာနဲ့ တူကိုမတူတော့ဘူး၊ ပြီးသွားရင် သမီး ကြည့်နေ"

နှင်း က ဦးဖြူးပြောတာကို သဘောကျပြီး ရယ်သည်။

မိဘနှစ်ပါး ရှိကြစဉ် ငွေကြေးပြည့်စုံနေကတည်းက အလှပန်းအိုး တွေ ဘယ်လောက်ပဲ အမျိုးစုံနေနေ၊ ဘယ်ပန်းတွေ ဘယ်လောက် တန်ဖိုးကြီးကြီး နှင်း ကြိုက်တာက ကစ်စ်မီနှင့် တရုတ်နှင်းဆီပဲ ဖြစ်သည်။

ကစ်စ်မီဆိုတာကျတော့ ဒီနာမည်ကလေးကိုပဲ သဘောကျပြီး ပန်းပွင့်ကလေးတွေကိုလည်း ချစ်သွားခဲ့တာ ဖြစ်သည်။ ပြီးတော့ ကစ်စ်မီနာမည်လေးနှင့် ဆူးတွေရှိနေပုံက စိန်ခေါ်မှုသရုပ်ကို ဆောင် နေပြန်သည်။

တရုတ်နှင်းဆီကျတော့ နှင်းဆီ၏သဘာဝကို ဆူးတွေနှင့်မဟုတ် ဘဲ အပွင့်သေးသေးလေးတွေက ရွက်စိမ်းလေးတွေထဲမှာ ဖြန့်ခင်းနေ ကြတာကို နှစ်သက်၏။ နှင်းဆီဖြစ်ပြီး မာယာမရှိ။

ခုလိုမျိုး ကိုယ့်မှာ တိုင်းထွာသုံးစွဲရပြီဆိုတဲ့အခါကျတော့ နှင်း ကြိုက်ခဲ့တာလေးတွေက အဆင်ပြေနေပြန်သည်။ အဘယ့်ကြောင့်ဆို သော် ဒီပန်းကလေးတွေအတွက် အရင်းအနှီးက သိပ်မများလှတာမို့။

"ပြောပါဦး၊ သမီးရဲ့ ခုနက အလုပ်ကိစ္စ၊ လူတွေက သမီးကို ဘာတွေ မေးကြလို့လဲ၊ သမီးရဲ့ အိမ်ထောင်ရေးလား"

ပန်းအိုးကလေးတွေကို ငေးနေတုန်း ဦးဖြူးက မေးသဖြင့် နှင်း အတွေးတွေ ပြတ်တောက်ကုန်သည်။ ဒါပေမယ့် နှင်း မဖြေရသေးဘဲ ဦးဖြူးကပဲ ဆက်ပြောနေသည်။

"သမီး အိမ်ထောင်ပြုသွားပြီဆိုတာပဲ ကြားရပြီး ရန်ကုန်ကနေ ပျောက်သွားတာဆိုတော့ သူတို့ စိတ်ဝင်စားကြမှာပေါ့၊ ပြီးတော့ သမီး က ပျောက်သွားကတည်းက ပြန်ပေါ်မလာတော့ဘူးလေ"

"အဲဒါ ပါပေမယ့် ဒါချည်းပဲမဟုတ်ဘူး ဦးလေးဖြူးရဲ့ ဖေဖော်



www.burmeseclassic.com

www.burmeseclassic.com



ဝါရီကုမ္ပဏီက ဒေါ်မြမဉ္ဇူဆိုရင် နှင်း ကိုမြင်တော့ သမီး ဘယ်မှာနေ တာလဲ တဲ့"

"ဟင် ..."

ဦးပြုံး ကျောခိုင်းရင်း ပန်းအိုးကို နေရာချလျက် ကုန်းနေသည့် ခါးက မတ်ခနဲ ဖြစ်သွားသည်။ နှင်း က နောက်မှာရောက်နေသဖြင့် ဦးပြုံး မျက်နှာပျက်သွားတာကို မမြင်ပေ။

လှေကားထစ်တွေအလယ်မှာ ဒူးထောက်လေးထိုင်လျက် လက် နှစ်ဖက်ကို ဆန့်တင်ထားသည်။ လက်မောင်းတစ်ဖက်ကို ဖွဖွလေး သပ်နေရင်း ဆက်ပြောသည်။

"ရန်ကုန်မှာ နှင်း ကို မြင်တာနဲ့ပဲ ဘယ်မှာနေတာလဲလို့ မေးစရာ လား၊ ရန်ကုန်မှာ နှင်း က ဧည့်သည်မှမဟုတ်ဘဲ၊ နှင်း အိမ်မှာ နှင်း နေမှာပေါ့ ဦးလေးပြုံးရဲ့၊ အဲဒီလို အပိုစကားတွေ ဖြေနေရတာကို သိပ်စိတ်ညစ်တာပဲ၊ သူငယ်ချင်းနဲ့တွေ့တော့လဲ နှင့်ယောကျ်ားက ဘာ ညာတွေ၊ တကယ်ပဲ နှင်းလေ၊ ကျောင်းတက်နေတုန်းက သူငယ်ချင်း ကို ချစ်တာ၊ အခုချစ်ရတာ ဝန်လေးနေပြီ၊ ဘယ်သူ့ကိုမှ မချစ်ချင်၊ မ ခင်တွယ်ချင်တော့ဘူး၊ ဒါဟာ တကယ်တော့ လူတွေ စပ်စုတာကို သည်းမခံချင်တော့တာပဲ၊ သားလေးနဲ့နှင်း အေးအေးချမ်းချမ်း ..."

"မေမေရေ၊ မေမေ"

စကားပင်မဆုံးသေးဘဲ မာန် အော်သံလေး စူးစူးရှရှ ထွက်လာ ၏။ နှင်း ကပျာကယာ ထရပ်ပြီး အိမ်ထဲ ပြန်လှည့်လိုက်တော့ သား ကိုယ်တုံးလုံးလေးနှင့် ပြေးထွက်လာ၏။

တစ်ဖက်မှာ အကျႌနဲ့ဘောင်းဘီကို စုလုံးကိုင်ကာ ပေါင်ကြားကို ဖိအုပ်လျက် တစ်ဖက် လက်ထဲမှာ ဆွဲကြိုးပြတ်လေးကို ဆုပ်၍ နှင်း ကိုမြင်တော့ ထိုလက်ကို ကိုင်မြှောက်ပြသည်။

"ပြတ်သွားပြီ၊ သားသားဆွဲကြိုး ပြတ်သွားပြီ၊ အဲဒါ ဒေါ်ဒေါ်နွဲ့





ကြောင့်၊ ဒေါ်ဒေါ်နွဲ့က သားသားမဝတ်ချင်တဲ့ ကုတ်အကျႌကို ဝတ်ပေး လို့ သားသားက ပြန်ချွတ်တာ၊ အဲဒါ သားသားလက်နဲ့ ငြိပါလာတာ၊ သားသားကြောင့်မဟုတ်ဘူးနော် မေမေ၊ ဒေါ်ဒေါ်နွဲ့ကြောင့် သားသား က အကျႌချွတ်ရတာဆိုတော့ သားသားမှာ အပြစ်မရှိဘူး"

ပြေးလည်းပြေး၊ အော်လည်းအော်လာသည်။ သူ့လက်နှင့်ငြိပြီး သူ့အပြစ်ဖြစ်မှာစိုးကာ အမောတကောဖြေရှင်းလာတာကို နှင်းက နား လည်သည်။

"ပြစမ်း မေမေ့ကို၊ ဆွဲကြိုးတောင် ပြတ်ရတယ်လို့ သားသားရယ်"

နှင်း က ဒူးတုပ်ထိုင်ချကာ သားလေး ပြေးလာတာကို ဆီးဖက် ထားလိုက်၏။ လက်ဖဝါးလေးထဲက ဆွဲကြိုးပြတ်ကို ဖြေကြည့်လိုက် တော့ ကြိုးက ဆွဲသီးနားကနေပြတ်ကာ ကွင်းချိတ်လေးထဲမှာ ထည့် ထားသည့် ဆွဲသီးဝိုင်းလေးကလည်း သပ်သပ်ကျွတ်ထွက်နေ၏။

"အို ...တစ်စစီပဲ သားသားရာ၊ သားသား တော်တော်ဆိုးတာပဲ"

"ဟာ ... သားသား မဆိုးပါဘူး၊ ဒေါ်ဒေါ်နွဲ့က ဆိုးတာ၊ သားသား မကြိုက်တာကို အတင်းလုပ်ခိုင်းတာ"

သား တိုင်နေတုန်း တင်နွဲ့က အပြစ်ရှိသူလို မျက်နှာငယ်လေးနဲ့ နောက်က လိုက်ပါလာကာ ...

"ဟိုလေ ... သားက အကျႌပြန်ချွတ်တော့ ကျွန်မ ကူမလို့ပါ မရယ်၊ ဘယ်လိုမှ ဆွဲရှိန်မရလိုက်လို့ ဖြစ်သွားတာပါ"

နှင်း သက်ပြင်းသာ ချမိတော့သည်။ ဒီလိုပဲ ဖြစ်ရမည်။ တင်နွဲ့က လည်း ရှိလှမှ အလွန်ဆုံး ဆယ့်ခြောက်၊ ဆယ့်ခုနစ် ကိုး၊ အရွယ်ကြိုက် တဲ့ ကလေးလား၊ အကြမ်းကြိုက်တဲ့ ကလေးလားဆိုတာ နားမလည်။ ကလေးထိန်းပြီဆို ကလေးရဲ့အထာကို သိထားဖို့လိုတယ်ဆိုတာ သည်း သင်ပြရဦးမည်ဖြစ်၏။

"ကဲ ... သွား၊ ကိုယ့်အလုပ်ကိုယ် သွားလုပ်တော့၊ သားသား ...



www.burmeseclassic.com

www.burmeseclassic.com



လာ"

သူ့ကို မဆူတော့မှ မာန်က ငေ့ကျနပ်သွားသည်။ နှင်းက အခန်းထဲ ပြန်ဝင်ထိုင်ပြီး ဒီတိုင်းကျန်ခဲ့သည့် သား ဖွထားပုံရသော အကျီတွေ ကို ပြန်စီလိုက်သည်။

"ဟာ မေမေ၊ ဒီမှာ ဖေဖေ ..."

"ဟင် ..."

နှင်း လှည့်ကြည့်လိုက်မိသည်။ မာန့် လက်ထဲမှာ နှစ်ခြမ်းပွင့်နေသည့် ဆွဲကြိုးလော့ကက်သီးထဲမှာ ဓာတ်ပုံ၊ ရုတ်တရက် အံ့အားသင့်ကာ နှင်း ဒီတိုင်းကြည့်နေမိသည်။

"မေမေ၊ ဒီမှာ ဖေဖေ့ဘေးက ဦးဦးက မနေ့က သားသားတို့ကို ကားပြင်ပေးတဲ့ ဦးဦးနဲ့ တူတယ်၊ ဒီမှာကြည့်၊ မေမေကြည့်"

မာန် က ကြောင်ငေးနေသည့် နှင်း မျက်နှာရှေ့မှာ ပွင့်လျက်သား ရှိနေသည့် ဆွဲသီးလေးကို မြှောက်ပြသည်။

ပြုတ်ထွက်သွားကာစက မသိဘဲ အခု အခန်းထဲ ပြန်လိုက်လာကာမှ နှင်း ရဲ့နောက်ကနေ ဆွဲသီးကို ဆော့လာရင်း ပွင့်သွားတာ ဖြစ်မည်။

ဒီထဲမှာ အလင်းနဲ့လွှမ်း ရဲ့ နှစ်ယောက်တွဲပုံ ပါနေတာ လုံး မသိခဲ့ပေ။ ဒေါသဖြစ်ရခက်၊ ကျေနပ်လိုက်ရအခက်။

သေတဲ့လူကလည်း သေပြီ၊ ဘယ်လိုအပြစ်တင်ရမလဲ၊ ဆွဲလွှ ပစ်လိုက်ရအောင်လည်း ဒီဆွဲကြိုးလေးကို အလင်းကိုယ်တိုင် သူ့သာ လည်တိုင်မှာ ဆွဲပေးခဲ့တာဖြစ်သည်။

"ဒီနေ့ အပျော်ဆုံးပဲကွာ၊ ကိုယ့်သား ငါးလပြည့်တဲ့နေ့၊ ကိုယ် လုပ်အားခငွေနဲ့ ရွှေဆင်နိုင်တာ မင်္ဂလာဘယ်လောက်ရှိလဲ"

ပြောခဲ့တာတွေကိုတောင် နှင်း သတိရနေဆဲပါ။

"တွေးကြည့်ရင် ကိုယ် အသုံးမကျခဲ့တာ အများကြီးနော် နှင်း





အိမ်ထောင်သက် နှစ်နှစ်ကျော်ပြီ၊ နေရေးစားရေး ပြည့်စုံရုံပဲ ကိုယ် ရှာနိုင်ခဲ့တယ်၊ နှင်းအတွက် အလှအပ အဝတ်အစား၊ ဘာမှ ပိုလျှံခဲ့ တာ မရှိဘူး"

သူ့ကိုယ်သူ မချင့်မရဲ အမြဲဖြစ်ခဲ့တဲ့ သူက သူ့သားကို ဆွဲကြိုး လေးဆင်နိုင်တော့ ဝမ်းသာနေရှာတာ အသံတွေတောင် တုန်နေခဲ့သည်။

ဒီလိုအထိမ်းအမှတ်ပစ္စည်းမျိုးကို နှင်း ဘယ်လိုဥပေက္ခာနဲ့ ဆွဲယူ လွှင့်ပစ်ရက်မှာလဲ။ သားလက်ထဲက ဆွဲသီးလေးကို အသာယူပြီး စူး စိုက်ကြည့်မိသည်။

အိမ်ထောင်သည်ဖြစ်နေသည့်အပြင် အနေဆင်းရဲသည့် အလင်း ပုံစံက ဆံပင်ခပ်အုပ်အုပ်၊ မျက်နှာက အနည်းငယ်ချောင်လျက်နှင့် ကမ္ဘာလွှမ်း မျက်နှာဘေးမှာ ရယ်နေလိုက်တာ။

နှင်း နှုတ်ခမ်းသားတွေ တုန်ယင်လာခဲ့သည်။ ဖိကိုက်ထားလျက် ကနေ ထိန်းချုပ်လို့မရဖြစ်နေသည့် မျက်ရည်က တရစ်ရစ်ဝေ့လည် သာ၏။

ခုနေသာ အလင်း ကိုယ့်ရှေ့မှာရှိနေလျှင် "ဒီလောက်တောင် ချစ်ရသလား၊ ဒီလောက်ပဲ ခင်တွယ်ရသလား" လို့ မေးမေးပြီး ဒေါသ တွေ ဖြစ်လိုက်မိမည်။ ပြောဆိုရင်း စိတ်က ပိုဆိုးလာလျှင် စိတ် ကောက်ဖို့၊ ရန်ဖြစ်ကြဖို့တွေ ရှိ၏။ ခုတော့ အလင်းက ဆုံးရှာပါပြီ။

နှင်း ရင်ထဲမှာ နင့်သွား၏။ ကမ္ဘာလွှမ်း ကို ပိုမုန်းမိသည်။ ဒါ သူတို့ ပူးပေါင်းလုပ်ကြတာလား၊ တွေးကြည့်တော့ မဖြစ်နိုင်ဘူးဆိုသည့် အဖြေက ထွက်လာ၏။ သား မွေးပြီးကတည်းက ကမ္ဘာလွှမ်း သူမတို့ ဆီကနေ ပျောက်သွားခဲ့သည်။

အလင်း ဆုံးမည့်လထဲကျမှ ပြန်ရောက်လာတာ ဖြစ်သည်။ အလင်းကိုသတ်ဖို့ ပြန်လာတာပါ။

နှင်း မျက်ရည်စက်တွေ မိုးရွာသလို သွန်ကျလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါ သားသားရဲ့ ဖေဖေပဲ” လို့ ဓာတ်ပုံပြထားတော့ သားက ဖအေကို သိနေသည်။ ဒီရောက်မှ သူ့ကိုလည်း မြင်ဖူးသွားသဖြင့် သားကို ဘယ်လိုဖြေရှင်းရမှန်း မသိတော့ပေ။

“မေမေ”

မာန် က နှင်း မျက်နှာကိုမော့ကြည့်ကာ ဓာတ်ပုံကို ကြည့်လိုက်၊ မျက်ရည်တွေကို ကြည့်လိုက်နှင့် ...

“မေမေ ဘာဖြစ်လို့ ငိုတာလဲဟင်၊ ဖေဖေ့ကို သတိရလို့လား”

နှင်း က ပြီးစလွယ်ခေါင်းညိတ်၍ မျက်ရည်သုတ်သည်။ ထို့နောက် ဆွဲသီးလေးကို ထပ်လျက်ပိတ်ပြီး သားလေးမြင်အောင် ဖိချလိုက်ကာ ...

“ပြတ်သွားပြီ၊ သားသား မဆွဲနဲ့တော့နော်”

ဟု ပြောကာ သားလက်ထဲမှာ ကျန်နေသည့် ကြိုးကို ယူဖို့ လက်လှမ်း၏။ မာန် က လက်ကို နောက်ပို့ပစ်ကာ ...

“မေမေကလဲ၊ ဖေဖေ အမှတ်တရပေးထားတာ အမြဲဆွဲထားရမယ်ဆို၊ ပြတ်သွားရင် မေမေ ပြန်ဆက်ပေးပေ့ါ၊ ဟင့်အင်း၊ သားသား ဆွဲမှာပဲ”

မာန် က နှင်း သင်ကြားဆုံးမထားသည့်အတိုင်း ခေါင်းမာသည့် ဉာဉ်ကလေး ရှိနေပြီဖြစ်၏။ သူ့အဖေလို နူးညံ့လွန်းတဲ့ယောကျ်ား ဖြစ်မှာစိုးလို့ပါ။

“မေမေ၊ ပြန်ဆက်ပေးလေ”

“မေမေမှ မဆက်တတ်တာ သားသားရဲ့၊ ပန်းထိမ်ကို အပ်ရဦးမှာ၊ အဲဒါကြောင့် မေမေ့ကို ပေးထားနော်”

မာန် က နှင်း ကို မဝံ့မရဲလေးနှင့် စူးစမ်းနေသေးသည်။

“ပြီးရင် မေမေ တကယ်ပြန်ပေးမှာလား”

“အင်း ... ပေးမှာပေ့ါ”





မာန် ကျေနပ်သွားသည်။ ဆွဲကြိုးကို နှင်း လက်ထဲ ထည့်ပေးရင်း ပြုံးကာ ...

“မေမေကလဲ ဦးကို သိနေတယ်၊ ဖေဖေနဲ့လဲ တူတူရှိတယ်ဆိုတော့ မေမေရယ်၊ ဖေဖေရယ်၊ အဲဒီဦးဦးရယ် သိတယ်ပေ့ါနော်”

“မသိပါဘူး၊ သားသား အဲဒါတွေ မမေးနဲ့တော့၊ ဒီလူက လူကောင်းမဟုတ်ဘူး၊ သိပ်ကို ဆိုးတဲ့လူ၊ လူဆိုး”

“ဟင် မေမေကလဲ မသိဘူးဆိုပြီးတော့ ...”

မာန် က အင်္ကျီမဝတ်ရသေးသည့် ဗိုက်ပြောင့်ပြောင်လေးကို လက်ဝါးနှင့်ပွတ်နေရင်း နှာခေါင်းလေးရှုံ့တွပြောသည်။ နှင်းက ဘာ ခုမမေးဘဲ မျက်မှောင်ကြုတ်၍ စိုက်ကြည့်သည်။

“လူ့အကြောင်း ပေါင်းမှသိ ဆိုတာ မေမေပဲ မှန်တယ်ပြောခဲ့တာ၊ လူဆိုးလား၊ လူကောင်းလား၊ ဆိုးတာလဲ မြင်တာနဲ့ မသိဘူးဆို၊ ပေါင်းကြည့်မှ သိတာဆို၊ မေမေက ဦးကို မသိဘူးဆိုပြီးတော့ ...”

ကြည့်စမ်း တတ်နေလိုက်တာ ...။

ဒီတစ်ခါ ‘ငါ့သားလေး လည်လိုက်တာ၊ တော်လိုက်တာ’ ဆိုသည့် ဝိတ်ဖြစ်မလာဘဲ ဒေါသတွေသာ တိုးပွားလာခဲ့သည်။

ထိုဒေါသတွေကို ဘယ်လိုပုဒ်မနဲ့ စီရင်ချက် ချပစ်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

သားသားလေးပွေးနေမှာ ဘာဝယ်ပေးရမလဲ၊ လက်ထဲမှာ ရှိတာနှင့် စိတ်ကူးလိုက်မိသည်က လက်လှမ်းမမီအဲ ဖြစ်နေသည်။

မိတ်ဆွေတယောက်၏ အကူအညီဖြင့် မားကက်တစ်ခုမှာ စာရင်းကိုင်ရာထူးကို ရထားခဲ့၏။ စာရင်းအင်းတွေကို ထိန်းချုပ်နေရတာက ကွန်ပျူတာတစ်လုံးနှင့် လက်ချောင်းကလေးတွေ လှုပ်နေရုံပဲ ဖြစ်၏။

ဒါပေမယ့် ဂရုစိုက်နေရသည့်ခေါင်းက မစားသာ၊ သူများတွေထက် ပိုကျဉ်းကျပ်သည်။ ငွေအမောင့်တွေ အများကြီးကို အိမ်ပြန်စာရင်းမချုပ်မချင်း သော့တစ်ချောင်းနှင့် ထိန်းသိမ်းနေရတာ လွယ်သလား။

ရတဲ့လခကျတော့ ပင်ပန်းသလောက် မဟုတ်လှပေ။ တွေးကြည့်တော့ အိမ်မှာလည်း စရိတ်က မနည်း။ အပိုကုန်ကျဖို့ရှိလာလျှင် တိုင်းထွာတွက်ချက်နေရသည်။ ဒီပုံစံနှင့်ဆို မဖြစ်သေးဘူး ထင်သည်။

"မွေးနေ့လက်ဆောင်ဝယ်ဖို့က ပလာဇာရောက်တဲ့အထိ 'ဘာဆိုတာ' မရေရာသေးဘဲ ဖြစ်နေသည်။ ကားရပ်ဖို့နေရာကြည့်ရင်း စိတ်ထဲ





ာ အမှတ်တမဲ့ ဖြစ်သွားခဲ့စဉ် မျက်လုံးထဲမှာ ဘက်ခ်ဆုတ်လာသည့် ချိုရည်ကားကြီး၏ နောက်ပိုင်းက ဘွားခနဲ ဝင်လာ၏။

"ဟင် ..."

စားသောက်ဆိုင်ရှေ့ကနေ အမြင့်နေရာမှ အနိမ့်ဘက်သို့ ဆုတ်ချ ာတာမို့ အရှိန်ပါ၏။ နှင်းလည်း ထိုကားကို အနည်းငယ်မျှပင် တိမထားမိခဲ့ဘဲ ဖြစ်သွားရာ ကားကို တစ်ဖက်သို့ ကမန်းကတန်း ချပစ်လိုက်မိသည်။

"ဂျိမ်း ..."

"အို ..."

ရပ်ထားသည့် ကားတွေထဲမှာ ဒီဘက်အစွန်ဆုံးကား၏ နောက် သားကို ကျကျနန တိုက်လိုက်ပြီ၊ ဒုက္ခပဲ။

နှင်း ကားပေါ်ကနေ ဘုရားတရင်း လွတ်သည့်နေရာအထိ ထပ် တ်လိုက်ရသည်။ တိုက်မိသံကြီးက ကျယ်လောင်သွားသဖြင့် အများ၏ မျက်လုံးများက ကားပေါ်က ဆင်းလိုက်သော နှင်းဆီ စုပြုံလျက် ...။

"သွားပြီကွ၊ ပိန့်သွားတာ နည်းနည်းနောနော မဟုတ်ဘူး"

"လျော်လိုက်ပေါ့ကွာ"

အနီးအနားမှ လူတွေက ကား၏ဒဏ်ရာကို လာဝိုင်းကြည့်ကြ ည်။ နှင်း ကိုလည်း တချို့ ပြုံးစိစိ၊ တချို့ 'သနားတယ်' လို့ ပြော သလိုလို၊ မျက်လုံးတွေက ဝေ့ဝေ့ဝဲဝဲ။

"ဒီ ...ဒီကားပိုင်ရှင် ဘယ်သူလဲဟင်"

"ကိုယ်ပဲ"

လူအုပ်ထဲမှာ ရှိမနေတာကို သိသည်။ ဒါကြောင့် မေးလိုက်မိတာ ။ မျက်နှာများ၏နောက်မှ မြင့်မားသည့် သူ့မျက်နှာ အရင်ပေါ် သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်. ဖယ်ပေးလိုက်သည့် လူတွေနောက်ကနေ ရှေ့ ရောက်လာ၏။

ကမ္ဘာလွှမ်း ပါပဲ။

မိုးပြာရောင်နှင့် အနက်ကွက်ပါသော ရှပ်လက်တိုပွပွနှင့် ဘောင်း ဘီရှည်အနက်မှာ အနက်ရောင်ချိုင်းပြတ်၊ ခါးတိုဝစ်စ်ကုတ်ကို ထပ် ဝတ်ထား၏။

တိုက်ဆိုင်စွာပင် သူနှင့် ပြဿနာဖြစ်ရတိုင်း နှင်း ကိုယ်ပေါ်မှာ လည်း အပြာရောင်ပဲ ဖြစ်နေတတ်ကာ နှစ်ယောက်မျက်နှာချင်းဆိုင် မိတော့ ဘေးကလူတွေ ပြုံးစိစိဖြစ်ကုန်၏။

အပြာရောင်ချင်းတူသည်၊ နှင်း ကလည်း လှနေသည်၊ လွှမ်းက လည်း ချောသည်၊ အရပ်ချင်းလည်း မတိမ်းမယိမ်း။ အသက်ချင်း မကွာတာလည်း မြင်တာနှင့် သိကြလိမ့်မည်။

“ဘေးမှာ ကင်မရာရှာကြည့်ပါဦး၊ ဗီဒီယိုရိုက်နေတာလား ဘာလား”

စကားသံ ခပ်တိုးတိုး ကြားလိုက်ရ၏။ နေရာတကာ သင်းနဲ့ ဘာဖြစ်လို့ ထိပ်တိုက်ဖြစ်ဖြစ်နေရတာလဲ။ နှင်း မျက်နှာက စောစော နှင့် ဆန့်ကျင်ဘက်ဖြစ်သွား၏။

လွှမ်း က နှင်း ကိုမြင်သည်နှင့် မျက်မှောင်ကြုတ်သွားသည် ပြီးတော့ သူ့ကားကို လှမ်းကြည့်ကာ ...

“မင်း တိုက်ပစ်လိုက်တာလား”

“ဟုတ်တယ်”

ထိုအခါကျမှ တစ်ယောက်မျက်လုံး တစ်ယောက် စူးစိုက်ကြည့် မိကြ၏။ ပတ်ဝန်းကျင်မှ ခဏတော့ တိတ်ကျသွားသည်။

တစ်ခုခု ဖြစ်ကြတော့မှာကို စိတ်ဝင်စားနေကြပြီ ဖြစ်သည်။ နှ က မျက်နှာကို နည်းနည်းမှ မလျှော့ပါ။ တခြားတစ်ယောက်သာ ဒီလိုကားမျိုးကို တိုက်မိလိုက်သည့်အဖြစ်အတွက် အနူးအညွ





တောင်းပန်မိမှာ အမှန်ပင်။

ဘာဖြစ်လို့လဲဆိုတော့ ပျက်စီးသွားသည့်တန်ဖိုးအတိုင်း လျော် စရာ နှင်းမှာ ဘာမှမရှိ။ ဒါပေမယ့် သူက ကမ္ဘာလွှမ်း ဖြစ်နေသည်။

“မင်း ဘာလုပ်ပေးရမယ်ဆိုတာ သိလား”

“ပြော ...”

“ကိုယ် ပြောလို့မရဘူး၊ သိလဲ မသိဘူး။ ပြောနိုင်တဲ့ဆီကို မင်း လိုက်ခဲ့”

“ဘာ ...”

“ဟုတ်တယ်လေ၊ မင်းကို ကိုယ်ပြောတာထက် သူတို့ အတိ အကျတွက်ပြီး ပြောပြတာကိုပဲ မင်း ကြားသင့်တယ်”

“အို ... မလိုပါဘူး၊ ဘယ်လောက်လျော်ရမလဲ ပြော”

“ခု ပေးခဲ့မှာလား”

နှင်း အံကြိတ်သည်။ သူ့မျက်နှာကို မစင်ပုံတစ်ပုံလို ကြည့်မိ၏။ လွှမ်း က မျက်နှာမပျက်။

“ငွေ ဘာလုပ်ဖို့လဲ၊ ပိုတာ လိုတာတွေ မလိုချင်ဘူး။ မင်း လိုက်ခဲ့”

ပြောပြီး နောက်လှည့်မကြည့်တော့ဘဲ ကားပေါ် ဝုန်းခနဲ ပစ်ထိုင် သည်။ ဖြစ်လာသမျှ ရင်ဆိုင်ဖို့ပဲ ရှိတော့သည်။

ကားနှစ်စီး ရှေ့နောက်သိပ်မကွာဘဲ ထွက်လာခဲ့ကြသည်။ ဝပ်ရှော့ကို သွားမှာပဲဆိုတာ သိနေသဖြင့် သူ မောင်းသည့်အတိုင်း နှင်း လိုက်ခဲ့သည်။ လွှမ်း၏ကားက လမ်းမကြီးပေါ်ကနေ ဘေးလမ်းခွဲ တစ်ခုထဲ မောင်းသွား၏။ လမ်းက သေသပ်ချောမွေ့နေသော်လည်း ရှင်းလင်းတိတ်ဆိတ်နေ၏။

ထိုစဉ် လွှမ်း ၏ကားက တဖြည်းဖြည်း အရှိန်ချပြီး ရပ်သွား၏။ ရှေ့မှာရော၊ ဘေးနှစ်ဖက်မှာပါ ဘာဝပ်ရှော့မှ မရှိ။ နှင်း စဉ်းစားနေ တုန်း လွှမ်း က ကားပေါ်က ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ တစ်ပေခွဲလောက်ရှိသည့် ပါဝါရိုန်းဂျားစက်ရုပ် တစ်ရုပ်က နှစ်ထပ်ဘူးကြီးထဲမှာ ဖိတ်ဖိတ်လက်နေသည်။

နှင်း ချက်ချင်းသိလိုက်၏။ သားမွေးနေ့အတွက် ပလာဇာမှာ သူ ဒါ လာဝယ်တာပဲဖြစ်မည်။

"အောက်ကို ခဏဆင်းပါဦး"

"မဆင်းနိုင်ဘူး"

ဒီလိုပြောလျှင် ဒီလိုပြန်လာမည်ဆိုတာ လွှမ်း က သိပြီးသား။ တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်ကာ ...

"ကိုယ် ဝင်ထိုင်ရမလား၊ မင်း ဆင်းလာမလား"

နှင်း ကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။ မျက်ဝန်းများမှာ မီးတောက် မတတ်ဖြစ်သွားသည်။

"ဆင်းခဲ့ပါ"

"တောက်"

တံခါးကို ပြန်ဆွဲပိတ်လို့လည်း ရမှာမဟုတ်သဖြင့် နှင်း ဆင်းလိုက်ရ၏။ လွှမ်း က စက်ရုပ်ကို ကားဘောနက်ပေါ်မှာ သာသာလေးချပြီး လည်ပင်းကို ပွတ်သည်။

နှင်း ကိုမကြည့်သေးဘဲ လည်ပင်းကိုင်ထားလျက်နှင့် မျက်နှာ ဟိုဒီလှည့်နေပြီးမှ ...

"မင်း ဘာဖြစ်လို့ ဒီအချိန်အထိ အငြိုးတွေ ထားနေတာလဲ နှင်း မာန၊ အလင်းနဲ့ပတ်သက်ပြီး ကိုယ့်မှာ ..."

"နင်က လူသတ်ကောင်ပဲ၊ လူရမ်းကား၊ တစ်ကိုယ်ကောင်းသမား ကိုယ့်အပေါ်မှာ အမြဲတမ်း ညှာတာနေတဲ့လူကို နည်းနည်းမှ ဂရုမစိုက် ဘဲ ကိုယ် စိတ်ချမ်းသာဖို့ပဲ ကြည့်တဲ့သူ၊ နင့်လိုလူကိုများ အသက်ဆေ ခင်သွားသေးတယ်၊ နင့်ကိုမုန်းလွန်းလို့ အလင်းကိုတောင် ငါ မလွမ်း မိအောင်နေဖို့ ဆုံးဖြတ်ခဲ့တာ သိရဲ့လား"





"အားလုံးကို မင်း မြင်တာပဲ၊ အလင်းသေရတဲ့ကိစ္စမှာ ..."

"နင်က လူသတ်တရားခံပဲ"

နှင်းက လွှမ်းကို ဘာမှဆက်ပြောခွင့်မပေး။ လွှမ်း ကျွတ်ခနဲ စုတ် သပ်သည်။

"မင်းရဲ့အတွေးတွေ အဆိပ်သင့်နေပြီ၊ မြင်လိုက်တွေ့လိုက်ရဲ့သား နဲ့ လိုရာတွေးပြီး မင်း စွပ်စွဲနေတာ ဘာလဲ၊ သတ်တဲ့လူလဲ ထောင်ကျ သွားပြီ၊ ကိုယ်မဟုတ်ဘူးဆိုတာလဲ မြင်ရက်နဲ့"

"အို ... မပြောနဲ့ အခု လာတဲ့ကိစ္စကိုပဲ ငါ ပြီးချင်တယ်၊ သွားမယ်"

နှင်း က တံခါးလှည့်ဖွင့်သည်။ လွှမ်း က ထိုလက်ကို ဖမ်းဆုပ်ပစ် လိုက်၏။

"လူရမ်းကား"

နှင်း လက်တစ်ဖက် ရိုပ်ခနဲ မြောက်တက်သွား၏။ လွှမ်းက သက်နှစ်ဖက် မသုံးပါ၊ ကိုင်ထားသည့်လက်ကို လွှတ်ကာ ရိုက်ချရ သည့်လက်ကို ပုတ်ထုတ်ပစ်လိုက်၏။

နှင်း ကိုယ်လေး လက်နောက်ပါကာ ကားပေါ်သို့ နောက်ပြန် လေး ယိုင်ကျသွားသည်။ ဒေါသနှင့်ရောထွေးသော မခံရပ်နိုင်သည့် မျက်ရည်များက မျက်ဝန်းအိမ်မှာ ပြည့်တက်လာ၏။

လွှမ်း က နှင်း ကိုကြည့်ရင်း သက်ပြင်းငွေ့ငွေ့ချသည်။

"တကယ်ဆိုရင် နှစ်တွေ ဒီလောက်ကြာခဲ့ပြီ၊ မင်း ပြေသင့်ပါပြီ"

နှင်း က မဲ့၍ မတ်မတ်ပြန်ရပ်၏။

"ငါ့ရဲ့အမုန်းက လွင့်ပါးပျောက်ကွယ်သွားမှာမျိုး မဟုတ်ဘူး၊ ကျွှာလွှမ်း၊ အနည်ကျကျောက်လို စုစည်းကျစ်လစ်လာတာမျိုး၊ အခု င် ဘာလုပ်မှာလဲ၊ သွားမှာဆိုသွား၊ မသွားရင် ငါ ပြန်မယ်"

"ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ"

"ဟင် ...."



www.burmeseclassic.com

www.burmeseclassic.com



နှင်း မယုံနိုင်စွာကြည့်သည်။

"နှင် ...."

မျက်နှာချင်းရှေ့ကိုပါလာအောင် ပိုပြီးကြည့်၏။ ပေ့်ဖွတ်သည့် မျက်တောင်ရှည်များ၏အလယ်မှာ စိန်ပွင့်လို ဖိတ်ဖိတ်လက်နေသော မျက်ဝန်းတို့ဟာ မျက်ရည်တွေကြောင့်ဖြစ်၏။

"အလင်းဖြူက မှာခဲ့တယ်၊ ပြီးတော့ ကလေးကို ကိုယ် ပစ်မထား နိုင်ဘူး၊ လက်ထပ်ပြီးမှ မင်းနဲ့ကိုယ် အမုန်းတွေ စစ်ခင်းကြမယ်ဆိုရင် ရတယ်၊ ဒါပေမယ့် သားကို ကိုယ့်သားဖြစ်ဖို့ လိုတာ"

"ကမ္ဘာလွှမ်း၊ နှင် ... နင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်း၊ လွှတ် ... ငါ့ကို လွှတ်"

စတင်ရုန်း၍ ရိုက်ပုတ်တွန်းထိုးနေသဖြင့် နှင်း လက်နှစ်ဖက်ကို လွှမ်းက ဆွဲချုပ်ပစ်လိုက်၏။

"နှင်းမာန၊ မင်းရဲ့မာနတွေကို အနားပေးဖို့ မင်းစဉ်းစားသင့်ပြီ အဲဒါ နားလည်လား၊ မင်းက မင်းရဲ့အတ္တတွေကို အရောင်တင်ဖို့ အလင်းဖြူကို အသုံးချခဲ့တာ၊ မင်းအဖေမကြိုက်တာကို မင်းလုပ်မယ် လူတွေကဲ့ရဲ့တာ၊ အံ့သြကုန်တာ၊ မထင်မှတ်ခြင်း အမျိုးမျိုးကို လက် ထောင်ပြီး လုပ်ပြနိုင်ဖို့ အလင်းဖြူက လက်ကိုင်ရိုးပဲ"

"နှင် တော်စမ်း"

"မမှန်တာ တစ်လုံးမှ မပါဘူး၊ သတ္တိရှိရှိ နားထောင်၊ မင်းရဲ့အ နဲ့ မင်းရဲ့အတ္တအကြောင်း အလင်းဖြူကို မင်းက စပြီး ဖြားယောင်းခဲ့တ အကြောင်း အားလုံးကို ငါသိတော့ သူ့ရဲ့ရောဂါက ကျွမ်းနေပြီ၊ မင်း မင်းဖြစ်နေပြီ၊ တကယ်ဆို အလင်းဖြူ သေဆုံးရတာ ငါ့ကြောင့် ပြောနိုင်ပေမယ့် မင်းရဲ့ထောင်ချောက်မှာ ငါတို့နှစ်ယောက်စလုံး မိခဲ့တာ

နှင်းက ကမ္ဘာလွှမ်းကို မလှုပ်မယှက် ငေးကြည့်နေသည်။ 
ဝေဖန်စွပ်စွဲနေတာတွေကို မဟုတ်ဘူးလို့ နောက်ထပ်မငြင်းနိုင်တော





ဆွဲ့အနေသူတစ်ဦးလို။

ဒါတွေ သူမ တကယ်ပဲလား၊ ကိုယ့်ကိုကိုယ်ပင် ငါ့အတ္တ ဘယ်လို အမျိုးအစားလဲဆိုတာကို တစ်ခါမှ တွေးမကြည့်ခဲ့ဖူးပါ။ လွှမ်း မျက်နှာ မှာ နူးညံ့ညင်သာမှု နည်းနည်းမှ ရှိမနေခဲ့ပေ။

"အလင်းဖြူက ရုန်းမထွက်နိုင်တာ၊ ငါက အလင်းဖြူကြောင့် ရောင်ပြီခဲ့ရတာ၊ ကျောင်းတွေပြီးသွားတဲ့အထိ မင်းနဲ့ခွဲထုတ်ဖို့ ငါ ကြိုး စားသေးတယ်၊ မရဘူး"

လေသံက မာလာသည်။ မင်းတွေ ငါတွေနဲ့ ဖြစ်လာ၏။

"လာခိုးပုံဆိုတော့ သူမှာ ဘာမှအဆင်သင့်မရှိဘူး၊ မုန့်ဖိုးပဲဖိုး လောက်ပဲ စုဆောင်းထားတဲ့ပိုက်ဆံလေးနဲ့ ဘာလုပ်လို့ရမှာလဲ၊ သူ အေးချမ်းသာအောင် ငါ အားလုံးကူညီပေးခဲ့တာ၊ အဲဒီညမှာ ငါ ခြေ တစ်လှမ်းနောက်ကျသွားရင် မင်းအဖေရဲ့လူတွေလက်ထဲမှာ ငါ သေ ဘာ ကြာပြီပေါ့၊ အလင်းဖြူနဲ့ပတ်သက်လို့ ငါ ဝင်ပါခဲ့သမျှ ငါ့ဘက်က ဆးဆပ်ဖို့ချည်းပဲ၊ အဲဒါ မင်း နားလည်၊ မင်းပေါင်းခဲ့တဲ့ယောကျ်ားပေ ယ့် အလင်းဖြူကို မင်းချစ်တာထက် ငါက ပိုတယ်လို့ ပြောရဲတယ်၊ အဲဒါရော ယုံလား"

နှင်း စကားတစ်လုံးမှ မပြောပါ။ လွှမ်းက ဖိဆုပ်ကိုင်ထားသည့် လက်တွေကို လွှတ်ပေးလိုက်ပြီး နှင်းကို စူးစူးရဲရဲ စိုက်ကြည့်၏။

"ငါ ပြောတာကို မင်း စဉ်းစားပါ"

နှင်း၏ နှုတ်ခမ်းလှလှလေး လွန့်ခနဲ မဲ့ကျသွားသည်။ ငိုချင်နေ တာနှင့်လည်း တူသည်၊ မာကျောစွာတုန့်ပြန်ဖို့ အားယူရင်း မချိတရိ ပြုံးသွားတာနှင့်လည်း တူလေသည်။

ပါးပြင်တစ်ဖက်မှာ မျက်ရည်တစ်စက် လိမ့်ခနဲ ဖြတ်ဆင်းသွား၏။

"ဟွန်း ... အရှုံး၊ နှင် သွားသေလိုက်တော့"

တစ်လုံးချင်း ပက်ပက်စက်စက်ပြောပြီး တံခါးလှည့်ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတာ မတားဆီးဘဲ ဘေးနက်ပေါ်က စက်ရုပ်ကို ဆွဲယူလိုက်၏။ နှင်း ဆွဲပိတ်သည့်တံခါးကို ဖျတ်ခနဲ ဖမ်းကိုင်ထားကာ စက်ရုပ်ဘူးကို နောက်ခန်းထဲ ပစ်ထည့်လိုက်သည်။

"ကလေးမွေးနေ့အတွက် လက်ဆောင်"

လို့ပြောပြီး တံခါးကို ဆောင့်ပိတ်လိုက်၏။ နှင်းက ကားကို ဝေါခနဲ ဆောင့်ထွက်သည်။ လမ်းတစ်လျှောက်မှာ မျက်ရည်တွေက ပါးပြင်နှင့်နှထက်မှာ အားနာရမှန်းလည်းမသိကြ။

အလင်းရှယ်၊ သူ ပြောတာမဟုတ်ဘူး သိလား၊ နှင်း တကယ် ချစ်ခဲ့တာ ...။





အခန်း (၁၆)

ဝီစကီပုလင်းကိုင်ပြီး ဖန်ခွက်ထဲ သွန်ချလိုက်တော့ တစ်စက်မှ ကျမလာတော့ပေ။ ဒီတော့မှ ပုလင်းကို မြှောက်ကြည့်မိ၏။ ကုန်ပြီ။

ကျွတ်ခနဲ မျက်နှာမဲ့သွားကာ စားပွဲပေါ် ဆောင့်ချလိုက်သည်။ လက်ဖဝါးတစ်ဖက်သည် မျက်နှာပြင်အနှံ့မှာ ဖိသပ်ပွတ်ချရင်း ဆံပင်တွေထဲရောက်ကာ စိတ်ရှိလက်ရှိ မွှေနှောက်နေခဲ့၏။

ထိုစဉ် သူ့ဘေးမှာ လူရိပ်တစ်ရိပ် ရောက်လာတာကို မသိလိုက်။

"ဘယ်လိုဖြစ်နေတာလဲ လွှမ်း၊ ဒါ အောင်မြင်မယ့်ယောကျ်ား တစ်ယောက်ရဲ့ အားထုတ်မှုတွေလား"

ဦးကမ္ဘာမြေအသံက အမြဲတမ်းလိုပဲ တည်ငြိမ်နေခဲ့၏။ လွှမ်း က မော့မကြည့်ပေမယ့် အနားမှာရပ်နေသည့် အပြာရောင်ပုဆိုးကွက်နှင့် ရှပ်အကျီဖြူ၏ ခါးစပ်တစ်ပိုက်ဆီ ဝေ့ခနဲ ငုံ့ကြည့်သည်။

ပြီးတော့ ရှေ့ကိုပြန်လှည့်၍ ဆံပင်တွေထဲမှာ နစ်နေသည့်လက်ကို ပြန်ချသည်။ စားပွဲပေါ် လက်တင်ထားရာမှ ဆန့်ထုတ်ကာ ကုလားထိုင်ကျောမှီမှာ ခါးမတ်မတ်ပြင့်ထိုင်၏။

"တစ်ခါတစ်လေ လွတ်လွတ်လပ်လပ် နေကြည့်တာပါ ဖေဖေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လှုမိုက်မဟုတ်ဘူး"

"ထင်ကြတာပဲ၊ ဘယ်သူက ကိုယ့်ကိုကိုယ် လူမိုက်လို့ ပြောမှာလဲ၊ အထူးသဖြင့် မင်းကိုယ်မင်းပဲ ကောင်းတယ်ထင်ခဲ့တဲ့ မင်းလိုလူပေါ့"

ဦးကမ္ဘာမြေက လွှမ်း နှင့် နည်းနည်းခွာရပ်ပြီး မျက်နှာကို ငုံ့ကြည့်နေသည်။ ခဏကြာမှ ...

"မင်းရဲ့အမှန်တရားတွေ မကုန်နိုင်သေးဘူးလား လွှမ်း၊ ဖေဖေက ပွဲကြည့်ပရိသတ်ဆိုရင်တောင် ပရိသတ်က အမှန်တရားတွေချည်းပဲ ကြည့်နေရရင် ကြာတော့ ငြီးငွေ့တာပေါ့ကွာ၊ မှားပြီးရင် မှန်၊ မှန်လွန်းနေရင်လဲ မှားပြပါဦး"

ဦးကမ္ဘာမြေက စိတ်ဆိုးနေသည်လား၊ စာနာနေတာလား ခွဲခြားမရနိုင်အောင် လေသံအတက်အကျက ပြတ်တောက်ခြင်း၊ တုန်ခါခြင်း မရှိ၊ ထေ့ငေါ့နေသည် ထင်ရသော်လည်း ပုံမှန်ထက် ဘာမှမပိုဘဲ ဖြစ်နေသည်။

"ကမ္ဘာလွှမ်း ဆိုတဲ့နာမည်ကို လူသိများလာကတည်းက မင်း မေမေနဲ့ဖေဖေ အေးအေးချမ်းချမ်း နေခဲ့ရတာ ရှိလား၊ တို့သားလေးမှာ အသောက်အစား လောင်းကစား မရှိရှာဘူး၊ လွတ်လပ်ချင်တဲ့ စိတ်ဘာလေး ရှိတာ၊ ဗိုလ်ကျတတ်တာလေးနဲ့ ဘာဖြစ်လဲဆိုပြီး ဖြစ်လာသမျှကို မအေက နောက်က ငွေထုပ်နဲ့ လိုက်တယ်၊ မအေ မရှိတော့ ဖေဖေတစ်ယောက်တည်း ဒါတွေကို ဒိုင်ခံလေ"

"တစ်ခါတစ်လေလို့ ပြောပြီးပြီပဲ ဖေဖေ၊ ကျွန်တော့်ကို စိတ်ပိုညစ်အောင် မလုပ်ပါနဲ့"

"ဘာ ...၊ ဖေဖေက စိတ်ညစ်အောင်လုပ်နေတယ် ဟုတ်လား၊ မင်းရဲ့ တစ်ခါတစ်လေက တစ်ခါဆိုတစ်ခါ အသက်ပါသွားနိုင်တာ သိရဲ့လား၊ ညကလဲ တစ်ညလုံး၊ မိုးလင်းတော့လဲ ဆက်သောက်တယ်၊ မင်းမှာ ဘာတွေ ဒီလောက်ခံစားစရာ ရှိနေလို့လဲ၊ ဖေဖေ သိရ





သလောက် မင်းမှာ ချစ်သူလဲရှိခဲ့တာမဟုတ်ဘူး"

လွှမ်း က မျက်ကြောစင်းချလျက် မဲ့ခနဲ ရယ်သည်။ နောက်ထပ် တစ်ကြိမ် လက်က ဆံပင်တွေထဲ ပြန်ရောက်သွားကာ ...

"ခံစားရတာပဲ၊ ချစ်သူရှိမှလား ဖေဖေ၊ တခြားအကြောင်းတွေနဲ့ ခံစားလို့မရဘူးလား၊ အရက်သောက်တာမြင်တိုင်း အသည်းကွဲနေတဲ့ကောင်လို့ရော သတ်မှတ်လို့ရလား၊ ဟွန်း ...ကျွန်တော် ကိုယ့်ရင်ဘတ်ထဲကိုတောင် ဘာရှိနေမှန်း မသိဘူး"

"အဲဒါ ပြောတာပဲ၊ မင်းကိုယ်မင်းပဲ မှန်နေတာ၊ ဒီနေ့ထိ မင်းလုပ်နေသမျှ ဖေဖေ ဘာပြောခဲ့သလဲ၊ တည့်မတ်ကူညီပေးခဲ့တာပဲ ရှိတယ်၊ ဖျက်ဆီးတားမြစ်ခဲ့တာ ရှိလား၊ အခု ဘာတွေ ခက်ခဲနေတာ ရှိသေးလဲ၊ မင်း ဘာလုပ်ချင်သလဲ၊ ငွေ ရှိတယ်၊ အသိုင်းအဝိုင်းရှိတယ်၊ လုပ်သမျှ အောင်မြင်နိုင်နေတဲ့ အရည်အချင်းတွေ မင်းမှာရှိတယ်"

"ရှိနေတာတွေကို လာရှုတ်ပြမနေနဲ့ ဖေဖေ၊ ဒါတွေကို ဖေဖေရော ကျွန်တော်ရော သိပြီးသားပဲ"

"မင်းသိတာနဲ့ ဖေဖေသိတာ မတူဘူးလေ၊ မိဘအမြင်ကတော့ မင်းမှာ လိုအပ်တာမရှိအောင် ပြည့်စုံနေပြီပဲ၊ ဒါပေမယ့် မင်းမှာ အရက်နဲ့ အရည်ဖျော်နေရတုန်း၊ အဲဒါကို ဖေဖေ သိချင်တာ"

"ကျွန်တော့်မှာ အလင်းဖြူနဲ့ ပတ်သက်ခဲ့တဲ့ အရိပ်မည်းတစ်ခုက လွဲလို့ ဘာရှိခဲ့လို့လဲ ဖေဖေ"

ဦးကမ္ဘာမြေ အသံတိတ်သွား၏။ ပြီးမှ ...

"ဒါလဲ ဖေဖေ ကူညီပေးခဲ့တာပဲ လွှမ်း၊ မင်းက ဘာတွေ လုပ်ချင်သေးလို့လဲ"

လွှမ်း က စားပွဲကိုလက်ထောက်၍ ထိုင်ရာကနေ ထရပ်လိုက်သည်။ လက်ထောက်ထားတာတောင် ထရပ်လိုက်ကာမှ ယိုင်ခနဲ ဖြစ်သွားသေးသည်။



www.burmeseclassic.com

ဦးကမ္ဘာမြေက ပါးစပ်ပိတ်ထားလိုက်ပြီး သားဖြစ်သူကို စိုက်ကြည့်နေသည်။

"သူ ... သူက လက်မခံဘူး ဖေဖေ၊ ကျွန်တော့်ကို အငြိုးတကြီးဖြစ်နေတုန်းပဲ"

အရင်းအဖျားမရှိဘဲ ထပြောလိုက်ပေမယ့် ဦးကမ္ဘာမြေက လွှမ်းပြောလိုက်တာကို နားလည်သည်။

"မင်းကရော ဘာလဲ၊ မင်း အဲဒီမိန်းကလေးကို သဘောကျနေပြီလား"

လွှမ်း ခေါင်းခါပစ်သည်။ ဦးကမ္ဘာမြေကို မျက်နှာချင်းဆိုင်ရပ်၍ စားပွဲစွန်းမှာ တင်ပါးနှင့် ကပ်မှီ၏။

"မဟုတ်ဘူး ဖေဖေ၊ ဒါပေမယ့် လူအများမြင်သလိုမျိုး သူ့ကို ကလေးအမေ မုဆိုးမတစ်ယောက်လို ကျွန်တော်မမြင်ဘူး၊ ငါလိုကောင်နဲ့ မတန်ဘူး ဆိုတဲ့စိတ်မရှိဘူး၊ ဘာဖြစ်လို့လဲ သိလား"

လွှမ်း မျက်နှာလွှဲ၍ ဆွေးမြည့်စွာပြုံးသည်။

"သူက ကျွန်တော်သိပ်ချစ်တဲ့ သူငယ်ချင်းရဲ့ မိန်းမဖြစ်နေလို့၊ နောက်တစ်ခုက ကျွန်တော် တာဝန်ယူသင့်တဲ့မိန်းမလို့ သတ်မှတ်ပြီးဖြစ်လို့၊ နောက်တစ်ခုက အလင်းဖြူရဲ့သားလေးကို ကျွန်တော် သိပ်ချစ်တယ်၊ ကျွန်တော့်သားလေးကို မြင်လိုက်ရသလို နင့်နေအောင်ခံစားရတယ်၊ ကျွန်တော်ပြောတာ အမှန်တွေပါ"

ဦးကမ္ဘာမြေက ခေါင်းညိတ်သည်။ စကားဆက်ဖို့ လွယ်ကူအောင် အလွယ်တကူ ခေါင်းညိတ်လိုက်တာမျိုးမဟုတ်ဘဲ အလေးအနက်စဉ်းစားရင်း လက်ခံပေးလိုက်တာမျိုးဖြစ်သည်။

လေးဖင့်သော ခေါင်းညိတ်ခြင်းကို ကုလားထိုင်တစ်လုံးဆွဲ၍ ချလိုက်မှ ရပ်၏။

"သုံးခုစလုံး အမှန်တွေပဲဆိုတာ ဖေဖေ ယုံတယ်၊ မင်းက မင်းရဲ့ သူငယ်ချင်းကို လင်မယားပေါင်း ပေါင်းခဲ့တာ ဖေဖေ သိတာကိုး





သံယောဇဉ်ဆိုတာ ကြာရှည်တွေ့မြင်ရင်းနှီးလာခြင်းနဲ့ပဲ သက်ဆိုင်တယ်လို့ အပေါ်ယံပြောနိုင်ပေမယ့် ဘာသာရေးအမြင်နဲ့ကြည့်ရင် ချမြင် ခုချစ်ဆိုတာတွေလဲ ရှိတာပဲ၊ အဲဒါ ရေးဘဝက ရေစက်တွေပါ။ အလင်းဖြူဆိုတဲ့ကောင်လေးကို ခင်တွယ်တဲ့စိတ်နဲ့ မင်း ဘာမဆို လက်ခံမှာပဲဆိုတာ မယုံစရာမရှိဘူး၊ ဒါပေမယ့် သူက ဒါကို လက်ခံရကောင်းမှန်းမသိဘူးဆိုရင် မင်း သိပ်နစ်နာလွန်းတယ် သား၊ အခု မင်းလုပ်နေတဲ့လုပ်ရပ်တွေကို မင်းအမေရှိနေသေးရင် ဘယ်လိုမှ လက်ခံပေးနိုင်မှာမဟုတ်ဘူး၊ ကလေးပြော ပြောကြေးဆို မင်းနဲ့ကလေးအမေတန်မှမတန်တာကွ၊ ဖေဖေလဲ သဘောမတူနိုင်ဘူး၊ ဒါပေမယ့် ..."

ဦးကမ္ဘာမြေက မျက်နှာကို အလေးနက်ဆုံးထားပြီး ...

"မင်း စိတ်ချမ်းသာတာကို လုပ်ပါ၊ အလင်းဖြူနဲ့ ပတ်သက်ပြီး မင်းမှာတာဝန်ရှိတယ်ဆိုတာကိုလဲ ဖေဖေ နားလည်တယ်၊ သူက နားမလည်လို့ လက်မခံနိုင်ဘူးဆိုရင်တော့ မင်း ဒီလောက်အကြွဲအိုက်ခံစားနေဖို့ မလိုဘူး၊ ကိုယ့်ကြောင့်ဆိုတဲ့အပြစ်နဲ့ ပြန်ပေးရမှာ မမျှတော့ဘူးကွ၊ ကျေးဇူးတရားဆိုတာ ကြွေးဆပ်သလို မဆပ်သင့်ဘူးဆိုပေမယ့် ဘာဖြစ်ဖြစ် တရားမျှတမှုရှိဖို့တော့ လိုတယ်မဟုတ်လား၊ ဒီလူသုံးယောက်အတွက် မင်းရဲ့တန်ဖိုးကြီးတဲ့ အတွေးတွေ၊ အကြံတွေ၊ မင်းရဲ့ အနာဂတ်အထိ ပွန်းပဲ့မယ်ဆိုရင် မမျှတတော့ဘူး"

"ကျွန်တော် နားလည်ပါတယ် ဖေဖေ"

လွှမ်း က မူလနေရာမှာပဲ တဖြည်းဖြည်း ပြန်ထိုင်ချသည်။ ဖေဖေ့ရှေ့မှာ အတတ်နိုင်ဆုံး အရက်မူးသမားပုံမပေါက်အောင် နေခဲ့သော်လည်း မူးနေတာက မူးနေတာပဲဖြစ်သည်။

ဖြူဝင်းနေသည့်အသားက ရဲတွတ်နေသည်။ နှုတ်ခမ်းသားတို့ကလည်း ဆီငုံရဲရဲလို နီကာ တလွန့်လွန့် ညွတ်ကျသွားတတ်သည်။

ဦးကမ္ဘာမြေကလည်း သားမျက်နှာကိုပဲ မလွှဲတမ်း ကြည့်နေခဲ့

www.burmeseclassic.com



သည်။ သူဟာ လွှမ်းနဲ့ အလင်းဖြူတို့၏ ဟိုတုန်းအစက အဖြစ်အပျက်တွေကတည်းက သိထားခဲ့သူဖြစ်သည်။ ထို့ကြောင့် လွှမ်း ရင်ထဲကို သူ မြင်နိုင်သည်။ စာနာငဲ့ညှာပေးလို့ ရ၏။ ဒါပေမယ့် ...

"နှင်းမာနဆိုတဲ့ မိန်းမက အစကတည်းက ထူးဆန်းတဲ့မိန်းမတစ်ယောက်ပဲ ဖေဖေ၊ သူ့ကို ..."

"မိန်းမဟာ မိန်းမပဲကွ၊ ဘာပဲဖြစ်ဖြစ် မိန်းမသားဖြစ်နေတာကိုက ကိုယ့်အတ္တကို ရှေ့တန်းတင်လို့မရနိုင်တာကို သူ သိရမယ်၊ မစာမနာ ပြောရက်တယ်လို့ မင်း မထင်ဘူးဆိုရင် ဖေဖေ ပြောချင်တယ်၊ မင်း လှုပ်ရှားလိုက်တာ မြန်လွန်းတယ် လွှမ်း၊ ဒုက္ခဆိုတာကို သိမှ သုခရဲ့ အရသာကို မက်မောတာ၊ နေရာတကာမှာ စိတ်ရှည်သည်းခံနိုင်စွမ်းမရှိရင် အမှားများတာပဲ၊ အဲဒါ မင်း သတိထား"

ပြောပြီး ဦးကမ္ဘာမြေက ထရပ်လိုက်သည်။ လွှမ်း စားပွဲပေါ် တံတောင်နှစ်ဖက်တင်ကာ လက်တွေကြားထဲမှာ မျက်နှာအပ်ချ၏။

မျက်လုံးတွေကို မှိတ်ထားပေမယ့် စိတ်မျက်ဝန်းတို့က အနာဂတ်ကိုမဟုတ်ဘဲ အတိတ်ဘဝထဲကို ပြန်ပြေးနေကြသည်။

အလင်းဖြူသည် နူးညံ့ညင်သာသော အပြုံးဖြင့် သူ့ရှေ့မှာ ပေါ်လာလျက်နှင့် နှင်းမာနကတော့ တုတ်၊ ဓား၊ လက်နက်တို့ထက် ပြင်းသော မျက်စောင်းဖြင့် .....။





အခန်း (၁၇)

ကော်ဖီပလိန်းကို ကြိုက်တာက သောက်ဖို့အတွက် မဟုတ်ပေ။ စိမ်ပြေနပြေ မွှေနေရင်း တစ်စုံတစ်ရာကို တွေးတောလိုက်မိပြီး ချာန်ဝင်သွားတတ်ခြင်းကို နှစ်သက်တာဖြစ်သည်။

ရည်းစားထားတဲ့လူကိုရော၊ ကိုယ်တိုင်ရည်းစားထားဖို့အတွက်ပါ ဝါသနာမပါသည့် လွှမ်း မှာ တခြားတစ်စုံတစ်ရာသော ဖီလင်မရှိခဲ့တာ ကိုယ့်ကိုကိုယ်တော့ သေချာနေပြီဖြစ်၏။ ခုကတော့ ဒေါသဖြစ်နေခြင်းကို ဘယ်နှပတ်မြောက် မွှေနေမှန်းမသိသော ကော်ဖီဖန်ခွက်လေးက ဆွဲဆောင်ထိန်းချုပ်ထားခဲ့သည်။

ထို့နောက် ထုံးစံအတိုင်း ပါးစပ်ထဲကို တစ်ငုံပဲသွင်းကာ ခါတ်ဘူးဆီ လက်ရောက်၏။ ရေနွေးပန်းကန်လေးထဲကို နည်းနည်းလောင်းထည့်ပြီး လှုပ်ကျင်းလိုက်သည်။ ပြီးတော့ ဘေးကို အမှတ်တမဲ့ ပက်ခစ်လိုက်မိသည်။

"အို ..."

"ဟင် ... ဆောရီး"

ခြေထောက်ဖြူဖြူနုနုလေးတစ်စုံ ဖျတ်ခနဲ ပြန်ဆုတ်သွားတာကို မြင်လိုက်သဖြင့် ကမန်းကတန်း တောင်းပန်ကာ မျက်နှာကို မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"မင်း ..."

နှင်းမာန က အလန့်တကြား ဆွဲ'မ'ထားလိုက်သည့် စကတ်စကို လွှတ်ချပြီး ကိုယ်ကိုလည်း မတ်သည်၊ မျက်နှာကိုလည်း တင်း၏။

သူမဘေးမှာ မိန်းကလေးတစ်ယောက် အဖော်ပါလာသေးသည်။ လွှမ်း က မျက်နှာကို ပုံမှန်ဖြစ်အောင် ပြန်လျှော့ချကာ ....

"ဆောရီး"

ဟု ထပ်ပြောပြီး မျက်နှာပြန်လွှဲလိုက်သည်။

"ကမ္ဘာလွှမ်း ..."

သူကို ပြန်လှည့်ကြည့်စေချင်သည့် ခေါ်သံပေမယ့် လွှမ်းက ပြန်မကြည့်တော့ဘဲ ထူးလည်းမထူးဘဲ နေလိုက်၏။ နှင်း ကပဲ သူ့ရှေ့ရောက်အောင် ပတ်လျှောက်လာသည်။ ဒါပေမယ့် မထိုင်ပါ။

"သံယောဇဉ်တွေနဲ့ တစ်နေ့နေ့ ချည်နိုင်တုပ်နိုင်မှာပဲဆိုတာ သိလို့ ကျကျနန ထိုင်စောင့်နေတာဆိုရင်လဲ အဲဒီနေ့ကိုရောက်ပြီ ကမ္ဘာလွှမ်း၊ ဟိုမှာ လွှမ်းဖျားလွှမ်းနာကျပြီး ဘဝဆုံးတော့မယ်၊ သွားလိုက်ဦး"

လွှမ်း က မော့ကြည့်သည်။ နှင်း က မျက်ဝန်းတွေကို သူ့မျက်နှာဆီမှာ စင်းချစူးစိုက်လျက် သူ မော့ကြည့်တော့မှ မဲ့ပြီး မျက်နှာလွှဲသည်။

လွှမ်း က နေရာမှ ဖြည်းလေးစွာ ထရပ်လိုက်သည်။ နှင်း သည် နှုတ်ခမ်းသားလေးတစ်ဖက်ကို မချိုတရိ ဖိကိုက်ထားလျက် မျက်နှာလွှဲ၍ ငြိမ်သက်နေခဲ့သည်။

"အလင်းဖြူ ဘာဖြစ်လို့လဲ"

သူ မေးလိုက်တော့ ဆံပင်ရှည်တွေ နွဲ့ပါလာသည်အထိ ဆတ်ခနဲ လှည့်ကြည့်၍ ...

"သိချင်ရင် သွားကြည့်ပေါ့၊ ငါက သူ့ချစ်သူဆိုပေမယ့် နင့်လို ပညာမစုံတော့ သူ့ကို မဆွဲဆောင်နိုင်ဘူးလေ"





"စကားကို ကြည့်ပြော၊ မင်းကို ငါ သည်းခံခဲ့သမျှ အလင်းဖြူ ကြောင့်ပဲ"

"ဟား .... သာတာပေါ့"

နှင်း က ခနဲ့သည်။ တန်းလန်းချ ဆွဲကိုင်ထားသည့် လက်ကိုင် ...တ်ကြိုးလေးကို ပို၍တင်းအောင် ဖျစ်ညှစ်ဆုပ်ပစ်ကာ ...

"ဒီနေရာမှာ လာနွဲ့မနေနဲ့ ကမ္ဘာလွှမ်း၊ အလင်းဖြူရှေ့ရောက်မှ ...ပြ၊ နင့်ကာရံတွေက ငါ့အတွက် မချိုဘူး"

လွှမ်း မျက်နှာ နီမြန်းရဲတက်လာသည်။ နှင်း က လှောင်ပြုံးနှင့် ...။

"သုံးယောက်ဆုံတုန်းကတော့ နင် ပြောသွားတာ၊ မနက်ဖြန် ဆုံ ...ဆို"

လွှမ်း မျက်မှောင်ကြုတ်သွားသည်။ ခြံရှေ့မှာ နှင်း ထွက်ပြော ...တ ဒီစကားနဲ့ တမင်တကာ နှုတ်ဆက်ပြီး ထွက်လာခဲ့တာ မှန် ...၊ ဒါပေမယ့် ကိုယ့်ဘက်က ဂရုမစိုက်ခြင်းကို ပြခဲ့ရုံသက်သက်ပဲ ...

"နောက် ဘယ်တော့မှ မတွေ့တော့ဘူးလို့ ငါပြောတဲ့အတိုင်း နာခံ ...တာဆိုလဲ အဲဒီမှာ တစ်ခါတည်း ခေါင်းညိတ်သဘောတူလိုက်ပါလား"

နှင်း က ဆက်တိုက်ကြီး ပြောချသွားသည်။

"ခုတော့ ဂရုမစိုက်သလိုလို၊ အရွဲ့တိုက်တော့မလိုလိုလုပ်ပြီး ဘာ ...တွေ ထပ်ထုတ်နေတာလဲ"

"မင်းနဲ့ပတ်သက်ဖို့ ရှေ့ဆက်ဖြစ်မဖြစ် ကြံနေတာပဲ နှင်းမာန၊ ...င်းဖြူကို ဆက်တွေ့နေရင် သူ့ရဲ့ချစ်သူဆိုတဲ့ မင်းနဲ့က ပတ်သက် ...ီးမှာ"

"ကောင်းသားပဲ၊ ဘယ်တော့မှ မပတ်သက်ကြဖို့ နင် တကယ် ...တ်လိုက်စမ်းပါ၊ အဲဒါတွေကို အလင်းရှေ့မှာ ပြောဖို့လဲ လိုတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဒါမှ 'ငါကတော့ ချစ်သူကို ကျော်လွှားပြီး သူ့ကို တွေ့ချင်မြင်ချင်
နေလိုက်ရတာ၊ သူကတော့ ဒီလိုလား' ဆိုပြီး အလင်းအတွက် နာစရာ
လေး ရသွားမှာ၊ စတော့ နှင့်ကို ဘယ်သူဘာပြောပြော လွှမ်းမှာပဲ
ခင်မှာပဲ ဆိုတဲ့ ဖွဲ့နဲ့ ခွေနေပြီ၊ ဘာလုပ်မှာလဲ စဉ်းစား"

"တောက် ..."

လွှမ်း က ထုတ်ယူထားပြီးဖြစ်သည့် ငါးရာတန်တစ်ရွက်ကို စား
ပေါ်တင်ကာ ကိုယ်ကို မတ်မတ်ပြန်ရပ်၏။ ခြေထောက်နားမှာရှိသည်
ခွေးခြေပုလေးကို လိမ့်သွားအောင် သိမ်းကန်ပစ်လိုက်ပြီး နှင်း ရှေ့က
ထွက်လာခဲ့သည်။

မသွားရတော့တာက မသွားတာဘဲ အကောင်းဆုံးလို့ မြင်လာခြင်း
ကြောင့်ဖြစ်သည်။ ပြီးတော့ သံယောဇဉ်ဖြစ်ကြတာချင်းတူပေမယ့်
အလင်းဖြူ ဒီလောက်ထိခံစားသွားရလိမ့်မည်ဟု မထင်တာလည်း ပါသည်

နှင်း နဲ့ပတ်သက်သည့် နှင်းရဲ့မိသားစု၊ သူမ ရင်ထဲက အတွေး
ဘယ်လိုဆိုတာ ဒီအချိန်ကျမှ သေချာသိလာခဲ့ရသည့်အဖြစ်အတွက်
မကျေနပ်တာလည်း မှန်သည်။

ဒါ ဒီလိုရှိတယ် ပြောပြတော့ရော သူက ချစ်သူကို မုန်းနိုင်မှာ
မှာ မဟုတ်ဘဲ၊ နှင်းမာန ဆိုသည့် မိန်းမကသာ သံချောင်းတစ်ချောင်း
ကို 'ဒါ ပန်းသီးစိတ်လေးပဲ အလင်းရယ်၊ စားပါ' ဆိုရင်တောင် ပါး
ဟပေးဖို့ ရှိသေးသည်။

ဒီသူငယ်ချင်းဟာ ချစ်သူကို ဤသို့ချစ်လျက်နှင့် သူ့ကိုကျေး
လည်း ခင်တွယ်နေပြန်သည်။ မတည့်အတူနေလို့ပဲ ပြောရမလား။
မဟုတ် သူ ထင်သလိုမဟုတ်ဘဲ နှင်း က တကယ်ပဲ အလင်းဖြူ
ချစ်လွန်းလို့လား၊ ဘာဆိုတာမသိပေမယ့် သုံးယောက် ပြန်တွဲဖြစ်
ပြန်သည်။

ဒါပေမယ့် ဆုံကြပြီဆို လွှမ်း က ခပ်လှမ်းလှမ်းမှာ ကျော





လျက်၊ အလင်းဖြူနှင့်နှင်း စကားပြောကြ၊ ဆုံကြ၊ နှင်း သွားတော့မှ အလင်းနှင့်သူ ပြန်ဆုံ၊ ဒါပဲဖြစ်၏။

"လွှမ်း၊ သူ့ဖားသားကြီးက မိုးလေဝသကောင်းနေတယ်ကွ၊ ထင်သလောက် မတင်းဘူး၊ ဒါပေမယ့် နှင်း ကတော့ စိုးရိမ်နေတယ်"

"သူ့အဖေအကြောင်း သူ သိလို့ဖြစ်မှာပေါ့၊ မင်း အဆင်သင့် ပြင်ထားလိုက်"

အလင်းဖြူက သူ့အနားမှာ လွှမ်း ရှိနေလျှင် တက်ကြွရှင်လန်းနေသည်။ အလုပ်လည်း ကြိုးစား၍ ဘာဖြစ်ဖြစ် ခွန်အားတွေ အသင့်ရှိနေခဲ့၏။

လွှမ်းနှင့်နှင်း စကားမပြောကြပေမယ့် နှင်း ကလည်း လွှမ်းနှင့်သူ့ကို မပေါင်းပါနှင့်လို့ မတားတော့ဘဲ ရှိသည်။ လွှမ်း ကလည်း "မင်းနဲ့နှင်းက မဟုတ်သေးပါဘူးကွာ၊ ခပ်ကျောကျောပုံပါ" စသည့် ရွှံ့မှဲ့သမန်ခြင်းတွေ နည်းသွားသည်။

ဟိုဘက်ကရော၊ ဒီဘက်မှာရော နားအေးပါးအေးနှင့် ချစ်ခနော်ခင်နေခွင့်ရသွားသဖြင့် အားလုံးက အဆွှင်ပြေနေသည်။ တကယ်တော့ မုန်တိုင်းမစမီ ငြိမ်သြောင်းနေတဲ့ လေပြည်လေညင်းဆိုတာ မသိခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အလုပ်တွေပျက်နေတာ များပြီဆိုပါလား"

မေးခွန်းနှင့်အတူ သူ့ကိုကြည့်၍ မေးဆတ်လိုက်ပုံက 'မင်းသူငယ်ချင်း' လို့ ထည့်ပြောလိုက်သည်နှင့် တူသည်။ မှန်ရှေ့မှာ ရေစိုနေသည့် ကိုယ်ကို မွေးပွသဘက်နှင့် သုတ်ရင်း လွှမ်းက ရုတ်တရက် ဘာမှမပြောဘဲ နေ၏။

"ကိုယ့်လုပ်ငန်းဆိုပေမယ့် ပိုင်ရှင်ကိုယ်တိုင်က ကျောသားရင်သား ခွဲခြားထားတာကို သိသာမြင်သာအောင် ဒီလိုပြနေရင် ဒိပြင်အလုပ်သမားတွေကို ဘယ်လိုလုပ် စည်းကမ်းထားမလဲ"

လွှမ်း က မှန်ထဲကနေ ဦးကမ္ဘာမြေကို ကြည့်လိုက်ပြီးမှ နောက်လှည့်ရင်ဆိုင်လိုက်၏။

"ဖေဖေကလဲ၊ လူငယ်ပဲ ဖေဖေရာ၊ သူ့နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေလို့ အခိုက်အတန့်လေးတော့ ခွင့်လွှတ်ပေးပါ၊ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း၊ ပြီးတော့ တကယ်ရိုးသားတဲ့ကောင်၊ ခုလဲ သူ အလုပ်ပျက်ရတိုင်း ပြောနေတာပါ"

"ဒါဆို မင်းက သူ့ကို ခေါ်ခေါ်ထုတ်သွားတာပေါ့"

"မဟုတ်ပါဘူး"





"ဒါဆို ဘာလဲကွ၊ အလုပ်တွေပျက်နေတာ ဘာလဲ"

စိတ်ဝင်တစားဖြစ်လာတာလား၊ ဆူချင်လို့ အားယူလိုက်တာလား မသိ။ ဦးကမ္ဘာမြေက ရှေ့ကို ပိုတိုးလာသည်။ လွှမ်း က သဘက်ကို တန်းပေါ် လွှဲတင်ကာ ညဝတ်အင်္ကျီတစ်ထည် ဆွဲချလိုက်၏။

"ရည်းစားနဲ့ချိန်းတွေ့တာ ဟုတ်ပါတယ်၊ ဒါပေမယ့် သူကလဲ အခွင့်အရေးယူတာ မဟုတ်ဘူး၊ ကျွန်တော်ကလဲ ဖေဖေ့ပါဝါကို ခုတုံးမလုပ်ဘူး၊ မဖြစ်တဲ့အကြောင်းလေးတွေကြောင့် မလွဲသာလို့ပါ"

"အံမာ၊ အင်း .. ပြော ... ဆက်ပြော"

ဦးကမ္ဘာမြေ ခါးထောက်မေးဆတ်နေတာကို လွှမ်း က ရယ်သည်။

"ဖေဖေ အလင်းဖြူက မိန်းမခိုးရဖို့တွေ ရှိနေပြီ၊ သူ မိန်းမရသွားရင်လဲ ရာထူးတိုးပေးဖို့ စဉ်းစားထားဦးနော်"

"တော်ပြီလား"

"သူက မိဘမဲ့မို့လို့ပါ၊ ကျွန်တော်လဲ မိခင်မဲ့ပဲ၊ ကိုယ်ချင်းစာလို့ ပြောတာ၊ အလင်းဖြူက အလုပ်ထဲမှာ ကြိုးလဲကြိုးစားတာ မန်နေဂျာလဲ သိပါတယ်၊ ကိုယ့်သူငယ်ချင်းရဲ့အလုပ်ဆိုပြီး အခွင့်အရေးယူ ခိုကပ်တာ ဘာမှမရှိဘူး"

"ဘယ်သူပြောတာလဲ"

"မန်နေဂျာပြောတာလေ၊ ဖေဖေက မယုံလို့လား"

"သူပဲ ဖေဖေ့ကိုတိုင်တာ၊ အလုပ်မဆင်းတာ တစ်ရက်ခြားဖြစ်နေပြီ တဲ့"

"သုံးခါတည်းပါ"

"ဩော် ... နည်းသေးတယ်ပေါ့"

"ကျွန်တော့်သူငယ်ချင်းပဲ ဖေဖေရာ၊ တစ်ရုံးလုံးလဲ သိနေကြတာပဲဟာ၊ ဖေဖေကလွဲရင် သူ့ကို အားလုံးက ကွက်ကွက်လေးချန်ပြီး အရေးပေးနေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့အကြောင်းကို မင်းသိတယ်နော် လွှမ်း၊ မျက်နှာလိုက် တတ်တဲ့အကျင့် ဖေဖေ့မှာ မရှိဘူး။ အေး သတိပေးထားလိုက်၊ သိသာ သိစေ မမြင်စေနဲ့တဲ့၊ ငါ ကုမ္ပဏီကို ရောက်သွားတဲ့တစ်နေ့ ခင်းကောင် လစ်နေတာနဲ့တိုးရင် ညာမှာမဟုတ်ဘူး"

"ရတယ်၊ ဖေဖေ ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်မလား တစ်ယောက်ငါးဆယ်စီပေါ့၊ ငါ့ကုမ္ပဏီကနေ မင်း ခေါင်းနဲ့ဆင်းပေ တော့ဆိုပြီး ကန်ချဖို့ စဉ်းစားထားရင်တော့ ဖေဖေ့ခြေထောက်နဲ့ မတ် တတ်ကနေ ကန်ဖို့မစဉ်းစားနဲ့"

"ဘာကွ"

လွှမ်း က ညဝတ်အင်္ကျီခါးကြိုးကို ဖြစ်သလို ပတ်ချည်ပြီး မွေ့ရာ ပေါ် နောက်ပြန်တက်ပစ်လိုက်ကာ ...

"ဟုတ်တယ်၊ ဖေဖေ တုံးလုံးအရင်လှဲပြီး နှစ်ယောက်တွဲရပ်ခိုင်း ပြီးကနေ ကျောကနေ ကန်ချ၊ ခြေဖဝါးကန့်လန့်ဖြစ်မှ တစ်ယောက် တစ်ဝက် ကန်မိမှာပေါ့၊ မျှမျှတတ"

"ခွေးကောင်"

ချာခနဲ လှည့်သွားပေမယ့် ဖေဖေ ပြုံးသွားမှာကို လွှမ်း သိသည်။ အဲဒါ အပိုတွေပြောလိုက်တာမဟုတ်ဘူး၊ တကယ် .....။





•

အခန်း (၁၉)

"လွှမ်း၊ မင်းလာတာ အတော်ပဲကွ၊ နှင်း ဒီမနက် သူ့အဖေမွေးနေ့ အတွက် လက်ဆောင်ဝယ်ဖို့ ပလာဇာလာမှာတဲ့ကွ၊ ငါ အလုပ်က ပြန် လာတော့ နှင်းရဲ့သူငယ်ချင်း လတ် ကိုယ်တိုင် လမ်းကနေစောင့်ပြော တာ၊ ဖုန်းဆက်တော့လဲ မိန်းမကြီးတစ်ယောက် ကိုင်တယ်၊ မင်း မရှိ ဘူးတဲ့၊ အိမ်ကိုလိုက်လာချင်တာ အိမ်လဲ မသိ"

အလင်းဖြူက သူ့ဒုက္ခတွေကို ရှုတ်ပြနေသည်။ ဒီနေ့ သူ သတိ တရနဲ့ ကုမ္ပဏီကိုဝင်လိုက်မိတာ အလင်းဖြူက မရှိ။

"ဒီနေ့ မလာဘူးထင်တယ်၊ မရောက်သေးဘူး" ဟု တံခါးစောင့် သည့် ကောင်လေးက ပြောသည်။ ဒါကြောင့် အထဲမဝင်တော့ဘဲ ချက်ချင်း လှည့်ပြန်ခဲ့တာဖြစ်သည်။

"မင်း ပျက်ရက်တွေ များနေပြီ၊ ဒီရက်ပိုင်း နည်းနည်းလျှော့ဦး" လို့ ပြောမလို့ အားခဲလာခဲ့သော စကားလုံးတွေက အိမ်ပေါက်ဝကနေ စောင့်ပြောလိုက်သည့် ပရိဒေဝစကားများကြောင့် ဘာမှလည်း မပြော ဖြစ်တော့ပါ။

မပြောဖြစ်သည့်အပြင် ဆက်၍ကူညီဖို့ဖြစ်လာတော့ ရွှေကိုယ် ဆော်ကို ကားပေါ်တင်ပြီး ထွက်လာခဲ့ရတာ ပလာဇာသို့။



www.burmeseclassic.com

www.burmeseclassic.com



အလင်းဖြူသည် ကားပေါ်မှာထိုင်ရင်း ရှေ့သို့သာ လည်ပင်းရှည်
နေသဖြင့် ဘာစကားမှပင် မပြောနိုင်၊ ကားမောင်းရင်း လှည့်ကြည့်
ကာ လွှမ်း ပြုံးလိုက်မိသည်။ ဖိအားကအတော့ ကောင်းနေ၍

"မင်းက ဘာရယ်တာလဲ"

"မရယ်မိပါလား"

လွှမ်း က လှည့်မကြည့်ဘဲ ပြောသဖြင့် အလင်းဖြူ မလုံမလဲ
ပြုံးသည်။

"မင်းကိုစောင့်နေရတာနဲ့ နှင်း ကိုမီပါ့မလား မသိဘူး၊ အဲဒါ
စိတ်စောနေလို့ပါ။ ညက တစ်ညလုံး မင်း ဒီမနက်လာပါ့မလားလို့
တဲ့ရင်ဘတ်ထဲမှာ ရေမျိုချတာတောင် မအေးတော့ဘူး"

ဖြစ်ရမယ်လို့ မပြောဖြစ်ဘဲ လွှမ်း က ကားကို ပလာဇာဘက်
ကွေ့သည်။

"မင်းက ဘာဖြစ်လို့ ငါ့ကို လိပ်စာမပေးတာလဲ၊ လာမှာစိုးလို့လား"

ဒီတစ်ခါတော့ အလင်းဖြူက ဖွင့်ဟမေးမြန်းလာသည်။ လွှမ်း
က ခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ ငါ့အိမ်က ဆက်ဆံရေး သိပ်မကောင်းဘူး
မင်းကို မလာစေချင်လို့"

မုသားပါသွားတာ သေချာပါသည်။ ကုမ္ပဏီမှာ အလုပ်အပ်
ထားတာတောင် ငါ့အဖေပိုင်တာလို့ လွှမ်းက မပြောခဲ့ပေ။ အလင်း
နဲ့သူ ဘာမှမကွာခြားတဲ့ပုံနဲ့ပဲ ရင်းနှီးစွာ နေချင်၍ဖြစ်၏။

ဒါကို အလင်းဖြူကလည်း ရိပ်မိပါသည်။ သို့သော် တကယ်
ဖို့ လိုအပ်လာသည့် ခုလိုကိစ္စမျိုးကျတော့ ဒီလောက်ထိ ခင်မင်
ကြပြီး လိပ်စာတောင် မသိရသည့်အဖြစ်ကို မချင့်မရဲတော့ ဖြစ်ခဲ့

"ရပြီ လွှမ်း၊ ဟိုမှာ ဟိုမှာ နှင်း ..."

ကားရပ်ပစ်လိုက်တော့ အလင်းဖြူက အပြေးတစ်ပိုင်း ဆင်းသည်





"ဒုန်း ..."

"အ ..."

"ဟာ ..."

လုပ်ချလိုက်တာ ရှေ့မကြည့်နောက်မကြည့်၊ တံခါးဖွင့်လိုက်ခြင်း
မှာ နောက်ကလျှောက်လာသူကို တံခါးရွက်နှင့် ရိုက်ထုတ်သလို ဖြစ်
သွား၏။ ထိုသူ အနည်းငယ်ယိုင်သွားကာ ကမန်းကတန်း ဆင်းလိုက်
သည့် အလင်းဖြူကို မျက်ထောင့်နီနှင့်လှည့်ကြည့်သည်။

"ဆောရီးဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အစ်ကို ဘာဖြစ်
သွားသေးလဲဟင်"

"လက်နာသွားတာပေါ့ကွ၊ စီးကရက်လဲ ပြုတ်ကျသွားပြီ"

ကားနှင့်ရိုက်မိသွားသည့် သူ့လက်ခုံကို အလင်းဖြူ မျက်နှာနှင့်
ထိတော့မတတ် တိုးကပ်ပြသည်။ အလင်းဖြူက မျက်နှာမော့ရှောင်
လိုက်ပြီး ထပ်တောင်းပန်၏။

"ကျွန်တော် စိတ်လောကြီးသွားလို့ပါ၊ အဲဒါ တောင်းပန်ပါတယ်"

"မင်း တောင်းပန်လိုက်တာ လက်နာမပျောက်ဘူးကွ၊ ငါ့စီး
ကရက်လဲ ငါ့လက်ကြားထဲ ပြန်ရောက်မလာဘူး"

ထိုသူ့ဆီမှ အရက်နံ့က နှာခေါင်းထဲ ဝင်လာသည်။ အရက်မူး
သမားပုံမပေါက်ပေမယ့် မူးလို့ရစ်နေတာကို အလင်းဖြူ သိလိုက်၏။
ဒါပေမယ့် ကိုယ်က လွန်တာမို့ ...

"ဟုတ်ပါတယ် အစ်ကို၊ အစ်ကို့လက်နာသွားတာ ခုချက်ချင်း
တော့ ပျောက်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ..."

"ငါ လုံးဝမကျေနပ်ဘူး"

"အလင်းဖြူ ..."

"ဟင်"

ကားထဲက လွှမ်း အသံထွက်လာသည်။ သူ ထိုင်ခဲ့သည့် ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



ထိ လွှမ်း ရောက်နေပြီမို့ အလင်းဖြူက ငုံ့ကြည့်၏။ လွှမ်း က မှန်ချထား သည့်ပေါ်ကနေ မှုးနေသည့်မျက်နှာကို မျက်လုံးလှန်ကြည့်ကာ ...

"စီးကရက်သောက်ရင်း ဘိန်းရှူလာတာ နေမှာပေါ့၊ ရော့ ... အဲဒီစီးကရက်မျိုး မင်း လျှော့နိုင်မှာမဟုတ်ဘူး၊ အဲဒါပေးလိုက်"

ထောင်တန်တစ်အုပ်ကို လွှမ်း ကပေးတော့ အလင်းဖြူ ပိုက်ဆံ တွေကိုတော့ ယူမိသည်၊ ဘာဆက်လုပ်ရမှန်းမသိ။ ထိုသူက နှုတ်ခမ်း မဲ့ခြင်း၊ အံကြိတ်ခြင်းကို လှမ်းကြည့်နေသူတွေပါ သိသာစေအောင် တမင်လုပ်ပြပြီး ...

"မင်းက ဘာလဲကွ၊ ဘာစကားပြောတာလဲ၊ ကားရပ်ရမယ့်နေရာ မဟုတ်ဘဲ ရပ်တာကိုး ..."

"ဒုန်း ..."

"အား ...."

စကားမဆုံးလိုက်ပေ၊ လွှမ်း ပစ်တိုက်ပစ်လိုက်သည့် တံခါးရွက် အရှိန်နှင့် ထိုသူ ကားခနဲ လဲကျသွားသည်။ လွှမ်း ကားပေါ်ကနေ ဆင်းလာ၏။ လဲကျသွားသည့်အဖြစ်ကို အေးစက်စက်ကြည့်၍ လှုပ်ရှားမှုကင်းမဲ့နေသော မျက်နှာက လူသေမျက်နှာနှင့် တူနေသည်။

လွှမ်း ၏ဒေါသကို အလင်းဖြူ သိလိုက်ကာ စောစောကထက် ပိုဆိုးသွားသည့် စိုးရိမ်ခြင်းဖြင့် နှင်း ရှိနေရာကိုလည်း လှမ်းကြည့်မိ သည်။ သူ လှည့်ကြည့်လိုက်တာကို စောင့်နေပုံရသည့် နှင်း က မျက်လုံးချင်းဆုံလိုက်သည်နှင့် သူမဆီလာခဲ့ဖို့ ခေါင်းညိတ်ခေါ်တာ မြင်ရသည်။ အလင်းဖြူ မသွားနိုင်ပါ။

"လွှမ်း ..."

လွှမ်း လက်မောင်းကို ဖမ်းဆုပ်တော့ လွှမ်း က ခေါင်းညိတ်ကာ ...

"မင်း ဖယ်နေ"

ဟု ပြောသံက ခပ်ကြိတ်ကြိတ်၊ ပြီးတော့ လှုးလဲထလာသည့်





လူရှေ့မှာ ရင်ဆိုင်ရပ်ကာ ...

"ခုမှ ခင်ဗျားတကယ်နာတာ မဟုတ်လား၊ မှတ်ထား၊ အဲဒါ တမင် ရန်စတာလို့ ခေါ်တယ် ခင်ဗျား ဘာဖြစ်ချင်လဲ"

"မင်းက ..."

လူတွေ ဝိုင်းကြည့်နေကြတာကိုလည်း ရှက်သွားပုံရကာ ထိုသူ က လွှမ်း မျက်နှာကိုထိုးဖို့ လက်သီးရွယ်၏။ လွှမ်း က မဲ့ကာ ထိုလက် သီးမြှောက်လိုက်သည့်ဆီ ဖတ်ခနဲ ဖမ်းဆုပ်ပစ်လိုက်ကာ ...

"ကြာလို့"

ဟု ပြောရင်း လက်ကို ဆွဲလိမ်ပစ်လိုက်၏။

"အား ...."

လွှမ်း က ကျောကော့နေသည့် ထိုသူ ရှပ်အကျီအိတ်ထဲကို ဘောင်းဘီအိတ်ထဲက ဖြစ်သလို ဆွဲထုတ်ယူလိုက်သည့် ဖရိုဖရဲထောင် တန်ရွက်တွေ ထိုးသိပ်ထည့်ပေးလိုက်၏။

ပြီးတော့ နောက်မှနေ၍ ထိုသူ့နားနားမှာ ကပ်ပြောလိုက်သည်။

"ဟိုဆေးလိပ်ပါ ကောက်သွား၊ ကျုပ် စိတ်မရှည်ရင် ခင်ဗျား ထောင်ကျသွားလိမ့်မယ်"

ဟုပြောပြီး တွန်းထုတ်ပစ်လိုက်သည်။

စောစောကတည်းက လဲကျသည့်အရှိန်ဖြင့် ခြေထောက်နာသွား ပုံရသော လူက ဆေးလိပ်တိုနားမှာပဲ ကုန်းကုန်းကွကွ လဲကျသွားသည်။

လွှမ်း ကို ပြူးပြူးပြဲပြဲ မော့ကြည့်ကာ ဆေးလိပ်ကို တကယ် ပြန်ကောက်သည်။ ထို့နောက် လှည့်မကြည့်တော့ဘဲ ခပ်နှဲ့နှဲ့နှင့် ထွက် ခွာသွားလေသည်။

ထိုအခါကျမှ အလင်းဖြူ သက်ပြင်းချနိုင်သည်။ လွှမ်း ကို ထောင် တန်တွေ ပြန်လှမ်းပေးပြီး ...

"အဲဒါ ဆေးသမားလား" ဟု ကပ်မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ငါ တမင်ပြောလိုက်တာ၊ ပြေးတာက ဝါသနာပါတာဖြစ်မှာပေါ့"

လွှမ်း က ခပ်တည်တည်နှင့် ကားထဲပြန်ဝင်သည်။

ဝေဖန်စကားအမျိုးမျိုးနှင့် ရပ်ကြည့်နေကြသူအချို့ ရှိသွားကြသည်။ နှင်း နှင့် မျက်နှာချင်းဆိုင်မိကြတော့ ရာသီဥတုက မသာယာတော့ပါ။

သူမ ခေါ်တာကို မလာခဲ့သဖြင့် နှင်း စိတ်ကောက်သွားတာလား၊ ဒါမှမဟုတ် သတ်မှတ်ချိန် တကယ်ပဲ ကုန်သွားတာလား မသိ။

"အချိန်မရတော့ဘူး အလင်း၊ နှင်း ပြန်ရတော့မယ်၊ နောက် သူနဲ့ နှင်း ဆီ မလာပါနဲ့"

နှင်း သည် ဒေါသထွက်နေပုံရပေမယ့် ဟိုတုန်းကလိုပဲ အလင်းဖြူကိုတော့ တင်းတင်းမာမာ ဘာမှမပြောရက်ဘဲ မျက်နှာကို ခဏကြာအောင် ငေးကြည့်သည်။

"နှင်း ပြန်မယ်နော်"

ဟု ထပ်၍နှုတ်ဆက်ပြီး အလင်းဖြူ လက်ထဲကို စာရွက်တစ်လိပ် ထည့်ပေး၏။ ပြီးတော့ ကားမည်းလေးနဲ့ သူမ ပြန်လည်ထွက်ခွာလာခဲ့လေသည်။

အလင်းဖြူ စာကို ငုံ့မကြည့်နိုင်ဘဲ ရင်ထဲမှာ ဆွေးသွားသည်။ နှင်း ရဲ့မျက်နှာလေးကို ကြည့်လို့မဝလိုက်ဘဲ ပျောက်ကွယ်သွားသည့်နောက်ကို တမေ့တမော ငေးနေမိ၏။

ငုံ့ကြည့်လိုက်တော့ စာရွက်လိပ်ကလေးက စာရွက်ဖြူမဟုတ်ဘဲ မှန့်ထုပ်တဲ့ဆိပ်ကလေးသာဖြစ်ပြီး လောလောဆယ် ကောက်ရေးပစ်လိုက်တာမှန်း သိသာ၏။

"အလင်း

နောက် မတွေ့တော့ဘူး၊ ဖုန်းနဲ့ပဲ ပြောကြမယ်နော်၊ ဖုန်းပြောခတော့ ရုထားမှ ဖြစ်မယ်" တဲ့။

စာက ဒါပဲဖြစ်သည်။ အောက်မှာ လက်မှတ်မထိုးထားဘဲ ဖုန်းနံပါတ်လေး ရေးထားသည်။ အလင်းဖြူ ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်ပေ။ ဖုန်းပြောခ ရုထား ဆိုတာက လွှမ်း ရဲ့ဖုန်းနဲ့ မဆက်ဖို့ကို ပြောတာမှန်း သိသာ၏။

နောက် မတွေ့တော့ဘူးဆိုတာကလည်း လွှမ်း နှင့် ခုလိုလာမှာကို မလိုလားမှန်း သိစေလိုက်ခြင်းဖြစ်၏။ ဒီဖုန်းနံပါတ်ကို လွှမ်း တတော့ သိထားသည်။ ဟိုတစ်ခါ နှင်း ကိုဖုန်းဆက်ပြီး စာလာယူဖို့ ပြောခဲ့စဉ်ကတည်းက သူ မေးခဲ့ဖူး၏။

"သူ့အဖေက အောင်မြင်တဲ့ စီးပွားရေးသမားတစ်ယောက်ပဲကွ၊ ဘာခက်လို့လဲ၊ မင်း မသိချင်စမ်းပါနဲ့၊ သူက မင်းကို မပေးချင်လို့ ခပေးတား မပေး မယူရုံပေါ့" တဲ့။

အခု နှင်း ကိုယ်တိုင် ဖုန်းနံပါတ်ပေးတာကို သူ ဝမ်းမသာနိုင်ဘဲ ဖြစ်နေခဲ့၏။ ဘာဖြစ်လို့များ ဒါကို မကြိုက်တဲ့သူ့ရှေ့ကျမှ ဒီအဖြစ်မျိုး ဖြစ်ခဲ့ရတာလဲ။

နှင်း ကရော၊ ဘာဖြစ်လို့ လွှမ်း အပြစ်ပဲလို့ မြင်ပြီးရင်းမြင်နေခဲ့တာလဲ။ လွှမ်း ရန်ဖြစ်ခဲ့ရသည့် အကြိမ်ရေတော်တော်များများက သူ့ကြောင့်ဆိုတာ ပြောပြလည်း နှင်း က လက်မခံ။

သူရယ်၊ နှင်းရယ်၊ လွှမ်းရယ်ဟာ သုံးရာသီပေါင်းမှ တစ်နှစ်ဖြစ်ခဲ့ရသော ပူခြင်း၊ အေးခြင်း၊ စွတ်စိုခြင်း သဘောတရားများလို ...။

ဆန့်ကျင်ဘက်သက်ရောက်မှုများနှင့် စုစည်းမိခဲ့ကြသည်။ တွေးကြည့်ရင် သုံးယောက်စလုံးပေါင်းမှ ရင်ခွင်တစ်ခု ဖြစ်ရသလိုပါပဲလား။





ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"အလင်းဖြူ၊ မင်း ယောကျာ်းမဟုတ်ဘူးလား၊ ဘာမှမလုပ်ရေးသေးဘူး၊ မင်းခေါင်းထဲမှာ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာတွေနဲ့ပဲ ကင်းဆာဖြစ်ဖို့ ရှိနေပြီ"။

ဒေါသဖြစ်ဖြစ်နှင့် ပြောချလိုက်မိသည်။ အလင်းဖြူက သူ ဘာပြောပြော စိတ်မဆိုးခဲ့ပါ။ ခေါင်းညိတ်ဝန်ခံခဲ့တာတွေလည်း ရှိသည်။ အမှန်တကယ် သူ့မှာ အပြစ်တစ်ခုလိုဖြစ်နေခဲ့တာလည်း စဉ်းစားလွန်းသည့်အကျင့်ကြောင့် ဖြစ်၏။

"မင်းပဲ စဉ်းစားကြည့်လေ၊ ဖုန်းဆက်မယ်ဆိုတော့လဲ ဆက်လိုက်တိုင်း ဘယ်မှာတွေ့လို့လဲ၊ ဆယ်ခါလောက် အသည်းအသန်ကြိုးစားမှ တစ်ခါပဲ ခဏလေး အသံကြားလိုက်ရတယ်"

"မတူညီတဲ့ ဘဝနှစ်ခုပဲကွ၊ မင်း ဒီလိုဒုက္ခဝေဒနာ ခံစားရမှာပေါ့၊ နှင်းမာန ဆိုတဲ့မိန်းမက သိပ်အတ္တကြီးတာ၊ မင်းကို ငါနောက်ဆုတ်သင့်တယ်လို့ ပြောခဲ့ဖူးသားပဲ၊ ဒါ မင်း မဆုတ်နိုင်ခဲ့ဘူး၊ ရှေ့တိုးဖို့ဆုံးဖြတ်ပြီးရင်လဲ ဘာတွေဖြစ်လာမလဲဆိုတာ ခေါင်းထဲ မထည့်နဲ့တော့ပေါ့၊ ငါ့ဘက်က တော်ပြီ၊ ခဏခဏလဲ စော်ကားမခံနိုင်ဘူး"





"ဟာ ... အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ လွှမ်းရာ၊ မင်းကလဲ တကယ့်စွန့်စားခန်းရောက်နေမှ ..."

"မင်းအတွက် ငါက အသေခံပြတာတောင် ဒီမိန်းမက မင်းအပေါ်ထားတဲ့ ငါ့စေတနာတွေကို စေတနာလို့ မြင်မှာမဟုတ်ဘူး"

"မြင်လာပါလိမ့်မယ် လွှမ်းရာ၊ သူ့စိတ်ထဲမှာ မင်းနဲ့ယှဉ်တိုင်း ငါက ညံ့သလိုဖြစ်နေတာကို မကျေနပ်တာ၊ ငါ့ကို ညံ့တယ်လို့ မစွပ်စွဲရက်ဘဲ မင်းက တော်ချင်လို့ ရှေ့တက်တယ်လို့ ထင်နေတာ"

လွှမ်း က အလင်းဖြူကို ရှုံ့မဲ့စမ်းစမ်း ပြန်ကြည့်၏။

"တကယ်က အဲဒီအတိုင်းပဲကွ၊ ဖြစ်နေတာတွေနဲ့ နှင်း ရဲ့စကားအသွားအလာကို ငါ သုံးသပ်ကြည့်ပြီးပါပြီ၊ အဲဒီလို သူ အမြင်လွဲနေတာ၊ အဲဒါလဲ ငါ့ကို သူ ချစ်တာ၊ သူများတွေအမြင်မှာ ပျော့ညံ့ညံ့၊ ခပ်မွဲမွဲကောင်ဆိုပေမယ့် ဒါကိုပဲ သူက ကရုဏာဖြစ်ပြီး ချစ်ခဲ့တဲ့သူ၊ ငါ့ထက်အများကြီးသာတဲ့ မင်းက ငါ့အပေါ်မှာ ဂရုစိုက်တယ်၊ ညှာတာတယ်ဆိုတာကို သူ မယုံဘူးဖြစ်နေတယ်"

"နေစမ်းပါဦး၊ ဒီတိုင်းဆိုရင် မင်းနဲ့ယှဉ်ပြီး မင်းထက်သာတဲ့အချက်တွေနဲ့ ငါက သူ့ကို မြူဆွယ်ပိုးပန်းဖို့ ကြိုးစားနေတယ်လို့များ ဒီမိန်းမ တွက်နေသလားမသိဘူး"

"ဟာ မဟုတ်ဘူး၊ အဲဒါ ငါ နှင်း ဘက်က ကာကွယ်တာမဟုတ်ဘူးနော်၊ လုံးဝမဟုတ်ဘူးဆိုတာ သေချာလို့ပြောတာ၊ မင်း ငါ့နားမှာ မရှိစေချင်တာက ..."

အလင်းဖြူက စကားခဏရပ်ပြီး ဆံပင်တစ်ချက်သပ်လိုက်သေးသည်။ ပြောဖို့စကားက လွှမ်း ကို အားနာဖွယ်ဖြစ်နေပြီမှန်း အမူအရာက သိသာစေပြီးမှ အားနာသည့်မျက်ဝန်းများနှင့် ပြန်ကြည့်သည်။

"မင်းကို ... မင်းကို သူက မိဘမနိုင်တဲ့ ခပ်ဆိုးဆိုး ..."

"လူရမ်းကားလို့လဲ ပြောပြီးပါပြီကွာ၊ ပြောမှာသာ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မဟုတ်ပါဘူးကွ၊ ငါက မင်းနဲ့ ထတွဲတွဲဖြစ်နေတော့"

"ရန်ဖြစ်တတ်မယ်၊ ရမ်းကားတတ်မယ်၊ ဒါလဲ ငါ့ကို ပြောခဲ့တာပဲ၊ မကြားဖူးတဲ့စကား မဟုတ်ဘူး၊ ဆက်ပြော"

"မဟုတ်ဘူးဆိုကွာ၊ မင်းကလဲ၊ အကျင့်စရိုက်ဆိုတာ မွေးရာပါ ဗီဇပါ၊ အလွယ်တကူပြောင်းလဲသွားတတ်တာမှ မဟုတ်တာ၊ ပြီးတော့ ငါတို့အရွယ်က အပေါင်းအသင်းမှားပြီး ပျက်စီးကြရတဲ့ အရွယ်တွေလဲ မဟုတ်တော့ပါဘူး၊ သူ ငါ့ကိုပြောတယ်၊ မင်းက ဘာမှ ဂရုစိုက်တတ်တဲ့ သူ မဟုတ်ဘူး တဲ့"

အစချီ၍ နှင်း ပြောတာကို အလင်းဖြူက ပြောပြခဲ့သည်။

"ရုံးရောက်၊ ဂတ်ရောက် သူကတော့ ဘယ်တော့မှလဲ ဂရုစိုက်မှာမဟုတ်ဘူး၊ ကြောက်မှ မကြောက်တတ်တာ အလင်းရယ်၊ မကြောက်တတ်ဘူးဆိုတာကို လက်မထောင်ပြီး ဂုဏ်ယူနေတဲ့ လူမျိုးဟာ သူ မကြောက်တတ်ဘူးဆိုတာ ပေါ်လွင်စေမယ့်အဖြစ်တွေ များများရင်ဆိုင်ရလေ ပျော်လေပေါ့၊ နာမည်ကြီးချင်လို့ နိုင်ငံတော်သမ္မတကို သတ်တယ်ဆိုတာ အလင်း ကြားဖူးလား၊ သူက အဲဒီလိုလူမျိုး အလင်းရဲ့၊ အလင်း သူနဲ့ဆက်တွဲနေမယ်ဆိုရင် သူ့ကြောင့် အလင်း ရောပြီး ရဲစခန်းတွေ ဘာတွေ ရောက်နိုင်တယ်၊ အချောင် ကြားညပ်ပြီး ခြေကျိုးလက်ကျိုးနဲ့ ခေါင်းကွဲ၊ တိပ်ကွဲဖြစ်မယ်၊ မပေါင်းနဲ့ မသင်းနဲ့လို့ နှင်း မပြောပါဘူး၊ ဆင်ခြင်ဖို့ပါ၊ နေရာတကာ တပူးတွဲတွဲကြီး မလုပ်ပါနဲ့၊ နှင်း နဲ့တွေ့ဖို့ ဘာညာ အခက်အခဲတွေကို ကူညီပြီး သူ လူစွမ်းကောင်းလုပ်နေတာ၊ ဒါတွေနဲ့ပတ်သက်ပြီး အလင်း သူ့ကို အားကိုးနေတာလား၊ ကျေးဇူးတွေ တင်နေတာလား"

ပြောသမျှကို မခြွင်းမချန် ပြောပြရတာက ဒီ့ထက်ဆိုးရွားစွာ မထင်စေချင်လို့ပါ။ အလင်း ပြောပြီးတော့ လွှမ်း က မချိုမချဉ်ပြန်ကြည့်သည်။





"အဲဒီလို မပြုံးပါနဲ့ကွာ၊ ငါတို့နှစ်ယောက် ဘယ်လို ခင်ကြ ချစ်ကြတာ ငါတို့ပဲ သိတယ်၊ ချစ်တတ်လာရင် လွှမ်းတတ်ဖို့က သင်ပေးဖို့ ဆိုမှမလိုတာ၊ ခင်မင်ကြပြီဆိုကတည်းက တစ်ယောက်နဲ့တစ်ယောက် အခက်အခဲဖြစ်လာရင် တိုင်ပင်ကြ၊ ရင်ဖွင့်ကြတာ ဆန်းလို့လား"

အလင်းဖြူက ကဗျာတွေစပ်တာ ကျွမ်းကျင်သလောက် အပြောသည်းမဆိုးလှပါ။ ဘယ်လောက်မှ မကြာလိုက်မီ မိန်းမခိုးဖို့ ပြောလာပါတော့သည်။

"ငါတို့ ခိုးပြေးရတော့မှာ သေချာတယ် လွှမ်း၊ လေပြည်လေညင်းလေးတွေ တိုက်နေခဲ့တဲ့ ရာသီဥတုက ခုမှစပြီး မုန်တိုင်းဆင်တာ"

"ဘာတွေဖြစ်ကုန်ပြီလဲ"

"နှင်းကို အပြင်လုံးဝပေးမထွက်တော့ဘူးတဲ့၊ ပြီးတော့ သူတို့သားအဖပုံစံက ဒီကိစ္စနဲ့နွယ်ပြီး တခြားအတိုက်အခံတစ်ခုခုမှာ အတွန်း ပြုံးနေသလိုပဲ"

လွှမ်း က ပြုံး၍ ဖျတ်ခနဲ လှည့်ကြည့်သည်။ သိပြီးသား ဆိုသည့် မျက်ဝန်းတွေပါ။ ပြီးတော့ အောက်မေးဖျားသည် တွန့်ရွဲ့လှုပ်ခတ်သွားပြီး နှုတ်ခမ်းမဲ့၏။

"မင်းကို အသုံးချပြီး ဖအေကို တမင်တကာ အတိုက်အခံလုပ်နေတာတွေလဲ ဖြစ်နိုင်တာပဲ၊ နှင်းမာန ဆိုတဲ့မိန်းမက သူ့ဘဝကို အဆုံးပြီး မာနကို ရွေးချမယ့် မိန်းမ၊ အတ္တကို ထိုးလုပ်ဆောင်းရင် နောက်ဆုံးထွက်သက်အထိ တစ်ယူသန်မယ့် မိန်းမ"

ရင်ထဲက စကားတွေပါ။ တကယ်တမ်း အလင်းဖြူကို သူ ဘာမှ ပြောရက်ခဲ့ပေ။ ပြောတိုင်းရော ဘယ်တုန်းက ရခဲ့လို့လဲ။

ပြောနေသမျှ ငြိမ်သက်နားထောင်နေခဲ့ပြီး နောက်ဆုံးကျတော့ "ဒါ သူ့ကို သိပ်ချစ်တယ်" ဆိုသည့်စကားနဲ့ပဲ ရှောင်လွှဲထွက်ခွာသွားတော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရည်းစားမထားဖူးပေမယ့် ချစ်တတ်တဲ့လူတွေ အကြောင်းတော့ သူလည်း ကြားဖူးနားဝတွေ ရှိတာပဲ။ နှင်းနဲ့အလင်း ဖြူတို့လို စုံတွဲမျိုးကတော့ ရှားပါသည်။

ဒါပေမယ့် ရင်ထဲကစကားတွေက ထွက်မလာဘဲ ပြောဖြစ်တာ က တခြား။

"မင်း ပိုက်ဆံစုနေတယ်ဆို၊ ဘယ်လောက်ရှိလဲ"

ကူညီဖို့တွေ စကားစလာတော့ အလင်းဖြူ ဝမ်းသာအားရ ဖြ သွား၏။

"ရှိတယ်၊ ဒါပေမယ့် သိပ်တော့ မများဘူးကွ၊ ဒေါ်လေးကထဲ ပြောတယ်၊ တခြားမှာ ခွဲထွက်နေဖို့ မလိုဘူးတဲ့၊ အိမ်မှာပဲ ..."

အလင်းဖြူ စကားက လွှမ်း နှာခေါင်းရှုံ့သွားသောကြော တစ်ပိုင်းတစ်စနှင့် ရပ်သွား၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ အလင်းဖြူရာ၊ မင်းနေတဲ့အိမ်က လူကြီးတွေ ရော၊ ကလေးတွေရော၊ ကွိစိကွစတွေ နည်းသလား။ နှင်းမာနကို မင် က အဲဒီမှာထားရင် သူ ဘယ်နေ့ထွက်သွားမလဲ၊ လက်ချိုးရေတွက်ပေ တော့"

အလင်းဖြူ ငိုင်သွားသည်။

"ငါက အဲဒီမှာထားမယ်လို့တော့ မရည်ရွယ်ပါဘူး၊ ဒါပေမယ် မပြည့်စုံခင် ကာလကလေးမှာတော့"

"မပြည့်စုံခင်ကာလမှာရော၊ မင်း စဉ်းစားကြည့်စမ်းပါ။ မပြည့် တာကို ခံစားရတာက တစ်မျိုး။ လူတွေအများကြီးထဲမှာ ဘာညာကွိ တွေ ဖယားရှုပ်တာက တစ်မျိုးနဲ့"

" ငါ့မှာ တခြားငှားရမ်းဖို့တော့ ရှိပါတယ်၊ ဒါပေမယ့် ရှိတာ ရှိသလောက် သုံးလိုက်ရမှာ၊ တအားကျပ်သွားမှာစိုးလို့ကွ"





"ကျပ်တော့လဲ ချောင်အောင် ကြိုးစားပေါ့ကွ၊ ယောကျ်ားပဲ၊ ဒီမှာ ငါပြောမယ်၊ မင်း သူ့ကို သီးသီးသန့်သန့်ထားနိုင်ဖို့ ကြိုးစား၊ ဒီထဲမှာ လိုအပ်တာ ဘာညာတော့ ရှိမှာပေါ့၊ ငါ ကူညီပါ့မယ်"

"အေးပါ၊ ငါ အဲဒီအတိုင်းပဲ လုပ်ပါ့မယ်၊ ဒါပေမယ့် နိုးပြေးပြီး ငါ ဒီမှာပဲ ပုန်းနေလို့ ရပါ့မလား"

"ငါ စီစဉ်ပေးပါ့မယ်"

သူ့ကိုက အမှတ်မရှိခဲ့တာဖြစ်သည်။ ဒါပေမယ့် တွေးကြည့်တော့ လည်း အလင်းဖြူအဖြစ်က သူ့မှမကူညီလျှင် ဘယ်နေရာမှာမှ လွယ် ကူဖွယ် မရှိသည့်အဖြစ်။

ဘယ်လိုခိုးပြေး၊ ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်မယ်၊ ဘယ်ကာလ အထိ ဘယ်လို၊ သူ အားလုံး ဖယားလုပ်ပေးသမျှ အလင်းဖြူ ခေါင်း ညိတ်၏။

တကယ်တမ်း ခိုးပြေးတဲ့ညမှာတော့ ဒါရိုက်တာကြီး အချုပ်ထဲ ရောက်ခဲ့လေသည်။ ဦးဇော်လွင်၏ လူသုံးယောက် သွားကျိုးတဲ့သူက ကျိုး၊ ခေါင်းကွဲတဲ့သူလည်း ပါသည်။ တစ်ယောက်ကတော့ ဆေးရုံ တက်လိုက်ရသည်။

ဒါတောင် ခြံထဲကို သူ မကျွံခဲ့လို့၊ မဟုတ်ရင် ထောင်နန်းစံရဖို့ ရှိသေးသည်။ အသည်းနာဖို့ကောင်းသည်က နှင်းမာန ပြောသွားသည့် စကားပဲဖြစ်၏။

"ဒါ သူ့ဝါသနာ" တဲ့။

ဝါသနာပါလို့ အချုပ်ထဲဝင်တဲ့သူ ရှိဖူးလား။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

တစ်ညလုံးသောက်ထားခဲ့သည်၊ မနက်ကျတော့လည်း ဆက်သောက်၏။ ဖေဖေ လာပြောတော့မှ အိပ်ရာထဲ ပြန်ရောက်ခဲ့လိုက်တာ နိုးလာတော့ ညနေသုံးနာရီ။

အတိတ်ကအကြောင်းတွေ စဉ်းစားလွင့်မျောရင်း အိပ်မက်ထဲ အထိ အတိတ်က စိုးမိုးသွားခဲ့၏။ ရေချိုး အဝတ်အစားလဲပြီး ကားပေါ် ရောက်လာခဲ့တဲ့အထိ ခေါင်းထဲမှာမကြည်။

ကား၏ရှေ့မြင်ကွင်းထဲမှာ အတိတ်က ပုံရိပ်တွေက ပျောက် မသွားဘဲရှိ၏။ မူးနောက်ရီဝေနေသည့် ခေါင်းက ပို၍ အုံ့ခဲလာသည်။

တွက်ကြည့်လိုက်တော့ ရက်၊ လ၊ နှစ်တွေ အကြာကြီးကျော်ဖြတ် ပြီးခဲ့ပြီ ဖြစ်သည်။ သို့သော် အတိတ်ကို ပြန်တွေးလိုက်တိုင်း မနေ့တစ် နေ့ကလိုပဲ ခံစားနေရသည်။

အလင်းဖြူ၏ ဖြူဖျော့ချောက်ချားစွာ ငေးရင်း ခွေကျသွားသည့် မျက်နှာ၊ ဧည့်ဆောင်ထဲမှာ အံကြိတ်တွန့်ခါရင်း သူ့အတွက် ပေးဆပ် သွားခဲ့သော နောက်ဆုံးထွက်သက်။

"ကျွတ် ..."

ကားမောင်းနေရင်း ခေါင်းကို ခါထုတ်ပစ်လိုက်၏။





သူတောင် ဒီလိုခံစားနေရတာ နှင်းရဲ့အမုန်းတွေ မပြေနိုင်ခြင်း က အပြစ်လား။

ကားက အစိမ်းရောင်သုတ်ထားသည့် သံပန်းသံတံခါးချပ်ကြီး ရှေ့မှာ ထိုးရပ်သွား၏။ ဟွန်းတီးဖို့ သတိမရဘဲ အစိမ်းရောင်လွင်ပြင် ကို ငေးကာ လွမ်း မျက်နှာက တင်းနေသည်။ ပြီးတော့ ရုတ်ခနဲ ပြေ ကျသွားသည်။ ထို့နောက် မျက်မှောင်ကြုတ် အံကြိတ်၏။

"တီ ..."

ညင်ညင်သာသာမဟုတ်ဘဲ လက်သီးနှင့်ထုပစ်လိုက်တာမို့ ဟွန်း သံက ကြားလို့မကောင်း။ အပေါ်ပိုင်းသံပန်းတစ်ဝက်နှင့်မို့ အထဲက ခြံစောင့်၏ မျက်နှာကို လှမ်းမြင်လိုက်ရသည်။ ကားကိုမြင်ပြီး အထဲက သူကို သေချာလိုက်ငုံ့ကြည့်၏။

"ဩော် ..."

သံရှည်ကြီးနှင့် ပျာပျာသလဲဆိုရင်း တံခါးကို ကပျာကယာ ဖွင့် ပေး၏။ သူ ကားကို မောင်းဝင်လာရင်း ...

"နှင်းမာန ရှိလား ဦးလေး"

"ရှိတယ် ရှိတယ်၊ ခုပဲ ပြန်ရောက်တာ"

သူ ကားမောင်းဝင်လာတော့ ပေါ်တီကိုအောက်မှာ ဘောလုံး တစ်လုံးနှင့် အလုပ်ရှုပ်နေသည့် မာန့် ကို လှမ်းမြင်လိုက်ရ၏။ မာန် ကလည်း ကားဝင်လာတာကို ကျောခိုင်းလျက် ငုတ်တုတ်လေးထိုင် ရင်းကနေ လည်ပင်းလေးလိမ်နေအောင် လှည့်ကြည့်နေသည်။

သူ ကားရပ်ပြီး တံခါးဖွင့်ဆင်းလိုက်လျှင် ...

"ဟာ ... ဦးဦး"

သူ အံ့အားသင့်သွားမိ၏။ ဒီကလေးနှင့်သူ ဤသို့ နှုတ်ဆက်ရ လောက်အောင် မရင်းနှီးခဲ့သေး။

"ဦးဦး"



www.burmeseclassic.com

www.burmeseclassic.com



"သား ..."

အလင်းဖြူရဲ့ ရင်သွေးလေးက အလင်းဖြူရဲ့ ကိုယ်ပွား။

ရင်ထဲမှာ တရင်းတနှီးကြီးဖြစ်လာကာ ထလာသည့်ကလေးရှေ့မှာ ဒူးထောက်ထိုင်၍ ကိုယ်လုံးလေးကို ပွေ့ပိုက်ထားလိုက်မိသည်

"လွှမ်း .. ငါ ..ငါ့သားလေးနဲ့ နှင်း ...နှင်းကို"

သူ မျက်လုံးတွေ မှိတ်ပစ်လိုက်မိ၏။

ကလေးကို ဖက်ထားလိုက်မိသည်နှင့် အလင်းဖြူ၏ ကိုယ်သင်းနံ့က နှာခေါင်းထဲ ဝင်လာသည်။ တစ်ပြိုင်နက်တည်း ရင်နာစရာစကားသံတွေက အာရုံထဲကို ဒိုင်းခနဲ ဝင်ဆောင့်၏။

ကလေးရဲ့ကိုယ်မှာ အလင်းဖြူရဲ့ ကိုယ်သင်းနံ့ရှိနေခြင်းဟာ နှင်းမာန ၏ စွဲလမ်းမှုပဲဆိုတာကိုလည်း တွေးမိလိုက်သည်။ အစွဲကြောင့် အသုံးချခဲ့တာဖြစ်စေ၊ တကယ်ချစ်ခဲ့ခြင်း ဟုတ်သည်ဖြစ်စေ အလင်းဖြူအပေါ်မှာ နှင်းမာန ထားခဲ့သည့် သံယောဇဉ်ကို သူ လေစားသွား၏။

မုန်းပါစေ၊ သူ ချစ်သော၊ သူ့ကြောင့်သေခဲ့ရသော သူငယ်ချင်းကောင်းတစ်ယောက်အတွက် သူမကု ဆထက်ထမ်းပိုး နာကျင်ခဲ့သည်ဆိုရင် မုန်းလိုက်စမ်းပါ၊ သူ ကျေကျေနပ်နပ် ခံမည်။

ဒါပေမယ့် အလင်းဖြူရဲ့သားဟာ သူ့သားပဲဖြစ်ရမည်။

နောက်ဆုံးမှာကြားခဲ့သော အလင်းဖြူ၏ စကားအတွက် နှင်းမာနနှင့်သူ ရှေ့ဆက် တိုက်ခိုက်ရဖို့တွေ ရှိနေဦးမှာပဲ။

ဘာဖြစ်လို့လဲဆိုတော့ နှင်းမာနနှင့်သားလေးကို သူ အယ်လက်ထဲမှ မထည့်နိုင်။

"ဦးဦး"

"ဟင် ..."

ကလေးက သူ ဖက်ထားတာကို ရုန်းလိုက်ပြီး နောက်ကို ဆေး





သားလေး ဆုတ်ကာ မျက်နှာကို သေချာကြည့်၏။

"ဦးဦးက ဖေဖေနဲ့ ဘာတော်လဲဟင်"

"ဘယ်လို ..."

မာန် က သူ့လည်ပင်းလေးကို စမ်းရင်း နှိုက်လိုက်တော့ လော့ကက်လေးနှင့် ဆွဲကြိုးပါလာ၏။

"ဒီဓာတ်ပုံထဲမှာ ဦးဦးနဲ့ဖေဖေ တူတူရှိတယ်လေ"

လွှမ်း ငိုင်ကျသွားသည်။

"မင်းနဲ့ငါ ရိုက်ခဲ့တဲ့ဓာတ်ပုံ၊ ငါ့သားရဲ့လော့ကက်ထဲမှာ ငါ ထည့်ထားတယ်ကွ၊ နှင်း မသိဘူး၊ သိတော့လဲ မင်းကို ငါ ဘယ်လောက်ချစ်သလဲဆိုတာ သူ သိသွားတာပေါ့ကွာ၊ ငါ စိတ်မကောင်းတာတစ်ခုကထဲပဲ လွှမ်းရာ၊ မင်း သူ့ကို မကျေနပ်ဘူး၊ မင်းရဲ့မာနကို ငါ သိနေတာပဲ၊ ဘယ်သူကြောတာမှ မင်း မခံခဲ့ဘဲနဲ့ ငါ့အတွက်ကြောင့် သူ အမျိုးမျိုး စော်ကားပြောဆိုနေတာကို မင်း သည်းခံခဲ့တယ်၊ သူကတော့ မင်းကို ဘာအတွက်ဖြစ်ဖြစ် သည်းမခံချင်ဘူး၊ ဖြတ်ပါ၊ ခွဲပါ ပြောတုန်း ငါ ပြန်မပြော နားမထောင်လုပ်ပစ်ခဲ့လို့ သူ မတားတော့တာပဲ ရှိတယ်၊ မင် မကောင်းကြောင်းပြောရင် ငါ စိတ်မချမ်းသာမှန်း သိပေမယ့် သူ ပြောတာပဲ၊ တစ်ခါတစ်လေကျတော့ ငါ့မိန်းမဖြစ်ပြီး သူနဲ့ငါ ရင်းနှီးသလို ခံစားရတယ်၊ အဲဒါ တကယ်ခံစားရတာကွ၊ ကိုယ့်မိန်းမ အရိပ်တကြည့်ကြည့်နဲ့ ချစ်ရတာက တစ်မျိုး၊ ပျော်ခြင်း မပျော်ခြင်း တစ်မျိုးထင်တယ်၊ ငါ့အနားမှာ မင်းရှိနေရင် ငါ ပိုပျော်သလိုပဲ"

မာန့် လည်ပင်းက လော့ကက်လေးကို ငေးကြည့်ကာ လွှမ်း ငိုင်ကျသွားပြန်သည်။ သူ့စိတ်တွေ ဘာဖြစ်ကုန်တာလဲ၊ ညက အရက်တွေ သောက်ထားပြီး အတိတ်ကို တစ်ပတ်လျှောက်ပစ်လိုက်တာ ရှုပွန်ကို ပြန်မရောက်တော့သလိုပါလား။

"ဦးဦး ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံတွေကို မြင်သွားလို့ ကလေးက သူ့ကို ရင်းနှီးနေတာမှ
ခုမှ သဘောပေါက်သွားကာ သူ ပြုံးပြလိုက်သည်။

"အရမ်းချစ်တဲ့ သူငယ်ချင်းတွေပေါ့ သားရဲ့"

မာန် က သူ့ပခုံးတစ်ဖက်မှာ လက်ကလေးတင်ကာ သူ့မျက်နှ
ကို ပိုက်စိပ်တိုက်သလို အကြာကြီး ကြည့်နေသည်။ ပြီးမှ ...

"သူငယ်ချင်းဆိုတော့ ဖေဖေနဲ့ဦးဦးက ပေါင်းကြတာပေါ့နော်"

လွှမ်း ကြောင်တောင်တောင်ဖြစ်သွားပြီးမှ ခေါင်းညိတ်မိ၏။

"ဒါပေါ့ သားရဲ့၊ တူတူသွားကြ၊ လာကြနဲ့ ရင်းရင်းနှီးနှီး ပေါင်းကြ
တာပေါ့၊ ဘာဖြစ်လို့လဲ"

"ဦးဦးက လူကောင်းလား၊ လူဆိုးလားဟင်"

လွှမ်း ဆွံ့အသွားသည်။ နှင်းမာန မျက်နှာကို မြင်ယောင်ကာ
သူ နားလည်လိုက်သည်။

"မေမေက ဦးဦးကို လူဆိုးတဲ့၊ ဖေဖေက မဆိုးဘူးတဲ့၊ လူ
ကြောင်း ပေါင်းမှသိ ဆိုတော့ ဦးဦးက လူဆိုးကြီးဖြစ်နေတာကို ဖေ
က မသိဘူးလား"

သူ ဘာမှမဖြေရသေးခင် အိမ်ထဲက နှင်းမာန ထွက်လာသည်

"ဘာတွေလျှောက်မေးနေတာလဲ သားသား၊ လာ ဝင်လာခဲ့"

မာန် က ရှေ့ကို ဖျတ်ခနဲတိုးကာ သူ့လည်ပင်းကို ဖက်၍ ...

"သားသား၊ ဦးဦးနဲ့ စကားပြောချင်လို့ မေမေ"

"ဘာ ... ဘာပြောတယ်"

လွှမ်း က ကလေးကို ဆွဲချီလိုက်ပြီး နေရာမှ ထရပ်သည်။

"ကိုယ် အထဲဝင်ပါရစေ"

"နင် ဘာလာလုပ်တာလဲ"

"ဖိုက်ပ္ပိုင့်က ကိစ္စပါ၊ မင်း မလာလို့"

နှင်း မျက်နှာက မောက်မာရိုင်းစိုင်းဖို့ အဆင်သင့်ဖြစ်ထားသ





ပုံနှင့် နည်းနည်းမှ လျှော့ကျမသွားဘဲ ရှိ၏။ ဒါပေမယ့် ဘာသံမှ ထပ်
ထွက်မလာတော့ ခွင့်ပြုပြု မပြုပြု သူ အိမ်ထဲ ဝင်လာခဲ့သည်။

"သားသား ဒီကို လာစမ်း"

"မေမေကလဲ"

"သားသား"

နှင်း ဒေါသထွက်သွားသည်။ ဘယ်တုန်းကမှလည်း ခေါ်ခဲ့၊ ပြော
ခဲ့ဖူးတာ မဟုတ်၊ ကလေးတစ်ယောက် ဖွဲ့လမ်းခင်မင်သွားလောက်
အောင် ဖြားယောင်းစည်းရုံးမယ့်လူမျိုးလည်း မဟုတ်ပါ။

သုံ့က ခေါင်ဆို ကိုယ်က ဒင်မယ့်လူမျိုး၊ ကိုယ့်သားကိုပဲ ဘယ်လို
ဆုံးမရမှန်းမသိဖြစ်ကာ နှင်း မျက်နှာလေးက အနီရောင်ရင့်သွားလိုက်၊
ဖျော့ကျသွားလိုက်နှင့် ...။

"ဘာ့ကိစ္စဆိုတာ ပြော၊ ပြီးရင် ပြန်တော့ ကမ္ဘာလွှမ်း၊ နင့်မျက်နှာ
ကိုမြင်ရတာ တစ်ကမ္ဘာလုံး ကျက်သရေယုတ်သွားသလိုပဲ"

လွှမ်း က ဆိုဖာမှာထိုင်၍ မာန့် ကိုဘေးမှာချပေးပြီး ဖက်ထားသည်။

"မင်းကို မင်းအဖေနဲ့မင်းမရောက်မီ ကြားကာလက စာရင်းတွေ
ရှင်းဖို့ ဖုန်းဆက်ထားတယ်ဆို"

"အဲဒါ ဘာဖြစ်လဲ၊ ငါ ဘာမှစိတ်မဝင်စားဘူးလို့ ပြောထားပြီး
အကျိုးအမြတ်ကို အတွက်ကျအတိုင်းပဲ အိမ်ထိ ပို့ပေးမယ်လို့လဲ ဦးဝင်း
နောင် ပြောခဲ့တာပဲ၊ မပို့ဘူးဆိုလဲ စားထိုက်လို့ စားကြတာပဲလို့ ငါက
ခံယူပြီးသား၊ ဒါပဲဆိုရင် ပြန်တော့"

"ပြန်လို့ရမလား၊ ဒါက နောက်ပိုင်းအသားကျသွားတဲ့အခါ လည်
ပတ်သွားရမယ့်ကိစ္စ၊ အခုက မင်းကို ပေးရဖို့တွေ ရှိနေတယ်၊ ရှိတဲ့
ရှယ်ယာတွေထဲက ဖြတ်ဖို့၊ နုတ်ဖို့၊ ပေါင်းရဖို့တွေ အများကြီးပဲ၊ ဒါတွေ
ရှင်းပြီးမှ မင်း ထိုင်နေလို့ရမှာ၊ အားလုံးလဲ အေးဆေးနေလို့ရမှာ၊ ဘယ်
နေ့လာမလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဖုန်းနဲ့ရှင်းပြရင် ရတယ်၊ နင်က ဘာဖြစ်လို့လာတာလဲ"

"လာချင်လို့လာတယ် ထင်လား၊ အားလုံး လူကြီးတွေချည်းပဲ၊ မင်းကို ဘာမှ မတိုင်ပင်ရ၊ အားမကိုးရဘဲနဲ့ အမြတ်ချည်းပဲ အသားတင်ပေးကြဖို့ ဆုံးဖြတ်ခဲ့ကြတာ တော်ပြီပေါ့၊ အခွင့်အရေးဆိုတာ ထပ်ကာထပ်ကာ ယူနေရင် မကောင်းဘူး"

"ကမ္ဘာလွှမ်း"

နှင်း စိတ်ရှိလက်ရှိ အော်ပစ်လိုက်ပြီးမှ သားလေး သူမကို မျက်လုံးပြူးလေးနှင့် ကြည့်နေတာကို သတိထားမိကာ နှုတ်ခမ်းကိုက်၏။ လွှမ်း ခပ်တည်တည်နှင့် ...

"သိန်းရာကျော်တယ်၊ အဲဒါကို မင်က မမက်ဘူးလား၊ ကိုယ့်မိဘရဲ့ အမွေပစ္စည်းကို မစောင့်ရှောက်ဘူးဆိုရင်တောင် ခုလို ကျောက်ခဲသလဲလို ပစ်ထားလိုက်တာ ဂုဏ်ယူစရာလို့ရော ထင်လား"

"နင် ငါ့ကို ဝေဖန်စရာမလိုဘူး၊ သွားဖို့ မသွားဖို့ကို ငါ ဆုံးဖြတ်မယ်၊ အခု နင် ပြန်တော့"

"ပြီးတာပဲ"

"ဦးဦး"

လွှမ်း ထရပ်ဖို့ အားယူလိုက်တော့ မာန် က သူ့လက်ကို ဆွဲထားလိုက်ကာ ...

"ဦးဦးက သားသားကို ချစ်လားဟင်"

"ကဲလေးရယ်"

ခေါင်းညိတ်လိုက်ချင်ပေမယ့် သူ ဒီတိုင်းပဲ ငုံကြည့်ပြုံးတော့ ...

"နောက်တော့ စကားတွေ အများကြီးပြောမယ်၊ ဦး ပြန်မယ်နော်"

"သားသားကို ချစ်လား၊ ဖြေလေ"

"သားသား"

နှင်း က ဆိုးဆိုးဆတ်ဆတ် လျှောက်လာပြီး မာန့်ပခုံးလေးနှစ်





ဖက်ကို ဆွဲခေါ်ပစ်လိုက်ကာ ...

"နောက်ကို ဘယ်တော့မှ မလာပါနဲ့"

ဟု အပိုအလိုမရှိသည့် စကားနှင့် တုံးတိတိ ပြောသည်။ လွှမ်းက နေရာမှ ဖြည်းလေးစွာ ထရပ်လိုက်ပြီး တစ်အိမ်လုံးကို အေးစက်စက် ဝေ့ကြည့်၏။ နေရာအနှံ့မှာ ဝေ့ဝဲသွားပြီးမှ မျက်ဝန်းတို့က မာန့်မျက်နှာလေးဆီသို့ ပြန်ရောက်သည်။ ပြီးတော့ နှင်း ကိုကြည့်ကာ ...

"ဖြစ်ချင်နေတာတွေ ဖြစ်ခွင့်ရလို့လား နှင်းမာန၊ မဖြစ်ချင်တာတွေလဲ လာဦးမှာပဲ၊ အဲဒါ မင်း တားဆီးလို့မရဘူး"

"ဘာဖြစ်လို့ မရရမှာလဲ၊ သေခြင်း ရှင်ခြင်းနှစ်ရပ်ကို ငါ မဖန်တီးနိုင်ပေမယ့် ဖြစ်ချင်တာအားလုံး ဖြစ်ခွင့်ရအောင် ငါ ဆုံးဖြတ်နိုင်တယ်၊ ဟွန်း ... ကမ္ဘာလွှမ်းဆိုတဲ့ နာမည်တစ်ခုတည်းမှာ သိပ်ပျော်ဝင်နေရင်တော့ တိုင်နဲ့ခေါင်း ပြေးဆောင့်လိုက်တော့၊ ငါက ကမ္ဘာလွှမ်း မဟုတ်ပေမယ့် ငါ့ဘဝကို ငါ လွှမ်းမိုးနိုင်တယ်၊ ငါ့သားရောပေါ့၊ ဒီမှာ ကမ္ဘာလွှမ်း အလင်းဖြူ ဆိုတဲ့ယောကျ်ားကို ချစ်ရဲခဲ့တာ နှင်းမာနပဲ၊ အဲဒါ မမေ့နဲ့"

လွှမ်း က မာန့်မျက်နှာလေးကို စိုးရိမ်မကင်း ငုံကြည့်ကာ နှင်းမာန၏ စကားလုံးတွေကို ဘယ်လိုမှ ခွင့်လွှတ်လို့မရအောင် ဖြစ်သွားလျက် ...

"ကောင်းတယ်၊ နောက်ထပ် ချစ်ရဲတဲ့သူ ရှိသေးတယ်ဆိုတာလဲ မင်း မမေ့နဲ့ပေါ့၊ နောက်မှ တွေ့မယ်"

သူမ ဘာမှမပြောခင် နှုတ်ဆက်၍ သူ ထွက်လာခဲ့သည်။ နောက်မှာ အလိုမကျသည့် မာန့်အသံလေးကို သူ ကြားလိုက်ရသေးသည်။ ကလေးက သူ့ကို ခင်နေပြီ။ အဲဒါပဲ နှင်းမာန၊ မေတ္တာတရားဆိုတာ လမ်းခင်းဖို့ မလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၂၂)

"လာ သမီး"

ဦးဝင်းနောင်ကိုပဲ ဖုန်းဆက်လိုက်တာမို့ သူ့အိမ်မှာပဲ အားလုံး ဆုံဖြစ်ကြဖို့ စီစဉ်ခဲ့တာဖြစ်သည်။

"ကုမ္ပဏီမှာက မီတင်မရှိရင် လူစုံဖို့ ခဲယဉ်းတယ်ကွယ့်၊ ဒီလို လုပ်ပါလား၊ အန်ကယ့်အိမ်မှာပဲ အားလုံးကို စုရုံးလိုက်မယ်၊ အဓိကက အချက်အလက် စာရင်းဇယားတွေ ကြည့်ကြ၊ ဖြည့်ကြ လုပ်ဖို့ပဲလေ၊ သမီး အဆင်ပြေလား"

ဦးဝင်းနောင် ပြောတာကို နှင်း သဘောကျသွားသည်။ ကုမ္ပဏီမှာက နှင်း ကို ဦးဇော်လွင်သမီးဆိုတာ သိတဲ့လူ ဘယ်နှယောက် ရှိလို့လဲ။

ထို့ကြောင့် ဦးဝင်းနောင်အိမ်မှာပဲ လွတ်လွတ်လပ်လပ် ဆွေးနွေး ကြဖို့ သဘောတူခဲ့သည်။ ဦးဝင်းနောင်က နှင်း ကို ပြင်ဆင်ထားသည့် စာကြည့်ခန်းသားပွဲကြီးတစ်ဖက်မှာ ထိုင်စေကာ ...

"ခဏစောင့် သမီး၊ သမီးရောက်လာတာ ဆယ်မိနစ်လောက် စောသွားလို့ပါ"

"ရပါတယ်"

ပြောနေတုန်းမှာပဲ ဦးချစ်တင်အောင် ရောက်လာသည်။



"မိန်းကလေး ရောက်ပြီလား"

"ခုပဲရောက်တယ်"

မေးသံရော၊ ဖြေသံရော ကြားလိုက်ရပြီး ခဏအတွင်းမှာပဲ ဦး ချစ်တင်အောင် စာကြည့်ခန်းထဲ ဝင်လာ၏။

"အန်ကယ်၊ နောက်မကျပါဘူးနော်"

"ဟုတ်ကဲ့"

ဦးချစ်တင်အောင်က တရင်းတနှီး နှုတ်ဆက်ပြီး နှင်း ရဲ့ဘေးမှာ ပဲ ဝင်ထိုင်လိုက်သည်။ ပြီးတော့ သူ ပိုက်လာသည့်ဖိုင်ကို ရှေ့မှာ အသာ ချကာ ...

"သမီး အလုပ်အဆင်ပြေရဲ့လား"

"ရှင် ..."

ဦးချစ်တင်အောင်က ပြုံးလိုက်ပြီး နှင်း ကို နားလည်စွာကြည့်၍ ...

"သမီး အခု food centre တစ်ခု ထူထောင်နေတယ်ကြားလို့ အဲဒါကို မေးတာ"

နှင်း မျက်နှာလေး မသိမသာ ပျက်သွားသည်။ တကယ်က စပ်တူ လုပ်ကြဖို့ ဒေါ်တင်မမနှင့် နှင်း ဆွေးနွေးခဲ့တာပါ။

ဒီလုပ်ငန်းကို စပြီးထူထောင်လိုက်သည့် ဒေါ်တင်မမက အဆင် ပြေနေသည်။ ဒါပေမယ့် လိုအပ်နေတာလေးတွေ ရှိနေသေးသည်။ သူမမှာ ထူထောင်နိုင်တာ ဒါပဲ မီးကုန်ယမ်းကုန်မို့ နောက်ထပ်ချဲ့ထွင် စရာ လောလောဆယ် မတတ်နိုင်တော့ပေ။

ထို့ကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည့် နှင်း ကို စပ်တူလုပ် ကြဖို့ သူမကပဲ စတင်ကမ်းလှမ်းခဲ့တာ ဖြစ်သည်။ ဒေါ်တင်မမက ဈေး စပ်သည်၊ သေချာသည်၊ ဒါပေမယ့် ....။

"တစ်ကိုယ်ကောင်းစိတ် အပြည့်အဝရှိတယ် သမီးရဲ့၊ လက်တွဲ မယ်ဆိုရင် သမီး စဉ်းစား၊ ပြီးတော့ သူ့အကြောင်းလဲ သမီးသိတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ငွေတစ်မျက်နှာပဲ ကြည့်တာ၊ ဒီအလုပ်က မီးဖိုချောင်အလုပ်နဲ့ သက်ဆိုင်ပေမယ့် သမီး ဝင်လို့ရတဲ့နေရာ ဘယ်နေရာမှ မရှိဘူး"

ဦးလေးပြူးက သေချာပြောပြ သတိပေးခဲ့သည်။ ဖေဖေနှင့် ခင်ခင်မင်မင် ရှိခဲ့ဖူးသည့် မိန်းမကြီးမို့ နှင်း က စဉ်းစားခဲ့တာဖြစ်သည်။

ထို့ပြင် ကိုယ်တတ်နိုင်တဲ့ အရင်းအနှီးကလည်း လုပ်ငန်းကြီးကြီးမားမားတွေကို စိတ်ကူးလို့မရ။ ဒေါ်တင်မမဆီမှာ ဝင်ထွက်လေ့လာရင်း တော်တော်ကြာခဲ့သည်။ တကယ်လုပ်မည်ဆိုတော့ မလုပ်ဖြစ်ခဲ့ပေ။

နီးစပ်တဲ့အလုပ်တွေမှာ ဝင်လုပ်ဖို့ကျတော့လည်း ဦးဇော်လွင်သမီးအဖြစ်နှင့် နေရာတကာဝင်လုပ်ဖို့ မသင့်တော်ဘဲဖြစ်နေသည်။

ခုလည်း ကိုယ့်အဖေရဲ့လုပ်ငန်းကိုတော့ စိတ်မဝင်စားပါဘူးလို့ ခေါင်းရှောင်ပြီး ဒီလုပ်ငန်းလေးကျမှ ဝါသနာပါသွားပြီလားဆိုသည့် သဘောနှင့် ဦးချစ်တင်အောင် မေးလိုက်တာလား၊ နှင်း တကယ်ပဲ ငိုင်ကျသွားကာ ဘာမှမဖြစ်သလို ပြန်ကြည့်လိုက်၏။

"လုပ်ငန်းဆိုတာကတော့ ကြီးကြီးသေးသေး ကျွမ်းကျင်ပါးနပ်မှုတော့ လိုတာပဲမဟုတ်လား အန်ကယ်၊ နှင်း က ဖေဖေ့နေရာမှာ ခံ့ခံ့ညားညား ဝင်နေလို့ရပေမယ့် အားလုံးထဲမှာ အလုပ်အနည်းဆုံး လုပ်နိုင်တဲ့သူပဲ ဖြစ်နေမှာ၊ နှင်း အဲဒီလိုမနေချင်ဘူး"

ဦးချစ်တင်အောင်က နားထောင်နေသည်။

"လုပ်ငန်းတစ်ခု ထူထောင်ပြီဆိုရင် ကိုယ် ဝါသနာပါမှ ဒီအလုပ်အပေါ်မှာ စူးစိုက်မှာ၊ အနစ်နာခံမှာ၊ ဒါမှလဲ အောင်မြင်မှာပေါ့၊ ခုချိန်ထိ နှင်း ဘာလုပ်ရမယ်ဆိုတာ မသိသေးဘူး၊ ဦးဇော်လွင်သမီးအဖြစ်နဲ့ ရှိနေပေမယ့် နှင်း အတွက်က ခုမှ ဘာဝစတာပဲလေ"

ဦးချစ်တင်အောင် ခေါင်းညိတ်လာသည်။

"လုပ်မိပြီဆိုရင်တော့ နှင်း စူးစိုက်မှာပါ၊ စူးစိုက်ထားနိုင်တဲ့အထိ စိတ်ဝင်စားတာကိုပဲ လိုချင်တာ"





"ဒါဆိုရင် food centre မဟုတ်သေးဘူးပေါ့"

"မဟုတ်ပါဘူး"

"ဆောရီးနော်၊ အန်ကယ်က ဒီတိုင်းပဲ ကြားလို့ပါ၊ ဖြစ်နိုင်ရင်တော့ ဖိုက်ပွိုင့်မှာပဲ လက်တွဲသွားစေချင်တာ၊ ဒီထက် ပွင့်ပွင့်လင်းလင်းပြောရရင် သမီး ခုလောလောဆယ် စိတ်မဝင်စားဘူးဆိုတာကို အန်ကယ်တို့အားလုံးက နားလည်ခဲ့ကြတယ်၊ အနာဂတ်ကို မျှော်လင့်ခဲ့ကြတာလဲ ပါတယ်၊ တစ်နေ့နေ့ဆိုတာမှာ သမီး စိတ်ပါလက်ပါဖြစ်လာမလားလို့ပါ"

နှင်း ရင်ထဲမှာ ဟွန့်ခနဲ မဲ့ကျသွားသည်။ မျက်နှာပြင်မှာတော့ မျက်ခုံးတန်းလေးနှစ်ဖက် မသိမသာ တွန့်တက်သွားရုံနှင့်ပဲ ပြီးဆုံးသွားခဲ့သည်။ ကုမ္ပဏီတစ်ခုလုံးမှာ ကိုယ်က ရှယ်ယာအများဆုံး။

အားလုံးကလည်း ဒီလောက် လိုလားစွာ လက်ကမ်းကြိုဆိုနေကြတဲ့ဟာ၊ ဘယ်သူက ခေါင်းခါချင်မှာလဲ၊ ဟိုလူသတ်သမားကို မမြင်ချင်လို့။

"ဘာပဲဖြစ်ဖြစ် ဒါက မိဘလက်ငုတ်လက်ရင်း မဟုတ်လား၊ သမီးအပြီးတိုင် မေ့ထားလို့မရနိုင်ဘူးဆိုတာပဲ အန်ကယ်တို့က တွက်ခဲ့တာ"

"ဟုတ်ကဲ့၊ နှင်း ကတော့ ဟင့်အင်းလို့ ခေါင်းခါလိုက်ကတည်းက သေချာပြီးသားပါ၊ အဲဒါကြောင့် ရှယ်ယာထဲကထွက်ဖို့ ပြောခဲ့တာ၊ အန်ကယ်တို့ဘက်က မဖြစ်နိုင်တာတွေ ပြောလာလို့ နှင်း ဒီအတိုင်းထားခဲ့တာပါ၊ ကုမ္ပဏီနဲ့ပတ်သက်ပြီး နှင်း အခုရော၊ နောက်ရော ဘာမှပါဝင်လာမှာ မဟုတ်ဘူး၊ ဒီတော့ အကျိုးခံစားခွင့်ဆိုတာလဲ"

"ဟာ ... ဒီလိုတော့ မဟုတ်ဘူး၊ အခုပြောတာတွေကို သမီးခေါင်းထဲ မထားပါနဲ့၊ ဒါ အစည်းအဝေးမှာ တင်ပြတာမျိုးမဟုတ်ဘူး၊ ကိုယ့်မိတ်ဆွေတွေမို့လို့ တရင်းတနှီး အကြံပြုကြည့်တဲ့သဘောပဲ"

"ကဲ ကိုဝင်းနောင်ရေ ..."



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကောင်းနေတုန်း ဦးဝင်းနောင်က ဝင်လာကာ အခန်းထဲမှာ အကြီးဆုံးဖြစ်သည့် အတွင်းထိပ်က ဗီရိုကြီးဆီ တန်းဝင်သွားလျက် ...

"ဦးကမ္ဘာ လာမှာမဟုတ်ဘူး၊ တခြားကိစ္စ အရေးကြီးလို့တဲ့"

"ကမ္ဘာလွှမ်းရော"

"မသေချာဘူး၊ လွှတ်ပေးမယ်လို့တော့ ပြောတာပဲ"

"ပြဿနာပဲ၊ ကမ္ဘာလွှမ်း လာဖို့က ပိုပြီး မသေချာတာ၊ သူက သူ့အဖေထက်တောင် ပိုပြီး အလုပ်များသေးတယ်"

"ဘာဖြစ်ဖြစ်ဗျာ၊ ကျုပ်တို့မှာရှိတဲ့ နှစ်ချုပ်တွေကိုပဲ စစ်ကြည့်ကြတာပေါ့"

ထိုစဉ် အအေးနှင့် မုန့်တွေကိုတင်လျက် အမျိုးသမီးတစ်ယောက်က လာပို့သည်။ လွှတ်နေသည့် ခုံနေရာရှေ့မှာလည်း သေချာ ချပေးသွားတာ အားလုံး အအေး လေးခွက်။

ဦးဝင်းနောင်က သူ့စာကြည့်စားပွဲပေါ်မှာ ကွန်ပျူတာရှေ့မှာ ထုတ်ယူထားသည့် ဖိုင်အထပ်ကို တင်ပြီး အကျအနထိုင်သည်။

ဦးချစ်တင်အောင်က နှင်း ဘေးမှာ ထိုင်နေရာကနေ ဦးဝင်းနောင်ဆီကို ထသွား၏။ အအေး လေးခွက်၊ ကိတ်မုန့်တွေနှင့် နှင်းက စားပွဲရှည်လေးမှာ ကျန်ရစ်ခဲ့သည်။

"သမီး ခဏလေးနော်၊ အအေးနဲ့မုန့်တွေ စားလိုက်ဦး၊ သမီးကို တစ်စုတစ်ရုံးတည်း ကြည့်လို့ရအောင် တစ်ခါတည်း ထည့်ပေးချင်လို့"

ဦးဝင်းနောင်က အိမ်ရှင်မို့ သူပဲ နှင်း ကို လှည့်ပြောသည်။

"ဟုတ်ကဲ့၊ ရပါတယ်၊ အေးအေးဆေးဆေးသာ လုပ်ပါ"

နှင်း ခေါင်းညိတ်ပြီး ဒီဘက်လှည့်လိုက်လျှင် စာကြည့်ခန်းတံခါးက ရုပ်ခနဲ ပွင့်သွား၏။ ဝင်လာသူကို မြင်လိုက်သည်နှင့် နှင်း မျက်ဝန်းတွေ ရှုးရှုးရဲရဲ ဖြစ်သွားသည်။





ကမ္ဘာလွှမ်း က အပြာနုနုပေါ်မှာ အနီရောင်ကန့်လန့်စင်းတွေ ထဲသည့် ဆွယ်တာလက်ရှည်ကို ဘောင်းဘီအနီရဲရဲနှင့် တွဲဝတ်ထားသည်။ ကိုတုန်းကထက် ပိုရှည်နေတာကို ဒီတိုင်းထားသည့် ဆံပင်ပါးပါးက ခုံနှင့် ပခုံးအောက်နေရာအထိ ကပိုကရို ဆင်းနေကြသည်။

နှင်း ကြည့်လိုက်တာကို ခြေစုံရပ်ပြီး ပြန်စိုက်ကြည့်ပြီးမှ တပ်ထားသည့် အုန်းခွံရောင်မျက်နှာကို ဆွဲချွတ်သည်။

နှင်း က ဆတ်ခနဲ မျက်နှာလွှဲပစ်၏။ သူက ဆက်လျှောက်လာပြီး နှင်း ဘေးမှာ ထိုင်လိုက်သည်။ ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေကြသည့် ဦးဝင်းနောင်တို့နှစ်ယောက်က ကျောခိုင်းနေကြတာမို့ ကမ္ဘာလွှမ်း ရောက်လာတာကို မသိကြသေးပေ။

"နှင်းမာန"

လွှမ်း က နှစ်ယောက်တည်း ကြားရုံလေသံနှင့် ခေါ်သည်။ နှင်းက လှည့်မကြည့်။

"သား ကိုယ့်ဆီရောက်နေတယ်"

"ဘာ ..."

နှင်း အသံက မိုးကြိုးပစ်သံလို ဟိန်းထွက်သွား၏။ ဦးဝင်းနောင်တို့နှစ်ယောက် ဆတ်ခနဲ ဖြစ်သွားပြီး ပြိုင်တူလှည့်ကြည့်ကြသည်။

"ကမ္ဘာလွှမ်း ..."

သူတို့မျက်နှာမှာ ဘာတွေဖြစ်နေနေ နှင်း လှမ်းလည်းမကြည့်မိပါ။ သို့ယ့်ဒေါသက ကမ္ဘာလွှမ်း ဆီမှာပဲ ဖြစ်နေ၏။ နေရာမှ ဆတ်ခနဲ ထလိုက်ကာ ...

"နင် ဘာပြောလိုက်တာလဲ ကမ္ဘာလွှမ်း၊ ငါ့သားက နင့်ဆီ ဘာဖြစ်လို့ ရောက်နေတာလဲ"

"ကိုယ် ခေါ်သွားတာ"

"နင် ..."



www.burmeseclassic.com

www.burmeseclassic.com



နှင်း ရှေ့မှာ ထရပ်လိုက်သည့် သူ့ကို စိတ်ရှိလက်ရှိ လွဲရိုက်ဖို့ လက်က အဆင်သင့်ဖြစ်သွားသော်လည်း ဦးဝင်းနောင်တို့ ထလျှောက်လာကြသံ ကြားလိုက်ရသဖြင့် အံကြိတ်နေလိုက်ရသည်။

သားကို နှင်း အိမ်မှာ သိပ်ထားခဲ့သည်။ သားက အိပ်ရေးဆတ်လို့လည်း ဂရုစိုက်ဖို့ တင်နွဲ့ကို သေချာမှာထားခဲ့၏။ ဒါကို ....။

"ဒေါ်သတွေ သိပ်ဖြစ်မနေနဲ့၊ ကိုယ်ရောက်သွားတော့ ကလေးက ဖုဗ္ဗိုင်စင်နဲ့ဖြစ်လို့ ဆေးခန်းကို ခေါ်သွားရတာ၊ ခြံစောင့်နဲ့ အဲဒီကောင်မလေးက ဘာဖြစ်မှန်းမသိဘဲ ပျာနေကြပြီး ဘာမှမလုပ်တတ်ဘူး"

နှင်း မျက်လုံးပြူးသွားသည်။ ဒါ အမှန်ပဲဆိုတာလည်း သိလိုက်သည်။ သားလေးက အစားသိပ်မှားလို့ မရ၊ အထူးသဖြင့် မစားဖူးသည့် အစာဆို တရားလွန်မကျေးရဲခဲ့ပေ။ မနက်က ဂဏန်းပေါင်းနှင့် ပြည်ကြီးငါးသုပ်တွေ စားလိုက်တာ တရားလွန်။

ဂဏန်းပေါင်းက စားဖူးပေမယ့် ပြည်ကြီးငါးကို မစားဖူးခဲ့ဘဲ ကြိုက်နေ၏။ ပြီးတော့ စားသောက်ပြီးကတည်းက မျက်နှာမကောင်းဘဲ အိပ်ချင်တယ် ဖြစ်လာခဲ့တာ။

အိမ်ကို နှင် ဘာသွားလုပ်တာလဲ မေးဖို့ဟာ ခေါင်းထဲ ဖျတ်ခနဲ ဝင်လာပြီး ပါးစပ်ထဲမရောက်လိုက်ဘဲ ဖြစ်သွား၏။

"ငါ့သား ဆေးခန်းမှာလား"

"ဟုတ်တယ်"

နှင်း လက်ကိုင်အိတ်ကို ကောက်ကိုင်ပြီး ကမန်းကတန်း ထွက်သည်။ ဘယ်သူ့ကိုမှ နှုတ်ဆက်ဖို့ သတိမရ၊ လာရင်းကိစ္စကိုလည်း မေ့သွားသည်။





အခန်း (၂၃)

"သားသား"

မာန် က ဆေးရုံခုတင်ပေါ်မှာ ပက်လက်ကလေးကနေ နှင်းဝင်လာတော့ ထထိုင်လိုက်၏။ မျက်လုံးကလေးတွေလည်း ကြည်လဲ့နေသည်။ ပြုံးလည်း ပြုံးပြနိုင်ပါပြီ။ ဒါပေမယ့် မာန့် မျက်နှာလေးက သိသာစွာ ချောင်ကျသွားခဲ့၏။

"သားသားရယ်၊ မေမေ မရှိတုန်း ဖြစ်ရသလား"

သားလေးကို ပွေ့ဖက်လိုက်ပြီး နှင်း မျက်ရည်တွေ ပြည့်အိုင်လာသည်။ ချစ်သူနှင့်ဝေးရတော့လည်း မငိုခဲ့ဖူးပါ။ ဖေဖေ ဆုံးသွားပြီဆိုသည့်သတင်း ကြားတော့လည်း မငိုမိခဲ့ပေ။

သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့အတိုင်း ကိုယ့်မျက်စိအောက်မှာ ဟုတ်လို့လား၊ ဒါမှမဟုတ် နှင်းနဲ့အလင်းပေါ်မှာ တကယ်ရက်စက်ခဲ့တာကို စိတ်နာနေခဲ့မိတာလား၊ ဘာမှန်းမသိပေမယ့် မငိုခဲ့မိတာတော့ သေချာသည်။

နောက်ပိုင်း အလင်း သေဆုံးခဲ့ချိန်မှာတောင် ကမ္ဘာလွှမ်း မျက်နှာကို စက်ဆုပ်ရွံရှာစွာ ကြည့်ပြီး ငိုခဲ့မိသလား၊ မငိုခဲ့မိဘူးလား၊ ကိုယ့်ကိုကိုယ်ပင် မသိခဲ့ပေ။

မခံရပ်နိုင်သော ဒေါ်သတွေက အလင်းကို ဆုံးရှုံးလိုက်ရလို့ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်ကြေကွဲမှုထက် ပိုနေသည်။ လှိုက်လှဲသော ဆို့နင့်ပူဆွေးခြင်းဟာ ဘာမှမဟုတ်လောက်သော အဖြစ်ကလေးတစ်ခုကျမှ ဆိုးရွားစွာ နှိပ်စက်လာခဲ့၏။ သားလေးမျက်နှာ ပြုံးရယ်နေတာ မြင်ရလျက်နှင့် သောကကို ဖြေလို့မရဘဲ ဖြစ်နေသည်။

"ငါ့သားလေး မအေမရှိတဲ့အချိန်မှာ တစ်ခုခုများဖြစ်သွားခဲ့ရင်" ဟု တွေးမိလေ ငိုချင်လေ၊ နှင်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ် ကျပ်ကာ လှုပ်လီလှုပ်လဲ့နှင့် ပြိုဆင်းလုလုပင်။

"သားသား နေကောင်းသွားပြီ မေမေရဲ့၊ မငိုပါနဲ့"

"သားသား"

သားခေါင်းလေးကို ရင်ခွင်ထဲမှာ မြှုပ်နေအောင် တယုတယ ဖက်ပစ်လိုက်မိစဉ်မှာ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်း သွားကြသည်။

မာန် က အရွယ်မရောက်သေးပေမယ့် အတွေးကြွယ်တဲ့ကလေး ဖြစ်သည်။ လိမ္မာပါးနပ်သည်။ နှင်း ကို တင်းနေအောင် ပြန်ဖက်ထား လိုက်ကာ ...

"သားသား အန်လဲမအန်တော့ဘူး။ ဗိုက်လဲ မနာတော့ဘူး၊ ဒေါက် တာကြီးက နောက်ထပ် လာကြည့်ဦးမယ် တဲ့၊ ဘာမှမဖြစ်တော့ဘူး တဲ့၊ မေမေကလဲ၊ မငိုပါနဲ့ဆိုမှ ..."

"အင်းပါ သားသားရယ်၊ မငိုပါဘူး၊ နောက်ဆိုရင် သားသား အစာ တွေ တရားလွန် မစားရဘူးနော်"

"ဟုတ်"

"မေမေ ပြောတာကို နားထောင်ရမယ် ကြားလား"

"ဟုတ်"

မျက်တွင်းလေးတွေ ချောင်ကျသွားသည့် သားမျက်နှာလေးကို ဆွဲမော့ကြည့်ကာ နှင်း က ဆုံးမနေသေးသည်။





"ဦးဦး လာထိုင်လေ"

နှင်း ကိုင်ထားသည့် မေးဖျားလေ ဘေးကို လွဲကျသွားတဲ့အထိ မာန် က လွှမ်း ကို လှည့်ကြည့်၏။

"သားသား၊ နေကောင်းသွားပြီလား"

"ဟုတ်၊ ဒေါက်တာကြီး ဆေးထိုးပေးတယ် ဦးဦးရဲ့၊ ဦးဦး မေမေ့ ကို ခေါ်ပေးမယ်ဆိုပြီး ထွက်သွားကတည်းက သားသား မအန်တော့ဘူး"

"ဟုတ်လား"

လွှမ်း က နှင်း ဘေးမှာပဲ ဝင်ထိုင်၏။ နေရာက သီးသန့်လူနာ ခန်းလေးပေမယ့် မှန်တစ်ဝက်နှင့် ကာထားတာမို့ အပြင်နှင့်အထဲကို မြင်နေရသည်။

ဘေးလူတွေမြင်လျှင် နှင်း တို့သားအမိနှင့် သူ့ကို မိသားစုလေး တစ်ခုလို့ မထင်နိုင်ဘူးလား။ စိတ်ထဲမှာ မကျေနပ်ပေမယ့် သားကို စက်ထားမိသည့်လက်ကို မဖြုတ်ချင်တာနှင့် နှင်း ဒီတိုင်းနေလိုက်ရသည်။

သားအတွက် သောကမီးတွေ ငြိမ်းသေစပြုတော့ သူ့ကိုမေးဖို့ သတိရ၏။

"နှင်က အိမ်ကို ဘာလာလုပ်တာလဲ"

"မေမေ လွှတ်တာ၊ တော်ကြာ သူ မလာနိုင်တာကို စာရင်းမတင် ချင်လို့၊ ဂရုမစိုက်လို့ ဘာညာနဲ့ မင်း အထင်လွဲမှာစိုးလို့ ဒီနေ့ မတွေ့ကြ ဖို့ ပြောခိုင်းလိုက်တာ၊ အားလုံးစုံမှ တွေ့ကြဖို့ ပြန်ချိန်းမယ်လို့လေ၊ မင်း အန်ကယ့်အိမ်မရောက်ခင် တစ်နေရာကို သွားသေးတယ်ထင် တယ်၊ ကိုယ် ရောက်သွားတာ အစောကြီးပဲ၊ မင်း မရှိတော့ဘူး၊ ချိန်း ထားတာ တစ်နာရီမပြည့်ဘူး ဟုတ်လား"

ဟုတ်သည်၊ နှင်း တစ်နေရာကို သွားခဲ့သည်။ ကိုယ့်ဘဝအတွက် အဆိုက်အခြေတည်ဖို့လုပ်ငန်းက ခုမှတွေ့တာဖြစ်သည်။ ထိုအရာသည် အတာကုန်သည်လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ခြင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာအကြောင်း နှင်း နားလည်သည်။ မေမေတို့က ရတန
ကုန်သည်မျိုးရိုးတွေပါ။ ထိုပညာတွေ မေမေ တတ်သည်။ ဒါပေမယ်
ဘယ်သောအခါမှ မေမေ မလုပ်ခဲ့ပါ။ ထို့ကြောင့် မေမေဟာ မလုပ်
တတ်မကိုင်တတ်၊ အိမ်ထောင်ရေးမှာလည်း အေးတိအေးစက် အလွှ
နေတတ်သော မိန်းမအဖြစ် ဖေဖေက သတ်မှတ်ထားခဲ့သည်။ မေမေ
ကတော့ သူ့ဆုံးဖြတ်ချက်နှင့်သူလို့ ပြော၏။

"သမီးဖေဖေ ဒီလောက်ထိ ရှုပ်ပွေတာ၊ မေမေသာ အပြင်မှာ
အလုပ်ထွက်လုပ်နေရင်၊ သူ့လိုပဲ သွားလာရောင်းဝယ်နေရင် ဦးဆေ
လွင် ဆိုတဲ့ အိမ်ထောင်ဦးစီးတစ်ယောက်တောင် ဖြစ်လာမှာမဟုတ်
ဘူး၊ သူက မေမေ့ကို ချစ်တာမှမဟုတ်ဘဲ၊ အပျော်တွေအများကြီး ရဖို့
သူ့ခေါင်းထဲမှာ ထားတယ်၊ သူ ဦးဆောင်မှုဖြစ်မယ်ဆိုတာ သိနေလို့
သူ စီးပွားရှာနေတာ၊ မေမေ စီးပွားရှာတတ်နေရင် သူ ဘာမှလုပ်မှာ
မဟုတ်တော့ဘူး၊ အဲဒါ သေချာတယ်"

"ပြီးတော့ သူ့အချစ်ကို မေမေ ရဖို့ ကြိုးစားကြည့်ခဲ့တာပါ သမီး
ရယ်၊ သူ ပျော်လာမလား၊ ကိုယ့်ဘက် ယိုင်လာမလားဆိုပြီး မလျှော့
တဲ့ဇွဲနဲ့ အနားမှာ အချိန်ပြည့်နေပြီး ပြုစုလုပ်ကိုင်ပေးနေခဲ့တာ
ဒါပေမယ့် သမီးရယ် ...."

ဘာမှ ဖြစ်မလာပါဘူးလို့ မေမေ ဆက်မပြောခဲ့ပါ။ နောက်ပိုင်းမှာ
သေဆုံးခြင်းသို့ ရောက်သွားခဲ့သည်။ မေမေ ဘာမှထပ်မပြောခဲ့ပေ

အိမ်မှာပဲ တကုပ်ကုပ်နေရှာခဲ့သည့် မေမေ့ဆီက နှင်း အမွေ
လိုက်သည်က ရတနာစိန်ကျောက် ဘယ်လိုကျောက်သံပတ္တမြား
ဖြစ် နှင်း မြင်တာနှင့် တန်ဖိုးဖြတ်နိုင်၏။

ဒီပညာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ မနေ့တစ်နေ့
အထိလည်း မသိခဲ့သေးပါ။ အမှတ်မထင် အရောင်းအဝယ်တစ်ခု
မျက်စိရှေ့မှာတွေ့လိုက်သဖြင့် မနေနိုင်မထိုင်နိုင် ကြားဝင်ဈေးဖြ





ပေးလိုက်မိသည်။

အဲဒီမှာ ဈေးမှန်လမ်းမှန် ရသွားသည့်ဘက်က နှင်း ကို ကျေးဇူး
ဆပ်သွားခဲ့တာ မနည်းမနော်။ လမ်းစရသွားခဲ့တာ အဲဒီမှာပဲ ဖြစ်သည်။

နေ့လည်ကလည်း နှင်း သွားခဲ့တာ အရောင်းအဝယ်ကိစ္စတစ်ခု
ဆီကိုပါ။ အဲဒီကပြီးမှ ဦးဝင်းနောင်ဆီကို သွားခဲ့သည်။ ကြားထဲမှာ
သားလေးအတွက် လစ်ဟင်းသွားခဲ့သည့် အချိန်တွေက မနည်းပေ။

အိပ်ရာထဲကနေ ဝေဒနာတွေနှင့် ကျုံ့ရှုန်းထကာ သားလေး ဗိုက်
တွေ နာမည်၊ အန်မည်၊ အသက်ငယ်ငယ်ပဲရှိသေးသည့် တင်နွဲ့က
ဘာမှ မလုပ်တတ်မကိုင်တတ်ဘဲ ဘယ်လောက်ထိ ပျာလောင်ခတ်ပြီး
ကြည့်နေမလဲ။

ဆေးဗီရိုလေးထဲမှာ ခေါင်းကိုက်ဗိုက်နာ တော်ရုံရောဂါလောက်
ကို အလွယ်တကူ ယူသောက်လို့ရအောင် ဆေးတွေထားတာ အများ
ကြီးရှိသည်။

ဘာမှန်းညာမှန်းမသိဘဲ ကလေးကို ဆေးတွေ ရမ်းသန်းမတိုက်
ဘူးလို့ ပြောနိုင်မလား။ နောက်ဆုံး ဘာလုပ်ရမှန်း မသိလွန်းမက မသိ
တော့မှ ဦးလေးပြူးကို ပြေးခေါ်မည်။

နှစ်ယောက်ပေါင်းတော့ ကလေး ဘာဖြစ်တာကို သိမလား။ နှင်း
၏ ပူပန်မှုတွေက တောက်လျှောက်ကြီးဖြစ်သွားကာ လွှမ်း မေးလိုက်
တာကို ဖြေဖို့ မေ့သွား၏။ သူ့ကို ကျေးဇူးတင်ထိုက်တယ်ဆိုတာလည်း
သိသည်။ ဒါပေမယ့် မတင်နိုင်။

ထို့ကြောင့် ဘာမှလည်း ထပ်မမေး။ နောက်ထပ် စကားလည်း
မပြောတော့ဘဲ နှင်း သားလေးဆံပင်တွေကို သပ်ကာ ...

"သားသား နေကောင်းသွားပြီဆိုရင် မေမေ ပြန်ခေါ်သွားတော့မယ်"

"ဟင် ... ဒေါက်တာကြီးက နောက်တစ်ခါ လာကြည့်ဦးမှာ"

"ဒေါက်တာကြီးကို မေမေ ပြောမှာပါ။ အိမ်မှာလဲ ပစ်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး။ ပြီးတော့ ဒီလိုဖြစ်တာမျိုးက ပျောက်သွားပြီဆိုရင် ဘာမှမကျန်ခဲ့တော့ဘူး၊ ဘာမှ ထပ်မဖြစ်တော့ပါဘူး”

“ဟင့်အင်း ...”

မာန် သည် မထင်မှတ်စရာကောင်းလောက်အောင် ပြောင်းလဲသွားကာ နှင်း ဖက်ထားသည့်ရင်ခွင်ထဲကနေ ရုန်းဖယ်ပစ်ပြီး နှင်းနောက်က ကမ္ဘာလွှမ်းကို လှမ်းကြည့်သည်။

“သားသား၊ ဦးဦးတို့အိမ်ကို လိုက်ချင်လို့”

“ဟင် ... ဘယ်လို”

နှင်း ရင်ထဲမှာ ဘယ်ကလာမှန်း မသိလိုက်သည့် အပူလုံးကြီးတက်ဆောင့်သွား၏။ မာန် လက်ဖဝါးလေးကိုပါ ပြန်ဆွဲဆုပ်ကိုင်မိကာ ...

“ဘာပြောလိုက်တယ် သား၊ သားသား ဘယ်လိုပြောလိုက်တာလဲ၊ မေမေက သားသားရဲ့မေမေ၊ သူက ဘာဆိုင်လို့လဲ”

“ဖေဖေ့ရဲ့သူငယ်ချင်းလေ မေမေကလဲ၊ ဖေဖေကတောင် ချစ်လို့ ဦးဦးကို ပန်းဖက်ထားသေးတယ်၊ သားသားလဲ ဦးဦးကိုချစ်လို့”

ကြည့်စမ်း၊ လည်ပင်းထဲက လော့ကက်သီးလေးကို ကိုင်ပြပြီး နှုတ်ခမ်းစူစူလေးနှင့် ပြောနေသည့် သားကို နှင်း မယုံနိုင်စွာ ကြည့်သည်။ ဘာဆိုင်လဲ၊ ဘာမှမဆိုင်ဘူး။

သွေးမတော် သားမစပ်၊ နှင်း ဆတ်ခနဲ နေရာရွှေ့ထိုင်လိုက်ကာ လွှမ်းနှင့်သူက ထိုင်လျက်သားနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားကာ ...

“ကမ္ဘာလွှမ်း၊ နှင် ... နှင့်အကြံ ဒါအကုန်ပဲလားဟဲ့၊ နှင် ငါ့သားကို စည်းရုံးပစ်လိုက်တာ မြန်လှချည်လား၊ ကလေးရဲ့ယုံလွယ်၊ မှတ်လွယ်တဲ့ ခေါင်းထဲကို နှင် ဘာတွေ ထည့်ပေးလိုက်တာလဲ”

“ဘာတွေ ထည့်ပေးချိန်ရလို့လဲ၊ မင်းရဲ့အတ္တတွေကို ခေါင်းထဲမှာပဲ ထည့်ထားလိုက် နှင်းမာန၊ မျက်လုံးတွေပါ ဖုံးသွားရင် မင်း ကန်းသွားနိုင်တယ်၊ အဖြူထည်သက်သက်ပဲရှိတဲ့ ကလေးဆိုတဲ့ နှလုံးသား





က ခံစားတတ်တယ်၊ မချစ်ပါဘူးဆိုရင် ရိုက်ပြီး ချစ်ခိုင်းလို့မရသလို ဒါကို လက်ညှိုးထိုးနေကာမှ တခြား တစ်စုံတစ်ရာနဲ့ မင်း အစားထိုးလို့ရမယ် ထင်သလား၊ ကလေးတစ်ယောက်ကို သိမ်းသွင်းဖြားယောင်းဖို့အထိ ငါ စိတ်မရှည်ဘူး၊ နောက်တစ်ခုက ငါ မပေးနိုင်တာကို သေပြပြီးတောင်းနေလဲ ပေးမှာမဟုတ်ဘူး၊ ဒီကလေးက အလင်းဖြူရဲ့ရင်သွေး၊ အဲဒါကြောင့် ငါ့ဘက်က ပွေ့ပိုက်ဖို့ အဆင်သင့်ပဲ”

“တောက်”

“အလင်းဖြူနဲ့ ငါ့ရင်ထဲက ခိုင်မြဲခဲ့တဲ့တစ်စုံတစ်ရာကို မင်း နားမလည်ခဲ့ဘူး မဟုတ်လား၊ အခု နားလည်လာလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အလင်းဖြူက သူမရှိတော့ပေမယ့် သူ့နှလုံးသွေးကို ကလေးရင်ဘတ်ထဲ ထည့်ပေးခဲ့လို့၊ အလင်းဖြူ ငါ့ကို ချစ်ခဲ့သလို ကလေးကလဲ ချစ်မှာပဲ၊ မင်း မယုံရင် စမ်းကြည့်လိုက်ပါ”

“ဘာ ... ဘာပြောတယ်”

“မင်း ဘာမှ တားဆီးလို့ရမှာ မဟုတ်ဘူး”

“တော် .. နှင့်ပါးစပ် ပိတ်ထားလိုက်၊ ငါဖြစ်ချင်တာ၊ ငါလုပ်ချင်တာ မဖြစ်ခဲ့၊ မရခဲ့ဘူးဆိုတာ မရှိခဲ့ဘူး”

နှင်း က သူတို့နှစ်ယောက်စလုံးထံသို့ မျက်လုံးဝိုင်းကလေးနှင့် ကြောင်ငေးနေခဲ့သော မာန့်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ လွှမ်း ဘက်ကို ပြန်လှည့်ကာ ...

“ကလေးက ဘာမှမသိလို့ပါ၊ မသိတာက ငါ မပြောသေးလို့လေ၊ မနက်ဖြန်ဆိုတဲ့နေ့ကို နှင် စောင့်ကြည့်လိုက်၊ လာ ... သား”

လှည့်ခေါ်လိုက်တာက ပါးစပ်က အရင်ထွက်မိကာ လက်က နောက်ကျသွားသည်။ မာန် က ဆတ်ခနဲ ကိုယ်လေးယို့ကာ ခုတင်ပေါ်ကနေ နောက်ဆုတ်လေး ဆင်းပြေး၏။

“မလိုက်ဘူး၊ ဦးဦးနဲ့ လိုက်သွားမယ်၊ ဦးဦးတို့အိမ်မှာ ဖေဖေ့ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ပုံတွေ ရှိသေးတယ်တဲ့၊ သားသား ကြည့်ချင်တယ်၊ လိုက်မှာပဲ၊ လိုက်သွားမှာပဲ"

နှင်း မျက်လုံးတွေ မှိုးထွက်မတတ်နှင့် လွှမ်း ကိုကြည့်၏။ လွှမ်း က ခုတင်ပေါ်ကနေ လေးတိလေးကန် ထရပ်လိုက်ကာ ...

"မေးလို့ပြောလိုက်တာ၊ ဘာတွေ စွပ်စွဲဦးမလို့လဲ၊ နည်းနည်း နားစွင့်ကြည့်လိုက်ဦး နှင်းမာန၊ ကမ္ဘာလွှမ်း ရင်ထဲမှာ မင်းထက်ပြင်းတဲ့ အစွဲတွေ ရှိတယ်၊ ဒါပေမယ့် အဆိပ်သင့်မနေဘူး"

နှင်း မျက်ဝန်းမှာ နောက်ထပ်ပြည့်တက်လာသည့် မျက်ရည်တွေက ဘာသာမဲ့စွာ။

ဘယ်လိုအရာကိုမှ ခွင့်မလွှတ်၊ အလျှော့မပေးတတ်တဲ့ နှင်းရဲ့ အစွဲတွေဟာ သားလေးအတွက် မပါခဲ့ဘူးလား။





အခန်း (၂၄)

"မဟုတ်ဘူး၊ အဲဒါ မေမေညာတာ၊ သားသားကိုကျတော့ ညာမပြောရဘူးဆိုပြီး မေမေ ညာနေတာ"

"သားသား ရပ်နေစမ်း"

ရှေ့တိုးလိုက်လေ၊ ပြေးလေဖြစ်နေမှာမို့ နှင်း နေရာမှာတင် ရပ်လိုက်သည်။ ထိုအခါ မာန် က မွေ့ရာတစ်ဖက်မှာရပ်လျက် လက်ထဲမှာ ဓာတ်ပုံတွေ ကိုင်ထားသည်။

နောက်ဆုတ်လှည့်ပတ်ပြေးရင်း ကျကျန်ခဲ့သည့် ဓာတ်ပုံတချို့က ကြမ်းပေါ်မှာ။ တချို့ကို ဖရိုဖရဲ ထပ်ဆုပ်ထားလျက် စကားလှမ်းပြောလိုက်၊ ဓာတ်ပုံတွေကို ငုံ့ကြည့်လိုက်နှင့် မျက်လုံးလေးတွေလည်း အနားမရရှာပေ။

ဓာတ်ပုံအားလုံးဟာ နှင်းနဲ့အလင်းရဲ့ ဓာတ်ပုံတွေပဲဖြစ်ကာ သားလေးငယ်ငယ်က သုံးယောက်ရိုက်ထားသည့် ပုံတချို့လည်း ပါသည်။ မာန့် လက်ထဲမှာ အပေါ်ဆုံးတင်ထားသည့် ပုံကတော့ လွှမ်း ကို အလင်းကဖက်ထားလျက် လွှမ်း လက်ပေါ်မှာ ကလေးက အစွင်ကိုင်လျက်နှင့် ပြုံးနေသည်။

"သားသား၊ အဲဒီပုံတွေ မေမေ့ဆီ ပြန်ယူခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ရိုက်မှာ"

"မရိုက်ဘူး"

မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် မာန် က စူးစမ်းသလို ကြည့်နေသည်။ ဒီသုံးယောက်ပုံကို ဟိုတုန်းကတည်းက ဖြဲဆုတ်ပစ်ဖို့ စိတ်ကူးခဲ့သေးသည်။ မအောင်မြင်ခဲ့သည်က အလင်း ပုံလေးပါ ပျက်စီးသွားမှာစိုး၍ ဖြစ်သည်။

ပြီးတော့ လွှမ်း ပုံကို ဖျက်ပစ်လိုက်တော့လည်း သားလေးပုံ ပါသွားဦးမည်။ ထို့ကြောင့် ဒီပုံကို သပ်သပ်ဖယ်ထုတ်ပြီးတော့ မေ့မေ့လျော့လျော့ ထားပစ်ခဲ့တာ ကြာပြီဖြစ်သည်။

ခုနကပဲ သားလေးအိပ်နေတုန်း ဒီပုံကို သတိရပြီး ဆုတ်ဖြဲဖျောက်ဖျက်ဖို့ ထုတ်ယူလိုက်မိ၏။ သားလေး နိုးနေတာကို မသိဘဲ ကြည့်နေမိတာကိုက ကိုယ့်အမှား။

"မေမေ၊ အဲဒါ ဦးဦးပဲမဟုတ်လား။ ဖေဖေက ဦးဦးကို ဖက်ထားတာတွေချည်းပဲ၊ သားသား ကြည့်ချင်တယ်"

စကားသံတွေနှင့်အတူ နှင်း အံ့သြနေတုန်းမှာပဲ မာန် က ဓာတ်ပုံတွေကို ဆွဲယူသည်။

"အို ... မကြည့်ရဘူး။ မေမေ့ကို ပြန်ပေး သား၊ အဲဒီလူက မင်းအဖေကို သတ်ခဲ့တဲ့လူ၊ လူယုတ်မာ၊ သူ့ကြောင့် သားဖေဖေ သေရတာ သိလား"

ပြောရင်း ပြန်တောင်းတာ ဘယ်လိုမှ မရ၊ ပြောလေ ခေါင်းခါလေ၊ လိုက်လေ ပြေးလေ၊ အခန်းထဲမှာ လှည့်ပတ်ပြေးနေရင်း စုတင်နားမှာပဲ သားအမိနှစ်ယောက် နှစ်ပတ်သုံးပတ် လည်နေသည်။ စိတ်မြန်တတ်သည့် နှင်း ရဲ့အကျင့်တွေ၊ မာနတွေ သားလေးကျမှ တိုးမပေါက်တော့ဘဲ ဖြစ်နေ၏။

အလင်းလို နူးညံ့သိမ်မွေ့တတ်တဲ့ အကျင့်တွေ သားမှာ ပါမှာစိုး





လို့ ငယ်ငယ်ကတည်းက မကြောက်တတ်အောင် သင်ပေးခဲ့သည်။ မေးစရာရှိရင် မေးရဲရမည်၊ ပြောစရာရှိက ပြောရဲရမည်။

မှန်ရင်ခံ၊ မှားရင်ခံ၊ တွေဝေတာ၊ ပျော့ညံ့တာ ယောကျ်ားအလုပ်မဟုတ်၊ အမျိုးမျိုးသော ပို့ချမှုတွေဟာ သားလေး ရဲရင့်စေချင်တာပါ။ ခုကျတော့ သားလေး ပထမဆုံး ရဲရင့်ပြလိုက်တာက နှင်း ကိုပဲဖြစ်ကာ ဟင့်အင်းလို့လည်း ငြင်းရဲနေသည်။ 'မေမေ ညာတာ' လို့လည်း လက်ညှိုးထိုး စွပ်စွဲနေတတ်ပြန်သည်။

"သွားချင်တယ်၊ ဦးဦးနဲ့နေရတာ သားပျော်တယ်၊ သူက ဖေဖေ သိပ်ချစ်တဲ့ သူငယ်ချင်း၊ သားသားလဲ ချစ်တာပဲ၊ ချစ်မှာပဲ၊ မေမေကလဲ ဘာဖြစ်လို့လဲ၊ သားသား သွားမယ်"

ခြေဆင်း ငိုသည်။ တိတ်ဆို မတိတ်ဘဲ အသံပြနှင့် ငိုနေ၏။ ဒေါသဖြစ်ဖြစ်နှင့် ရိုက်မိတော့ ငိုရှိုက်ရင်း အိပ်ပျော်သွားရှာသည်။ နိုးလာတော့ ဒီဓာတ်ပုံတွေကြောင့် နှင်း စိတ်ညစ်ရပြန်ပြီ။

"သမီး ..."

ဦးပြုံးက အပြင်ဘက်ကနေ ရပ်လျက် မှန်ချပ်ကနေ မြင်နေရသည့် နှင်းနဲ့ မာန့်ရဲ့အဖြစ်ကို မသက်မသာလှမ်းကြည့်ကာ ...

"ကလေးက နာလန်ထစကွယ်၊ မရိုက်ပါနဲ့"

"မရိုက်လို့ မရဘူး၊ ခုလဲ ထပ်ရိုက်မှာပဲ၊ ဦးလေးပြုံး မကြားဘူးလား၊ ရိုင်းစိုင်းနေတာ"

ဦးပြုံးကို မာန် က လှည့်ကြည့်ကာ ဟနေသည့်မှန်ချပ်ကို ပြေးဖွင့်၏။

"ဘဘ၊ သားသားကို ဦးဦးဆီ ပို့ပေးပါ၊ မေမေ့ကို သားသား မချစ်တော့ဘူး။ ဦးဦးက လူဆိုးမဟုတ်ဘဲနဲ့ မေမေက ညာပြောတာ၊ ဘဘ သားသားကို ခေါ်ပေးပါ"

သံပန်းတွေကြားထဲကို လက်ကလေးသွင်း၍ ဦးပြုံး၏ပခုံးစကို



www.burmeseclassic.com

www.burmeseclassic.com



မိမိရရ ဆုပ်ဆွဲထားလေသည်။

"သားသား"

အားလုံးပြုတ်ကျကုန်သည့် ဓာတ်ပုံထဲက လွှမ်း ပါသည့်ပုံကိုပဲ အမိကကောက်ယူကာ နှင်း က လက်တစ်ဖက်နှင့် မာန် ကိုယ်လေးကို ပွေ့ယူလိုက်သည်။

"မလိုက်ဘူး၊ မေမေ့ကို မခေါ်ဘူး"

မာန် က နှင်း ကို လက်နှင့်ဖက်နှင့်တွန်းထားကာ ခါးလေးကော့လိမ်ပြီး ရုန်း၏။ နှင်း က မာန် ကိုယ်လေးကို မလွှတ်တမ်းဖက်ထားလျက် အပေါ်ထပ် တက်သွားလေသည်။ ဦးပြူး နေရာမှ လှည့်ထွက်ခဲ့ရင်း ရင်ထဲမှာ ပြည့်သိပ်နေသည့် စကားတွေကို ပြောဖို့ခက်နေခဲ့၏။ တကယ်ဆို နှင်း မသိတာတွေ အများကြီးရှိနေသေးသည်။

လက်တွေ့ဘဝမှာ စိတ်ကူးယဉ်ကြတဲ့အတိုင်း ဘာမှ အလွယ်တကူ အဆင်မချောတတ်ကြဘူးဆိုတာ ဒီမိန်းကလေး မတွေးမိဘူးလား။

"ဟင် ..."

ဦးပြူး ခြေလှမ်းတုံ့သွားသည်။ ခြံတံခါးအပြင်မှာ ရပ်နေသည့် လွှမ်း ၏မျက်နှာကို မြင်လိုက်ရသဖြင့် ခြေလှမ်းတွေလည်း ပိုမြန်သွားသည်။

"လွှမ်း ..."

"ကလေး နေကောင်းရဲ့လား ဦးလေး"

"အေး ကောင်းပါတယ်ကွာ၊ လာလေ လူလေး"

လွှမ်း ကားကို လမ်းထိပ်မှာပဲ ရပ်ပစ်ခဲ့ပြီး ဒီတိုင်းလျှောက်ဝင်လာခဲ့တာဖြစ်သည်။ တံခါးဖွင့်ပေးတော့ အထဲကိုမဝင်ဘဲ ဦးပြူး နေသည့် အိမ်ကလေးထဲကိုပဲ လိုက်ဝင်လာပြီး ကြိမ်ကုလားထိုင်လေးမှာ လွတ်လွတ်လပ်လပ် ထိုင်သည်။

"ဦးလေးမှာတော့ ရေနွေးကြမ်းပဲရှိတယ်၊ ရော့ ... ဒီမှာ လက်ဖက်အသားလေးရော၊ ပဲကြော်မပါပေမယ့် နှမ်းဖြူးထားတော့ ကောင်း





ပါတယ်၊ နှင်း လုပ်ပေးထားတာလေ"

"ဟုတ်ကဲ့၊ ကျွန်တော် မစားတော့ပါဘူး"

ပြောလိုက်ပေမယ့် နှင်း လုပ်ပေးထားတာဆိုတော့ နည်းနည်းတော့ စောင်းငဲ့ကြည့်လိုက်မိသည်။ အဝါရောင်ကြွေရည်သုတ် လက်ဖက်ခွက်လေးထဲမှာ ဆီရွှဲရွှဲလေးနှင့် နှပ်ထားသည့်လက်ဖက်က စိုစိုအိအိလေးပါပဲ။

ဦးပြူးက ဓာတ်ဘူးနှင့်လက်ဖက်ခွက်တွေ၊ ပန်းကန်လုံးတွေ စုံအောင် ချပေးပြီးမှ ရှေ့မှာ ဝင်ထိုင်သည်။

ပျဉ်ထောင်အိမ်လုံးကလေးက မကျယ်ပေမယ့် သေသေသပ်သပ်နှင့် တော်တော်လေး ပြည့်စုံပါသည်။ ဦးဇော်လွင်က ဇနီးနှင့်သမီးအပေါ်မှာ အခံပြောအဆို၊ ဆက်ဆံရေး မညက်ညောခဲ့သော်လည်း စိတ်ရင်းကောင်းရှိသူဖြစ်သည်။ စာနာငဲ့ညှာမှုလည်း ရှိပါသည်။

ဒါပေမယ့် မထင်မှတ်သည့်နေရာတွေမှာ အရွဲ့တိုက်ချင်တာတွေ၊ သူများက နည်းနည်းလောက် ဆိုးသည်ထင်တာနှင့် အများကြီး ပြန်ဆိုးချင်တာတွေ၊ ဒါတွေကတော့ မကောင်းပေ။

နောက်ဆုံး ကိုယ့်ရင်သွေးအပေါ်မှာပင် ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ ဆိုသည့် ဥပေက္ခာမျိုး ထားနိုင်ခဲ့သူဖြစ်သည်။

ဒီအိမ်ကြီးမှာ ဖြစ်ပျက်ခဲ့သမျှတွေအားလုံးကို ကွင်းဆက်မပြတ် အစအဆုံးသိထားသူက ဦးပြူးပဲဖြစ်၏။

"စိတ်တော့မကောင်းစရာပဲကွာ၊ ကလေးက သူ့အမေကိုတောင် ဂရုမစိုက်တော့ဘူး"

ဦးပြူးက ထိုင်ပြီး ဘာမှမပြောဘဲ မျက်မှောင်ကြုတ်နေသည့် လွှမ်း ကိုကြည့်၍ စကားစလိုက်သည်။ လွှမ်း မျက်နှာမော့မလာပါ။ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေသလိုရှိလျက် ကုလားထိုင်မှာ မှီ၍ ကိုယ်ကို လျှောချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တင်ပေါ်မှာ တံတောင်တစ်ဖက်ထောက်ကာ မျက်နှာကို ပွတ်ပစ်လိုက်ပြီး …

"ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် အစက ရင်ထဲမှာ သိပ်မရှိခဲ့ဘူး၊ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်ချစ်တယ်၊ မေ့လို့မရဘူး၊ သူလဲ သူ့မှာ ကြင်သူသက်ထား ရှိနေပြီးတဲ့အချိန်အထိ ကျွန်တော့်ကို မေတ္တာမပျက်ခဲ့ဘူး၊ ကျွန်တော့်ရင်ထဲမှာလဲ ချစ်သူမရှိခဲ့တဲ့ရင်ထဲမှာ သူ့အတွက် နေရာအပြည့်ပေးပြီး ခင်တာ၊ မထင်မှတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် ကိုယ်ကျိုးစွန့်ပြီး ခင်မင်ခဲ့ကြတယ်"

ဦးပြူးက ဘာမှဝင်မပြောဘဲ ခေါင်းညိတ်နေသည်။

"သူ ဆုံးသွားတဲ့နောက်ပိုင်းမှာ ငါ့ကြောင့်ဆိုတဲ့ ယူကျုံးမရစိတ်နဲ့ သူ့အတွက် ဘာပြန်ပေးနိုင်မလဲဆိုတာပဲ ရင်ထဲမှာရှိတယ်၊ အလင်းဖြူအတွက်က ပထမ၊ ကလေးနဲ့သူ့ကို စောင့်ရှောက်ဖို့ထဲမှာ စောင့်ရှောက်နိုင်ဖို့က ဒုတိယပဲ၊ ကလေးနဲ့ပတ်သက်တဲ့ သံယောဇဉ်က ရင်ထဲမှာ အတိုင်းထက်အလွန် မရှိခဲ့တာသေချာတယ်"

"ဒါကတော့ လူလေးရယ်၊ ငယ်စဉ်က ချိုပိုးခဲ့ရပြီး နောက်ပိုင်းမှာ နှင်း က လုံးဝအတွေ့မခံခဲ့တော့ အနေဝေးသွားခဲ့ကြတာကိုး၊ နှစ်တွေလဲ ကြာခဲ့ပြီကိုး"

"ဟုတ်တယ်၊ ဒါပေမယ့် ကလေးက ကျွန်တော့်ဓာတ်ပုံကိုမြင်တာနဲ့ ဒီလောက်ထိ တွယ်တာသွားခဲ့ပြီး ကျွန်တော်က ကလေးကို မြင်တွေ့နေခဲ့တာတောင် ထိန်းသိမ်းနိုင်ခဲ့သေးတယ်၊ ကလေးဘက်က ပေးဆပ်နေရတာတွေ များနေပြီထင်တယ်၊ ခုလဲ ကျွန်တော့်ကြောင့် အရိုက်ခံနေရပြန်ပြီ"

"လူလေးကရော၊ အခု ကလေးကြောင့် ရောက်လာတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ထိန်းသိမ်းနိုင်ခဲ့တယ်ဆိုတာက မြင်တွေ့လိုက်ရုံ





ခြေအနေပါ၊ ကလေးက ကျွန်တော့်ကို တမ်းတဖက်တွယ်ပြီး ငိုကြွေးက်တဲ့အခါကျတော့ ရင်ထဲ ဘာဖြစ်သွားမှန်းမသိဘူး၊ အဲဒါ ချက်ချင်း ထဖြစ်သွားတာပဲ၊ သူ့အမေ အတင်းဆွဲလွှဲခေါ်သွားတော့ ကိုယ့်သွေးကို ဆုံးရှုံးလိုက်ရသလို ရင်ထဲမှာ ဘာမှမကျန်ခဲ့တော့ဘူး၊ ဘယ်မှ ထိုင်နေလို့မရတာနဲ့ ကျွန်တော် လိုက်လာတာ"

"ဟုတ်တယ်၊ အဲဒါ ရေးဘဝက ရင်းနှီးတွယ်တာခဲ့ကြတဲ့ ရေစက်ပဲ"

ဦးပြူးက အလေးအနက်ပြောသည်။ ဦးကမ္ဘာမြေနှင့် ကမ္ဘာလွှမ်းသည့် သားအဖနှစ်ယောက် နှင်း ဘဝကို ဘယ်လိုကာကွယ်စောင့်က်ခဲ့ကြတာ သူသာအသိဆုံး။

"မီးဝေးတဲ့ချိတ်လိုပေါ့၊ ဘယ်လောက်အေးခဲနေနေ မီးနဲ့ထိလိုက်နဲ့ ပျော်ကျသွားတာမျိုး၊ အလင်းဖြူ ဆိုတဲ့ လူငယ်နဲ့ မင်းရဲ့သံယောတွေပဲကွယ့်၊ ကလေးဟာ ဒီဓာတ်ပုံကိုမြင်တာနဲ့ သူ့ရဲ့ဖခင်ကိုမ်းတနေတဲ့စိတ်တွေ၊ သူ့သွေးထဲမှာ ကိန်းအောင်းနေတဲ့ သူ့အဖေရဲ့ဓာတ်၊ သံယောဇဉ်တွေ အားလုံးကို စုပြုံခံစားနေရတာ"

လွှမ်း က ထောက်ထားသည့်လက်ပေါ်မှာ နားထင်တစ်ဖက်ကပ်ထားလျက် ဦးပြူး ပြောတာကို နားထောင်နေ၏။

"သူ့ဘဝနဲ့စိမ်းပေမယ့် သူ့သွေးက မင်းနဲ့မစိမ်းဘူးလေ၊ မင်းလဲပဲပေါ့၊ သံယောဇဉ်ဆိုတာ သွေးသားတော်စပ်မှ ခိုင်မြဲကြတာမျိုးမှတ်ဘဲကွယ်၊ အချစ်၊ မေတ္တာနဲ့သံယောဇဉ်ဟာ ပုံသဏ္ဌာန်မရှိဘဲတို့နေချင်သလိုနေတာ၊ အသိမပေး၊ လက်တို့တာမဟုတ်ဘဲ မြဲချင်နေရာမှာ မြဲတယ်၊ မနေချင်တဲ့နေရာမှာ မနေဘူး၊ အချစ်ဆိုတာဒါလို့ ဘယ်သူပြောနိုင်လို့လဲ၊ မေတ္တာနဲ့သံယောဇဉ်က ပိုပြီးတောင်နက်သေးတယ်၊ သတ်မှတ်ချက်နဲ့ ဘယ်လိုမှ ပြောလို့မရနိုင်ဘူးဆို ဒီအိမ်ကမွေးပြီး ကိုယ့်မိဘကို မခင်တွယ်ဘဲ တစ်မိသားစုမှာ



www.burmeseclassic.com

www.burmeseclassic.com



ယော်ဇဉ်ပိုနေကြတာတွေလဲ ရှိတာပဲ၊ မဖြစ်နိုင်ဘူးဆိုတာ ဘာ မရှိဘူး။ အလင်းမာန် လေးက သနားစရာပါကွယ်၊ သူ့အဖေကို သူ ဘယ်လောက်လိုချင်တမ်းတနေခဲ့ရသလဲဆိုတာ ခုကျမှ ပေါ်တာ၊ သူ့ အဖေရဲ့လက်တင်ပြီး ဖက်ထားတဲ့ မင်းကို သူ ထူးထူးဆန်းဆန် ခင်တွယ်နေတယ်”

ဦးပြုံး က နှင်း ကို မာန် ပြောပြနေတာတွေပါ လွှမ်း ကို ပြော လိုက်၏။ လွှမ်း မျက်နှာသည် ပြုံးကျတော့မတတ် ညိုမှောင်နေမြ ချက် ရှိသည်။

“သူ့အမေ ဘယ်လိုရိုက်ရိုက်၊ ဘယ်လိုဆူဆူ မင်းကို လူဆိုးပြေ တာ လုံးဝ လက်မခံဘူး။ “ဖေဖေကတောင် ဖက်ထားတာ၊ သားသာ ချစ်မှာပဲ” ဆိုတဲ့ စကားကိုပဲ အထပ်ထပ်ပြောနေတယ်၊ သူ့အဖေ မင်းရိုက်ထားတဲ့ နောက်ထပ်တစ်ပုံ သူ ထပ်တွေ့သွားတယ်၊ အဲဒီပုံ မှာ ကလေးကိုချီထားတာ မင်း ယင်တယ်”

ပုံတွေကိုင်ပြီး မာန် သူ့ဆီပြေးလာတုန်းက ဖျတ်ခနဲ မြင်လိုက်တ ပါ။ သူ့နားကျမှ ပုံတွေကို လွှတ်ချပစ်ပြီး သူ့ပခုံးကိုလှမ်းဆွဲတာ ဖြ သည်။ လွှမ်း က ခေါင်းညိတ်၍ ...

“ကျွန်တော့်လက်ထဲမှာပါ”

“အေး၊ အဲဒီပုံကို မလွှတ်တမ်းကိုင်ထားပြီး သူ့အမေ ဘာပြေ ပြော ခေါင်းခါတော့တာပဲ၊ ဘာပဲဖြစ်ဖြစ် စိတ်ရှည်သည်းခံခြင်းမ အောင်နိုင်ခြင်းပါပဲကွာ၊ သည်းခံခွင့်လွှတ်နေတဲ့လူကိုလဲ ကြာရှ နာကြည်းမုန်းတီးနေလို့ မရပါဘူး။ ဦးလေး တောင်းပန်ပါတယ်၊ နှ တို့သားအမိကို မင်း စိတ်မပျက်ပါနဲ့”

“မပျက်ပါဘူး၊ ကျွန်တော့်သူငယ်ချင်းအတွက် ကျွန်တော် သူ ဘဝတစ်လျှောက်လုံးအတွက် တာဝန်ယူသွားမှာပါ။ နောက်ဆုံး ကျွန်တော့်ကို ဘယ်လိုမှ လက်မခံခဲ့ဘူးဆိုရင်လဲ ဒီတိုင်းနဲ့ပဲ နေ





ရောက်သွားမှာ၊ သူတို့သားအမိ ဘယ်တော့မှ ဒုက္ခမရောက်စေရဘူး”

ဦးပြုံး နှုတ်ခမ်းတွေ ပြုံးကျသွားသည်။ လွှမ်း အတွက် သူကိုယ်တိုင် ရေနွေးတစ်ခွက် ငှဲ့ပြီး ကမ်းပေးသည်။

အိမ်နှင့်ခြံဝ ဘယ်လိုမှ မမြင်နိုင်မှန်းသိလျက်နှင့် လွှမ်း က အိမ်ကြီးဆီသို့ လှမ်းကြည့်နေသည်။

မြင်နေရသည်က ပြတင်းတံခါး၏အပြင်ဘက်မှာ သစ်ပင်ပန်းပင်တွေပဲ ရှိနေလေသည်။ ဒါပေမယ့် လွှမ်း မျက်လုံးထဲမှာ မာန့်မျက်နှာ၊ မာန့် အသံလေးသာ ....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

ဝင်ငွေလည်းကောင်းသည်၊ ဂုဏ်ရွှေလည်းရသည်၊ နှင်း ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ကျေနပ်နေခဲ့သည်။ ဒီနေ့လည်း ပွဲဖြစ်ဖို့ ရှိနေသည်။

နှစ်ဦးနှစ်ဖက် အဆင်ပြေသွားကြလျှင် ကိုယ့်အတွက် မြိုးမြိုးမြက်မြက်ကလေး ရမှာဖြစ်၏။ စိတ်ကူးထားခဲ့တာ ဒီပွဲပြီးလျှင် ကျောက်ဖြတ်လိုလို၊ ပွဲစားလိုလို ဒီအလုပ်ကိုစွန့်၍ ကိုယ်တိုင်ဝယ်ရောင်း လုပ်တော့မည်ဟု။

စုဆောင်းထားတာလည်း လက်ထဲမှာ လုံလောက်ပြီမို့ ကိုယ်တိုင်ဝင်ကြဲဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ မိတ်ကပ်ရောင် ကိုယ်ကပ်အပျော့သားလေးကို ကျောနောက်ကနေ အစအဆုံး ဇစ်ဆွဲပစ်လိုက်၏။

လည်ဟိုက်လက်ပြတ်ကပ်ကပ်လေးပေါ်မှာ အဝါနုရောင် အပေါ်အင်္ကျီလေး ထပ်ဝတ်လိုက်တော့ မရိုင်းတော့ဘဲ လှသွားသည်။

လည်တိုင်မှာ လိမ္မော်ရောင် ဖန်စီကြိုးကုံးရှည်လေးတစ်ကုံးကို ဆွဲထားလိုက်၏။ နားမှာလည်း အရောင်တူ၊ ဆံပင်ရှည်တွေကို လိမ္မော်ရောင်ကွင်းလေးနှင့် နောက်မှာ စုစည်းထားကာ ကိုယ်မှာ တန်ဖိုးကြီးရတနာမပါပေမယ့် နှင်း တစ်ကိုယ်လုံး ရှန်းလက်တောက်ပသွားမည်ပင်။





"မေမေ ဘယ်သွားမလို့လဲ"

"အလုပ်ကိစ္စရှိလို့ သားသား၊ သားသားကို ကျောင်းဝင်ပို့ပြီးမှ သွားမှာ၊ အင်္ကျီလဲရအောင် ... လာ"

သားလက်ကလေးကိုဆွဲ၍ အဝတ်ဗီရိုဆီလာတော့ မာန် က နှင်းကို မော့ကြည့်၍ ...

"မေမေ"

"ဟင် ..."

"မေမေက လှတယ်"

ထူးထူးဆန်းဆန်း ဖြစ်သွားသဖြင့် နှင်း ကပြုံးသည်။ ပြီးတော့ မာန့် ပါးကလေးကို နမ်း၏။

"သားသား ပိုတောင်ချောသေးတယ်၊ ညိုစိမ့်စိမ့် ခန့်ခန့်လေး"

"မေမေ၊ ဖေဖေက ဘာဖြစ်လို့ မချောတာလဲဟင်"

နှင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဓာတ်ပုံထဲမှာလဲ မေမေက လှတယ်၊ ခုလဲ လှတယ်၊ ဖေဖေက မလှဘူး"

"ယောကျ်ားဆိုတာ လှဖို့မလိုဘူး သား၊ တည်ကြည်ခံ့ညားဖို့ရယ်၊ ယောကျ်ားပီသတဲ့ စိတ်ဓာတ်ရှိဖို့ရယ်၊ ဒါပဲ"

"ဖေဖေက မေမေ ပြောသလိုလားဟင်"

"ဒါပေါ့ သားသားရဲ့၊ သားသားဖေဖေက သိပ်ကို ယောကျ်ားပီသတဲ့ လူ၊ မေမေနဲ့သားသားကိုလဲ သိပ်ချစ်တာ၊ သူသာ ရှိနေသေးရင်"

"ဦးဦးကိုလဲ ချစ်မှာပဲနော်"

"ဟင် ..."

မာန် က နှင်း စကားကို သူထင်သလို ကောက်ခနဲ ဝင်ပြောပစ်လိုက်၏။

"မေမေ့ကိုကလဲ ဦးဦးနဲ့ ရန်မဖြစ်ဖို့ ပြောမှာပဲ၊ ဘာဖြစ်လို့လဲဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖေဖေက ဦးဦးကိုချစ်တယ်၊ ချစ်လို့ ဖက်ထားတာပေါ့"

မာန် က သူ့လည်ပင်းက ဆွဲကြိုးလေးကို ကိုင်ကြည့်ပြန်ကာ ....

"သားသား ဆွဲသီးထဲမှာလဲ ဖက်ထားတယ်၊ ဟိုဓာတ်ပုံထဲမှာလဲ ဖက်ထားတယ်"

"သားသား၊ အဲဒါကို ဘာဖြစ်လို့ ထည့်ပြောနေတာလဲ၊ ဓာတ်ပုံရိုက်တယ်ဆိုတာ ချစ်ချစ်မချစ်ချစ် ကြိုက်သလိုရိုက်လို့ရတယ်"

မာန် က မကျေမနပ်လေး မျက်မှောင်ကြုတ်၏။ ကလေးဆိုပေမယ့် သူ့နှင့်လက်လှမ်းမီတာလေးတွေ တွေးပြီး မာန်က မရမက ဆက်စပ်ယူနေတတ်ကာ ...

"သားသားတို့ကျောင်းမှာ 'တို့နိုင်ငံမိသားစု' ဆိုတဲ့ ပိုစတာအကြီးကြီး ချိတ်ထားတာရှိတယ်၊ အဲဒီထဲမှာလဲ လူတွေအများကြီးက တစ်ယောက်နဲ့တစ်ယောက် ဖက်ထားကြတာပဲဥစ္စာ၊ တီချယ်က ပြောတယ်၊ ချစ်ခင်စည်းလုံးခြင်းက အင်အားပဲတဲ့၊ သွေးမကွဲရဘူးတဲ့၊ သွေးကွဲတယ်ဆိုတာ ရန်ဖြစ်ကြတာကို ပြောတာတဲ့၊ သားသား မြင်ဖူးတာအများကြီးပဲ၊ မချစ်ဘဲနဲ့ဖက်ထားတာ ဘာမှမရှိဘူး"

နှင်း ရင်မောသွားသည်။ ဒါဆိုဒါ တရားသေမှတ်ထားတဲ့ကလေးကို ဘယ်လိုသိမ်းသွင်းစည်းရုံးရမှန်း မသိတော့ပါ။ ဒီအဖြစ်အပျက်များမှာ ကမ္ဘာလွှမ်း၏ပယောဂ မပါဘူးဆိုတာလည်း ကြာလေသိလာလေပါ။

သားလေးကိုက သူ့အဖေနှင့်အတူတွဲလျက် မြင်လိုက်ရပြီးသည့်နောက် သူ့ကိုပဲ တမ်းတနေခဲ့တာဖြစ်သည်။

ဖအေသေပြီဆိုတာကို နားလည်ထားသည်။ ဖအေ ပြန်ရောက်မလာနိုင်တော့တာကို လက်ခံပြီးသည့်စိတ်၏နောက်မှာ ပြန်ရနိုင်တာကို တမ်းတမ်းတတ ဖြစ်လာခြင်းက ဘယ်လိုဖျက်ဖျက် မပျက်ဘဲရှိနေတော့သည်။

တကယ်တော့ ကမ္ဘာလွှမ်း၏ မာနကလည်း သေးသေးကွေးကွေး





တော့ မဟုတ်ပေ။ နှင်း ကို သူ လက်ထပ်ခွင့်တောင်းခဲ့ပေမယ့် ဝတ္တရားဆန်ဆန်ပဲ ဖြစ်သည်။

စောင့်ရှောက်သင့်သည်ဟု တစ်ယူသန်ထားခဲ့သည့်အပေါ်မှာ သူပေးသမျှကို နှင်း လိုချင်ချင် မလိုချင်ချင် ပေးနေမှာပဲဆိုသည့် ပုံမျိုး။

ဘာလုပ်ဖို့လဲ၊ သားသား ငယ်ငယ်နဲ့တောင် နှင်း ကိုယ့်ဘဝကို ရုန်းကန်နိုင်ခဲ့တာ၊ အခု သားလေးလည်း လက်လွှတ်လို့ရနေပြီ၊ ကိုယ့်ဘဝကလည်း အခြေအနေမဲ့မဟုတ်တော့၊ အလင်း ဘာတွေမှာသွားခဲ့သလဲ သူမ မသိပါ။

ဒါပေမယ့် အားကိုးရာဖို့အတွက် ယောကျ်ားတစ်ယောက်ယောက်ကို မဖြစ်မနေ လက်ထပ်ရတော့မည်ဆိုလျှင်တောင် ထိုယောကျ်ားဟာ ကမ္ဘာလွှမ်း မဖြစ်စေရ။

ကားမောင်းရင်း နှင်း အံကြိတ်လိုက်မိသည်။ ခုံတစ်လောမှာ တွေးနေ ငေးနေတတ်သည့် သားလေးကို မသိမသာ ငဲ့ကြည့်မိ၏။

"သားသား၊ ကျောင်းမှာ ဟိုလူလာခေါ်ရင် မလိုက်ရဘူးနော်၊ မေမေက ရိုက်မှာ"

သတိပေးလိုက်တော့မှ မာန် က ကူရှင်မှာ မှီထိုင်နေရာကနေ နှင်း ကို မော့ကြည့်သည်။

ဘာမှမပြောဘဲ နှုတ်ခမ်းလေးကို စူယော်ပစ်လိုက်ပြီး ရှေ့ပြန်သည်၏။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သားရဲ့စိတ်ကို ဒီ့ထက် ကြမ်းတမ်းစွာ ကိုင်တွယ်လို့မရဘူးဆိုတာကို နှင်း နားလည်သည်။ ဒါကြောင့် တစ်ခါတစ်လေ အလိုက်အထိုက်လေး ငြိမ်နားထောင်ပေးလိုက်ရတာတွေလည်း ရှိ၏။

"မေမေ တာ့တာ"

"တာ့တာ သားသား"

ကားပေါ်ကဆင်းတော့ နှုတ်ဆက်နေကျအတိုင်း နှုတ်ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် မာန့် နှုတ်ခမ်းလေးမှာ ဟိုတုန်းကလို ချစ်စရာအပြုံးကလေး
တွေ မရှိခဲ့ပေ။

အဲဒါ သင်းကြောင့်၊ ကားကို ဒေါသမကင်းစွာ ပြန်လှည့်ထွက်
ရင်း ခပ်ကြိတ်ကြိတ် တက်ခေါက်မိသည်။ ထိုစဉ်မှာပဲ နှင်း ရဲ့ကားရှေ့
မှာ ကားနက်လေးတစ်စီးက ပိတ်ရပ်ပစ်လိုက်ပြီး ....

"ကမ္ဘာလွှမ်း"

နှုတ်ခမ်းလှုပ်ရုံခေါ်မိရင်း နှင်း စတီယာရင်ကို ဖိဆုပ်သည်။
ဆင်းလာသည့်ခြေလှမ်းများကို မမှိတ်မသုန် စိုက်ကြည့်လျက် ဒိတ်
နေခဲ့လိုက်ဇော်။

"နှင်းမာန"

လွှမ်း က နှင်း ရဲ့ဘေးမှာ လာရပ်ပြီး လက်နှစ်ဖက်ကို ခပ်
ကားထောက်သည်။ ခါးကိုကိုင်း၍ နှင်း ကို ငုံ့ကြည့်ကာ ...

"ဘယ်သွားမလို့လဲ"

"ဘယ်သွားသွား၊ နှင့်အလုပ်မဟုတ်ဘူး၊ နှင့်ကားကို ဖယ်ပေး
လား၊ မပေးဘူးလား"

"ဖယ်မယ်၊ ပြောစရာရှိလို့၊ မင်း ဒေါ်ကြာနက်တို့အုပ်စုနဲ့ ဘာလု
နေတာလဲ"

"မကောင်းမှုတွေ လုပ်နေတယ်"

"မင်း မရွဲ့နဲ့၊ စေတနာကို စေတနာမှန်း နားလည်၊ အဲဒီအုပ်စု
နောက်က လူတွေရှိသေးတယ်၊ မင်းက ဘယ်လိုပုံစံနဲ့ ဝင်ရောနေတာ

နှင်း က ဆတ်ခနဲ မော့ကြည့်ကာ ...

"နှင်နဲ့မဆိုင်ဘူးလို့ ပြောပြီးပြီမဟုတ်လား၊ ငါ့ဝန်ငါထမ်း၊ ငါ့လ
ငါလျှောက်နေတာ ဘယ်လိုပဲဖြစ်ဖြစ် ဆရာဝင်မလုပ်နဲ့"

"လုပ်ရမှာပဲ၊ မင်းမှာ အန္တရာယ်ရှိလို့ ပြောနေတာ၊ စိန်ရွှေရတ
ရောင်းဝယ်နေကြတာကို မင်းက ဘာထင်နေသလဲ၊ ဥပဒေဘောင်





လုပ်ကြတာ ရှိတယ်၊ မလွတ်မကင်း လုပ်ရှားနေကြတာ ရှိတယ်၊
တော်ရုံရှင် မင်း ကျေနပ်တော့ပေါ့၊ ဘာဖြစ်လို့ ခြေလှမ်းကျဲလာတာလဲ"

နှင်း ဘာမှမပြောနိုင်။ ဒေါ်ကြာနက်နှင့် သူ့မောင် ဩဘာကို
အလေးအနက်ထားလို့မရမှန်း သူမလည်း သိသည်။ သူတို့ ဘယ်လို
လူတွေလဲဆိုတာ သေချာမသိပေမယ့် အဖေါင်းအသင်းမိတ်ဆွေတွေ
များလွန်းတာကို သတိထားမိတာဖြစ်၏။

ဘာပဲဖြစ်ဖြစ် ကိုယ့်အတွက် စားကျက်ပြပေးခဲ့တဲ့အထိ ကူညီခဲ့
ကြသူတွေ ..။

"နှင်းမာန၊ မင်းကိုပြောတာ ကြားရဲ့လား"

"မလိုဘူးလို့ ပြောပြီးပြီမဟုတ်လား၊ ကား သွားဖယ်လိုက်"

လွှမ်း က ဖယ်မပေးဘဲ နှင်း ကို ငုံ့မိုးကြည့်နေကာ ...

"ကိုယ်ပြောထားတာ မင်း စဉ်းစားပြီးပြီလား"

"နှင်နဲ့ပတ်သက်ရင် ငါ့အတွက် လေစိမ်းတိုက်တာလောက်
တောင် ထိရှမှု မရှိခဲ့ဘူး၊ ဒီမှာ ကမ္ဘာလွှမ်း၊ သူငယ်ချင်းအတွက်ဆိုတာနဲ့
အသံကောင်းဟစ်မနေနဲ့၊ ငါ အရူးမဟုတ်ဘူးဆိုပေမယ့် ဘယ်ဘက်က
မှ အထင်ကြီးစရာမရှိတဲ့ နှင့်လိုလူကို ခေါင်းထဲထည့်ဖို့အထိ တန်ဖိုး
မမဲ့သေးဘူး၊ ဆောရီး"

"ကောင်းပြီ၊ မင်းက ထည့်ပြောတာနော်၊ အဲဒီအတိုင်းပဲ ကိုယ်
ပြောမယ်၊ သူငယ်ချင်းကို အကြောင်းပြပြီး ကိုယ် ကြိုးစားခဲ့တယ်လို့
ပဲ ထားလိုက်၊ ကိုယ်က လူပျိုပဲ၊ မင်းလို ကလေးတစ်ယောက်အမေ
ကိုတောင် ကြိုးစားမရဘူးဆိုတာ ဖြစ်စရာလား၊ ရအောင်ယူမယ်"

"ဘဝင်ရူး"

"မင်းလောက် မရူးဘူးထင်တာပဲ၊ နှင်းမာန ဆိုတာက ကိုယ်မှ
မဟုတ်တာ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



နှင်း ဂီယာချိန်းလိုက်ပြီး တက်ခေါက်သည်။ လွှမ်းက ထောက်ထားသည့် လက်တွေကိုဖြုတ်၍ မတ်မတ်ပြန်ရပ်ကာ ...

"မာနတွေ အရည်ကျိုသောက်လို့ရအောင် သေချာစုထားဦး"

နှင်း ဘာလုပ်ပေဘူမှာကို သိနေသလို ပြောလည်းပြောရင်း နောက်ကို ခွေ့ခနဲ ခုန်ဆုတ်၏။ ကားက ရှေ့ကားကို ခေါင်းလွဲရှောင်၍ ကွေ့ထွက်လိုက်သဖြင့် လွှမ်း ကို ခါထုတ်ပစ်လိုက်သလို ဖြစ်သွားသည်။

ဒါပေမယ့် မထိခဲ့ပါ။ နှင်း နောက်တစ်ခါ တက်ခေါက်မိလေသည်။





အခန်း (၂၆)

ဖုန်းဆက်ပြီး ပြန်လာတာမှန်း အစက မသိပါ။ ဒါပေမယ့် အလင်းမျက်နှာ ရွှင်မြူးနေတာကိုတော့ ထူးဆန်းတယ်လို့ ထင်မိ၏။ နှင်းက အကျီတွေ မီးပူတိုက်နေရာက မထပြစ်တဲ့ ကလေးဆီတန်းရောက်သွားသည့်အလင်းကို အကဲခတ်နေခဲ့သည်။

"သားသား၊ ဖေဖေ့သားကြီး၊ သားသားရဲ့ဦးဦး လာမယ်တဲ့ကွ၊ သိလား၊ သားသားအတွက် ခြောက်လပြည့် မွေးနေ့လက်ဆောင်တွေ ယူလာတယ်တဲ့၊ လာပါ၊ ဖေဖေ့ဆီ လာပါဦးကွ"

ပုခက်ထဲက ကလေးကို စကားတွေပြောရင်း အားမလိုအားမရ ဆွဲထုတ်ပြန်သည်။

"ကလေး အိပ်နေတာကို အလင်းရယ်"

နှင်း စကားထဲမှာ မလိုလားသံတော့ ပါမှာပါ။ ခါတိုင်းလည်း သူ အလုပ်ကအပြန်၊ ဒါမှမဟုတ် အိမ်မှာရှိနေတဲ့အချိန်တိုင်း သား အိပ်ပျော်နေလျှင် ဘယ်တော့မှ အကြာကြီး ငြိမ်ငြိမ်သက်သက် မနေတဲ့သူ ဖြစ်သည်။

စကားတွေပြောရင်း ကလေးကို ငုံ့နမ်းလိုက်၊ ပါးကိုင်၊ နှာခေါင်းဆွဲနှင့် ကလေးက လူးလူးလွန့်လွန့်ဖြစ်လာတတ်သည်။ ထိုအခါ မျက်လုံးဖွင့်တဲ့အထိ မစောင့်ဘဲ အတင်းဆွဲထုတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော မင်းသား နိုးပြီ တွေ့လား၊ သားသားက သူ့အဖေအသံ
ကြားတာနဲ့ နိုးတဲ့ကောင်ကွ"

အမြဲတမ်းပဲ နှင်း ပြုံးမိခဲ့ရသည်သာ။ ခုတော့ ကမ္ဘာလွှမ်း လာ
ကို ပျော်နေသည့် သူ့ရင်ထဲကအပျော်တွေကို မကျေနပ်နိုင်ဘဲ ဖြစ်နေ
ကလေးက အိပ်မှုန်စုံမွှားနှင့် မျက်လုံးမဖွင့်ဘဲ လက်ကလေး နှ
ဖက်နှင့် သူ့မျက်နှာသူ ပွတ်သပ်တွန့်လိမ်နေသည်။

"ဟာ မငိုရဘူး၊ မငိုရဘူးလေ သားသားရဲ့ တော်တော်ကြာ သာ
မေမေကြီးက ဖေဖေ့ကို ဆူနေဦးမယ်၊ သားသားက နိုးပြီမဟုတ်လာ
နိုးပါပြီကွာ၊ ဖေဖေ့ကို ကြည့်စမ်း၊ ဒီမှာ ဒီမှာကွ"

နှင်း ပြောမယ့်စကားတွေ လည်ချောင်းထဲမှာ တစ်ဆို့ရပ်တ
သွားရသည်။

"ကမ္ဘာလွှမ်းကို အလင်း က သွားခေါ်တာလား"

ကလေးကိုပိုက်လျက် အလင်း က နှင်း ဘေးမှာ လာထိုင်သည်
"မခေါ်ပါဘူး နှင်းရယ်၊ သတိရလို့ ဆက်လိုက်တာပါ၊ ဟိုတ
ခေါက်က ကလေးနဲ့ပတ်သက်ပြီး နှင်းနဲ့သူ စကားများသွားကြတာ
မဟုတ်လား။ အဆက်အသွယ်ပြတ်သွားတာ ကြာပြီဆိုတော့ တော
ဘော်များ စိတ်ဆိုးသွားသလားဆိုပြီး ဆက်လိုက်တာ"

"သြော် ... သြော်၊ တော်တော်ကြာသွားပြီပဲ၊ နှစ်လလောက်ရှေ
နှင်း က ခပ်ရွဲ့ရွဲ့လေးပြောတော့ နှင်း ပခုံးကိုပါ လှမ်းဖက်
အလင်း က ရယ်သည်။

"ခါတိုင်းဆို မတွေ့ဖြစ်တာ ကြာရင်တောင် ဖုန်းပြောဖြစ်တ
လေ၊ အဲဒါကို ပြောတာပါ၊ ပြီးတော့ကွာ၊ ဖြစ်ကြတဲ့ကိစ္စမှာ သူ့စေတ
ကို စော်ကားသလို ဖြစ်သွားတာမဟုတ်လား"

"ဘာပြောတယ် အလင်း၊ နှင်း ကလွန်တယ် ဟုတ်လား"

နှင်း က မီးပူကို ဆောင့်ခနဲ ထောင်ချလိုက်တာ အလင်း ဧ





ကြည့်၏။

"ထစ်ခနဲရှိ လက်က ပါ၊ ဘယ်နေရာမှာ စီခနဲဆို ကမ္ဘာလွှမ်း၊
ဒီလိုလူမျိုးနဲ့ အလင်း တတွဲတွဲသွားလာနေတာကို နှင်း ကြည်ဖြူ
နေရမှာလား၊ ရန်ကုန်မှာလဲ ရန်ကုန်မို့လို့၊ မော်လမြိုင်ရောက်တော့
မော်လမြိုင်မှာ သူ ရန်မဖြစ်တဲ့နေရာ ရှိလား"

"နှင်းရယ်၊ ဒီမှာဖြစ်ကြတာလဲ ကိုယ်တို့ကြောင့်"

"တော်တော့ အလင်း၊ နှင်းတို့ကြောင့် ဘာတွေဖြစ်လာနိုင်သလဲ၊
သူ့ကြောင့်ပဲ ကြီးထွားကုန်ရတာ"

ဘယ်တုန်းကမှ အတိုက်အခံ မပြောခဲ့ဖူးသည့် အလင်းက သားနဲ့
ချင်းကပ်ထားရင်း သက်ပြင်းချနေသည်။

စခဲ့သည့်ရန်စက မော်လမြိုင်ကို သူ့ကားနဲ့ ကိုယ်တိုင်လိုက်ပို့ပေး
တုန်းက စခဲ့တာဖြစ်သည်။ မြို့ပေါ်မှာ ထမင်းစားကြတော့ ထမင်း
ဆိုင်မှာ နှင်း ကို လူရွယ်သုံးယောက်က ရိသဲ့သဲ့စကြသည်။ ဘေးမှာ
ဘကျားနှစ်ယောက်နှင့် ရှိနေသည့် မိန်းကလေးတစ်ယောက်ကို ရှိုင်း
စိုင်းစိုင်း စူးစူးရဲရဲကြည့်ပြီး လှမ်းစတာက စိတ်ဆတ်သည့် လွှမ်း
ပြောနဲ့ သူ့ကိုယ်တိုင်ပင် မခံမရပ်နိုင် ဖြစ်ခဲ့ရသည်။

ဒါပေမယ့် အဲဒီမှာ လွှမ်း သည်းခံခဲ့သေးသည်။ ထမင်းဆိုင်က
ထွက်လာကြတော့မှ ပြဿနာက စခဲ့၏။ ဟိုလူသုံးယောက်ကလည်း
လွှမ်း ၏ သည်းမခံတတ်သော မျက်လုံးတွေကို နားလည်ကာ နောက်
ခမိလိုက်ကြသည်။ သူတို့ကားက ပြိုင်ကားခပ်နိမ့်နိမ့်လေးပဲ ဖြစ်သည်။

လွှမ်း ၏ကားက မော်ဒယ်အမြင့်ဆုံး မာစီဒီး။ ကားချင်းဖိုက်ကြ
တော့ လွှမ်း ကလည်း ဂျစ်သည်။ တမင်တကာ အရှိန်ချ ရန်စပြီး ဟို
က ကပ်လိုက်တော့မှ ဘေးချင်းဆောင့်တိုက်ပေးလိုက်၏။ ကားချင်း
ထွက်သွားသံက မိုးခြိမ်းသံလောက် မြည်ဟီးသွားခဲ့၏။

ဟိုဘက်ကတော့ မသိပါ။ မာစီဒီးမှာ နှင်းနဲ့အလင်း လုံးထွေးလဲပြို



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကာ ဆန်ကောထဲက ဆီးဖြူသီးတွေလို ဖြစ်ကုန်သည်။

"လွှမ်း ... လွှမ်း၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဟိုကားရော ..."

အလင်း ခေါင်းထောင်နိုင်တော့ လွှမ်း အံကြိတ်ပြုံးနှင့် နောက်ကြည့်မှန်ထဲကို ဖျတ်ခနဲ ကြည့်သည်။

"ဘာမှဖြစ်ဖို့မရှိဘူး၊ မသကာ ခေါင်းရုံရောက်ရုံပဲ"

နှင်း က အံတကြိတ်ကြိတ်လေး ရှိနေခဲ့သည်။ လွှမ်း ကြောင့် သူနှင့်နှင်း နှစ်ယောက်စလုံး ဘာနဲ့ဘယ်လို ကိုက်မိဆောင့်မိမှန်း မသိဘဲ သွားမှာ နဖူးရောင်သွား၏။ နှင်း နှုတ်ခမ်းလှလှလေး ပေါက်သွားကာ သွေးတွေ ကျလာခဲ့သည်။

ဒီရန်စက ဘာမှ နောက်ထပ်ဖြစ်မလာခဲ့တော့ပါ။ သေတယ်ရှင်တယ်လည်း မကြား၊ ဘယ်ကို ဘယ်လိုရောက်ကုန်မှန်းလည်း မသိ။

မော်လမြိုင် နယ်စပ်ခပ်ကျကျလေးမှာ နေထိုင်ဖို့ စီစဉ်ဖြစ်ကြတာက နှင်းရဲ့ဖေဖေ ဦးဇော်လွင်ကြောင့်ဖြစ်သည်။

ရန်ကုန်မှာ ပုန်းနေလို့ရပေမယ့် စားဝတ်နေရေးက ရှိသေးသည်။ ဦးဇော်လွင်က လူမိုက်တွေငှားပြီး အရမ်း လိုက်ရှာနေသဖြင့် တစ်ခါမှာ အလင်းကို တွေ့သွားမှုံသည်။

မသေရုံတမယ် ထိုးကြိတ်သွားခဲ့ပြီး နှင်း ကိုကွာရှင်းဖို့ သတိပေးခဲ့ကြ၏။ ထို့ကြောင့် ခပ်ဝေးဝေးမှာ သွားနေကြဖို့ လွှမ်း ကအကြံပြုသည်။ ဖေဖေ့ကို မှတ်နာသွားခဲ့သည့် နှင်း ကတော့ ဘယ်တော့မှ ဖေဖေ့ဆီ မပြန်တော့ဟု ဆုံးဖြတ်ပြီးသားဖြစ်ကာ ရှေ့တိုးဖို့ကိုပဲ လုံ့လစိုက်ခဲ့၏။ မော်လမြိုင်မှာ အလင်း အလုပ်လုပ်ဖို့လည်း လွှမ်း က ကူညီသည်။

ဟိုတယ်တစ်ခုတွင် စာရင်းကိုင်လုပ်ခွင့်ရ၏။ လစာကလည်း မနည်းပေ။ သူ့အတွက် လွှမ်း ကူညီခဲ့တာတွေက ရေကန်အသင့် ကြာအသင့်တွေချည်းပဲမို့ ကျေးဇူးလည်းတင်၊ အံ့လည်းအံ့ဩမိသည်။





"လွှမ်း၊ ဟိုတယ်ပိုင်ရှင်က မင်းကို တော်တော်ရင်းနှီးပါလား၊ ငါ့ကို ဒီအလုပ်ပေးလိုက်တဲ့ အခွင့်အရေးက နည်းတာမဟုတ်ဘူး" လို့ မေးကြည့်တော့ ...

"ဖေဖေ့မိတ်ဆွေပါ။ ရင်းနှီးခဲ့ဖူးလို့" ဒါပဲဖြေသည်။ နှင်း ကလည်း လွှမ်း ကို မလိုလားသည့်စိတ် ရှိနေပေမယ့် လွတ်လည်းမလွတ်ကင်းနိုင်တာမို့ မတည့်အတူနေလိုပါပဲ။

ထိုပြဿနာက သားလေး သုံးလကျော်နေမှ တစ်ခါပြန်ပေါ်လာသည်။ လွှမ်း အလည်ရောက်လာတုန်း မြို့ပေါ်မှာ လည်ကြပတ်ကြစဉ် ထိုသုံးယောက်ထဲမှ နှစ်ယောက်နှင့် လွှမ်း ရင်ဆိုင်တွေ့ကြ၏။ ဖြစ်ခဲ့ဖူးတာကို အစဖော်ပြီး ဟိုနှစ်ယောက်က ဂျစ်ကန်ကန်ပြော၏။

"ဒီသုံးယောက်ပဲလား၊ ဟဲ ဟဲ၊ မင်းလေးက လှနေတုန်းပဲနော်"

တစ်ယောက် နှင်း ကို ခပ်ရဲရဲကြည့်၏။ ဘုရားခြေတော်ရင်းမှာမို့ လူလည်း သိပ်မရှင်းပေ။ ဒါပေမယ့် လွှမ်း က ပြောသည့်ကောင်ကို စထိုးပစ်လိုက်၏။ ရုတ်ရုတ်သဲသဲတွေ ထဖြစ်ကုန်ကြသည်။

ဒီတစ်ခါလည်း ထိုသူနှစ်ယောက်ပဲ သွေးထွက်သံယိုတွေ ဖြစ်ကုန်ကြကာ လွှမ်း က ပုံစံမပျက်။ သို့သော် ဘုရားခြေတော်ရင်းမို့ ဂေါပကအဖွဲ့ရုံးကို ရောက်ခဲ့ကြသည်။

"သတ္တိရှိတာနဲ့မိုက်တာ ဘာခြားလဲပဲနော်၊ နင့်လက်ကိုနင် ဆုံးမထားဦး"

"မဆုံးမဘူး၊ အစကတည်းက မိမဆုံးမ၊ ဖမဆုံးမ မွေးထားခဲ့တာ ဒီလက်ပဲ၊ လိမ္မာဖို့၊ မလိမ္မာဖို့က ခေါင်းက ဆုံးဖြတ်လိမ့်မယ်၊ လက်က မိုက်ရိုင်းထားမှ လူညံ့မဖြစ်မှာ"

နှင်း ကပြောတော့ လွှမ်း ကပြန်ရွဲ့သည်။ မျိုသိပ်ချုပ်တည်းထားသမျှ နှင်း တကိုတစ်ချက်ခေါက်၍ ဖုန့်ခနဲ ထရပ်ကာ ...

"ငါလေ အလင်းကို ဆင်းရဲတာရော၊ ချို့တဲ့တာ အားလုံးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြေနေ ခွင့်လွှတ်တယ်၊ ဒီလိုဆုံးဖြတ်ခဲ့တာကို ကျေနပ်တယ်၊ ဒါပေမယ့် နှင့်လိုလူမျိုးနဲ့ မလွတ်ကင်းနိုင်ဖြစ်နေရတဲ့ဘဝကိုတော့ နောင်တရလို့ မဆုံးဘူး"

ပြောချလိုက်တော့ အလင်း မျက်နှာငယ်သွားရှာသည်။ ညကျ တော့ မေးခဲ့၏။

"ကိုယ် ပျော့ညံ့တာမဟုတ်ပါဘူး နှင်း၊ နှင်း တကယ်ဂရုဏာတ ရနေပြီလားဟင်၊ ကိုယ်လေ လွှမ်း ကိုခင်တာ၊ အားကိုးချင်လို့ ခင်နေ တာ မဟုတ်ပါဘူး၊ အဲဒါ တကယ်ပါ၊ နှင်း ဒီလောက်ခံစားနေရရင် ကိုယ် ..."

"မဟုတ်ဘူး အလင်း၊ ဒီအချိန်ကျမှလဲ လွှမ်း နဲ့ ကင်းပါ့မယ်၊ ဖြတ်ပါ့မယ်လို့ ပြောမနေနဲ့တော့၊ သူငယ်ချင်းဆိုတဲ့ သက်နှခင်မင်မှု တွေပဲ ရှိနေခဲ့တုန်းကတောင် လွှမ်း နဲ့ စကားလေးဖြတ်တောက်သွား တာ အလင်း ဘယ်လိုဖြစ်ခဲ့သလဲ"

အဲဒီတုန်းက နှင်း ကိုကလည်း လူတစ်ယောက်ရဲ့မျက်ဝန်းတွေ ထဲက စာကို ဖတ်တတ်လွန်းတာပါ။ ချစ်သူကိုလည်း အလိုလိုက်ချင်၊ လွှမ်း ကိုလည်း မဖြတ်တောက်နိုင်ဘဲ သူလည်းသွားမတွေ့ရဲ၊ လွှမ်း ကလည်း ရောက်မလာဘဲဖြစ်သွားခဲ့စဉ် သူ ဘယ်လိုဖြစ်သွားခဲ့သလဲဆို တာ သူ့ကိုယ်သူထက် နှင်း က ပို၍ အကဲခတ်နိုင်ခဲ့သည်။

"အခု သူ အများကြီးပါဝင်ထားခဲ့တဲ့နေရာတွေ နည်းသလား၊ ပြီးတော့ နှင်း ကိုလာခိုးတုန်းက အချုပ်ကျခံပြီး လမ်းဖွင့်ပေးထားခဲ့ တယ် ဆိုတဲ့ ဘယ်တော့မှ မမေ့နိုင်စရာအဖြစ်က ရှိခဲ့ပြီးပြီ၊ အလင်းရဲ့ ရင်ထဲက သူ့ကို နှင်း ဘယ်လိုဆွဲထုတ်ရမလဲ၊ အခု အလင်း အလုပ်လုပ် နေရတာကလဲ သူ့ကြောင့်ပဲ၊ ဒီအလုပ်မလုပ်ဘဲ တခြားမှာ အလင်း ပင်ပင်ပန်းပန်း လုပ်ပါ့မယ်ဆိုတော့ရော နှင်းက ကြည့်ရက်ပါ့မလား။ အစကတည်းက ဘဝကို ဘယ်လိုပုံစံဖြစ်ဖြစ် ရင်ဆိုင်သွားဖို့ ခွန်အား





တွေရှိနေခဲ့တဲ့သူက ပင်ပန်းခံနိုင်တယ်ဆိုတာ တစ်မျိုး၊ နှင်းကြောင့် နှင်း စိတ်ချမ်းသာအောင် အလင်း ကြိုးစားပြီး အပင်ပန်းခံမယ်ဆိုတာ ကို ဘယ်လိုမျက်လုံးနဲ့ နှင်း ကြည့်ရက်မလဲ"

"နှင်း က ကိုယ့်ကို အကြွမ်းမခံနိုင်တဲ့ ခပ်ပျော့ပျော့ကောင်လို့ ထင်လို့လားဟင်"

"ထင်နေတာပဲ ကောင်းတယ် အလင်း၊ အလင်းက လက်တွေ့ပြ မယ်ဆိုလဲ နှင်း မသိချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အလင်းကို နှင်း ဆုံးရှုံးမခံနိုင်ဘူး၊ အခု နှင်း တစ်ဘဝတည်းအတွက် မဟုတ်ဘူး၊ သား လေးအတွက်ပါ လိုတယ်၊ နှင်းတို့သားအမိအတွက် အလင်း မရှိလို့ မဖြစ်ဘူး"

သဘောကတော့ နှင်း ပြောလိုက်တာကို နှင်း သိပါသည်။ အလင်း ကတော့ မျက်နှာမကောင်းစွာနှင့် မျိုသိပ်သွားခဲ့သည်ပင်။

အတွေးစတစ်စဟာ အစပေါ်လာသည်နှင့် ချည်ခင်တစ်စလို ညီလျားစွာ မဆုံးနိုင်ဘဲ ပေါ်လာခဲ့၏။ တကယ်တမ်း နှင်း ရင်ထဲမှာ ဘာတွေဖြစ်နေသည်ကို အလင်း သာသိလျှင် ငိုချင်းချသွားနိုင်ပါသည်။

နောင်တဆိုတာ မဟုတ်ပေမယ့် အလင်းကိုလည်း နှင်း သနား သည်။ ကိုယ့်အတွက်မှာ အဆိပ်တောက်မကင်းခဲ့ရသည့်အဖြစ်ကိုလည်း ဆင်ခြင်မိသည်။

မီးပူတိုက်ပြီးသည့် အကျီတွေကို ဗီရိုလေးထဲ စီစီရီရီ ထည့်နေ ရင်း နှင်း ဘာမှဆက်မပြောတော့ဘဲ နေလိုက်သည်။ အလင်းကတော့ သားကို ပွေ့ချီလျက် အိပ်ရာထ ရေတိုက်နေကျအတိုင်း သားကို ရေ တိုက်ရင်း အလုပ်ရှုပ်နေ၏။

အကျီတွေကို ကိုယ်တွယ်ရင်း နှင်း အာရုံတွေက အလင်းဆီမှာပဲ ရောက်နေခဲ့သည်။ ကိုယ့်အတွက်တစ်ခုအတွက် လူတစ်ဦး၏ဘဝဟာ အသုံးချခံဖြစ်သွားခဲ့သည်ဆိုလျှင် သူမ ဘဝကရော ဘာတွေကောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာရှိသလဲ။

တစ်ခါတစ်ရံ အလင်း တွေဝေနေတတ်တာတွေ၊ နူးညံ့လွန်းတာတွေအပေါ်မှာ နှင်း သည်းခံနိုင်အောင် အုံဖွဲ့ခဲ့သည်။ နှင်း ဖြစ်စေချင်တဲ့ ခင်ပွန်းကောင်းတစ်ယောက်ဟာ ဒီလိုပုံစံမျိုးမဟုတ်ပေ။ ဖေဖေနဲ့ မေမေတို့ရဲ့ မချွတခဲ့သော ပေးဆပ်ခြင်းတွေအပေါ်မှာ ဖေဖေ့အပေါ် မကျေလည်ခဲ့သောစိတ်က ရင်ထဲမှာ ဟိုတုန်းကတည်းက ရှိနေခဲ့တာဖြစ်သည်။

ပြီးတော့ သူမ မပေးချင်သော ချစ်ခြင်းမေတ္တာကိုပဲ တစာစာတောင်းခံနေခဲ့ကြသည့် ယောကျ်ားတွေ၊ ထိုသို့သော မိန်းကလေးတိုင်းပါးစပ်ဖျားမှာ တော်သည် ထက်သည်ဆိုသော ယောကျ်ားတွေကို ဟင်းခနဲ ဟာခနဲဖြစ်အောင် ရှုံ့ချင်ခဲ့၏။

အတ္တတွေ စတင်ကြီးမားခဲ့ခြင်းဟာ ဘယ်ကစမှန်း မသိခဲ့သော်လည်း စကတည်းက အင်အားက မသေးခဲ့ပေ။ မေမေ့အပေါ်မှာ ဥပေက္ခာများနှင့် ရက်စက်ခဲ့သည့် ဖေဖေက ကိုယ့်ကျမှ ချုပ်ချယ် တင်းကျပ်လာတော့ ဆုံးဖြတ်ချက်က ခိုင်မာသွားသည်။ ပြီးတော့ ဖေဖေက ပြောသေးသည်။

"သမီးကို ဖေဖေက အမွေပေးနိုင်မှာမဟုတ်ဘူး၊ ကိုယ့်မိဘရဲ့ စီးပွားရေး ဘယ်လိုအခြေအနေဆိုတာ နည်းနည်းမှ ပြန်မကြည့်ဘဲ ဆုံးဖြတ်လိုက်ရင် သမီး မှားမှာပဲ၊ ပြည့်စုံကြွယ်ဝပြီး အရည်အချင်းကောင်းရှိတဲ့ ယောကျ်ားနဲ့ လက်ထပ်ရမယ်၊ ဒါပဲ"

ထိုအမိန့်ကိုကြားတော့ နှင်း မဲ့ပြုံးနှင့် ကွယ်ရာမှာ ရယ်ခဲ့ဖူးသည်။ ဘယ်တော့မှ ဦးခေါ်လွင်ကို မဆန့်ကျင်ခဲ့ဖူးသော မိန်းမတစ်ယောက်ဟာ နှင်းရဲ့ မေမေပါပဲ။

ဒါပေမယ့် မေမေ့သမီးက မေမေ့လိုတော့ မဟုတ်ဘူးဆိုတာ ဖေဖေ့ကို သိစေချင်သည်။ ဘာပဲဖြစ်ဖြစ် နှင်းရင်ထဲမှာ 'ဆန့်ကျင်ရဲ





သတ္တိတွေ ရှိတယ်' ဆိုတာ ဖေဖေသိဖို့ လိုလိမ့်မည်။

ထို့ပြင် အကြောင်းတစ်ရပ်က နှင်းနဲ့ ချစ်သူဖြစ်သွားလို့ အထိုးကြိတ်ခံရ၊ ခြိမ်းခြောက်ခံရနှင့် အလင်း အဖြစ်ကိုလည်း သနားခဲ့သည်။

"မင်းလိုကောင်ကို နှင်း က အားကိုးရဲမယ်ထင်သလား၊ သနားလို့ နှစ်သိမ့်လိုက်တာ' ဆိုသည့် စကားသံတွေကိုကြားရတော့ သူမ လက်ထပ်သင့်ဆုံးလူဟာ အလင်းပဲဖြစ်သွားခဲ့၏။ အားလုံးထဲမှာ အချစ်ပါခဲ့သလား။

ဒါကိုတွေးမိသည့်အချိန်မှစ၍ ဒီနေ့ထိ နှင်း ရင်ထဲမှာ မကောင်းခဲ့ပါ။ ဒါဟာ နောင်တတော့မဟုတ်ပေ။ မိန်းမတစ်ယောက်ဟာ ဘဝကို ရင်း၍ အတ္တကြီးသင့်သလား။ ဘဝတစ်ခု၏ ကံကြမ္မာကို တွက်ချက်ဖို့ ဆိုတာမှာ အမြင်အာရုံ သို့မဟုတ် အကြားအာရုံတွေနဲ့ တွက်ချက်ဆုံးဖြတ်လို့ရသလား။

အဖြေဟာ ဘာမှ မရေရာခဲ့သော်လည်း သားလေးကို မွေးဖွားခဲ့ပြီးသည့်နောက်မှာ ကိုယ့်ဘဝထက် အရေးကြီးနေသော ဘဝတစ်ခုကို မြင်လာခဲ့လေသည်။

သားလေးဘဝကို သူမ အတ္တနှင့် ဆုံးဖြတ်လို့မရနိုင်။ ဆုံးဖြတ်ခဲ့ပြီးသမျှမှာ မှားပြီလို့ မဆိုသာပေမယ့် မမှန်ခဲ့ဘူးဆိုတာကို သိလာ၏။ အလင်း သည် သူမအပေါ် အထူးယုယချစ်ခင် မြတ်နိုးခဲ့သည်။ ဘကယ်တမ်း သူမ ဘက်က မသန့်စင်ခဲ့သော မေတ္တာစိတ်မှာ အလင်း ပေးဆပ်နေရတာကိုလည်း သိခဲ့သည်။

အလင်းကို သူမ သနားခဲ့သည်၊ မချစ်ခဲ့ပါ။ အလင်းနဲ့ ဘဝကို ထူထောင်မည်၊ ဘယ်လောက်ပဲ ဆင်းရဲပါစေ ဆိုသည့်ဟန်က အတ္တမာနပဲ ဖြစ်၏။

ထို့ကြောင့် အလင်းကို ဘာဖြစ်ဖြစ် နှင်း မပြစ်မပြောရက်ခဲ့ပါ။ ကိုယ့်အတ္တအတွက် ကိုယ့်ဘဝတစ်လျှောက်လုံးလည်း မှားခဲ့သော မှန်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အလင်းကို အသုံးချခဲ့မိတာဟာ ကိုယ်ပဲမို့ အလင်းဘက်က ပိုနစ်နာသည်ဟု တွက်မိသည်။

အားလုံးထဲမှာ အဆိုးဆုံးက အလင်းကို ကမ္ဘာလွှမ်း က လွှမ်းမိုးနေခြင်းပဲ ဖြစ်သည်။ ရွှေငွေပစ္စည်းကို မဆိုထားနှင့်၊ ခေါင်းငုံ့မခံတတ်သည့် မာကျောကျောစိတ်ဓာတ်မျိုးပင် အလင်းမှာ မရှိ၊ အစစအရာရာ အလင်းမှာ အားနည်းသမျှ ကမ္ဘာလွှမ်းမှာ ပြည့်စုံနေသည့်အဖြစ်ကို နှင်း မမြင်ချင်၊ ကြားလည်း မကြားချင်။

ထို့ကြောင့် ကမ္ဘာလွှမ်းနဲ့အလင်းကို တွဲတာလည်း မကြိုက်၊ ခင်တာလည်း မကြိုက်၊ ထိုသူနဲ့ တွဲနေသမျှ အလင်း ဘယ်တော့မှ ပြောင်းလဲလာမှာမဟုတ်ဟု တစ်ထစ်ချ သိနေခဲ့၏။ ဒါပေမယ့် တားဖို့ဆီးဖို့လည်း နှင်း မကြိုးစားတော့ပါ။

အလင်းဟာ ကမ္ဘာလွှမ်းအပေါ်မှာ အားကိုးစိတ်နှင့်လည်း မဟုတ်၊ အထင်ကြီးတာသက်သက်လည်း မဟုတ်ဘဲ သူ ခင်မင်နေပုံက နှင့်နှင့်သည်းသည်း ဖြစ်သည်။

ကမ္ဘာလွှမ်းကရော၊ အလင်းကိုကျမှ ဘာဖြစ်လို့ ကိုယ်ကျိုးစွန့် ကူညီနေခဲ့တာလဲ၊ ရန်ဖြစ်နေသမျှ တော်တော်များများမှာ အလင်းနဲ့ ပတ်သက်မှန်း နှင်း သိသည်။ ဒါပေမယ့် အလင်းအတွက် သူက ဖြစ်ပေးနေတာကို မကြိုက်။

နှင်း မကြည်မလင်နဲ့ ညအိပ်ရာဝင်တော့လည်း အလင်းနဲ့ သိပ်စကားမပြောဖြစ်တော့ပေ။ အလင်း ကတော့ ကလေးနဲ့ပဲ နပန်းလုံးနေခဲ့သည်။ သားကို တုန်နေအောင်ချစ်သလောက် နို့ဘူးတိုက်တာမို့ သားအတွက် ဝေယျာဝစ္စဆို သူပဲ ဒိုင်ခံလုပ်သည်။

ကလေးမီးဖွားပြီးပြီးချင်းမှာ နှင်း အဖျားဝင်ခဲ့သည်။ ထို့ကြောင့် ကလေးကို နို့မတိုက်နိုင်ခဲ့ပေ။

"ဘာဖြစ်လဲ နှင်းရယ်၊ တို့သားက ဘုန်းနဲ့ကံနဲ့ပါ၊ နို့ဘူးတိုက်တာ





တောင် ဝလိုက်တာလဲ တုတ်နေတာပဲ၊ ကြည့်"

အလင်းက နှင်း ကိုလည်း အားပေးသည်။ သူ့ရဲ့အချိန်အားတိုင်းမှာ ကလေးနဲ့ပဲ အချိန်ကုန်ခဲ့ရှာ၏။ အနားမှာ လာထိုင်လိုက်မှ ကလေးက ငိုတော့ အလင်း ပြန်ထရပ်သည်။

"ပေးလေ အလင်း"

နှင်း စာအုပ်ချပြီး ထထိုင်တော့ အလင်းက ခေါင်းခါသည်။

"နေပါကွာ၊ ကိုယ် အိမ်မှာ အားတုန်းလေးပဲ သားကိုထိန်းရတာ၊ မင်းလဲ အိမ်ထဲမှာ ဗာဟီရအလုပ်တွေနဲ့ တစ်နေကုန် နားရတာမဟုတ်ဘူး၊ အေးအေးဆေးဆေးနေ၊ ကိုယ့်သားကို ကိုယ်ထိန်းနိုင်တယ်"

နှင်း ကိုဆို အလင်းက နေရာတကာ ညာတာခဲ့သည်။ ထိုအခါ နှင်း ကိုယ့်ကိုကိုယ် မတရားသလို တွေးမိကာ အလင်းကို ပို၍ သနားခဲ့မိ၏။ ထိုညမှာ ကလေး ဂျီကျနေသဖြင့် အလင်းက ဟိုလုပ်ပြဒီလုပ်ပြဖြစ်ရင်း ဂက်စ်မီးခြစ်ကို ခြစ်ပြလိုက်တော့ ကလေးက ငြိမ်သွား၏။

ပြီးတော့ မီးတောက်ကို လိုက်ဆွဲသည်။ မီးငြိမ်းသွားတော့ ငို၏။ အစက ဂျီကျနေရုံပဲကနေ မီးကို မဆွဲရလို့ ရှုန်းကန်အော်ဟစ်ငိုတဲ့အထိ ဖြစ်လာတော့ နှင်း က ကြည့်နေရင်းစိတ်မရှည်။ အလင်းကတော့ ကလေးကုတ်ဖဲ့သမျှခံရင်း ချော့နေ၏။

"သားသားကကွာ၊ မီးဆိုတာ မဆော့ရဘူး၊ သားသားလက် ပူမှာပေါ့နော်၊ လိမ္မာတယ်၊ သားသား တိတ်တော့နော် တိဘ်"

သူ ဘယ်လိုပုတ်သိပ်ချော့လည်း မရ။

"ပေးလိုက် အလင်း၊ ပူမှန်းသိရင် နောက် မကိုင်တော့ဘူး"

"ဟာကွာ၊ နှင်းက အမိပွာယ်မရှိတာကို"

အလင်း မျက်စိမျက်နှာပျက်လျက် ဝင်ပြောသည်။ နှင်း စိတ်ကို သိထားသဖြင့် တကယ်ထလုပ်မှာကို တွေးမိလိုက်ကာ မီးခြစ်ကို ချက်ချင်းသိမ်းပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက မီးကို ပူမှန်းသိပါ့မလား၊ ဘာမှမသိတဲ့ ကလေးကို ရွှဲ့တော့ ကလေးပဲ ဒုက္ခရောက်မှာပေါ့"

"ဘာမှမသိပေမယ့် သူလိုချင်တာကို မရဘူးဆိုတာတော့ သိနေလို့ ငိုတာပေါ့၊ ဒါကို ပူမှန်းမသိသရွေ့ ငိုမှာပဲ၊ ဘယ်မှာလဲ၊ ပေး မီးခြစ်"

"ဟာ ...နှင်း ... နှင်း၊ မင်းကွာ ..."

အလင်း၏ ဒေါသကို နှင်း ပထမဆုံး မြင်ဖူးသွား၏။ နှင်း ဆွဲယူပစ်လိုက်သည့် မီးခြစ်ကို အကြမ်းပတမ်းပြန်လုကာ ပြတင်းပေါက်ကနေ ရောက်ချင်ရာရောက် လွှင့်ပစ်လိုက်၏။

"မင်း ဘယ်လိုအမျိုးလဲ နှင်း၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ဆိုတဲ့ မိဘမေတ္တာက ဘယ်မှာလဲ၊ ကလေးဆိုတာ ဘာမှန်းသိတာ မဟုတ်ဘူးကွ၊ နှစ်လကျော်မခွဲသံကြီးကို မျိုမချရလို့ အော်ငိုနေရင်ရော၊ ပါးစပ်ထဲကို ကောက်ထည့်ပေးလိုက်မှာလား"

နှင်း က ဘာမှပြန်မပြောဘဲ အလင်း ဒေါသဖြစ်တာကို စိုက်ကြည့်နေ၏။

"မိဘ မပြောနဲ့၊ မိတ်ဆွေကောင်းပီသတဲ့ လူတွေတောင်မှ ကိုယ့်မိတ်ဆွေအပေါ်မှာ မကောင်းတာတွေ့ရင် အမုန်းခံပြီး တားမြစ်ကြတယ်၊ မင်းကို ကိုယ် ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး"

သားကိုထိတော့ အလင်း ဝုန်းဒိုင်းထဖြစ်တာကို နှင်း က စူးစိုက်ကြည့်နေပြီးမှ ရယ်သည်။ အလင်း ဒေါသဖြစ်ဟဝ်သားပဲဟု တွေးဖြစ်ရင်း ကိုယ့်ကို ပြောတာကိုလည်း စိတ်မဆိုးမိပါ။

"ဟုတ်တယ် အလင်း၊ မိဘဆိုတာ တစ်ချိန်တုန်းကတော့ သားသမီးပဲလေ၊ သားသမီးတွေဟာ သူတို့ရဲ့မိဘက သူတို့ကို မွေးမြူခဲ့တဲ့အတိုင်းပဲ၊ သူ့သားသမီးကို မွေးမြူမှာပေါ့၊ နှင်း ကို ဖေဖေမွေးခဲ့တာ အလင်း နားမလည်နိုင်တဲ့အတိုင်းပဲ၊ နှင်း ရင်ထဲမှာ ဖေဖေတို့ ပေးခဲ့တာတွေပဲရှိတော့ နှင်း မွေးခဲ့တဲ့ကလေးကို ဒီတိုင်းပုံသွင်းတာ သဘာဝ





ကျလို့လား၊ သိတတ်ကြင်နာမှုဆိုတာ ကိုယ်က ပေးချင်တိုင်းလဲ ယူမယ့်သူရှိမှ ဖြစ်တာ၊ လိုချင်တိုင်းရော ရတတ်လို့လား"

ထိုအချိန်လေးမှာပဲ နှင်း ရင်ထဲကို အလင်းတစ်ယောက် ဝါးတားဘားတော့ မြင်သွားခဲ့ပုံ ရလေသည်။ ညကျတော့ နှင်း ဘယ်လိုမှ ထင်မှတ်မထားခဲ့သည့်စကားကိုကို ပြော၏။

"နှင်း ရင်ထဲကို ကိုယ်နားလည်လာသလိုပဲ"

"ဘာကိုလဲဟင်"

"တကယ်တော့ နှင်းနဲ့ကိုယ်က ပေါင်းဖက်ခဲ့ကြပေမယ့် စိတ်ခာတ်၊ အယူအဆ၊ ဆုံးဖြတ်ချက် ဘာဆိုဘာမှ တူညီမှု မရှိခဲ့ကြပါဘူး၊ နှင်းနဲ့ စရိုက်တူ၊ အသွင်တူတဲ့ တကယ့်လူက လွှမ်း ပဲ"

"ဘာ ... အလင်း ဘယ်လိုပြောလိုက်တယ်"

"ဟင့်အင်း၊ မင်းကိုယ် ကိုယ် အောက်တန်းကျကျ သဝန်တိုပြီး ခနဲ့လိုက်တာ မဟုတ်ဘူး၊ အဲဒါကို ယုံပါ၊ ကိုယ် စိတ်မကောင်းမိတာ တစ်ခုပဲ၊ နှင်း က ကိုယ့်ကိုသနားတာ၊ မိဘတွေနဲ့ပတ်သက်ပြီး နာကျင်ခဲ့ဖူးတဲ့ နှလုံးသားနဲ့ အိမ်ထောင်ရေးကို အရှုံ့တိုက်ဆုံးဖြတ်ခဲ့တာလို့ ကိုယ် ထင်တယ်"

နှင်း ဘာမှ မပြောနိုင်ခဲ့ပါ။

"ကိုယ့်ကိုသနားပြီး ဆုံးဖြတ်ခဲ့တာဆိုရင် မင်း အများကြီးနစ်နာသွားပြီဆိုတာ တွေးမိလိုက်တော့ စိတ်မကောင်းဘူး၊ နှင်း ကို ကိုယ် ဒီ့ထက် ပိုပြီး ချမ်းသာကြွယ်ဝလာအောင် ထားနိုင်ဖို့က အများကြီး ကြိုးစားဦးမှာ၊ ပြီးတော့ ...."

သူ ချက်ချင်း စကားမဆက်ဘဲ ငေးနေပြန်သည်။ ပြီးမှ နှင်း ဘက်ကို ပြန်လှည့်ကာ ...

"ကိုယ်ထင်တယ် နှင်း၊ တကယ်တမ်း မင်းရင်ထဲမှာ ရှိနေတဲ့ အယူအဆတွေက လွှမ်း နဲ့တစ်ထပ်တည်း တူနေတာ၊ လွှမ်း ကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မမီလို့ နှင်း ကိုယ့်ကို အားမလိုအားမရ ကရုဏာဒေါသတွေ ဖြစ်နေခဲ့တာ မဟုတ်လား"

"မမီလို့ဆိုတာတော့ မှားတယ် အလင်း၊ အဲဒါ မဟုတ်ဘူး။ အလင်းမှာ မရှိတာတွေ သူ ပေါ်လွင်အောင်ပြချင်လို့ အလင်းရဲ့ဘေးမှာ တမင်တကာ နေနေတာလို့ နှင်း သိနေခဲ့တာ"

အလင်းက ခေါင်းခါသည်။ လွှမ်း ကို သူ အထိမခံခဲ့ပါ။ သူ့ရင်ထဲမှာ လွှမ်းနဲ့နှင်းဟာ သူ့ဘဝမှာ တစ်မျိုးစီ အရေးပါခဲ့ကြသလို တစ်ဖက်စီမှနေ၍ အားပေးကူညီနေကြသူတွေ ဖြစ်၏။

ထိုညသည် ကလေးငိုသံ တိတ်ကျသွားခဲ့သလို အလင်းနှင့်နှင်းတို့၏ ရယ်မောကျီစယ်သံတွေလည်း ဆိတ်သုဉ်းခဲ့ရ၏။

အတွေးများ မလှပခဲ့သော ညကလည်း မလှပနိုင်ခဲ့ပါ။





အခန်း (၂၇)

ကံကြမ္မာလက်ကြမ်းကြီးက ဘဝကို ဆုပ်ခြေပစ်တော့မယ်ဆိုတာကို မုန်တိုင်းတစ်ခုလို လေပြည်လေညင်းနှင့်လည်း သတိမပေးခဲ့ပေ။

အလွန်မြန်ဆန်လှပါသည်ဆိုသော လေဆင်နှာမောင်းကြီးလို ဆင်နှာမောင်းသဏ္ဌာန် ပြ၍လည်း မပြောခဲ့ဘဲ ချက်ချင်းကြီး ဆုပ်ညှစ်ချေမွပစ်ခဲ့လေသည်။

လွှမ်း ရောက်လာသည့် တစ်ပတ်တိတိ ပြည့်သည့်ညမှာ ဖြစ်သည်။ လွှမ်း က ရောက်လာပြီဆို အလင်း တို့အိမ်မှာ အိပ်တာလည်းရှိသည်။ မြို့ပေါ်မှာပဲ နေတာလည်းရှိ၏။ ဆယ်ရက်ဆို အလင်းတို့ဆီမှာ နှစ်ရက် သုံးရက်လောက်တော့ အိပ်ဖြစ်၏။ ဒါတောင် နှစ်ညဆို နှစ်ည၊ သုံးညဆို သုံးည ဆက်တိုက်မဟုတ်။

ရောက်လာရင် စကားစမြည်ပြောရင်း၊ ကလေးကို ချီပွေ့ရင်းနှင့် အိပ်ဖြစ်သွားတာမျိုး ဖြစ်သည်။

ထိုညမှာ မီနက်ပြန်တော့မည် ဆိုကာ စားသောက်စရာတွေ ဝယ်လာပြီး စားပွဲပေါ်မှာ ဖြန့်ခင်းထားသည်။ အလင်းက အားကြိုးမာန်တက် ပြင်ဆင်နေကာ လွှမ်း က ကလေးကို ချီထားပြီး သီချင်းဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်း ...လာကွာ၊ ဆာဆာ မဆာဆာ နည်းနည်းပါးပါးတော့ လာစားပါ"

"အဲဒီလိုမျိုး မျိုမချတတ်ဘူး အလင်း၊ တကယ်မစားချင်တာ၊ စားလိုက်ကြတော့"

နှင်း က ညှော်ခန်းထဲမှာ သိုးမွေးထိုးနေရာကနေ တကယ် ထ မသွားခဲ့ပေ။ ထိုစဉ် ဆိုင်ကယ်သံတွေ ဆူညံစွာ ကြားလိုက်ရပြီး အိမ်ဆီကို ဦးတည်လာသည့် မီးရောင်တွေက ဝေ့ခနဲ့ ဝင်းခနဲ ဖြစ်သွားကြ၏။

အလင်းတို့ အိမ်လေးက ပျဉ်ထောင်အိမ် သပ်သပ်ရပ်ရပ်လေး ဖြစ်ကာ ခြံလည်း ကျယ်သည်။ ဘေးမှာ မွေးမြူရေးခြံကြီးတစ်ခြံနှင့် ကန်ပေါင်ဟောင်းကြီးတစ်ခုပဲရှိပြီး ပတ်ဝန်းကျင်အိမ်တွေနှင့် နည်းနည်း လှမ်းနေသည်။

နေ့ဘက်မှာတော့ အလွန်အေးချမ်းပြီး သီးသီးသန့်သန့် သာယာပေမယ့် ညဘက်ကျတော့ အလင်း အပြန်နောက်ကျရင်တောင် နှင်း တံခါးဝကို မျှော်မကြည့်ရဲခဲ့ပေ။ မီးချုပ်တာနှင့် တံခါးတွေ အလုံပိတ်ပြီး အထဲမှာပဲ နေရ၏။

ဆိုင်ကယ်တွေက အလင်းတို့အိမ်ရှေ့မှာ ရပ်လည်းမရပ်ဘဲ ရှပ်ယှက်ခတ်အောင် ဝေ့ဝိုက်မောင်းနှင်နေတာ ဆိုင်ကယ်စီးပြိုင်နေတာနှင့် တူနေ၏။

အလင်း ခေါင်းထောင်ကြည့်သည်။ လွှမ်း က ကလေးချီထားရင်း တရုတ်ကပ်မှန်တွေနား သွားကာ ဖွင့်ကြည့်လိုက်၏။ ဆိုင်ကယ်သုံးစီးကို တွေ့လိုက်ရသဖြင့် သူ မျက်မှောင်ကြုတ်သွားသည်။ သုံးစီးစလုံး ခြံရှေ့မှာပဲ ပတ်မောင်းနေပုံက စိန်ခေါ်နေတာနှင့် တူနေသောကြောင့် သေချာသွား၏။

"အလင်း ..."

သူ့လိုပဲ တစ်ဖက် တံခါးနားမှာ အပြင်ကို ချောင်းကြည့်နေသည်





အလင်းက ကြည့်သည်။

"ကလေး ခဏပေါ့"

အလင်းက အနားလျှောက်လာကာ ...

"ဘာလုပ်မလို့လဲ အလင်း၊ ဘယ်သူတွေလဲ"

"ဟိုသုံးကောင်ပဲ"

"ဟင် ..."

ဒီတစ်ခါ အမှတ်တမဲ့ ခုံကြတာမဟုတ်တော့ဘဲ တမင်တကာ စိန်ခေါ်ဖို့ရောက်လာတာမှန်း အလင်း သဘောပေါက်သွား၏။

"ဒုန်း ...."

အဝေးကနေ ဘာနဲ့လှမ်းပစ်လိုက်မှန်းမသိ၊ ပိတ်ထားသည့် တံခါးနှစ်ချပ်ကို အရှိန်နှင့်ပစ်မှန်ကာ အိမ်ပါ တုန်သွား၏။ သူတို့နှစ်ယောက် လှုပ်ရှားနေပုံနှင့် ဆိုင်ကယ်သံတွေကြောင့် လှမ်းကြည့်နေသည့် နှင်း တစ်ကိုယ်လုံး တုန်ခနဲ ဖြစ်ကာ သိုးမွေးခံကို ကိုင်လျက်နှင့် ထရပ်လိုက်၏။

"အလင်း ... ဘာဖြစ်နေတာလဲ"

"ဒုန်း ...."

နောက်ထပ်တစ်ချက်အပစ်မှာ လွှမ်း က တံခါးနားရောက်သွား၏။

"လွှမ်း ..."

အလင်း ကလေးချီလျက်တစ်ဖက်နှင့် လွှမ်း လက်ကို လိုက်ဆွဲသည်။

"မဖွင့်နဲ့ လွှမ်း၊ မင်းမှာ ဖုန်းပါတာပဲ၊ ရဲကို အကြောင်းကြားလိုက်ပါကွာ၊ ချက်ချင်း လာဖမ်းသွားမှာ၊ ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"

"သူတို့တောင် ပြောင်ပြောင်တင်းတင်း လာရဲတာကို၊ ငါက အားကိုးစရာလား၊ ဖယ်"

လွှမ်း က အလင်း လက်ကို ခါထုတ်ပစ်ပြီး တံခါးဖွင့်ဖို့ ပြင်၏။

"ကမ္ဘာလွှမ်း"



www.burmeseclassic.com

www.burmeseclassic.com



နှင်း ကခေါ်ရင်း ဆိုးဆိုးဆတ်ဆတ် လျှောက်လာကာ တံခါး ရှေ့မှာ ကျောပေးရပ်၏။

"သတ္တိတွေ သိပ်ကောင်းမနေနဲ့၊ ဒါ နှင်းနေတဲ့ မြို့ထဲက ရပ်ကွက် မဟုတ်ဘူး၊ ငါတို့နဲ့လဲ မရင်းနှီးဘူး"

"ဟုတ်ပါတယ်ကွာ၊ စိတ်ကို ထိန်းစမ်းပါ၊ ဒီကောင်တွေက မြို့ ပေါ်က ကောင်တွေ၊ ကမင်ရန်လာစတာဆိုတော့ လက်နက်တွေဘာ တွေ ပါချင်ပါမှာ"

"ပါပါစေကွာ၊ ကိုယ့်ရပ်ကိုယ့်ရွာကျမှ လက်သီးလက်မောင်းတန်း နေရဲတာ၊ ဘာလုပ်မှာလဲ၊ ပြဿနာကို ငါစတာမဟုတ်ဘူး၊ ဘယ်သူ့ ရပ်ရွာဖြစ်ဖြစ် ဘာကို ဂရုစိုက်ရမှာလဲ"

"ပိတ်ကောင် လူစွမ်းကောင်း၊ အိမ်ထဲမှာ ကြောက်နေပြီလား"

လွှမ်းကို ဆွဲလွဲနေရတုန်းမှာ အပြင်က လှောင်ပြောင်သံတွေ ထွက်လာသည်။ လွှမ်းက နှင်း ပခုံးလေးကို တွန်းဖယ်ပစ်ကာ တံခါး ကျက်ကို ဂျိုင်းခနဲ ဆွဲချပစ်လိုက်သည်။ အိမ်ထဲက ဖြာကျသွားသည့် မီးရောင်ရှေ့တည့်တည့်မှာ ဆိုင်ကယ်တစ်စီး။

ဘေးဘီဝဲယာမှာ မှောင်မိုက်နေသည်။ မြို့စွန်မြို့ဖျား ချောင်ကျ သောနေရာမို့ ပတ်ဝန်းကျင်က အလင်းရောင်မဲ့လျက် တိတ်ဆိတ်နေ၏။

နှင်း၏ဖေဖေ ဦးဇော်လွင်၏လူမိုက်တွေ တော်ရုံနှင့် ရှာဖွေမတွေ့ နိုင်အောင် လွှမ်း ကိုယ်တိုင် ရွေးချယ်ခဲ့သော ဒီနေရာဟာ သူ မရှိနိုင် မှာ အလင်းကို နောက်ထပ် အနိုင်ကျင့်သွားကြမှာ စိုးလို့ပါ။

တကယ်တမ်း ရောက်လာကြတာက ဦးဇော်လွင်၏ လူမိုက်တွေ မဟုတ်ဘဲ ....။

"လွှမ်း၊ လွှမ်း ... နေဦးလေကွာ"

လွှမ်း က လေ့ကားထစ်တွေကို မနင်းဘဲ လွှားခနဲ ခုန်ဆင်းပစ် လိုက်၏။ အလင်း လှမ်းဆွဲတာ မမီ။ ကလေးတစ်ဖက်နှင့် အလင်း





ဗျာယာခတ်ကျန်ခဲ့လေသည်။

"လွှမ်း ..."

"အို ... မလိုက်နဲ့၊ သွားပါစေ"

အလင်းက ကလေးကို နှင်း ရင်ခွင်ထဲကို ထည့်သည်။ နှင်း က ကလေးကို မခေါ်ဘဲ သူ့ပခုံးစကို ဆုပ်ဆွဲထား၏။ ထိုစဉ်မှာ ထိုးသံကြိတ်သံတွေ ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ ခြံဝ မှာပဲ လွှမ်းနှင့် သုံးယောက် တိုက်ခိုက်နေကြတာ ရှုပ်ယှက်ခတ်နေ၏။

"ကလေး ခဏခေါ်စမ်းပါ နှင်းရယ်၊ ကိုယ်သွားမှ ဖြစ်မှာ"

"အလင်း သွားတော့ ဘာလုပ်နိုင်မှာလဲ၊ သူဟာသူ့ သတ္တိကောင်း လို့ ဆင်းသွားတာ ဘာဖြစ်ဖြစ် နေပါစေ၊ မသွားရဘူးနော် အလင်း"

"သူဟာသူ သတ္တိကောင်းတာမဟုတ်ပါဘူး နှင်းရယ်၊ အဲဒါ နှင်းကို သူတို့စကြလို့ လွှမ်း ထဖြစ်တာ၊ ကိုယ်တို့ကြောင့် ဖြစ်ခဲ့တာပါ၊ လွှမ်း က အစကတည်းက သည်းခံတတ်တာမဟုတ်ဘူး၊ ဟိုကောင်တွေ သစ်ပတ်ရင် ဒုက္ခရောက်မှာ"

ပြောနေရင်း အလင်း က လွှမ်း ချွတ်ထားခဲ့သည့် ဂျာကင်အကျႌ ဆီ ပြေးကာ လက်တစ်ဖက်နှင့် ဂျာကင်အိတ်တွေထဲ လိုက်စမ်းသည်။ တွေ့တော့မှ ဖုန်းကို ဘောင်းဘီအိတ်ထဲမှာပဲ ထည့်ထားတတ်သည့် လွှမ်း အကျင့်ကို သတိရလိုက်မိ၏။

"ခွေးသူတောင်းစား၊ ချကွာ၊ အသေသာသတ်"

"ဟင် ..."

အပြင်က စကားသံတွေကို ကြားလိုက်ရ၏။ သူ မျက်လုံးတွေ ပြူးကျယ်ကာ ဒီဘက်လှည့်လိုက်တော့ နှင်း က တံခါးပိတ်ပစ်လိုက်၏။

"နှင်း ...၊ မင်း ... မင်း ဘာလုပ်တာလဲ"

အလင်း က သားကိုပွေ့ချီထားလျက်နှင့် မျက်နှာတစ်ပြင်လုံး ညိုသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရဲကိုခေါ်လိုက်ရင် ရှင်းရှင်းလေးရယ်၊ သူ့မိုက်ဇာတ်သူခင်းတာ နှင်း က ကိုယ့်ယောကျ်ားကို အပါမခံနိုင်ဘူး၊ ဘာဖြစ်ဖြစ် အလင်း ဒီထဲမှာပဲနေ"

"မင်းလိုနှလုံးသား ငါ့မှာမရှိဘူး နှင်း၊ ငါ့အတွက် အများကြီး ပေးဆပ်ခဲ့တဲ့ သူငယ်ချင်းကို ဘာဖြစ်နေနေ တံခါးပိတ်နေရလောက် အောင် ငါ့နှလုံးသားက မမိုက်ရိုင်းဘူး၊ ဖယ် ..."

"အလင်း၊ အလင်း ... မသွားနဲ့နော်"

အလင်း က ကလေးကို ကြမ်းပေါ်မှာပဲ ချထားလိုက်သည်။ သူ့ မျက်နှာမှာ လွှမ်း အတွက် စိုးရိမ်နေတာတွေရော၊ နှင်း ရက်စက်တတ် တာကို အံ့ဩအထင်သေးရင်း ဒေါသတွေပွထကာ နီရဲညိုပုပ်လျက်ရှိ၏။

"မင်း ဖယ်စမ်းပါ"

"အလင်း ..."

တံခါးပွင့်သွားသည်။ အလင်းက ပြေးဆင်းသွား၏။ နှင်း ခြေလှမ်း ပြင်လိုက်သည်နှင့် သားက ဝါးခနဲ ဟငိုလေသည်။ သားငိုသံကို သူ ကြားသည်။ ရှေ့မှာ လွှမ်း၊ ဒုက္ခရောက်နေတာကိုလည်း မြင်၏။ ပေါက်ယောက်ကြတ်နဲ့ ဆိုင်ကယ်က ဘေးသွေးလဲကျနေကာ နှစ်ယောက် လက်တဲ့မှာ ဓားတွေနှင့်ဖြစ်၏။

"ဟိတ်ကောင်တွေ မင်းတို့ ရပ်စမ်း။ မင်းမဲ့တိုင်းပြည် မှတ်နေကြ လား၊ ဟာ ..."

အလင်းရောင်ဘက်ကိုအဝင်မှာ ဓားရောင် လက်ခနဲ ဖြစ်သွားကာ လွှမ်း တွန့်ခနဲ ဖြစ်သွားတာကို မြင်လိုက်သဖြင့် အလင်း မျက်လုံး မှာ ပြာသွားသည်။

"လွှမ်း ..."

ဗိုက်မှာ သွေးကွက်ကိုမြင်လိုက်ရပြီး လွှမ်း ယိုင်သွားတော့ အမှောင်ဘက် ပြန်ရောက်သွား၏။





"မလုပ်နဲ့"

ကိုယ်ခံပညာ ဘာမှမတတ်ပေမယ့် စိုးရိမ်စိတ်တွေနဲ့ အလင်း ဘာမှမမြင်။ ဓားနှစ်လက်ကြားထဲ အတင်းပြေးဝင်၏။

လွှမ်း ရှေ့ကို ဓားနှင့်ပြေးကပ်လာသူအား အလင်း အားရှိပါးရှိ တွန်းပစ်လိုက်၏။ သို့သော် သူ ထင်သလို လဲကျမသွားဘဲ ဘေးကို အနည်းငယ်ပဲ ယိုင်သွားပြီး ဓားနှင့် အလင်းဘက်ကို ပြန်ပက်လိုက်၏။

အလင်း မရှောင်တတ်ပါ။ လွှမ်း က ရှေ့ကိုတစ်ပတ်လှည့်ဝင်ကာ ဘေးက ဓားကိုလည်း ရှောင်သည်။ အလင်း ဆီသွားမည့် ဓားကိုလည်း ပတ်ကန်ပစ်လိုက်သည်။

"အလင်း ... သွား၊ ဘာလာလုပ်တာလဲ၊ ထွက် ပြန်ထွက်"

သူ ဝင်ပါလာမှ နှစ်ယောက်လုံး ဒုက္ခများရမှာကို သဘောပေါက် လိုက်တော့ နောက်ကျသွားပြီဖြစ်သည်။ အလင်း နောက်ပြန်လှည့်ဖို့ မကြိုးစားတော့ပါ။

သူ့ကို ကယ်လိုက်ရပြီး ဟန်ချက်ပျက်သွားသည့် လွှမ်း ကျော နောက်ကနေ ဓားရောင် လက်ခနဲ ဖြစ်သွားသဖြင့် လွှမ်း ကို သူဆွဲ ဖယ်ပစ်လိုက်၏။

"အား ....."

"အလင်း ...."

အလင်း ၏အော်သံဟာ နာကျင်မှုသိပ်သံနှင့် ကြားရက်ဖွယ်မရှိ။

"ဟာ ..."

ဆိုင်ကယ်သမားနှစ်ယောက်လုံးထံမှ 'ဟာ' ခနဲ ပြိုင်တူ ရေရွတ် လိုက်သံတွေ ထွက်လာ၏။ လွှမ်း ကို မထိခိုက်မှန်းသိလေ၊ နှင်းတို့ အသနှင့် ဓားကိုင်ရင်း ချမ်းနေကြသော်လည်း ဘာကယ်ယိသွားပြီဆို တော့ လန့်ဖျပ်ကုန်ကြသည်။

ခွေကျသွားသည့် အလင်းကို သူ ပွေ့လိုက်စဉ်မှာပင် ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



သံတွေ ဝေါခနဲ ပြေးထွက်သွားကြ၏။

"အလင်း၊ အလင်း ... ဘာဖြစ်သွားတာလဲ"

နှင်း သားလေးကို ပွေ့ပိုက်လျက် ပြေးဆင်းလာလျှင် ...

"ဟင် ..."

ခြေလှမ်းက တုံ့ခနဲ ရပ်သွား၏။

"အလင်း ...."

တိုးသဲ့သော ခေါ်သံလေးမှာ သူမ တစ်ဘဝလုံး တစ်စစီကျိုးပျက် လွင့်စဉ်သွားခဲ့ပြီကို သိမြင်လိုက်ရသော ချောက်ချားခြင်းများနှင့် ....။

နှင်း ရပ်နေမိရာမှာပဲ ကျောက်ဆစ်ရုပ် ဖြစ်သွားခဲ့သည်။

"လွှမ်း ..."

"အလင်း .... အလင်း ... မင်းကွာ ..... တောက် ..."

သူ့အကျီရင်ဘတ်စကို ကတုန်ကယင် ဆုပ်ကိုင်လျက် ဖိဆွဲချနေသည့်နောက် မျက်နှာငုံ့ချရင်း လွှမ်း မျက်ရည်တွေ ဖိတ်လျှံကျလာခဲ့၏။

"လွှမ်း ... အား ...."

"အလင်း ... မင်းကို ငါ ဆေးခန်းပို့မယ်"

ဘေးမှာ လူတစ်ယောက်နှင့် လဲကျနေသည့် ဆိုင်ကယ်ကို သူ လှမ်းကြည့်တော့ အလင်းက ရှုံ့မဲ့ခေါင်းခါလျက် ....

"ငါ ... ငါ ... နည်းနည်းလေးမှ အထိမခံနိုင် ... အား ... မင်း မင်း ..."

အလင်းသည် သူ့ကို မှာခဲ့ ပြောခဲ့ချင်သော ဆန္ဒတစ်ခုသည်သာ နောက်ဆုံးထွက်သက်ကို တုံ့ဆွဲထားနိုင်နေသည်ဖြစ်သောကြောင့် ...

"ပြောကွာ၊ မင်း ဘာပြောချင်လို့လဲ"

"အား ... ငါ ... ငါ့မိန်းမ ..."

ပြောနေရင်း စကားသံက တိုးလျသွား၏။ ကော့ခနဲ တွန့်ခနဲ ညည်းညူခြင်းများက ပိုဆိုးလာသည်။ ဆုပ်ဆွဲထားသည့် လက်များက





တော့ ပို၍ တင်းကျပ်လာခဲ့သဖြင့် လွှမ်း မျက်နှာငုံ့ပေးရင်း အလင်း နှုတ်ခမ်းသားများနှင့် ထိကပ်နေခဲ့သည်။

"အလင်း ... မင်း ဘာပြောချင်သလဲ .. ပြော"

"ငါ့ ... ငါ့သားလေးနဲ့ နှင်း ကို မင်း ... အ ...မင်း စောင့်ရှောက်ပေးပါ"

လွှမ်း ရင်ထဲမှာ နင့်သွားသည်။ ယောကျ်ားတန်မဲ့ ရှိုက်ငိုချပစ်လိုက်၏။ အလင်း ကို သူ့ထံမှ ရှိုက်သံတွေ မကြားစေချင်ပါ။ အံကြိတ်ခံလိုက်ပြီး သူ ခေါင်းညိတ်သည်။

အလင်း မမြင်တော့ဘူးထင်သည်။ သူ့အကျီစကိုပဲ အတင်းဆွဲတင်းနေကာ ...

"လွှမ်း ... မင်း ငါ့ကို ကတိပေးပါ၊ ပေးပါကွာ၊ နှင်း ဘယ်လောက်ဆိုးဆိုး အမြဲတမ်း ခွင့် ... ခွင့်လွှတ်ပေးပါ၊ ဘယ်တော့မှ လဲ မမုန်းဘူးလို့"

စကားသံ ပြတ်တောက်သွားသည်။ အလင်းကိုယ်သည် တွန့်ခနဲဖြစ်သွားပြီး အကျီစကို ဆုပ်ဆွဲထားခဲ့သော လက်တို့က ဖြည်းလေးစွာ လျှောကျသွားလေသည်။

"အလင်း ... အလင်း ကွာ ... မင်း ..."

လွှမ်း အလင်းတစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ပစ်လိုက်၏။ ဘစ်ဘဝလုံးမှာ ပထမဆုံး နာကျင်ကြေကွဲခြင်းပဲ ဖြစ်သည်။ သူ့မျက်ရည်စက်တွေ ဘယ်မျှ တျဆင်းနေခဲ့မှန်း မသိပါ။

နားထဲမှာ ကလေးငိုသံက ဆူညံနေသည်။ နှင်း ၏ရှိုက်သံများနှင့် သူ့ကို တွန်းထိုးနေခြင်းတွေကို သတိထားမိလာ၏။

"လွှတ်၊ ငါ့ယောကျ်ားကို ပွေ့မထားနဲ့၊ လူသတ်ကောင်၊ လူရမ်းကား နင့်ကို မုန်းတယ်၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ မုန်းတယ် ....သွား"

ဖြန်းခနဲ မြည်သံနှင့်အတူ ပါးပြင်မှာ ထူပူကျိန်းစပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့ကိုယ်ကို တွန်းပစ်ခြင်းခံလိုက်ရကာ အလင်းကို နှင်းပွေ့ယူလိုက်တာ သိသည်။

"အလင်းရယ်"

နှင်း၏ အသံသည် သူ့ကို ရိုက်နှက်အော်ဟစ်ခဲ့သော လေသံများနှင့်မဟုတ်ဘဲ တိုးသဲ့စွာဖြစ်ကာ အလင်း ကိုယ်ပေါ်မှာပဲ မေ့မြောခွေကျသွားရှာသည်။

ရပ်ရှင်တွေထဲမှာလိုပဲ အားလုံး သွေးသံရဲရဲနှင့် အခုံးစွန့်ထိပေးဆပ်သွားခဲ့ကြပြီးမှ ပတ်ဝန်းကျင်မှာ လှုပ်ရှားမှုတွေ ဖြစ်လာသည်။

"ဘာတွေဖြစ်ကုန်တာလဲ" တဲ့။

မေးမြန်းလာကြတာတွေကို နားကျင်စွာ .....။





အခန်း (၂၈)

"လူတွေကတော့ ပွဲပြီးရင် ဝေဖန်မှာပဲ ဖေဖေ၊ ကောင်းတာဆိုရင် တိုးတိုး၊ မကောင်းတာဆိုရင် ကျယ်ကျယ် ကဲ့ရဲ့ဖို့က ပါမစ်လိုတာမှမဟုတ်တာ"

"သြော် ... မင်းက ဖအေကို တရားပြန်ချနေတာပေါ့"

"ပြောပြတာ"

လွှမ်း က ဆိုဖာပေါ်မှာ ပက်ခနဲ မှီချလိုက်ကာ လက်ကိုင်ဖုန်းကို ထုတ်သည်။ ပြီးတော့ ဖေဖေ စကားပြောတာကို သတိရကာ အသာပြန်ထည့်၏။

ဦးကမ္ဘာမြေက ကိုင်ထားသည့် မာတ်ပုံနှစ်ပုံကို စားပွဲပေါ် ပစ်ချလိုက်သည်။ မျက်နှာမှာ စိတ်ပျက်ခြင်းများကြောင့် သုန်မှုန်နေ၏။ ဒီအသက်အရွယ်ရောက်တဲ့အထိ လွှမ်း ကို အိမ်ထောင်ပြုဖို့နဲ့ပတ်သက်ပြီး သူ တစ်ခါမှ မတိုက်တွန်းခဲ့ဖူးပေ။

"ဘယ်သူ့သမီးလေးကတော့ မဆိုးဘူး၊ မင်း မြင်ဖူးလား"

"ဘယ်သူကတော့ ခဖေ့ကို စကားစလာပြီကွ၊ သူ့သမီးနဲ့ မင်းသိဘောတူနေတာ သေချာတယ်" စသော မေးမြန်းစပ်ဟပ်မှုတွေ ရှိခဲ့သည်။

ခုလို တိုက်တွန်းတာမျိုးတော့ မရှိခဲ့ဖူးတာ အမှန်ပင်။ မပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာက ပြောလည်းအပိုပဲဆိုတာကို သိနေလို့ဖြစ်သည်။ အဲဒီအချိန်တုန်းက အလင်းဖြူ ဆိုတဲ့ သူငယ်ချင်းရယ်၊ ကလေးတစ်ယောက်နဲ့ ကျန်ခဲ့တဲ့ မိန်းကလေးအတွက်ရယ်။

လွှမ်း ရှုပ်ယှက်ခတ်ဗျာများနေခဲ့တာ သူလည်း ဝင်ပါခဲ့ရသည်။ မိတ်ဆွေတွေကိုပင် အကူအညီတောင်းခဲ့ရတာတွေ ရှိပါသေးသည်။

"အလင်းဖြူက ကျွန်တော့်အသက်ကို ကယ်ရင်း သေဆုံးသွားခဲ့တာ ဖေဖေ"

လို့ ပြောလိုက်ရုံနဲ့ပဲ 'ကိုယ့်သားလေး သူ့ကြောင့် အသက်မဆုံးရတာပါလား' ဟု ကျေးဇူးတွေတင်ကာ ဟိုမိန်းကလေးသားအမိကိုပဲ ပေးဆပ်ရ ပေးဆပ်ရ၊ ဘယ်လို ထောက်ပံ့ရမလဲ၊ ဘယ်လောက်ကုန်ကုန်၊ ဘာအခက်အခဲပဲ ရှိရှိ သူ့ဘက်က ဘာတစ်ခုမှ ငြင်းခဲ့တာ မရှိခဲ့ပေ။

ဒီကြားထဲမှာ လွှမ်း ကပဲ နိုင်ငံခြားဈေးကွက်တွေကို လေ့လာချင်သည်လို့ လိမ္မာပြလာတော့ သူမှာ ဝမ်းသာလိုက်ရတာ။ 'ငါ့သားတယ်ဟုတ်ပါလား' ပေါ့။

ခုတော့ သင်းက ဒီသားအမိကို သေတစ်ပန်သက်တစ်ဆုံး တာဝန်ယူစောင့်ရှောက်ဖို့အတွက် သူ ကြိုးစားခဲ့ပါသတဲ့။ ဒီ့ထက် ရင်နာစရာကောင်းတာ ရှိဦးမလား။

ဓာတ်ပုံတွေကို ပစ်ချလိုက်တော့ ကြည့်ဖို့ပေးတာ မဟုတ်ပေမယ့် လွှမ်း ကြည့်လိုက်မှာပဲဆိုတာ သိသောကြောင့် လွှမ်း မျက်ဝန်းတွေ ရွေ့လျားခြင်း ရှိမရှိကို အကဲခတ်လိုက်သည်။

မျက်စိရှေ့ရောက်လာတော့ လွှမ်း ကလဲ ကြည့်လိုက်မိတာ ဖြစ်သည်။ နှစ်ယောက်စလုံး ဆံပင်တိုတိုလေးတွေပဲဖြစ်ကာ တစ်ယောက်ကတော့ ပခုံးအောက်အထိ ရှည်သည်။ ကိုယ်တစ်ပိုင်းပုံတွေပဲမို့ မျက်နှာလေးတွေချည်း ထင်းနေသလို လှလည်းလှ၏။

ဒါပေမယ့် လွှမ်း မျက်ဝန်းတွေ ငြိတွယ်မနေဘဲ ဖျတ်ခနဲ ပြန်ခွာ





သွားတော့ ဦးကမ္ဘာမြေ မျက်နှာကြီး မသိမသာ မဲ့ကျသွားကာ ...

"မင်း ကိုယ်နဲ့သင့်တော်တာကို ရွေးချယ်သင့်တယ် လွှမ်း၊ လူတွေ ကဲ့ရဲ့မယ်၊ သူများပြောစရာဖြစ်မယ်ဆိုတာက ပတ်ဝန်းကျင်ကိုဖေဖေ ကြောက်လို့မဟုတ်ဘူး။ လူတစ်ယောက်အတွက် ပတ်ဝန်းကျင်ဆိုတာ ဂရုမစိုက်ဘဲ နေလို့ရချင်ရမယ်၊ ပစ်ပယ်ထားလို့တော့ မရဘူး၊ မင်းရဲ့ဂုဏ်၊ မင်းရဲ့အဆင့်အတန်းနဲ့ ကလေးအမေကို .."

"ကလေးက ကျွန်တော့်ကလေးပဲ ဖေဖေ၊ မိန်းမက ပါလာတဲ့ကလေး မဟုတ်ဘူး၊ ကျွန်တော့်ရင်သွေး၊ အလင်းဖြူနဲ့ ကျွန်တော်က ခွဲခြားမရလောက်အောင် ချစ်ခဲ့ကြတဲ့ ရင်ခွင်တစ်ခုနဲ့ အသက်နှစ်ချောင်းပါ"

"မင်းပြောသလောက် ဘဝက ကဗျာမဆန်ဘူးကွ၊ မင်းက မင်းသူငယ်ချင်းမျက်နှာကိုပဲ မြင်ပြီး အားလုံးကို အမှောင်ချထားနိုင်တယ်၊ ဒါပေမယ့် အားလုံး မှောင်မိုက်သွားတာ မဟုတ်ဘူး။ မင်းရဲ့လုပ်ရပ်တွေကို ဝေဖန်ဖို့၊ ကဲ့ရဲ့ဖို့ မှားကွက်ကို စောင့်ကြည့်နေကြတာ၊ နှင်းမာနဆိုတာ ဘယ်လောက်မာနကြီးနေသလဲ၊ ဒီမိန်းကလေးကို ဒီနေ့အထိဖေဖေ မမြင်ဖူးဘူး၊ ဒါပေမယ့် အကုန် ဖေဖေ့နားထဲ ရောက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့သုံးယောက်ရဲ့ပြဿနာတွေက အစကတည်းက လူမသိ သူမသိ ဖြစ်ခဲ့တာမှမဟုတ်ဘဲ၊ မင်း နှင်းမာန အပေါ်မှာ စောင့်ရှောက်ခဲ့တာ၊ တာဝန်ကျေခဲ့တာတွေအားလုံး မင်းတစ်ယောက်တည်း လုပ်ရှားလို့ရခဲ့တာလဲ မရှိဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းကလေး မာနကြီးလွန်းလို့ပဲ၊ မင်းမှာ ငွေရှိတိုင်း ပေးရဲခဲ့သလား၊ ကာကွယ်ပေးနိုင်ပေမယ့် ပေးရဲခဲ့တာ ရှိလား"

ဦးကမ္ဘာမြေက လွှမ်း ကိုပဲ စေ့စေ့စပ်စပ်ကြည့်နေရင်း ထိုင်လည်း မထိုင်။

"လူတွေ ဝေဖန်ကြတာ အဲဒီက ခခဲ့တာပဲ၊ ဒီနေရာ ရုတ်တွက်မ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဆိုတာ လေ့လာစမ်းသပ်ရုံနဲ့ သိနိုင်တာပဲ၊ မဟုတ်ဘူးလား။ အပင်ပန်းခံပြီး အငိစိတွင်းနက်အောင် ကူးနေခဲ့တာ မင်း ဘယ်လောက်ထိ မိုက်မဲခဲ့သလဲ"

လွှမ်း က ဦးကမ္ဘာမြေကို မော့ကြည့်သည်။ သူ့စကားမှာ စိတ်ဝင်စားမှုရှိလာပြီဟု ဦးကမ္ဘာ့မြေက ဆိုဖာရှေ့ဝင်လာပြီး ထိုင်ချလိုက်သည်။ ပြီးမှ ...

"ပထမဆုံးချက်က မင်း သူတို့သားအမိကို ဒီကလေးရဲ့ဘဝ တစ်လျှောက်လုံး စောင့်ရှောက်လာခဲ့တယ်၊ ဒီနေ့ထိ ဒီမိန်းကလေး ဘက်က ပြောင်းလဲခဲ့တာ ဘာရှိသလဲ"

လွှမ်း မျက်နှာခပ်လွှဲလွှဲနှင့် ငြိမ်နေ၏။

"ဒုတိယအချက် မင်း လက်ထပ်ဖို့ကြိုးစားတော့ရော လက်ခံခဲ့သလား။ ဒီမှာ လွှမ်း။ မင်း သိပ်မိုက်တယ်၊ ကိုယ့်ရဲ့ထောက်ပံ့ကူညီမှုတွေကိုတောင် ခင်မြင်ရအောင် မပြုရဲဘဲနဲ့ လက်ထပ်ခွင့်တောင်းတဲ့ အထိ ရှေ့တိုးလိုက်တာ မင်း သိပ်မိုက်တယ်"

"ကိုယ် ပေးကမ်းထောက်ပံ့တာတွေ လက်ညှိုးထိုးပြပြီး ကျွန်တော်က လက်ထပ်ခွင့် တောင်းရမှာလား ဖေဖေ"

"ဘယ်နည်းနဲ့မှ မတောင်းသင့်ဘူး။ ဖေဖေကတော့ မင်းကို တားလို့မရရင် ကြည့်နေရမှာပါ။ မင်းက ကလေးပေါက်စလေးမှ မဟုတ်တော့ဘဲ၊ ဒါပေမယ့် သဘောတော့ မတူနိုင်ဘူး။ နောက်တစ်ခုက မိန်းကလေးမျာလဲ အားကိုးမဲ့ပြီး မင်းကို ခင်တွယ်နေရှာတယ်ဆိုရင် လက်ခံပေးနိုင်တယ်၊ တစ်ယူသန်မာနတွေနဲ့ မိန်းမမျိုးတော့ ဖေဖေ မမြင်ချင်ဘူး"

"သူနဲ့ကျွန်တော့်မှာ ဘယ်သူမှ ပထမရသွားမှာမဟုတ်ဘဲ အတ္တတွေရှိတယ် ဖေဖေ၊ သူများ နှုတ်ခမ်းမဲ့နေကြပေမယ့် သူ့ရဲ့အတ္တကို ကျွန်တော် အထင်ကြီးတယ်၊ သူ့ကို အရှုံးမပေးနိုင်ပေမယ့် မာနကြီး





တာကို ကြိုက်တယ်"

"ဒါဆို ဖေဖေ မေးမယ်၊ ဒီတစ်ခါ မင်းရဲ့အဖြေ ပြောင်းလဲနေမှာပဲ ဆိုတာ တွက်မိပြီးသားပါ၊ မင်း သူ့ကို သဘောကျနေပြီ၊ ဟုတ်တယ် မဟုတ်လား"

လွှမ်း က ဦးကမ္ဘာ့မြေကို သေချာကြည့်ပြီးမှ မျက်နှာပြန်လွှဲသည်။ ခေါင်းခါလိုက်တာလည်း မဟုတ်၊ ခေါင်းလည်း မညိတ်ပေ။

"ဖြေလေကွာ၊ မင်း ဒီလောက်သတ္တိမနည်းပါဘူး၊ ဖေဖေ သိတယ်"

"သတ္တိရှိတာက ဘာကိုလဲ ဖေဖေ၊ ကျွန်တော့်ကိုယ်ကျွန်တော်တောင် ဒီမေးခွန်းမျိုး မေးမကြည့်မိခဲ့ဘူး၊ ဖေဖေမေးတဲ့ သဘောကျသလားဆိုတာ ရိုးရိုးပဲဆိုရင်တော့ ကျတယ်လို့ ဖြေရုံပဲ"

"ဒါဆိုရင် ချစ်မိတဲ့အထိ မဟုတ်သေးဘူးလို့ ပြောတာပေါ့"

"အဲဒါ မသေချာဘူး၊ သူ့ကို လက်ထပ်ဖို့ ကြိုးစားမိတဲ့အထဲမှာ အလင်းဖြူ မှာသွားတဲ့အတိုင်း တာဝန်ကျေချင်တာတွေရော၊ ကလေးကို ဘယ်လိုလူလက်ထဲကိုမှ မထည့်လိုက်နိုင်တာရော၊ နောက်ဆုံး အဖေပြောသလို တစ်သက်လုံး ထောက်ပံ့သွားမလား၊ ရှိတဲ့စည်းစိမ်ခွဲ ခွဲပေးလိုက်မလားဆိုတာတွေ ကျွန်တော် ဘာမှ ခွဲထုတ်မခွဲခြားခဲ့ဘူး။ အမြဲတမ်း သေချာနေတာက တစ်သက်လုံးစောင့်ရှောက်သွားပြီး ကလေးနဲ့နှင်းကို ဘယ်သူမှ ပိုင်ဆိုင်သွားခွင့်မရှိအောင် ကျွန်တော် လက်ထပ်လိုက်ဖို့ပဲ"

"ဖေဖေ မတားချင်ပေမယ့် ဒီလို မာနတွေနဲ့မိန်းမဟာ မင်းရဲ့ဘဝကို ဘယ်တော့မှ စိတ်ချမ်းသာစေမှာမဟုတ်ဘူးဆိုတာ ပြောရဲတယ်"

လွှမ်း မျက်ဝန်းတွေက ဓာတ်ပုံနှစ်ပုံဆီ ဝေ့ခနဲ ရောက်သွားကာ ...

"နောက်ထပ် မျက်နှာပျက် အားနာစရာတွေ မဖြစ်ရအောင် ကျွန်တော့်ကို မမေးမစမ်းဘဲနဲ့ ဖေဖေ ဘယ်သူ့သားသမီးကိုမှ စေ့စပ်ကြောင်းလမ်းဖို့ စကားမစပါနဲ့၊ နှင်း ကလွဲပြီး ဘယ်မိန်းမနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မယူနိုင်ဘူး"

ဦးကမ္ဘာမြေ နောက်ထပ် ဘာမှထပ်မပြောရသေးမီ ဖုန်းက မြည်လာ၏။ သူ ပြောချင်တာ၊ သူ လုပ်ချင်တာဆို အမြဲ အောင်မြင်စွာ လုပ်ခွင့် ပြောခွင့်ရနေသည့် လွှမ်း တို့က အဲဒီလောက်ထိ ကံကောင်းပါသည်။ သူပြောချင်တာပြောပြီ. ကိုယ့်အလှည့်ကျတော့ ဖုန်းက ဝင်ဖျက်၍၏။

"ဟဲလို ..."

"............."

"ဟင်· မာန် ...သားသား"

ဖုန်းကိုင်လျက် ဖျတ်ခနဲ ထရပ်လိုက်တာကို ကြည့်ကာ ဦးကမ္ဘာမြေ သက်ပြင်းချသည်။ ကိုယ့်ကိုကိုယ်ညာပြီး ဟန်လုပ်ရယ်မောနေတဲ့ လူတွေကို သူ ကဲ့ရဲ့ဖူးသည်။ ကိုယ့်သားကိုကျတော့ မရှုနိုင်မကယ်နိုင်ဖြစ်ရတာက သူပဲဖြစ်၏။

ဘယ်လိုလုပ်မလဲ၊ ပက်လက်လှန်ပြီး တံတွေးထွေးလို့မှ မဖြစ်တဲ့





အခန်း (၂၉)

"ဦးဦးရေ"

"သား ..."

ကားရပ်ရမည့်နေရာ မှန်ပေမယ့် ဘာယ်လိုဘယ်ပုံ ရပ်တန့်ထားရစ်ခဲ့မှန်းမသိ။ ကားတွေ ဖြတ်သန်းနေသည့်ကြားထဲ ပွတ်ကာသီကာလေး ကပ်ဖြတ်ရှောင်ရှားကာ ဦ.ပြူးနှင့်မာန် ရပ်နေသည့်လမ်းဘစ်ဖက်သို့ လွှမ်း ပြေးသွားခဲ့၏။

"သားသား ..."

"ဦးဦး ..."

ကလေးက ဦးပြူး ဆွဲထားသည့်လက်ကို ဆောင့်ဖြုတ်ကာ သူ့ဆီ ပြေးလာ၏။ ကလေး ကားလမ်းမပေါ် ဆင်းမလာမီ တစ်ဖက်ရောက်သွားအောင်သွားကာ လွှမ်း ဖွေ့ခနဲ ပွေ့ချီလိုက်မိသည်။

"ကလေးရယ်၊ ဘာဖြစ်လို့ ဇွတ်ထွက်လာရတာလဲ"

"အဲဒါပဲ လွှမ်းရယ်၊ အိမ်မှာလဲ ဟိုကောင်မလေးတစ်ယောက်ပဲရှိတာ၊ ဘဘကြီးရေ၊ ပြေးပြီ ပြေးပြီဆိုမှ ဦးလေးက သိတာ"

ဦးပြူးက စကားပြောရင်း သူတို့ဆီ လျှောက်လာ၏။ ဈေးလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံနားမှာမို့ လူတွေက ရှုပ်ယှက်ခတ်နေ၏။ ဦးပြုံး ကလေးနောက်ကို လိုက်ရင်း မမိဖြစ်ကာ ဗီထိရောက်လာပုံရသည်။

"တင်နွဲ့ပြောလို့ ချက်ချင်းထွက်လိုက်ပေမယ့် တံခါးဖွင့်ရ၊ ပြန်စေ့ရနဲ့ အလှမ်းက ကွာသွားရော၊ အမ်ပြေးလိုက်လေ သူက စွတ်ပြေးလေ ဖြစ်မှာစိုးတာနဲ့ သိပ်လဲ မလိုက်ရဲဘူး။ နောက်ဆုံး မင်းကို ခေါ်ပေးမယ်၊ ထည့်ပေးလိုက်ပါ့မယ်ပြောမှ ဒီမှာရပ်သွားတာ"

"ဟေး ... ဟေး"

မာန်က သူ့လည်ပင်းကိုဖက်ထားကာ ဦးပြုံး ပြောပြနေတာတွေကို သဘောကျသလို ရယ်နေ၏။

"အဲဒါတောင်မှ တကယ်လား၊ ခေါ် ခုခေါ်ပေးဆိုလို့ ဟိုမှာလေ၊ သူ့ရှေ့မှာပဲ ဖုန်းဆက်ပြရတယ်၊ ဖုန်းဖိုး မပေးရသေးဘူး"

လွှမ်း က ကလေးကိုဖက်ကာ ချီထားရင်း ဦးပြုံးကို ဖုန်းဆက်ခ ထုတ်ပေးလိုက်ပြီး ...

"ဦးလေး ပြန်တော့လေ၊ ကျွန်တော် လိုက်မပို့တော့ဘူးနော်"

"အေးကွယ်၊ ကလေးကိုတော့ ခဏလောက်ပဲ ချော့မော့ခေါ်ထားပြီး ပြန်ပို့ပေးပါ၊ သူ့အမေ ပြန်လာရင် စိတ်ဆိုးမှာသေချာတယ်"

ကလေးကို အလွှော့ပေးခဲ့ရပေမယ့် ဦးပြုံး မျက်နှာမကောင်းရှာ။

"စိတ်ချပါ၊ ကျွန်တော် ပြန်ပို့မှာပါ"

"ဦးဦးကလဲ၊ သားသား မပြန်ချင်ပါဘူး၊ ဦးဦးနဲ့ အင်တာနက်ကြည့်မလို့ပါဆို"

"ဟုတ်ပြီ၊ ကြည့်ရမှာပေါ့၊ ကစားစရာတွေလဲ ဝယ်ပေးမယ်၊ ဒါပေမယ့် သားမေမေဆီ မပြန်လို့တော့ မဖြစ်ဘူးကွ၊ မေမေဆိုတာ စိတ်ပူတတ်တယ်"

မာန့် ကိုဘေးမှာထားပြီး သူ ကားမောင်းတော့ မာန် က သူ့ဘေးကို တိုးလာပြီး လက်မောင်းကိုဖက်ထား၏။





"ဘာဖြစ်လို့ စိတ်ပူတာလဲ၊ သားသားက ဦးဦးနဲ့နေတာပဲဥစ္စာ၊ ဖေဖေလဲ ဦးဦးကို ချစ်တယ်၊ သားသားလဲ ချစ်တာပေါ့၊ မေမေ့ကိုလဲ ချစ်တယ်၊ ဖေဖေ့ကိုလဲ ချစ်တယ်၊ ဖေဖေက မရှိတော့ဘူးဆိုတော့ ဦးဦးကိုပဲ သားသားချစ်ရတာ၊ မေမေ ပြောတယ်၊ ဦးဦးကို လူဆိုးတဲ့၊ ဟုတ်လဲမဟုတ်ဘဲနဲ့"

လွှမ်း က မာန့် နဖူးလေးကို လှည့်နမ်းပြီး ပြုံးလိုက်သည်။

"ဦးဦး"

"ဗျာ"

"ဖေဖေနဲ့ဦးဦး ဘာဖြစ်လို့ချစ်တာလဲ"

"အရေမ်းခင်ပြီး ချစ်သွားတာပေါ့ သားရဲ့"

"ဒါဆို မေမေပြောသလို ဘာမှမကောင်းဘူးမပေါ့နော်"

'သွေးသားတော်စပ်ကြပြီး စိမ်းကားစွာနေကြတဲ့ ယှူဘာချို့ထက် ဦးတို့က အများကြီးသာပါတယ် သားရယ်' လို့ ရင်ထဲမှာ ပြောလိုက်မိ၏။

"အင်း ..."

သူမျက်နှာတည်သွားပြီး ခေါင်းညိတ်လိုက်တာကို မာန် က ခပ်စူးစူးလေး ကြည့်နေပြီးမှ ...

"ဦးဦး၊ ဦးဦးက ဖေဖေနဲ့ ဘာမှမတော်လို့ ပိုချောနေတာလားဟင်"

သူ ကားမောင်းရင်း ပြုံးလိုက်မိသည်။ သူနှင့်ပတ်သက်ပြီး မာန့် ရင်ထဲမှာ တော်တော်ထိရောက်ပတ်သက်နေခဲ့ပြီမှန်းလည်း သိလိုက်၏။

သွေးသားမတော်ပေမယ့် ဒါကို သွေးက စကားပြောတယ်လို့ပဲ ခေါ်မလား၊ စိတ်ချင်းဆက်နေခဲ့သည့် အလင်းဖြူနှင့် သူ့ရဲ့နှလုံးသွေးတို့အတိုင်း မာန့် ရင်ထဲမှာ ရှိနေပြီ။

"သားသားတို့ကျောင်းမှာလေ ဟေမာန်ခင်က သူ့ဒက်ဒီက သိပ်ချောတာပဲဆိုပြီး စတယ်လာရဲ့ ပါပါက အသားမည်းနေတာကို သိပ်ကြွားတာပဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဟုတ်တယ်၊ သားသားရဲ့ ဖေဖေကလဲ အသားမည်းတာပဲ၊ ဓာတ်ပုံထဲမှာ သားသား ခဏခဏ ထုတ်ကြည့်ပြီး ဟေမာန်ခင့်ကို ပြန်ကြွားမလို့၊ ဖေဖေက မရှိတော့ဘူးဆိုတော့ ငါ့ဖေဖေက ဓာတ်ပုံထဲမှာမို့လို့ မည်းသွားတာလို့ ပြောမှာပေါ့"

"သားရယ်"

အရွယ်လေးနဲ့မလိုက်အောင် မာန် က စကားတွေ တတ်နေသည်။ အတွေးတွေလည်း ကြွယ်နေပါပြီ။

"အဲဒါကို မေမေက ပြောတယ် သိလား၊ မညာရဘူးတဲ့၊ ညာပြောရင် ငရဲကျတတ်တယ်တဲ့၊ ဦးဦးကိုကျတော့ လူဆိုးမဟုတ်ဘဲနဲ့ လူဆိုးလို့ သားသားကို ညာပြောတယ်"

"ဦးက ဆိုးခဲ့ဖူးတယ် သားရဲ့၊ တကယ်ဆိုးခဲ့တာ၊ သားသားမေမေနဲ့လဲ ခုမှမဟုတ်ဘူး၊ ဟိုတုန်းကတည်းက ခဏခဏ စကားများရန်ဖြစ်ကြတာလေ၊ အဲဒါကြောင့် ပြောတာပေါ့၊ မေမေက ညာပြောတာ မဟုတ်ဘူး"

မာန် က လွှမ်း ကိုယ်တိုင် ဝန်ခံတာတောင် လက်မခံဘဲဖြစ်နေကာ ...

"ဒါဆို ဖေဖေ့ကျတော့ အရမ်းတော်တာပဲဆို"

"အဲဒါက ဟုတ်တယ်"

"ဦးဦးက ညာပြန်ပြီ"

"ဘာဖြစ်လို့လဲ သားရဲ့"

"လူမိုက်ဆိုရင်၊ ရှောင်သွေလွဲလို့၊ မမှိဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့"

မာန် က လက်နှစ်ဖက်လည်း မနား၊ ကိုယ်လေးလှုပ်ကာ မင်္ဂလာကဗျာကို ပြီးအောင် ရွတ်ပြ၏။ ပြီးသွားမှ သူ့ကို မော့ကြည့်ကာ ...





"ဘဘက ပြောတယ်၊ လူမိုက်နဲ့ပေါင်းရင် လူမိုက်ပဲဖြစ်တယ် တဲ့၊ ပညာရှိလူလိမ္မာနဲ့ပေါင်းမှ လူတော်လူကောင်း ဖြစ်တာတဲ့၊ ဖေဖေက လိမ္မာတယ်ဆိုရင် ဦးဦးက ဘယ်လိုလုပ် လူဆိုးဖြစ်မှာလဲ"

လွှမ်း နှစ်ခြိုက်စွာပြုံးမိကာ လက်တစ်ဖက်လွှတ်၍ မာန့် ကိုယ်လေးကို တင်းခနဲ ဆွဲဖက်ထားမိသည်။ ပြီးတော့ နဖူးလေးကို နမ်းမိကာ ...

"သားသားက သိပ်တတ်တာပဲကွာ၊ အဲဒါတွေ ထားလိုက်တော့နော်၊ မေမေ့ကို ညာတယ်၊ ညာတယ်နဲ့ ခဏခဏပြောရင် ငရဲကြီးတတ်တယ်၊ အခု သားသား ဘာလုပ်မလဲ၊ အင်တာနက်ထဲ ဝင်မလား၊ ကစားစရာ သွားဝယ်မလား"

"ဦးဦးနဲ့သားသား ဓာတ်ပုံတူတူရိုက်မယ်"

"ဘယ်လို၊ ဓာတ်ပုံရိုက်မယ် ဟုတ်လား"

မာန် က ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

"သားသား သူငယ်ချင်းတွေကို ပြချင်လို့၊ ဟေမာန်ခင့်ကိုလဲ ပြမယ်၊ ပြီးတော့ ..."

မာန် သည် စကားပြောနေရင်း အဆုံးမသတ်သေးဘဲ ဇဝေဇဝါ ပုံလေးဖြစ်သွားပြီး သူ့ကို မော့ကြည့်၏။

"ဦးဦး" "ဟင်"

"ဦးဦး၊ ... သားသားရဲ့ဖေဖေ ... ကောင်းမှာပဲ"

ကားက လမ်းဘေးကို ဖဲ့ခင်သွား၏။ ရှင်းလင်းသည့်နေရာလေးတစ်ခုမှာ ထိုးရပ်သွားလေသည်။ လွှမ်း သည် မာန့် ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းကာ ပွေ့ဖက်ထားလိုက်၏။ ကလေး၏ စကားသံလေးနောက်မှာ အလင်းဖြူ၏ နောက်ဆုံးထွက်သက်နှင့် မျက်နှာက ကွက်ခနဲ ပေါ်လာခဲ့သည်။

တကယ်ဆို ဒီကလေး ဖခင်မဲ့ခဲ့ရတာ ကိုယ့်ကြောင့်၊ နှင်းမာန



www.burmeseclassic.com

မုန်းမယ်ဆိုလည်း မုန်းထိုက်ပါသည်။ အလွှင်းကို သူမ တယုတယ မြတ်နိုးခဲ့သည်။ သူ့ကို အလင်း ခင်တွယ်နေတာကိုလည်း အစကတည်းက ကြိုက်ခဲ့တာမဟုတ်။

အလင်းဖြူ ဆုံးမယ့်ညကတောင်မှ နှင်း ဘယ်လောက်ထိ တားဆီးခဲ့ကယ်ဆိုတာ သူ သိနေသည်။ အလင်း ကိုယ်တိုင် ရန်မဖြစ်ဖို့ သူ့ကို တားခဲ့သည်။ တားမရ၍ ဝင်ပါရင်း ဆုံးပါးခဲ့ရသည်။

ကိုယ့်လက်ဖြင့် သတ်ခဲ့တာမဟုတ်သော်လည်း အလင်းဖြူ သေခဲ့ရတာ သူ့ကိုယ့်ကြောင့်ဖြစ်သည်။ နှင်း ချစ်ရ ကလေးအမေ မုဆိုးမလေး ဖြစ်သွားခဲ့၏။

မာန့် ကိုဖက်ထားရင်း ကလေးနဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်သော ရင်ထဲက စကားတွေ၊ ဆုံးဖြတ်ချက်တွေကို ဘယ်လိုပြောရမှန်း မသိ ဖြစ်နေခဲ့၏။

သူဟာ ဒီမိသားစုရဲ့ကွက်လပ်ကို ဖြည့်ဆည်းပေးချင်သော်လည်း နှင်း အလွန်အမင်း မုန်းတီးသောသူ ဖြစ်နေခဲ့သည်။ ဒါပေမယ့် ....။

မာန့် ကို သူချစ်သည်။ ငယ်ငယ်လေးကတည်းက ချိုပိုးထိန်းကျောင်းခဲ့ရပြီး အလင်း သေဆုံးခဲ့ပြီးသည့်နောက်မှာ ကလေးကိုမြင်နေရတာတောင် သူ အနားကပ်ခွင့် မရခဲ့ပေ။

တကယ်တော့ ကလေးနှင့်သူ ရင်းနှီးခွင့်မရခဲ့ပါ။ သို့သော် မျက်နှာလေးကိုမြင်လိုက်ရတာနှင့် နှစ်များစွာ မွေးပိုက်ထိန်းကျောင်းလာခဲ့ရသည့် ကိုယ့်ရင်သွေးလိုပဲ ခံစားခဲ့ရသည်။

'ဦးဦး' လို့ ခေါ်လိုက်သံလေးကြောင့် ရင်ထဲမှာ စုစည်းအုံဖွဲ့ထားသမျှကို ဖြေချပစ်ချင်၏။

သံယောဇဉ်ဆိုတာ ခြေရာမထင်တတ်သော်လည်း ရင်ဘတ်တစ်ခုထဲမှာ သူ့အတွက် တစ်နေရာကိုတော့ အခိုင်အမာ ယူတတ်လေသည်။

ဒါပေမယ့် ဒီသံယောဇဉ်အတွက် သူ့မှာ အကြောင်းပြချက်မရှိ။





အခန်း (၃၀)

ထွက်လာတုန်းက မိုးဖွဲကလေးတွေပဲ ရွာနေသည့်မိုးက တဖြည်းဖြည်းသည်းလာတာ ဝိုက်ပါ မနိုင်လောက်အောင်ဖြစ်လာသည်။

"တော်က်"

နာရီကိုကြည့်မိတော့ ညနေ ငါးနာရီခွဲ၊ ကလေးကိုခေါ်သွားတာ နေ့လည်တစ်နာရီကျော်ကျော်က လို့ ဦးဖြူး ပြောသည်။ သား ဖွတ်တရွတ်လုပ်တတ်တာကို နှင်း သိနေသဖြင့် ဦးဖြူးကိုရော၊ တင်နွဲ့ကိုပါ အပြစ်တင်မနေတော့ပါ။ ထို့ပြင် ဒီရက်ပိုင်းကျမှ သားလေးကို ထားခဲ့ပြီး သွားလာနေရတာ [illegible] များနေခဲ့၏။

စီးပွားရေးက မရှုလို့မဖြစ်တာမို့ စိတ်ကိုမောင်းနေရပေမယ့် ကျောင်းပိတ်ရက်မှာ အိမ်မှာ သားလေးနဲ့သူမ အတူရှိမနေနိုင်သည့် အဖြစ်ကိုတော့ ကိုယ့်ဘက်က ပျက်ကွက်မှုတခုခုဆိုတာကို နှင်း နားလည်သည်။

ခြံထဲမှာဆော့လို့ ဘယ်လိုပဲပြောပြော၊ တင်နွဲ့နှင့်ဦးလေးဖြူး ဘယ်လိုပဲထိန်းထိန်း သားလေး ပြည့်စုံနိုင်မှာမဟုတ်ပေ။

ထို့ကြောင့် ဒီနေ့ သားလေး ဖွတ်ကျွက်ပြေးသည့်အဖြစ်ကို ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်နှင့် ရင်ထဲမှာ မီးတောက်သွားခဲ့၏။ ဒီအချိန်မှာ တစ်ယောက်ယောက်, ကြားဝင်ဖြားယောင်းနိုင်ဖို့ အခွင့်အရေးတွေ ဖြစ်သွားနိုင်သည်။

သား၏ အားကိုးတွယ်တာမှုက ထိုဘက်မှာ ပိုမိုသွားနိုင်၏။ ပြီးတော့ နှင်း က ကမ္ဘာလှမ်းလောက် မချမ်းသာပါ။ ဖေဖေ ထားရစ်ခဲ့တဲ့ တိုက်နှင့်ခြံရယ်၊ ဒီကားတစ်စီးရယ်နဲ့ လုပ်ငန်းထဲက ရှယ်ယာဆိုတာပဲ ရှိသည်။ နောက်ဆုံး ကိုယ်ပေါ်မှာဆင်ဖို့ လက်ဝတ်ရတနာလေး တစ်စုံတစ်စိတောင် မကျန်ခဲ့ပေ။

သို့သော် နှင်းလိုပဲ ဖေဖေလည်း ရှူတတ်သူဖြစ်သည်။ မကောင်းတော့ဘူးထင်လျှင် ကိုယ့်သွေးကိုတောင် ဖောက်ထုတ်ပစ်ဝံ့သည့် လူမျိုး။ နှင်း ကိုလည်း ခဏခဏ သတိပေးခဲ့သည်။ ကြိမ်းဝါးခဲ့သည်။

"သမီး၊ ဖေဖေ့ကို လွန်ဆန်ပြီး တစ်ခုခုလုပ်ဖို့ အစီအစဉ်ရှိရင် ဖျက်ပစ်ပါ၊ တောင်းဆိုးပလုံးဆိုးကို ပစ်မယ်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးမရှိဆိုတဲ့ ထုံးစံ ဖေဖေ့မှာ မရှိဘူး။ မိဘအပေါ် သားသမီးတိုင်း အခွင့်အရေး အမြဲရနေကြတဲ့ ဒီလမ်းကြောင်းကို ဖေဖေ့လက်ထက်မှာ ပြင်မယ်၊ လုပ်ချင်ရာလုပ်သွားတဲ့နေ့ကစပြီး နောက်ကြောင်းကို ဘယ်တော့မှ ပြန်မကြည့်နဲ့၊ တစ်ဦးတည်းသောသမီးဆိုပေမယ့် ခွင့်မလွှတ်နိုင်အောင် လုပ်သွားတဲ့ သားသမီးကို ခွင့်မလွှတ်ဘူး"

ပြောတဲ့အတိုင်းပဲ ဖေဖေ တကယ့်ကို ဖုံးကြသုံးစွဲသွားခဲ့သည်။ ဒါပေမယ့် နှင်း စိတ်မနာမိပါ။ နှင်း အတွက် နေစရာလေး၊ စားစရာလေး ချန်သွားပေးခဲ့တာကိုပဲ ကြဖန်ကျေးဇူးတင်ခဲ့သေးသည်။

နှင်း ကိုယ်တိုင် ဖေဖေဆုံးတာတောင် မသွားခဲ့တဲ့အထိ နေပစ်ခဲ့သည်ပဲ။ စိတ်တို့ကျွ ကလေးဆီရောက်လိုက်၊ အတိတ်ကို ပြန်သွားလိုက်နှင့် မိုးသံ ပျော့ကျသွားတော့ ကားကို အရှိန်နည်းနည်း ပြန်တင်လိုက်မိ၏။





"မေမေ၊ ဦးဦးတို့အိမ်မှာ အင်တာနက်ရှိတယ်၊ တီဗီဖိုက်လဲ ရှိတယ်၊ ပြီးတော့ ကစားကွင်းကြီးလဲ အကျယ်ကြီးပဲ မေမေရာ၊ ရေကူးကန်ကြီးလဲ ရှိတယ် သိလား၊ အရမ်းပျော်ဖို့ကောင်းတာပဲ၊ ဦးဦးနဲ့သားသား အင်တာနက်လဲ ကြည့်တယ်၊ ဂိမ်းလဲ ဆော့တယ်၊ ဘောလုံးလဲ ကန်ကြသေးတယ်"

တစ်ခါ လွှမ်း နောက်ပါသွားပြီး သားလေး အပျော်ကြီးပျော်လာခဲ့တာကို သတိရမိတော့ ရင်တွေပူလာခဲ့သည်။ အလင်းနှင့် တွဲနေတုန်းက ကမ္ဘာလွှမ်း ကိုယ်ပိုင်ကားနှင့် လာလာနေတာကို မြင်သည်။ လက်တိုင်ဖုန်းနှင့်ဆိုတော့ လူကုံထံတစ်ယောက်ဆိုတာလောက်တော့ ခန့်မှန်းမိသည်။

သူ့အကြောင်း ဘယ်တုန်းကမှလည်း နားစွင့်မကြည့်မိပါ။ ထိုပြင် အလွန်ခင်ကြသည်ဆိုသော အလင်းကိုတောင် သူ့အိမ်ကို တစ်ခါမှ မခေါ်ခဲ့ဘူးဟု သိရတော့ ပိုပြီး ဂရုမစိုက်စွာ နေခဲ့သည်။

"ငါ့ကိုတော့ အလင်းကို ဖုန်းနံပါတ်မပေးတာ နင်က ကဲ့ရဲ့တယ်၊ နင်ကရော၊ ဘယ်လောက်ရိုးသားခဲ့လို့လဲ၊ နင် ဘာကောင်ဆိုတာ လူသိမခံရဲဘူးလေ၊ ကိုယ့်ကိုကိုယ် ဖြန့်မေး၊ ငါ ဘာကောင်လဲဆိုတာ"

နှင်း ကိုယ်တိုင် ဤသို့ ပျစ်ပျစ်နှစ်နှစ် ပြောပစ်ခဲ့ဖူးသည်။ လွှမ်းက မဲ့ပြုံးတစ်ချက်နှင့် မျက်နှာလွှဲသွားခဲ့ပြီး ဝန်လည်း မခံ၊ ငြင်းလည်း မငြင်း။ ဤမှာပဲ သူ ဘယ်လိုလူဆိုသည့်ပြဿနာက ဘာမှမဟုတ်ဘဲ ပြီးဆုံးသွားခဲ့၏။

ခုကျတော့ သားလေး သူ့လက်ထဲ ရောက်နေပြီ။

"ဟင် ..."

ကားက သိမ့်ခနဲ တစ်ချက်တုန်ပြီး ထိုးရပ်သွားသဖြင့် နှင်း ရဲ့ စိတ်ကူးတွေလည်း ပြတ်တောက်သွားခဲ့လေသည်။ ဘယ်လိုပဲ ထပ်နှိုးနှိုး ကားက မလှုပ်တော့ပေ။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘေးဘီကိုကြည့်တော့ ကားသွားကားလာတွေ ရှိနေပေမယ့် ရာသီဥတုကြောင့် ကျိုးတိုးကျဲတဲ ဖြစ်နေသည်။ မိုးက သည်းသည် လည်းမဟုတ်ဘဲ၊ စဲသည်လည်းမဟုတ်ဘဲ ခပ်စိပ်စိပ် ရွာလျက်ရှိ၏။

နှင်း ကားမပြင်တတ်ပေမယ့် ဘာဖြစ်တာလဲ ဆိုတာလောက် တော့ ကြည့်တတ်ပါသည်။ ဒါပေမယ့် မိုးရေထဲကို ဆင်းဖို့ ထီးက မပါ။ အချိန်မတော်ကျမှ အိမ်ပြန်ရောက်ခဲ့ရပြီး ရောက်ရောက်ချင်း သားကို ကမ္ဘာလွှမ်း ခေါ်သွားသည်ဆိုတာ ကြားလိုက်ရသဖြင့် ချက်ချင်း ပြန်ထွက်ခဲ့မိကာ ထီးကိုသတိမရ။

ဒီတိုင်းပဲ ကားထဲမှာ ငုတ်တုတ်ထိုင်နေရတော့မလို ဖြစ်နေခဲ့ နှင်း ရဲ့ကားရှေ့တစ်ဖက်မှာ ခဲပုပ်ရောင် လင့်ခ်နိခရီဇာကားက ထိုးရ သွား၏။

တစ်မျိုးပဲလို့ထင်ကာ လှမ်းကြည့်နေမိစဉ် ကားက တစ်ဖက် နေ လမ်းပြန်ယူကာ နှင်း ရဲ့ကားနောက်မှာ လာရပ်လေသည်။ ထိုအ သားသားပြောခဲ့တာတွေကို သတိရလိုက်မိ၏။

"ဦးဦးတို့ဆီမှာ ကားတွေ အများကြီးပဲ မေမေ၊ ကားအကြီးကြီ အမြင့်ကြီးတွေ၊ သားသားတို့လို မဟုတ်ဘူး၊ ဆိုဖာအတူကြီးတွေ အရမ်းစီးလို့ကောင်းတာပဲ" တဲ့။

သူများ ကလေးပြန်ပို့တာလား ဟုတွေးမိကာ နောက်လှည့်ကြ မိစဉ် ကားထဲက ဆင်းလိုက်သည့် ကမ္ဘာလွှမ်းကို မြင်လိုက်သည်။

ဒီလူနဲ့ဆုံမိတိုင်း ဒီကားက ဘာဖြစ်လို့ ဒီလောက်ပျက်နေရတာ ကားကိုရော၊ ကလေးကိုခေါ်သွားသည့် အဖြစ်ကိုကြောင့် ထွက်သ ဒေါသက စုပြုံကာ နှင်း မျက်နှာကို တင်းထားလိုက်မိသည်။ သူ ကိုတော့ ကိုယ်ကမသိဘဲ ကိုယ့်ကားကိုကျတော့ သိနေသည့်အ က ကျေနပ်ဖွယ်မရှိ။ ဒေါသဖြစ်ဖြစ်နှင့် ကားလဲစီးရမှာအောင်က နှ မှာ ငွေမရှိပေ။





"ကားပျက်နေတာလား"

ဘေးမှာ သူ ရောက်လာတော့ နှင်း က မှန်ချလိုက်၏။

"ဟုတ်တယ်၊ နင် မမြင်ဘူးလား၊ ဘယ်မှာလဲ ငါ့သား"

"ကားထဲမှာပါတယ်၊ ကလေး အိပ်ပျော်နေလို့"

ပြောနေရင်း လွှမ်း က ရှေ့ကို ပြန်လျှောက်သွားကာ ဘောနက် ကို ဖွင့်သည်။ မိုးစက်တွေကြောင့် သူ့ကိုယ်မှာ ချက်ချင်းရွှဲနစ်သွား ၏။ စက်ထဲကို ငုံ့ကြည့်ရင်း ရေတဘောက်တောက်ကျနေသည့် ဆံပင် တွေကို ထိုးသိမ်းတင်လိုက်၊ အလုပ်လုပ်လိုက်၊ လက်နှစ်ဖက်လုံး မနား ရပေ။

ခဏကြာတော့ အဖုံးပြန်ချပြီး သူ လျှောက်လာသည်။

"မရဘူး၊ ကားကို ထားခဲ့လိုက်တော့၊ မင်း ဒီဘက်ကို ပြောင်း လာခဲ့"

နှင်း စတီယာရင်ကို ဖိဆုပ်မိရင်း ဘာလုပ်ရမှန်းမသိ ဖြစ်သွား သည်။ သူ ညာပြောတာမဟုတ်မှန်း သိနေသဖြင့် ဆုံးဖြတ်ဖို့ရာ မျက်လုံးက လမ်းပေါ်ကို ဝေ့ဝဲသွား၏။ အငှားကားတစ်စီးတစ်လေ တွေ့လျှင် ကလေးကို ပြောင်းယူပြီး လှည့်ပြန်နိုင်ပေသည်။ ဒရိုင်ဘာသား တုန်းကလည်း ဒီလိုပဲ လမ်းမှာ ပျက်တတ်ခဲ့သည်။

ဒရိုင်ဘာကလည်း ဟုတ်တိပတ်တိ မပြင်တတ်ပေ။ ဒရိုင်ဘာ အနားမှာထားပြီး သူလည်း မပြင်တတ်၊ ကိုယ်လည်း မတတ်နိုင်နှင့် နှစ်ယောက် ဒီလိုပဲ ငုတ်တုတ်ကြီးထိုင်ပြီးတော့လည်း စိတ်ညစ်ခဲ့ရဖူး၏။

ပြီးတော့ ဒရိုင်ဘာဆိုတော့လည်း အိမ်မှာပဲ ညအိပ်ညနေ ထား ရသည်။ ဦးလေးဖြူးအပြင် ဘယ်ယောက်ျားကိုမှ မထားချင်သည့်စိတ် က ကား ခဏခဏပျက်နေတာနှင့်လည်း ပတ်သက်နေ၏။ ထို့ကြောင့် ဒရိုင်ဘာကို ဖြုတ်ခဲ့သည်။

"ကိုယ် မပြင်နိုင်ပေမယ့် ယောကျ်ားသားအဖေဖော်ပါတော့ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် သမီးရဲ့"

"မလိုပါဘူး ဦးလေးပြူးရယ်၊ အဖော်မဖြစ်ဘဲ စိတ်ညစ်ရတာက ပိုဆိုးပါတယ်၊ နေပါစေ"

"ဒါဆိုလဲ သမီးကားကို အင်ဂျင်ဆေးလိုက်ရင် ကောင်းမယ်ထင်တယ်၊ လမ်းသွားရင်း ဒီလို ခဏခဏဖြစ်နေရင် မလွယ်ဘူး" တဲ့။

ဦးလေးပြူးက သတိပေးခဲ့သည်။ ထို့ကြောင့် ကားပျက်သွားပြီဆိုတာကို နှင်း ယုံလိုက်၏။

"ဟိတ် ဆင်းလေကွာ၊ ဝပ်ခ်ရှော့ကို ကိုယ် ဖုန်းဆက်ပေးမယ်"

နှင်း ကားပေါ်ကဆင်းတော့ လွှမ်း ကပြေးသွားပြီး သူ့ကားတံခါးကို ဖွင့်ထားပေး၏။ တစ်ဖက်မှာ လွှမ်း ဝင်ထိုင်လိုက်တော့ တစ်ကိုယ်လုံး စို့ရွှဲကပ်နေပြီဖြစ်သည်။

နောက်ခန်းထဲမှာ သားလေးက အိပ်ပျော်နေလိုက်တာ နှစ်နှစ်ခြိုက်ခြိုက်ပါလား။ ကုရှင်တွေသိမ်းကာ ဆိုဖာလိုလုပ်ထားပြီး ကလေးကိုယ်ပေါ်မှာ အဝါရောင်ဂွမ်းကပ်စောင်ကြီးလည်း ခြုံထားသည်။

နှင်း လှည့်ကြည့်နေတာမြင်တော့ ဝပ်ခ်ရှော့ကို ဖုန်းဆက်ပြီး သူ လှည့်လာကာ ...

"နေ့လည်ကတည်းက ကိုယ် ပြန်ပို့မလို့ပါ၊ ဘယ်လိုမှ ချော့မရဘူး၊ အဲဒါနဲ့ အိပ်ပျော်သွားအောင် သိပ်လိုက်ရတယ်"

နှင်း မျက်ဝန်းထဲမှာ ရန်လိုမှုများစွာနှင့် စူးရဲနေကာ ...

"ဘာလဲ၊ နင့်ဆီမှာ သိပ်ပျော်နေတာကို ကြွားနေတာလား၊ ဒီမှာ ကမ္ဘာလွှမ်း၊ ကလေးရဲ့ တစ်ထစ်ချမှတ်တတ်တဲ့ စိတ်ထဲမှာ သူ့အဖေဟာ နင်သတ်တယ်ဆိုတာ ယုံသွားတဲ့တစ်နေ့ အဲဒါတွေအားလုံးကို နင် ဆုံးရှုံးရမှာပဲဆိုတာ မမေ့နဲ့"

"ဆုံးရှုံးရဖို့ မရှိပါဘူး၊ သားက ကိုယ့်ကို ချစ်သထက်ချစ်လာမှာ ရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ချစ်နေတာကိုး"





နှင်း က ဟွန့်ခနဲ မဲ့ပစ်၏။ လွှမ်း သည် ရေစက်တွေကျနေဆဲ ဆံပင်တွေကို ဘေးကို ရေမစင်အောင် သာသာလေး သိမ်းလိုက်ပြီး ...

"တကယ်က အလင်းဖြူ ဘယ်လိုဆုံးသွားတယ်ဆိုတာ မင်း သိပါတယ်၊ ဘာဖြစ်လို့ ကလေး အထင်လွဲအောင် မင်း ဒီစကားတွေ ပြောနေရတာလဲ"

"ဘာဖြစ်လို့ ပြောနေရတာလဲဆိုတော့ ငါက ဒီတိုင်းပဲမြင်ထားလို့လေ၊ အလင်းကို နင် ကူညီခဲ့တာ နာမည်ကောင်းနဲ့ နောက်ဆုံးကျတော့ အလင်းက နင့်အတွက် အသက်ပေးသွားရတာပဲ၊ အလင်းရဲ့ဘဝ ပြောင်းလဲခဲ့တာ နင့်နဲ့ပဲဆိုင်တယ်၊ အလင်း သေဆုံးခဲ့ရတာလဲ နင့်ကြောင့်ပဲ၊ အလင်းကို နင်သတ်တာ"

လွှမ်း စတီယာရင်ကို ဆုပ်ကိုင်ရင်း မျက်လုံးတွေ မှိတ်ပစ်လိုက်၏။ နှင်း ရဲ့အမုန်းတွေကို သူ့ဘက်က ချေဖျက်နိုင်စွမ်း မရှိတော့ဘူးဆိုလျှင် ...။

မျက်လုံးအစုံ ဖျတ်ခနဲ ပြန်ပွင့်လာခဲ့ရင်း နှင်းဘက်ကို လှည့်သည်။

"အဲဒါတွေ ထားလိုက်ပါ၊ မင်းအတွက်တွေကို ချေဖျက်ဖို့ ကိုယ် ကြိုးစားဘူး၊ မင်း ဘယ်လိုဖျက်ဖျက် ကလေးက ကိုယ့်ကိုချစ်နေမှာပဲဆိုရင် ... မင်းပြောသလို သူ ယုံကြည်အောင် မင်း မပြောနိုင်သေးသရွေ့ပေါ့၊ မင်းနဲ့ကိုယ် ဘယ်လိုရှင်းမလဲ"

"ဘာ ..."

"ဒီနေ့ ကလေးက ကိုယ့်ဆီပြေးလာတာ၊ အိမ်သားတွေသာ မသိကြဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

နှင်း မဖြေနိုင်၊ မျက်ဝန်းတို့က နောက်ကြည့်မှန်ဆီ ရောက်သွားသည်။ သားလေးက မိုးလေးဖွဲ့ဖွဲ့၊ ရွာနေဆဲမှာ နှစ်ခြိုက်စွာ အိပ်မောကျနေလျက် ...။ နှင်း မျက်ဝန်းတွေကို စိုက်ကြည့်ကာ လွှမ်းက ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ်နဲ့ လာက်မထပ်ဘူးဆိုရင် ..."

"ဘယ်တော့မှ မစဉ်းစားဘူး ကမ္ဘာလွှမ်း၊ ငါ့ပြဿနာ ငါရှင်းနိုင်တယ်"

"ဘယ်လိုရှင်းမှာလဲ၊ ကလေးကို အခန်းတံခါးပိတ်ပြီး ဝှက်ထားမှာလား၊ တခြားကို ပြောင်းပြီး ဇာတ်မြှုပ်နေမှာလား၊ မင်းလိုပဲ အလျှော့မပေးတတ်တဲ့ ကလေးတစ်ယောက်ရဲ့ စိတ်နာကြည်းခြင်းဟာ သူ့အသက်ကို ထိခိုက်ခံတဲ့အထိ ဖြစ်လာရင်ရော၊ မင်း ကြည့်နေမှာပဲလား"

"ကမ္ဘာလွှမ်း"

လေသံသည် ဆောင့်ထွက်သွားပြီးမှ သားကို သတိရတော့ ခပ်ကြိတ်ကြိတ်ပြန်ဖြစ်၏။

"နင်က ဒါတွေကိုတွေးပြီး မလွဲမသွေ ငါ့ရမှာပဲလို့ တွက်နေတာလား"

"ဟုတ်ဟုတ်၊ တရားဥပဒေဘက်က ကိုယ် ပြောခွင့်မရှိပေမယ့် ကလေးရဲ့နှလုံးသားကို ကိုယ်က ပိုင်ထားပြီးပြီ၊ အဲဒါ မင်းမယုံလို့ မရဘူး။ သားက အလင်းဖြူရဲ့ ဝိညာဉ်တစ်ခွပဲ၊ သူ့ရဲ့သွေးသားမှာ အလင်းဖြူရဲ့သွေး လည်ပတ်နေသရွေ့ မင်း ဘယ်တော့မှ ကိုယ်နဲ့ ခွဲထုတ်လို့ရမှာမဟုတ်ဘူး"

နှင်း မျက်ဝန်းထဲမှာ မျက်ရည်စတွေ ဝေ့တက်လာသည်။ အံကြိတ်ထားလျက်နှင့် ဝေ့နေသော မျက်ရည်တို့က ရေခဲမျက်နှာပြင်ကို မြင်နေရသလိုပင်။

ဒီမျက်ရည်တွေဟာ ကြေကွဲ၍ အရှုံးပေးနေသောမျက်ရည်တွေဆိုတာ လွှမ်း သိသည်။

"နှင့်ကို ငါမုန်းတယ်"

လွှမ်း က တစ်ဖက်ကို မျက်နှာလွှဲပစ်ကာ ...

"ကိုယ်က ချစ်တယ်၊ သားကိုလေ၊ နောက်လဲ သားကို စောင့်ရှောက်ဖို့အတွက် မင်းနဲ့ကိုယ် ဆက်တွေ့ဖို့တွေ ရှိသေးတယ်"

နှင်း တို့မျက်နှာကိုကြည့်ကာ တုန်ယင်လာသည့် နှုတ်ခမ်းသား





တို့ကို ဖိကိုက်လိုက်၏။

"ကလေးကို ပြန်ပို့ပေးခဲ့၊ ငါ ဆင်းမယ်"

ဒီမျက်နှာကို နောက်ထပ်စက္ကန့်အနည်းငယ်ပင် ထပ်မမြင်လိုတော့ပေ။

သူ့ဘေးကနေ ထိုင်လိုက်ဖို့အထိ ဆုံးဖြတ်ပြီး ရောက်လာခဲ့မိသည့် ကိုယ်ကိုကိုယ်ပင် နားမလည်နိုင်ဘဲ နှင်း တံခါးကို ချက်ချင်း လှည့်ဖွင့်သည်။ ဖွင့်လို့ မရတော့ပေ။

"ကမ္ဘာလွှမ်း ..."

ဒီဘက်လှည့်လိုက်တော့ တံခါးကို လော့ခ်ချထားပြီးသည့် ဝိုင်ကွက်နှင့် စူးစိုက်ကြည့်နေသော မျက်ဝန်းတွေကို မြင်လိုက်၏။ ရုက်ချွံခံပြင်းသော ဒေါသစိတ်က ထောင်းခနဲဖြစ်ကာ ရုတ်တရက် ခေါင်းထဲမှာ ဘာမှမရှိတော့ပေ။

နှင်း လက်တစ်ဖက် ရိုပ်ခနဲ မြောက်တက်သွား၏။ အလင်း ဆုံးသည့်ညကလည်း ဒေါ်ရာနှင့် သူ့ပါးကို နှင်း လွှဲရိုက်ပစ်လိုက်တာ နှစ်ချက်ဆက်တိုက်။

သို့သော် ဒီတစ်ခါ နှင်း လက်က သူ့ပါးပေါ် မရောက်လိုက်ဘဲ သူ့လက်ထဲမှာ တင်းကျပ်စွာ ဖိဆုပ်ကိုင်ခြင်း ခံရလေသည်။ ထိုစဉ်မှာ မီးစက်တွေ ချက်ချင်းအားကောင်းလာကာ ပတ်ဝန်းကျင်မှာ ပြာမှိုင်းသေဝါးသွား၏။ အကောင်းစားကားကြီးထဲမှာ မီးလုံလေလုံရှိနေလျက် နှင်း မျက်ဝန်းမှာ မီးစွေခဲ့ရသည်။

မှန်းတီးရှုရှာခဲ့သော ထိုသူ့ရင်ခွင်ထဲမှာ နှင်း ကျရှုံးခဲ့၏။ လိုနေ့က မီးသော သူ့မအတွက် ကမ္ဘာပြိုတဲ့မိုး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၁)

မျက်နှာသစ်ချပြီး မှန်ရှေ့မှာ ထိုင်သည်။ နီမြန်းနေသော နှုတ်ခမ်းလွှာတို့ကို မြင်လျှင် ဖျတ်ခနဲ ဖိပိတ်ကာ တသောသော ကျဆင်းလာသည့် မျက်ရည်များကိုလည်း မေ့နေခဲ့၏။

မျက်နှာသစ်ပြီး မသုတ်ဘဲထားသည့် ပါးပြင်မှာ ရေသီးလေးတွေ ခိုတွဲနေသည်။ ကော့နက်သည့် မျက်တောင်ဖျားတွေမှာ ရေစိုပူးတွဲလျက်။

ထိုမျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ထပ်၍ ဖိသပ်ပွတ်ချကာ နှင်း ဟီးခနဲ ငိုပစ်လိုက်မိလေသည်။ မှန်တင်ခုံပေါ်မှာ ရှိသမျှပစ္စည်းတွေကို စုရမ်းတွန်းချပစ်၍ မျက်နှာမှောက်ချ ငိုသည်။

ရင်ထဲမှာ လှိုက်ခါတုန်ယင်နေခြင်းက ဘယ်လိုမှမပျောက်နိုင်တဲ့ ဘယ်လောက်ငိုငို အားမရ၊ ဘာဖြစ်လို့ နှင်း ပဲ အကြိမ်ကြိမ်အခါခါ ကျရှုံးခဲ့ရတာလဲ။

နောက်ထပ်လည်း မနိုင်တော့ဘူးဆိုတာ သေချာပါသည်။ ဘာဖြစ်လို့လဲဆိုလျှင် ကားပေါ်ကနေ ပွေ့ချီအချမှာ သားလေး နိုးသွား၏။

"ဟာ ... မေမေ၊ ဟင့်အင်း၊ ဦးဦး ...ဦးဦး သားကိုခေါ်ပါ သားသား ဦးဦးနဲ့လိုက်မှာ"

သားလေး အတင်းကော့ကန် ငိုခဲ့သည်။ သူ ကားပေါ်တက်သွား





ပြီးမှ ပြန်ဆင်းလာသဖြင့် နှင်း တအားအော်ပစ်လိုက်၏။

"သွား ...၊ နင် မြန်မြန်သွားစမ်းပါ"

သား အတင်းရုန်းနေတော့ နှင်း ဘယ်လိုမှမနိုင်၊ ဦးလေးပြုံး ရောက်လာသဖြင့် အိမ်ပေါ်ရောက်လာခဲ့တာဖြစ်သည်။

"ကလေးကို မင်း မရိုက်ပါနဲ့၊ ဒီထက်ဆိုးမသွားစေချင်ရင် ကလေး ပျော်အောင်ပဲ ချော့ပါ"

ဝမ်းနှင့်လွယ်ပြီး မွေးဖွားခဲ့ရသည့် အမေတစ်ယောက် ကိုယ့်သားကို မပိုင်နိုင်ပါလား၊ သူ ပြောသွားသည့် စကားသံတွေက နားထဲက မထွက်။ သားလေးသည် ရှိုက်ငိုရင်း ဦးလေးပြုံးနှင့် ပါသွားခဲ့သည်။

"မေမေ့ကို မချစ်တော့ဘူး၊ ဦးဦးကိုနှင်ထုတ်တာ မေမေ့ကို သားသားမချစ်ဘူး"

ဒါပဲပြော၍ အင့်ခနဲ အင့်ခနဲ ရှိုက်နေတာ ကိုယ်လုံးလေးပင် တုန်နေ၏။

အလင်းရယ် ...၊ အလင်း တကယ်ပဲ အလင်းရဲ့ ဝိညာဉ်ကို သားလေးဆီမှာ ထားပစ်ခဲ့တာလား၊ သေတဲ့အထိ အချစ်မပြယ်ရလောက်အောင် သူက နှင်း ထက် အလင်း အပေါ်မှာ ဘာများသာလွန်ကောင်းမွန်ခဲ့တာ ရှိလို့လဲဟင်။

"အလင်းဖြူက မှာသွားခဲ့တယ်၊ အဲဒီအတိုင်း ကိုယ့်ဘက်က တာဝန်ကျေချင်တာ" ဟု ကမ္ဘာလွှမ်း ကပြောခဲ့၏။

အလင်း ဆုံးခါနီးမှာ နှင်း ကိုလည်း မတမ်းတခဲ့ပါ။ နှင်း ရှိသည့်ဘက်ကို လှည့်၍ပင်မကြည့်ဘဲ ကမ္ဘာလွှမ်း ၏လည်ပင်းကို ဖက်ထားခဲ့သည်လား၊ ရင်ဘတ်ကို ဆွဲထားတာလား၊ အမှန်တော့ မသိပါ။ ဒါပေမယ့် ....။

တစ်စုံတစ်ရာ ပြောဆိုမှာကြားသွားသည်ဆိုတာကတော့ သေချာခဲ့သည်။ ကိုယ့်မှာသာ သူ့အတွက် ဖြေမဆည်နိုင်လွန်းလို့ မကျုံးမရ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေနှင့် 'သင်းကြောင့်' ဆိုပြီး မုန်းလိုက်မိတာ၊ ကမ္ဘာကျေတာတောင် ဥဒါန်းမကျေနိုင်တဲ့ နာကြည်းချက်များနှင့်။

တကယ်ဖြစ်လာတော့ နှင်း ဟာ သိပ်ကိုအတ္တကြီးတဲ့ မိန်းမတဲ့။ ဦးလေးပြူးကလည်း 'တစ်ယူသန်အစွဲတွေကို လျှော့ပါသမီးရယ်' လို့ ပြောခဲ့သည်။

"မင်းက မင်းရဲ့အတ္တတွေအတွက် အလင်းဖြူ ကို အသုံးချခဲ့တာ' ဟုလည်း ကမ္ဘာလျှမ်း က စွပ်စွဲခဲ့ဖူး၏။ ကိုယ့်မှာပဲ အတ္တတွေ သိပ်များနေခဲ့သလား

ခုတော့ သားလေးလည်း နှင်း ကို စိမ်းကားတတ်ခဲ့ပြီ။

မှန်တင်ခုံပေါ်မှာ မျက်ဝန်းတွေမဖွင့်ဘဲ ကြိတ်ရှိုက်ရင်း နှင်း နားထဲကို ဖုန်းသံက ဆူညံစွာ ဝင်လာသည်။ တစ်အောင့်ကြာတော့ ခြေသံဖွဖွလေး ကြားရကာ ...

"မမ ဖုန်းလာနေတယ်"

"ပိတ်ထားလိုက်"

နှင်း လှည့်မကြည့်ဘဲ အော်ပစ်လိုက်သည်။ တင်နွဲ့ ထွက်သွားတော့ နေရာမှထရပ်ကာ တဘက်ကို ဆွဲယူလိုက်သည်။ မျက်နှာပေါ်က ရေတွေကိုရော၊ မျက်ရည်တွေကိုပါ ပွတ်ဆွဲသုတ်ပစ်ရင်း အပြင်ထွက်ခဲ့၏။

စိတ်ကူးက သူမ တစ်စုံတစ်ရာ ပြတ်သားစွာ လုပ်ဖို့ပဲဖြစ်၏။





အခန်း (၂၃)

နှင်း နှုတ်ဖျားက စကားသံတိုးသဲ့သဲ့လေးပင် ထွက်ကျမလာခဲ့ပေ။ သို့သော် လှပသည့် မျက်တောင်ကော့ကော့တို့ ဖြန့်ကားနေတဲ့အထိ စူးစမ်းအံ့သြနေသည့် မျက်ဝန်းအစုံက ဖျတ်ဖျတ်လဲ့နေခဲ့သည်။

မယုံနိုင်သော၊ အံ့သြသော၊ တစ်စတစ်စ အေးစက်ထုံခဲလာသော မျက်ဝန်းတို့သည် မျက်တောင်တစ်ချက်မှ မခတ်ခဲ့ဘဲ ဘေးသို့တဖြည်းဖြည်း တိမ်းစောင်းရွေ့လျားသွားကာ ...

"ဒါ့ကြောင့် သူက ပိုင်စိုးပိုင်နှင်း လက်ထပ်ခွင့်တောင်းတာကိုး၊ ဟွန်း ..."

"အဲဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး သမီးရယ်၊ ဒါတွေအပေါ်မှာ အခွင့်အရေးယူမယ်ဆိုရင် သူ ခုကျမှ ဘယ်ပြောမလဲ၊ မသိစေချင်လို့တောင် ဘယ်တော့မှမပြောပါနဲ့လို့ ဦးလေးကို ပိတ်ထားခဲ့တာ"

နှင်း ကမဲ့သည်။ သနားစဖွယ်တုန်ယင်လာသည့် နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ထိန်းချုပ်ဖို့လည်း မကြိုးစားတော့ဘူးထင်သည်။

မယုံကြည်စွာ မဲ့ပစ်လိုက်သည့် လှောင်ရိပ်က အရာမထင်ဘဲ နှင်း မဲ့မဲ့လေးပဲ ဖြစ်သွားခဲ့သည်။ စိမ်းညို့နက်မှောင်နေသည့် မျက်ခုံးတန်းလေးတွေရော၊ မျက်ခမ်းစပ်လေးတွေမှာပါ နီတွတ်ရဲတက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ တအိအိပြည့်တက်လာသော မျက်ဝန်းလေးတွေကို ဦးပြူးက သနားကြင်နာစွာကြည့်ရင်း ...

"သမီးတို့သားအမိကို မော်လမြိုင်ဘက်ကနေ သမီး ဘယ်ရောက်ရောက် သူ မျက်ခြည်မပြတ်လိုက်တယ်၊ လူလုံးမပြဘဲ သမီးအတွက် အိလုပ်အကိုင်၊ နေရေး၊ စားရေး၊ အားလုံး သမီး ခြေလှမ်းသမျှ အဆင်ပြေအောင်မြင်နေအောင် သူ ကူညီနေတာ"

မဟုတ်တာ တစ်လုံးမှမပါဘူးဆိုတာ နှင်း သိသည်။ သား ငယ်ငယ်လေးနှင့် နှင်း ဖေဖေ့ဆီကိုလည်း မပြန်ဘဲ ထင်ရာသွားသည်။ အိမ်ငှားတော့လည်း အဆင်ပြေ၏။ ကလေးထိန်းပေးကြသည့် အိမ်နီးချင်းတွေကလည်း ကလေးကို ချစ်လိုက်ကြတာ၊ တစ်ခါတစ်ခါ ကိုယ့်သားက ကိုယ့်လက်ပေါ်ပင် ပြန်မရောက်နိုင်။

စိတ်ကူးလိုက်၊ ကြံစည်လိုက်၊ အိမ်ထဲကထွက် အကောင်အထည်ဖော်လိုက်တာနှင့် အားလုံးက အဆင်ပြေနေခဲ့သည်သာ။ အားလုံးကို ပြန်တွေးကြည့်လိုက်တော့ ဒါတွေဟာ ကမ္ဘာလွှမ်း၏ ပံ့ပိုးမှုတွေပဲ ဖြစ်နေခဲ့၏။

နှင်း ရဲ့ဘေးမှာ သူ့လူတွေ အရိပ်လိုချထားကာ သူဆိုတာကို မသိစေဘဲ ထောက်ပံ့နေခဲ့သည် တဲ့။

"တကယ်တော့ ကမ္ဘာလွှမ်း ဆိုတဲ့လူငယ်ဟာ စကားပြောဆိုပုံ ရိုင်းသလိုရှိပေမယ့် အလင်းဖြူနဲ့ပတ်သက်ပြီး သူ့စိတ်ထဲမှာ တော်တော်ထိခိုက်ခဲ့တယ်ဆိုတာ ဦးလေး အကဲခတ်မိတယ်၊ သူ့အသက်ကယ်ရင်း သမီးရဲ့ခင်ပွန်း အသက်ပေးသွားရတာကို သိတယ်၊ သူတင်မကဘူး သူ့အဖေကိုယ်တိုင် သူ့သားရဲ့အသက်သခင်လို့ သတ်မှတ်ပြီး သမီးတို့သားအမိအတွက် အများကြီးကူညီခဲ့တာ၊ ကမ္ဘာလွှမ်း နိုင်ငံခြားထွက်သွားတဲ့အချိန်ကစပြီး သမီးတို့ ဒီကိုပြန်ရောက်တဲ့အထိ ပါဝင်ခဲ့တာ ဦးကမ္ဘာမြေ"





နှင်း တုတ်တုတ်မျှ မလှုပ်ပါ။ ဒေါသတွေ၊ ဆုံးဖြတ်ချက်တွေနဲ့ ဒီထိရောက်လာခဲ့တာက သူမ။

"ဦးလေးပြူး၊ အဲဒီအလုပ်တွေ ခဏထားခဲ့ပါ၊ နှင်း ပြောစရာရှိလို့"

ပန်းအိုးတွေကြားထဲက ဦးပြူးကို လှမ်းခေါ်ပြီး ပျဉ်ထောင်အိမ်ကလေးထဲမှာပဲ အဆင်သင့်ရှိနေသည့် တန်းလျားလေးမှာ နှင်း က ထိုင်စောင့်သည်။

ဘယ်တော့မှ အရှုံးမပေးတတ်တဲ့ မာနတွေဟာ ဖြူသလား၊ မည်းသလားဆိုတာ သိစေရမည်။ ကိုယ် ဆုံးဖြတ်ခဲ့တာကိုပဲ ကြိတ်၍ ကျေနပ်ကာ ဦးပြူး လာထိုင်တော့ ပိုင်နိုင်စွာ ပြောပြလိုက်၏။

"နှင်း၊ ဒီခြံနဲ့တိုက်ကို ရောင်းပစ်မယ် ဦးလေးပြူး"

"ဟေ ...."

ဦးပြူး တအံ့တသြဖြစ်သွားတာကောင်း နှင်း က ကျေနပ်လိုက်သေးသည်။ နှင်းမာနဆိုတာ သူများ ဟင်ခနဲ ဟာခနဲ ဖြစ်သွားတာကို အရသာခံ ကြည့်ချင်ခဲ့တဲ့သူပဲ။

"နှင်း ဒီကနေ ထွက်သွားတော့မယ်၊ ကြာကြာနေရင် သားလေးက သူ့စက်ကွင်းက လွတ်နိုင်တော့မှာမဟုတ်ဘူး"

လို့ ထပ်ပြောလိုက်တော့မှ ဦးပြူး လက်ကာ ခေါင်းခါတွေ ထဖြစ်ကာ ...

"မလုပ်ပါနဲ့ သမီးရယ်၊ ဒီလို မခါးဖြတ်ပါနဲ့၊ အရင်းအနှီးမြှုပ်နှံမှုဆိုတာ ကံတရားရဲ့ ချိန်ခွင်သျှာပေါ်မှာ လှုပ်လီလှုပ်လဲ့လေးပဲ ရှိနေတာမျိုး၊ သမီး စွန့်စားဖို့ကို အခြေအနေမဲ့အောင် အရင် ရင်းနှီးရမှာ၊ သိပ်ကို ရင်လေးဖို့ကောင်းပါတယ်၊ အခုအတိုင်းက သမီး ဘာမှရလို့လဲကွယ်"

"နှင်းရဲ့ရင်သွေးကို သူ လုယူဖို့ကြိုးစားနေတာထက် ဆိုးတာ ရှိဦးမလား ဦးလေးပြူး၊ ကလေးက သူ့ကို ခင်တွယ်နေပြီ၊ နှင်းလိုပဲ ဒီလူက လက်ထပ်ခွင့်ရဖို့ ကြိုးစားနေပြီ၊ ကလေးကြောင့်ပဲဖြစ်ဖြစ်၊ နှင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အသက်၊ အသွေးအသားကြောင့် ဘာဖြစ်ဖြစ် ဒီလူ့ကို နှင်း နည်းနည်းမှ အလျှော့မပေးနိုင်ဘူး"

နှင်း ရဲ့ဆုံးဖြတ်ချက်တွေ ခိုင်မာနေပြီမှန်း ဦးပြုံး သိသွားသည်။ ထိုအခါကျမှ စိတ်မကောင်းသော၊ တောင်းပန်နှစ်သိမ့်သော မျက်ဝန်းများနှင့် ကြည့်လာခဲ့ပြီး ...

"ဒီခြံနဲ့တိုက်ကို သမီး ရောင်းလို့မဖြစ်ဘူး"

"ဟင် .... ဘာဖြစ်လို့လဲ"

ဦးပြုံး မျက်နှာခပ်လွှဲလွှဲနှင့် ရုတ်တရက် မဖြေ။

"ဘာဖြစ်လို့လဲ ဦးလေးပြုံး၊ မဖေဖေ ... ဖေဖေက အပေါင်တွေ ဘာတွေ ထားခဲ့လို့လား၊ ဆုံးတော့မလို ဖြစ်နေလို့လား"

ဦးပြုံး နှင်း ကို ပြန်ကြည့်၏။ ပို၍ ချွေးမြည့်ကျွမ်းလောင်သွားသည့် မျက်ဝန်းများက မပြောရက်သလို ဖြစ်သွားခဲ့ပြီး ...

"မဟုတ်ဘူး သမီး၊ တကယ်တော့ ... တကယ်တော့ ဒီခြံနဲ့တိုက်ကို ငွေတွေအများကြီးယူပြီး ဆရာကြီး ပေါင်ပစ်ခဲ့တာ"

"ဟင် ...."

"သမီးကို သူ အလင်းဖြူနဲ့ ခွဲလုတ်ဖို့ ကြိုးစားသေးတယ်၊ သတင်းစာထဲမှာ ဆရာကြီး နာမကျန်းဖြစ်နေတယ်၊ အမြန်ပြန်လာပါ ဆိုတဲ့ ကြော်ငြာထည့်ပြီး ပြန်ခေါ်ခဲ့တယ်"

နှင်း အဲဒါကိုတော့ တကယ်မသိခဲ့တာပါ။ အလင်းနဲ့လိုက်သွားပြီးသည့်နောက်မှာ ဖေဖေ့လူယုံတွေ၏ ရန်ကိုလည်း ရှောင်ရသည်။ စားဝတ်နေရေးကိုလည်း လှုပ်ရှားရ၏။

ဒီလို ရုန်းကန်ပြေးလွှားနေရချိန်မှာ သတင်းစာဖတ်ပြီး ကော်ဖီသောက်နေဖို့အချိန်က ဘယ်မှာလဲ။

"သမီးအဖေရဲ့စိတ်ကို သမီးလဲ သိသားပဲ၊ ဒီထိလျှော့ခဲ့တာတောင် သူ့မာနတွေ တော်တော်ချထားခဲ့တာ၊ သူ ပြောသေးတယ်၊ သမီးကို





သူ အပြတ်ပြောထားပြီးသား၊ သူ့ဘက်က နောက်ထပ်လျှော့ပေးဖို့ မရှိဘူးတဲ့၊ ဒါပေမယ့် သူ လျှော့ခဲ့တယ်၊ သမီးက ပြန်မလာဘူး တဲ့၊ သမီးက သူ့ထက် မာနကြီးတယ်၊ ရှုံးတယ်ဆိုပြီး စိတ်နာသွားတယ် ထင်ပါရဲ့ကွယ်၊ အဲဒီနောက်မှာ တကယ်လဲ ကျန်းမာရေးက ဖောက်ပြန်လာတာပဲ၊ လူက နေမကောင်း၊ ထင်သလိုလုပ်နဲ့ စီးပွားရေးလဲ ချူချာလာတယ်၊ သူ့မှာ ငွေညှာတွယ်တာစရာ မရှိတော့ဘူးဆိုတဲ့စကား ခဏခဏပြောတယ်၊ သူ ဆုံးခါနီးမှ ဦးလေးပြုံးကို ဒီခြံနဲ့တိုက် ဆုံးသွားပြီဆိုတာ ပြောတယ်၊ ပြီးတော့ အဆင်ပြေတဲ့နေရာ ထွက်သွားပါဆိုပြီး ငွေတွေပေးတယ်"

ဦးပြုံးက ပြောရင်း မျက်နှာမကောင်းဘဲဖြစ်လာကာ မျက်ဝန်းထောင့်တွေပါ နီရဲလာ၏။

"ပေးပေမယ့် ဒါတွေကိုယူပြီး ဦးလေးက ထွက်သွားရက်ပါ့မလား၊ သူ ဆုံးသွားတဲ့အထိ ဦးလေး သူ့ဘေးမှာပဲ ရှိနေခဲ့တယ်၊ အဲဒီမှာပဲ ဒီခြံနဲ့တိုက်ကို ဦးကမ္ဘာမြေက လွှဲပြောင်းယူလိုက်တာ၊ ရည်ရွယ်ချက်က သမီးတို့သားအမိအတွက်ပါ၊ ကမ္ဘာလွှမ်း ဆိုတာရယ်၊ အလင်းဖြူရယ်၊ သမီးတို့သုံးယောက် ဆက်စပ်နေတာကို ဦးလေး အဲဒီကျမှ သိခဲ့ရတာ၊ ဒီခြံဟာ အရင်အတိုင်းပဲ ဆရာကြီးက သမီးအတွက် ထားရစ်ခဲ့တဲ့ ပုံစံနဲ့ သမီးတို့ကိုပြန်ခေါ်ဖို့ သူပဲ ဖန်တီးပေးခဲ့တယ်၊ စီးပွားကား၊ သမီးအတွက် အလုပ်"

"ဒါဆို ဗိုက်ပွိုင့်မှာ အမှုဆိုင်ရာ ဦးဇော်လွင် ဆိုတာကရော"

"အဲဒါလဲ သမီးတို့သားအမိအတွက် လွှမ်း စီစဉ်ခဲ့တာပဲ၊ ဆရာကြီးမှာ ကိုယ်ပိုင်လုပ်ငန်း ဘာမှမရှိတော့တဲ့ဘဝနဲ့ လူမမာဖြစ်သွားခဲ့တာ တကယ်တော့ အရည်အချင်းမရှိလို့ စီးပွားကျသွားတာ မဟုတ်ဘူး၊ စာရိတ္တပျက်တာလဲ မဟုတ်ဘူး။ သူ ရင်နာသွားတာပါ၊ သူ့ကိုမုန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီး တစ်ချက်မှ ပြန်မလှည့်ကြည့်ရကောင်းလားဆိုတဲ့ ကြေကွဲမှုကို ကြိတ်ခံပြီး စိတ်ဘုံးဘုံးကျသွားတာ၊ ဘာမှမလုပ်တော့ဘဲ ထင်သလို သုံးဖြုန်းပစ်ခဲ့တာ"

ဒီနေရာကိုပြောတော့ နှင်း မျက်ရည်ဝေ့ဝေ့နှင့် မချိတရိ ပြုံးလိုက်မိသည်။

နှင်း ကို မာနကြီးတယ်၊ နေရက်တယ်ဆိုပြီး စိတ်နာသွားတယ်ဆိုတော့ နှင်း ဘက်ကကျတော့ ဖေဖေ့ကို ဘယ်လိုမြင်ပေးရမလဲ၊ အမြဲတမ်း နားလည်ခွင့်လွှတ်ပေးနိုင်တဲ့ မိဘမေတ္တာဆိုတာ ဘယ်မှာလဲ၊ ဒီလိုမေးတော့ ဖေဖေပြောခဲ့ဖူးတာကို သတိရမိပြန်သည်။

"သားဆိုးသမီးဆိုး ပစ်ရိုးမရှိဆိုတဲ့ထုံးစံ ဖေဖေ့မှာ မရှိဘူး" တဲ့လေ။ မာနဟော့၊ အတ္တတွေ အပြိုင်အဆိုင် ကြီးမားခဲ့ကြတယ်ဆိုလျှင် ဘယ်သူ့အတ္တက ပထမလဲ။

နှင်း စကားတစ်လုံးမှ မထွက်နိုင်ခဲ့ပါ။ ဦးပြုံးလည်း စိတ်မကောင်းခြင်းများဖြင့် မျက်လွှာချလျက် ငြိမ်သက်နေ၏။ စကားဝိုင်းလေးသည် အစကတည်းက စိုပြည်ခဲ့သည်မဟုတ်ဘဲ ပို၍ခြောက်သွေ့ကာ မှုန်လောင်ခြင်းတွေ ကိုယ်စီနှင့် ...။

နှင်း မျက်တောင်တစ်ချက်အခတ်မှာ မျက်ရည်တွေ တလိမ့်လိမ့်ပြိုဆင်းသွားခဲ့သည်။ ရက်တတ်လျှင် လဲသေလိုက်ဖို့ပဲ ကောင်းပါသည်။ ဒါဆို နှင်း မရက်တတ်ဘူးလား။

နှုတ်ခမ်းကိုကိုက်မိ၏။ ပင့်သက်ရှိုက်၍ အသက်ဝဝ ရှူသွင်းသော်လည်း အင်အားဖြစ်မသွားဘဲ ရင်ဘတ်ထဲမှာ ဆို့ကျပ်သွားသည်သာရှိသည်။ 'ဒီခြံနဲ့တိုက်ကို ရောင်းပစ်လိုက်တော့မယ်' ဟု ဆုံးဖြတ်ချက်တွေ နိုင်မာစွာ ပြောချခဲ့မိသည့် ဒီပါးစပ်ကို ဘယ်လိုအပြစ်ပေးရမှန်းမသိ။

ဖေဖေ့စိတ်၊ ဖေဖေ့မာနကို နှင်း ဒီ့ထက် ပိုသိသင့်သည်။ လျှော်





လှမ်းခဲ့သမျှမှာ လစ်ဟွက်ဟာဟွက်တွေ ရှိနေခဲ့တာကို တွက်ကြည့်နားလည်သင့်၏။

အိမ်တောင်ဦးစီး လင်ယောကျ်ားမရှိခဲ့သော်လည်း နှင်း မှာ စောင့်ရှောက်မယ့်လူတွေ ဝိုင်းနေခဲ့တာ၊ အလုပ်ထွက်ရှာတာနဲ့ အလုပ်ရသည်။ ဒါ လုပ်တော့မယ်၊ ဒီလိုဖြစ်ချင်သည်၊ ဘာပဲစိတ်ကူးစိတ်ကူးထလုပ်လိုက်တိုင်း အဆင်ပြေနေခဲ့၏။

အလင်း ရှိနေဘုန်းကထက် အများကြီး ချောမွေ့နေခဲ့တာကို အမှတ်တမဲ့ ဖြတ်သန်းလာခဲ့မိသည့် ကိုယ့်အဖြစ်ကို ရှက်ငိုးသုံးနိုင်။

နောက်ဆုံးမှာ တိတ်ဆိတ်လွန်းနေသည့်အဖြစ်ကို ဖျောက်ဖျက်ပစ်ဖို့ ဦးပြုံးကပဲ စကားပြန်စခဲ့သည်။

"ခြံနဲ့တိုက် ဂရုတွေက သမီးရဲ့နာမည်နဲ့ လုပ်ထားခဲ့တာပါ၊ ဒါပေမယ့် တစ်နေ့နေ့ ဒီလိုဖြစ်လာမှာစိုးလို့ ဦးကမ္ဘာမြေက ထိန်းသိမ်းထားခဲ့တာ"

"နှင်း နားလည်ပြီ ဦးပြုံး၊ အဲဒါတွေ မပြောပါနဲ့တော့၊ ကိုယ်ပိုင်တာ ဘာမှမရှိဘဲ ရှယ်ယာအများဆုံးပါထားတဲ့ ဦးဇော်လွင်ရဲ့သမီးဆိုပြီးတော့လဲ နှင်း က မျက်နှာပြောင်ပြောင်နဲ့ သွားခဲ့ပြီးပြီ၊ အဲဒါသက်သက် နှင်း ရဲ့မာနကို ရိုက်ချိုးခဲ့တာ"

"ဒီလိုတော့ မပြောလိုက်ပါနဲ့ကွယ်၊ ကလေး လသားအရွယ်ကတည်းက သူ ကူညီခဲ့သမျှ ဒီနေ့ထိ ဒါတွေကို သမီး သိသွားမှာ သူ့သိပ်ကို စိုးရိမ်နေခဲ့တာပါ၊ သမီးရဲ့မာနနဲ့ ဒါတွေကိုသိသွားရင် ဘယ်လိုမှ သက်မခံဘူးဆိုတာ သူ သိတယ်၊ အခု ဦးလေး ဖွင့်ပြောရတာကလဲ သမီးက ..."

"ဦးလေးပြုံး၊ နှင်း နားမထောင်ချင်တော့ဘူး၊ နှင်းနဲ့သူကြားမှာ ရှိနေခဲ့တဲ့ အပြုံးအာယာတက ဒီလိုတိုက်တာခြံမြေထက် အများကြီး အနိုးကြီးတယ်၊ အများအမြင်မှာ သူ ပေးဆပ်ခဲ့တာတွေ နည်းသလား၊



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်ပါပြီလို့ ထင်မှာပဲ”

မပြောနိုင်သေးဘူးလားဆိုသည့် မျက်ဝန်းများနှင့် ဦးပြုံးက အံ့ဩသလို ကြည့်သည်။

“တကယ်တော့ အဲဒါ ပြောစရာမဟုတ်ဘူး။ တဖြည်းဖြည်း စုပုံမို့မောက်လာတဲ့ ခြတောင်ပို့”

ဦးပြုံး ရင်ထဲမှာ ဟင်ခနဲ ဖြစ်သွား၏။ နှုတ်ဖျားက အသံမထွက်သော်လည်း နှုတ်ခမ်းထူပြည့်ပြည့်ကြီးတွေ မဟတဟ ပွင့်သွားခဲ့သည်။

“ဒီနေ့ ဒီအချိန်မှာ နှင်း ကို အနိုင်နဲ့ပိုင်းနိုင်ဖို့ အကွက်ချ ကြံစည်တာပဲ၊ နှင်း ဘာမှမသိဘဲ သူ ဖန်တီးထားတဲ့ ပဒေသာပင်ကို ခူးစားသူ့တိုက်ကြီးပေါ်မှာနေ၊ သူ့ကားကို မောင်း။ ဒီကြားထဲက မာနစကားတွေ ပြောနေတာကို နောက်ကနေ သူက ဟားတိုက်ရယ်နေခဲ့တာ”

“သမီးရယ်”

နှင်း နေရာမှ ထရပ်လိုက်သည်။ ရှက်ရွံ့သိမ်ငယ်ခြင်းကြောင့် ခွေကျုလုလု ဇာ့နွဲ့ယင်နေသည့် ဒူးနှစ်ဖက်က မခိုင်ချင်။

ခုနေသာ နှင်း အောက်တည့်တည့်မှာ ကျင်းပေါက်ကြီးဖြစ်သွားပြီး တစ်ကိုယ်လုံး မြုပ်ဆင်းကွယ်ပျောက်သွားခွင့်ရမည်ဆိုလျှင် နည်းနည်းလေးမှ ကြောက်ရွံ့တော့မည် မထင်။

တအံ့တဩဖြစ်နေသည့် ဦးပြုံးကို နှုတ်မဆက်ဘဲ နှင်း ထွက်လာခဲ့သည်။

ဆုံးဖြတ်ချက်တွေချပြီး အနိုင်အမာလုပ်တော့ဖို့ စခဲ့သည့် ခြေလှမ်းတွေက ရှက်ရွံ့ချောက်ချားစွာ ဆုတ်ပြန်ခဲ့ရသည့်အခါ ...





အခန်း (၃၃)

“မေမေက ဘယ်သွားမလို့လဲ”

“ဒီနေ့ အလုပ်ကိုစချိန်းထားတာရှိတယ် သားသားရဲ့၊ အဲဒါ သွားမလို့”

သားကို ကျောင်းအပြန်မှာ ဝင်ကြိုပြီး လက်ကလေးဆွဲထွက်လာတော့ ခြေလှမ်းတွေက မှုမမှန်ခဲ့ပေ။ ကားတွေရပ်ထားသည့်နေရာကို ဖြတ်လျှောက်ခဲ့စဉ် မာန် ကခြေစုံရပ်၍ နှင်း လက်ကိုပြန်ဆွဲထားကာ ...

“ကား ဘယ်မှာလဲ မေမေ၊ သားသားတို့ကားက ဘယ်မှာလဲ”

မေးပြီ၊ နှင်း ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသော်လည်း ပါးနပ်လွန်းသည့် သားရှေ့မှာ အကဲမခတ်မိအောင် ပြင်ဆင်ကာ ...

“ကားပျက်နေတယ် သားသား၊ နောက်နေ့လဲ စီးရမှာမဟုတ်ဘူး၊ အထဲကပစ္စည်းတွေလဲ ပစ်ရမှာဆိုတော့ ကြာဦးမှာ”

“ဟင် ...”

မာန့် နှုတ်ခမ်းဖူးဖူးလေးတွေ စုံလုံးသွားသည်။ နှာခေါင်းလေးရှုံ့လျက် စိတ်မပါလက်မပါ လေးတိလေးကန်ပုံလေး ဖြစ်သွားသဖြင့် ... ကန်နေသည့် ခွေးကလေးတစ်ကောင်ကို ကြိုးဆွဲခေါ်နေရသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားသားကို သနားသွားကာ မြန်ငုံမကြည့်မိအောင် စိတ်ကို တင်းထားရသည်။ အလုပ်ကိစ္စရှိတဲ့ဘက်ကို ဆက်သွားရမည်။ လွယ်ထားသည့် စလင်းဘက်အိတ်ထဲမှာ ငွေအလုံအလောက်ပါပေမယ့် ကားမငှားတော့ဘဲ လိုင်းကားစီးဖို့ ဆုံးဖြတ်မိ၏။

ကိုယ့်ဘဝမှာ ဘာမှမရှိတော့ဘူးဆိုတာက အမှန်တရားပဲဖြစ်သည်။ ဒါကို သားသား လက်ခံနိုင်အောင် ခုကတည်းက သူမ ကြိုးစားရမည်ဖြစ်၏။ ဒါမှမဟုတ် သားရဲ့စိတ်ဓာတ်၊ သားလေးအမြင်ထဲမှာ နှင်းနဲ့ နှင်းရဲ့ဘဝကို ဘယ်လိုမြင်ပေးမလဲ။

"သားရယ်၊ မေမေ့အစွမ်းအစက ဒါပဲဟာက်နိုင်တာ" လို့ ရင်ဖွင့်မိတဲ့အချိန်မှာ သားလေးဟာ 'ငါ့အမေ' ဆိုသော နားလည်စိတ်နှင့် လက်ခံသွားစေချင်သည်။

"လာ ... သားသား"

နှင်း ကိုယ်တိုင် ဒီလောက်ကျပ်ကျပ်ညပ်ညပ်ကြီး တစ်ခါမှ မစီးခဲ့ဖူးဘဲနှင့် ဘတ်စ်ကားပေါ်ကို အတင်းတိုးတက်လိုက်သည်။

"ဟဲ ဟဲ ... တက်ပါဗျာ၊ အထဲကို တစ်ခါတည်း တိုးဝင်ပါ၊ နောက်မှာ လူတွေတက်ကြဦးမှာမို့လို့ပါ၊ ကူညီကြပါ နော်၊ ကျေးဇူးတင်တယ်"

စပယ်ယာက ကူညီကြပါလို့ ပါးစပ်က အော်နေပြီး လူတွေကို ကျောကနေ တွန်းပင့်တာရော၊ လက်မောင်းကနေ ဆွဲထည့်တာရော အတင်းထိုးကြိတ်သွင်းသည်။

အထဲမှာ လူတွေ ငါးပိသိပ်သလို ကျပ်ညပ်ကာ နှင်း လည်း အထဲ ရောက်သွားသည်။

"အား ... မေမေ"

"သား...သား"

ငုံ့ကြည့်တော့ မာန့် မျက်နှာလေးက လူကြီးတွေ ပေါင်ကြိုပေါင်ကြားမှာ မော့မော့လေး ရပ်နေရှာ၏။ ဆွဲချိုလိုက်မို ပန်းလေးနှစ်ပ





ကို 'မ' ထုတ်ကြည့်တော့လည်း မရ။

"အား ကျပ်တယ် မေမေ၊ သားသားခြေထောက်ကို ဒီလူကြီး နင်းထားတယ်"

"အို .. ဒီမှာရှင်၊ ဖယ်စမ်းပါ၊ ဒီမှာ ကလေးညပ်နေပြီ"

သားကိုထိတော့ နှင်း က ဝတုတ်တုတ် ဘောင်းဘီအောင်မှောင်းမောင်းနှင့်လူကြီးကို ခပ်ဆတ်ဆတ်ပုတ်၍ ဖယ်ခိုင်းမိသည်။ လူကြီးက လှည့်ကြည့်ပြီး ဖယ်ပေးဖို့ ကြိုးစားသည်လား ဘာလားတော့ မသိ။

မာန် က ရှုံ့ရှုံ့ဝါးဝါး ထအော်၏။

"အား ... နာတယ် မေမေ၊ သားသားကို ခေါ်ပါ"

"သားသား၊ အို ... ခုက္ခပါပဲ၊ ဦးလေး ဒီမှာ"

ဒီတစ်ခါ နှင်း က လူကြီးခါးကို နောက်ကနေ လက်သီးနှင့်ထုပစ်လိုက်၏။ လူကြီးက လက်တိုင်ကွင်းကို ဖိဆုပ်ထားရာကနေ နောက်ကို လှည့်ပင်းလိမ်ကြည့်တာ ..

"ဘာလဲဟ၊ ဒီမှာ ခြေထောက်တစ်ပေါ်းအခေါင် ကြွလို့မရတာ အောင် ကျပ်နေတာ ညည်းမမြင်ဘူးလား"

လူကြီးက လှည့်အော်သည်။ မာန် က ဟီးခနဲ ငိုချလိုက်၏။

"ဒုက္ခပါပဲ၊ ကားကျပ်ရတဲ့အထဲ နားညည်းလိုက်တာ"

ခရီးသည်တွေ ရှုံ့မဲ့ကာ နှင်း တို့သားအမိကို ကြည့်လာကြ၏။

"မှတ်တိုင်ပါသေးလား"

"ပါတယ်"

ဘယ်လိုမှ ဆက်စီးလို့မဖြစ်တော့တာကို သိကာ နှင်း အသံပေးလိုက်သည်။

"လာ သားသား လာ၊ ရှေ့က နည်းနည်းဖယ်ပါရှင်"

"အို ... တိုးထွက်မပါ၊ ဖယ်စရာမှမရှိတဲ့ဟာ"

"ဟဲ့ ...ကလေးမ၊ ကလေးကို ဆွဲခေါ်လေ၊ ညည်းက ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



တိုးထွက်မှပေါ့"

ဟုတ်သည်၊ ကလေးကို ရှေ့ထားလို့မရ၊ နှင်း သားလက်ကို ဆွဲကာ အတင်းတိုးထွက်၏။

"ကဲ ဆင်းမယ့်သူ ဘယ်မှာလဲ၊ လာဗျာ၊ မှတ်တိုင်ကြိုပြောထားတဲ့ဟာ၊ ဘိုးထားတာမဟုတ်ဘူး၊ ပြဿနာပဲ"

စပယ်ယာအသံကြောင့် တိုးနေရင်းက ပိုအားစိုက်ရသည်။ စလင်းဘက်ခ်က ညပ်ကျန်ခဲ့လို့ ပြန်ဆွဲရ၊ သားလက်ကလေး ချွေးတွေစို့ကာ ချော်ထွက်နေတာက တစ်မျိုး။

"မြန်မြန်လုပ်ဗျ၊ ဒါ ကားရပ်ရမယ့်နေရာမဟုတ်ဘူး၊ ကျွတ် ... ရှေ့မှာ မီးပွိုင့်နဲ့"

စပယ်ယာကလည်း ဖွတ်အော်နေ၏။ နှင်း ကားပေါ်ကနေ ဖြုတ်ခနဲ ခုန်ချလိုက်သည်နှင့် ...

"ဆွဲ ... ရပြီ"

ကားက သိမ့်ခနဲ ပြန်ထွက်၏။

"ဟင် ... နေဦး၊ သားသား၊ သား ပါသွားပြီ"

လက်ဆွဲခေါ်လာခဲ့တာ ပါလာခဲ့ပျောက်နှင့် သားလေး ဘယ်လိုပြုတ်ကျန်ခဲ့ကာလဲ၊ ကားက မီးပွိုင့်လွတ်အောင် မောင်းဖို့အတွက် အရှိန်နှင့် ထွက်သွားခဲ့ဟာမို့ နှင်း အော်တာလည်း အရာမထင်။

"လုပ်ကြပါဦး၊ သားလေး ပါသွားပြီ"

နှင်း ကားတားဖို့ ယောက်ယက်ခတ်သွားစဉ် သူမဘေးကို လင့်ခရိုဇာတစ်စီး ရောက်လာသည်။ ကားမောင်းသူက ကမ္ဘာလွှမ်း။

ကားက ရပ်လုရုပ်ခင်အထိ တုံ့ကျသွားပြီး တင်းမာနိုပြန်းသည် မျက်နှာကို ဖျတ်ခနဲပဲ မြင်လိုက်ရသည်။ ချက်ချင်း ပြန်ထွက်သွား၏။

ကမ္ဘာလွှမ်း ...။ သူ ... သူ နှင်းတို့သားအမိ ဖြစ်နေတာကို သိလို့လား၊ သားလေးပါသွားတာကို သိလို့ လိုက်လာတာလား၊ နှင်း ကြာတြ





စဉ်းစားချိန်မရဘဲ အငှားကားတစ်စီးပေါ် ပြေးတက်ခဲ့သည်။

"ဟိုမှာ ... ဟိုရှေ့က ဘတ်စ်ကားအစိမ်းလေး၊ နံပါတ် (....) ကို မီအောင် လိုက်ပေးပါ၊ ကလေးပါသွားလို့၊ မြန်မြန်မောင်းပါရှင်"

နှင်း အသားတွေတုန်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။

သားလေး၊ သားလေး ဘာမှမဖြစ်ပါစေနဲ့၊ သားလေး ကြောက်ပြီး ငိုနေပြီလား၊ တစ်သက်လုံး မရခဲ့ဖူးသည့် နောင်တတရားသည် နှင်း ဘစ်ကိုယ်လုံးကို မီးရှောင်တိုက်သွင်းခံလိုက်ရသလိုပင်။

ကားကိုမမီရင် ဘယ်လိုလုပ်မလဲ၊ သားသားငိုတော့ မအေနဲ့ကွဲမှန်းသိပြီး ညာတာပါတေးနဲ့ လူညာတွေ ခေါ်ထုတ်သွားရင်ရော ...။

မှတ်တိုင်မှာ ရပ်တော့မည့်ကားကြီးကို နှင်း လှမ်းမြင်လိုက်၏။ ထိုနောက်မှာ ကပ်ရပ်လိုက်သည့် လင့်နိခရိုဇာကားကိုလည်း မြင်သည်။

လွှမ်း ကားပေါ်က ပြေးဆင်းကာ ပါးစပ်ရော၊ လက်ရော ရှုပ်ယှက်ခတ်သွား၏။

"ဟိုး ...ခဏ ...ခဏရပ်ဦး၊ အဲထဲမှာ ကလေးပါသွားလို့"

"ခဏလေး ဆရာရေ"

ကားတားပြီး လွှမ်း က လှုားခနဲတွယ်တက်တော့ စပယ်ယာက ရှေ့ကို လှမ်းအော်ပေးသည်။ ကားပေါ်မြေချမိသည်နှင့် ကလေးငိုသံဘ လွှမ်း ကို ထူပူသွားစေကာ ...

"သား ... မာန် ဘယ်မှာလဲ"

ကလေးငိုသံက တိတ်ကျသွား၏။ ဒါပေမယ့် တုံ့ပြန်သံမလာ။

"ဟောဒီမှာ ကလေး၊ ငိုလိုက်တာ၊ အမယ်လေး ခေါ်စမ်းပါ မြန်မြန်၊ ဖယ်ပေးလိုက်ကြပါဟဲ့၊ ဖြစ်ရလေနော်၊ ဟိုကလေးအမေကလဲ ကိုယ့်ကလေးကို ကျန်ခဲ့မှန်းတောင် သိရဲ့လားမသိဘူး"

"ရော့ ...ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျပ်ညပ်နေသည့်လူတွေက တိမ်းကြ၊ ယိမ်းကြနှင့် ဆွဲထုတ်ပေးကြသည်။ ကလေးသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ချွေးတွေ ရွဲနစ်နေသည်။ ဘယ်လောက်ငိုထားမှန်းမသိဘဲ နှပ်ချေးတန်းလန်းနှင့် အသံကလေးပင် ပျောက်နေရှာသည်။

"သားသား ..."

ကလေးက စကားပင် မပြောနိုင်ရှာတော့ပေ။ သူ့လည်ပင်းကို အသေဖက်ထားကာ တုန်ခနဲ တုန်ခနဲ ရှိုက်နေ၏။ နှင်း ကားပေါ်က ဆင်းလိုက်တော့ လွှမ်း က ကလေးကို ကားထဲသွင်းလိုက်ပြီဖြစ်၏။

"သားသား"

ကလေးရှိရာကို ပြေးဟပြီး စိုးရိမ်တကြီးခေါ်သည်။ လွှမ်း က နေရာမှာဝင်ထိုင်ပြီး တံခါးနှစ်ဖက်စလုံးကို ပိတ်ပစ်လိုက်၏။

"သားသား-ကမ္ဘာလွှမ်း ဘာလုပ်တာလဲ"

မှန်ကိုပုတ်၍ ပြောရင်း နှင်း ကျန်ခဲ့လေသည်။ လူတချို့က မျက်ရည်မသုတ်နိုင်သေးသည့် နှင်း ကို ဗူးစမ်းဟန်နှင့် လှမ်းကြည့်နေကြသည်။

နှင်း မျက်ဝန်းထဲမှာတော့ လွှမ်း ဘေးမှာပါသွားသည့် သူမကို လှမ်းကြည့်လိုက်သော သားလေး၏မျက်လုံးတွေထဲမှာပဲ ရှိနေသည်။

နှင်းနဲ့သူ ဘာမှမသက်ဆိုင်တဲ့လူတွေလို ငေးကြည့်ကာ သားလေးမျက်ဝန်းတွေမှာ တမ်းတလှုပ်ရှားဟန်မရှိ။

သားလေး၊ မေမေ တောင်းပန်ပါတယ်၊ မေမေ မှားတာပါပေမယ့် သူ ... သူသာ ကြားမဝင်ဘူးဆိုလျှင် သားလေး ထိတ်လန့်ငိုကြွေးနေရတဲ့အချိန်မှာ အားကိုးတကြီး ခိုဝင်ရမယ့်ရင်ခွင်ဟာ မေမေ့ရင်ခွင်ပါ သားရယ် ...။

နှင်း ငိုရပြန်ပြီ၊ ဒီမျက်ရည်တွေထဲမှာ မာန၊ အာဃာတတွေ ပါနေခဲ့သလား။





အခန်း (၃၄)

အဟားကား ဆိုးရပ်လာတော့ လွှမ်း ညွှန်ခန်းကို ပြန်ထွက်လာခဲ့ပြီဖြစ်သည်။ မာန် ခြေထောက်က ခြေသံနင်းလေးပေါ်မှာ ခေါက်ချွန်ဖိနပ်နှင့် ဖိကြိတ်ခံထားရသလား၊ ရှူးဖိနပ်နှင့် အနင်းခံခဲ့ရသလား မသိ၊ အသားနုနုလေးတွေ ပွန်းပဲ့ကာ သွေးထွက်နေ၏။

သူ့လည်ပင်းကို အတင်းဖက်ပြီး ဘယ်လိုမှ ခွာချမရလို့ ဆေးထည့်ဖို့ကို ဦးပြူး အတင်းချော့မော့နေရ၏။ လွှမ်း အပြင်ထွက်လာတော့ နှင်း က ပြေးတက်လာကာ ...

"သားသား"

သူ့ကို တစ်ချက်ကြည့်ပြီး အထဲကို ဆက်ဝင်သည်။ သို့သော် လွှမ်း က နှင်း လက်ဝဲဘက်ဖက်ကို ဆွဲထားလိုက်ကာ ...

"နေဦး"

"ဘာလုပ်တာလဲ၊ ဖယ်စမ်း"

ဆောင့်ခါပစ်ပေမယ့် မရ၊ လွှမ်း ဖိဆုပ်ထားသည့်လက်က နှင်း လက်ကောက်ဝတ်လေးမှာ တင်းကျပ်နေ၏။

"နှင်းမာန၊ မင်းရဲ့မာနတွေကို မင်း ဘယ်လောက်ထိ ထိမ်းပိုး



www.burmeseclassic.com

www.burmeseclassic.com



ထားမှာလဲ၊ အဲဒီမာနတွေနဲ့ မင်းဘဝကို မင်းထင်သလို ဖျက်ခဲ့ပြင်ခဲ့ပြီးပြီ၊ မတော်သေးဘူးလား၊ ဘယ်လောက်ကျန်သေးလဲ၊ ဘာတွေ လုပ်ဦးမှာလဲ"

"ငါ့ဟာငါ ဘာလုပ်လုပ်၊ ဘယ်လိုထားထား လွှတ်စမ်း၊ လွှတ်နော် ကမ္ဘာလွှမ်း၊ နင့်လို သူများသားအမိကြားမှာ အခွင့်အရေး ဝင်ယူပြီး ဘာမှနားမလည်သေးတဲ့ ကလေးတစ်ယောက်ကို စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားနေတဲ့လူထက် ငါ အများကြီးသာတယ်"

"ဘာပြောတယ်"

လွှမ်း ဆတ်ဆတ်ခါနာသွားသည်။ သားအမိကြားမှာ အခွင့်အရေးဝင်ယူသည် ဆိုသောစကားက ရင့်သီးလွန်းသည်။ အဖြူရောင်ပေါ်မှာ ဆေးမင်နီဖြန်းလိုက်သလို မျက်နှာပြင်က ရဲတွတ်သွား၏။

"မင်း ... မင်း ဒီနေ့အထိ ငါ့ကို အငြိုးကြီးနေတုန်းပဲ၊ မင်းရဲ့အမြိုးတွေ မှန်နေသလား၊ မှားနေသလား စဉ်းစားမိရဲ့လား၊ အခု ကလေးဘာတွေဖြစ်လာပြီလဲ၊ နည်းနည်းလေး လွဲချော်သွားတာနဲ့ ကလေးဘယ်ဘဝရောက်သွားနိုင်သလဲ မင်း နားလည်လား၊ အားလုံးမှားနေပြီးမင်းပဲ မှန်တယ်လို့ ထင်နေသလား"

မေးခွန်းတွေ ထပ်နေအောင်မေးသည်။ ပခုံးနှစ်ဖက်ကို ဖိညှစ်ဆောင့်ခါပစ်လိုက်သဖြင့် နှင်း မျက်နှာလန်ထွက်သွားကာ ကျောထဲမှာအောင့်သွားသည်။

"တောက် ... လွှတ်စမ်း၊ ကဲ ..."

နှင်း၏လက်က စိတ်ထက်မြန်သည်။ သူ့ကို ရိုက်လို့မရဘူးဆိုတာလည်း ရုတ်တရက် မေ့သွား၏။ ထို့ပြင် အခြေအနေ အချိန်အခါဟာကိုယ့်ဘက်မှာမရှိခဲ့ဘူးဆိုတာကိုလည်း သတိမရခဲ့ပေ။

လက်တစ်ဖက်ကို လွှဲမြှောက်၍ အားရှိပါးရှိ ရိုက်ချပစ်လိုက်မိသည်။ လွှမ်း က နှင်း လက်ကို တစ်ဖက်က ပုတ်ထုတ်ပစ်ကာ နောက်





လက်တစ်ဖက်က ရိုပ်ခနဲ။

"အား ..."

နှင်း ခွေခနဲ ပုံကျသွားသည်။ ခေါင်းထဲမှာရော၊ မျက်ဝန်းတွေထဲမှာပါ ရုတ်တရက် မီးပွင့်မီးပွားတွေ စဉ်ထွက်ကုန်သည်။ ရှည်လျားသည့် ဆံနွယ်များသည် ငိုက်ခနဲ လည်ကျသွားသော မျက်နှာပေါ်သို့ မညာမတာ လုံးထွေးအုပ်ကျလော၏။ နှင်း ဘယ်လောက်ထိ စိတ်ကြီးသလဲဆိုလျှင် သတိလစ်လောက်အောင် နာကျင်သွားသော်လည်း အံကြိတ်ဘောင့်ခံသည်။ နာကျင်လွန်းသဖြင့် ကယောင်ကတမ်း ကိုင်လိုက်မိသည့် ပါးပြင်တစ်ဖက်မှ လက်ကို ချက်ချင်းပြန်ခွာလိုက်သည်။

သနား၍ နူးညံ့စွာ မှားယွင်းသွားသော အမူအရာ မရှိခဲ့သည့် လွှမ်း မျက်နှာကလည်း သူမထက် နည်းနည်းမှ မလျှော့ခဲ့ပါ။

"အဲဒါ မင်း ငါ့ကို ပိုပြီး အငြိုးကြီးလို့ရသွားအောင် ပေးလိုက်တာ"

နှင်း မျက်နှာပြန်မော့သည်။ မျက်ရည်နှင့်ချွေးတွေ စိုလူးကာ မျက်နှာထက်မှာ ကပ်တွယ်ကျန်ရစ်သည့်ဆံပင်တွေကို ပွတ်သပ်ဖယ်ချ၏။

လူဟာ မာနကြောင့် ခေါင်းမော့လာခဲ့သော်လည်း မျက်လုံးတွေက ပြာနေဆဲ၊ တဆစ်ဆစ် တရိပ်ရိပ်ဖြစ်နေသည့် ခေါင်းထဲမှာ လှိုင်းထနေသလို ကမ္ဘာလွှမ်း ၏ပုံရိပ်က မငြိမ်မသက်ဖြစ်နေသည်။

"မာနဟာ မင်းမှာပဲ ရှိတာမဟုတ်ဘူး၊ အဲဒါ နားလည်၊ ငါ မှားတယ်ဆိုရင် ဇက်ပါဖြတ်ပစ်လိုက်၊ အဆင်သင့်ပဲ၊ မဟုတ်ဘဲနဲ့ စော်ကားရင် ကမ္ဘာလွှမ်း ဆိုတဲ့ကောင်က ခြင်နားတာတောင် ခွင့်မလွှတ်ဘူး၊ အဲဒါလဲ နားလည်၊ မင်းကို ငါ ပေးခဲ့သမျှအားလုံးက ပေးသင့်လို့ပေးတာ၊ ပေးချင်နေတဲ့ စေတနာသန့်သန့်နဲ့ ပေးခဲ့တာ၊ ဒါကို ကောက်ကွေ့ဆွဲတွေးတာက မင်း၊ အနိုင်ယူချင်တာတွေ၊ ဖိနှိပ်တာတွေ ငါ့ဘက်က ဖြစ်နေရအောင် မင်းနဲ့ငါ ဟိုတုန်းကတည်းက ပြိုင်ခဲ့၊ ဆိုင်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တာ ဘာရှိခဲ့လို့လဲ"

"ကမ္ဘာလွှမ်း၊ နှင် ... နှင့်မေးခွန်းတွေကို ရုပ်သိမ်းပြီး နှင် ပြန်လိုက်တော့ သွား"

နှင်း မခိုင့်တခိုင်ထရပ်ကာ လက်ညှိုးထိုးပြောဓ၏။

"ငါ ဒီထိလိုက်လာတာ နှင် စော်ကားဖို့မဟုတ်ဘူး၊ အလင်းဖြူနဲ့ ပက်သက်ပြီး ငါလုပ်ပေးသင့်တယ်ထင်လို့ လုပ်ပေးခဲ့သမျှ ဒီနေ့ထိ နှင့်မှာ အငြိုးမပြေတာ၊ တလွဲထင်နေတာ"

"ထင်နေတာ မဟုတ်ဘူး၊ သိနေတာ၊ အလင်းဖြူနဲ့ကိစ္စတွေကို နှင် ဘာမှပြန်မပြောနဲ့၊ အခု ငါ့သားကိစ္စကို ငါ ပြောမယ်၊ နှင် ငါ့သားကို ဘယ်တော့မှ မဆက်သွယ်ပါနဲ့၊ ငါ့ကိုလဲ အလင်းဖြူရဲ့ဖနီးဆိုတဲ့အမြင်နဲ့ မကြည့်နဲ့၊ နှင် ဘယ်လိုပဲ သူတော်ကောင်းသရုပ်ဖော်နေနေ မကောင်းဘူးဆိုတာ သိနေတဲ့မိန်းမလို့ မြင်လိုက်"

"တောက်"

"ယောကျ်ားဆိုတဲ့ အင်အားနဲ့ နှင် ငါ့ကို ရိုက်လိုက်နိုင်တယ်၊ အဲဒါကို နှင် ဘဝင်တွေမြင့်သွားလား ကမ္ဘာလွှမ်း၊ မြင်တော့တ်ရင် နှင့်မျက်နှာ မစင်ပုံကြီးတစ်ပုံလိုပဲ၊ သွား ... ငါ့ရှေ့က ခုထွက်သွား"

ပါးပြင်တစ်ပြင်လုံး မို့ရောင်ညိုရဲနေသည့် နှင်း မျက်နှာမှာ မျက်ရည်တွေနှင့် စိုရွှဲနေရှာသည်၊ ဒေါသ၊ မာနတွေ ယုံးထွေးစုခဲလျက် အသားတုန်အောင် အော်သည်။ လွှမ်း က မျက်နှာပေါ် ဝဲကျလာသည့် ဆံပင်ကို ခေါင်းတစ်ချက် ခါထုတ်ပစ်ကာ ..

"ကောင်းပြီ၊ ဒါပေမယ့် တစ်ခုတော့ ပြောခဲ့မယ်၊ ငါနဲ့ပတ်သက်ပြီး ကလေးကို မင်း အစွမ်းကုန် ပြောပြထားခဲ့ပြီးပြီ၊ ဒီတစ်ခါ ငါ့ဘလှည့်ပဲ"

"ဘာ ...ဘာပြောတယ်"

နှင်း မျက်ဝန်းလေးတွေ လက်လက်တောက်သွား၏။ လွှမ်း က စူးစိုက်ကြည့်ပြီး ပြုံးလိုက်ကာ ...





"တစ်ယောက်တစ်လှည့်ပေါ့၊ မျှမျှတတ"

"နှင် မိန်းမလိုမိန်းမရ လျှောက်မပြောနဲ့"

"လျှောက်မပြောပါဘူး၊ ဟုတ်ခဲ့တာတွေကိုပဲ ပြောမှာ၊ မင်းရဲ့စကားနဲ့ ငါ့စကား ဘယ်သူ ပိုအောင်မြင်နိုင်မလဲဆိုတာ မင်း စောင့်မြိနေမှာပါ"

နှင်း အံကလေးကြိတ်၍ စိုက်ကြည့်နေ၏။ ကိုယ် ရှုံးပြီဆိုတာကို သိသည်။ မှားခဲ့သမျှလည်း အမှန်ပါပဲ။ ဒါပေမယ့် နှင်း ဘယ်တော့မှ ဝန်ခံမှာမဟုတ်သလို ကမ္ဘာလွှမ်း ဟာ ဒီနေ့ သူ့မရှေ့မှာ သစ္စာဂွေဆိုး ကျမ်းကျိန်ပြီး မီးပုံကဲ ခုန်ဆင်းပြလို့ မီးမလောင်ခဲ့ဘူးဆိုရင်တောင် မီးက မပူလို့ပဲလို့ နှင်း က သတ်မှတ်မှာပဲဖြစ်သည်။

ဤသည်မှာ အမုန်းကြောင့်မဟုတ်ပါ၊ အရှုံးမပေးနိုင်ခြင်းပဲ ဖြစ်သည်။ ကိုယ့်ဘက်က အမြဲတမ်း မှန်နေသည့်အတ္တသာ အဓိက။

လွှမ်း က ပင့်သက်ရှိုက်ကာ မျက်ဝန်းတွေကို ပေါ်ဘီကိုအောက်ဆီ လွှဲပို့ရင်း နှင်းရဲ့ဘေးဘိုက်တည့်တည့်ကို ရောက်အောင် လျှောက်လာ၏။ နှစ်ယောက်သား ဆန့်ကျင်ဘက်အရပ်များသို့ မျက်နှာမူနေသလို ရပ်လိုက်မိကာမှ ...

"မင်း ဘယ်လိုပုံစံနဲ့မှ ထွက်သွားဖို့ မကြိုးစားနဲ့ နှင်းမာန၊ မင်း ပြောသလိုပေါ့၊ မနိုင်ရင် ဖက်ကိုက်မှာပဲဆိုတဲ့နည်းတွေ ငါ အသုံးမချဘူး၊ ဒါပေမယ့် မဖြစ်သာရင် သုံးဖို့ရှိတာကိုတော့ မင်း နားလည်ပါ၊ ကလေးကို မင်းရင်ခွင်ထဲကနေ ငါ မရမက ဆွဲထုတ်သွားနိုင်တယ်၊ ငါ့လက်ထဲမှာ ပျော်အောင်ထားနိုင်တယ်"

စကားဖြတ်ကာ လွှမ်း က နှင်း မျက်နှာဘက်ကို ပြန်ငုံကြည့်သည်။

"မေတ္တာက ရောင်ပြန်ဟပ်တယ် ဟဲ့၊ ဒါကို မင်းနားလည်ရင် မင်းရဲ့မာနတွေ လမ်းလွဲနေသလား၊ မင်းထင်သလို မှန်နေတာပဲလား ဆိုတာ ပေါ်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



လွှမ်း ချာခနဲ လှည့်ထွက်သွားသည်။ နောက်လှည့်မကြည့်တဲ့ တောင့်တင်းစွာရပ်ရင်း နှင်း ကားသံကို နားစွင့်သည်။ ကားသံဝေးလွင့်ပျောက်ကွယ်သွားသည့်အခါ နှုတ်ခမ်းလွှာတို့ကို ဖိပိတ်အံကြိတ်၏။ မျက်ဝန်းတို့ကို မှိတ်ချလိုက်တော့ မျက်ရည်ပူတွေ လိမ့်ဆင်းကျသွားသည်။

ထို့နောက် နှင်း ကိုယ်ငလေးသည် တဖြည်းဖြည်း ညွတ်အိကျသွားကာ .....။





အခန်း (၃၅)

ကိုယ်တွေ ပူခြစ်တောက်လျက် မျက်ခုံးတန်းလေးနှစ်ဖက် တွန့်ခနဲ၊ ဆတ်ခနဲ ကုတ်ကျသွားတတ်သည်။ ပြီးတော့ လူးလွန့်လာတတ်၏။ ပြီးတော့ ငြိမ်သွားပြန်သည်။

"သူ တစ်ခါမှ သတိမရသေးဘူးလား ဦးလေး"

"မျက်လုံးမဖွင့်ဘဲ စကားတွေတော့ သထပြောတာပဲကွယ်၊ နေ့လည်က လူလေး ကားထွက်သွားတာနဲ့ သူလဲ လဲကျသွားတာပဲ"

လွှမ်း နားထင်ကို လက်မနှင့်ထောက်၍ စားပွဲပေါ် လက်တစ်ဖက်တစ်ဖက်တင် ထိုင်နေရာကနေ တုတ်ကုဘ်မျှမလှုပ်ပေ။ တစ်ဖက်က မွေ့ရာနုနုထက်မှာ နှင်း သည် အလွန်သနားဖွယ်ကောင်းသော နုးညံ့ဖြူစင်လွန်းသည့် မျက်နှာလေးဖြင့် ပျော့ပျော့နွဲ့နွဲ့လေး မှေးစင်းလျက်ရှိ၏။

ရှည်လျားသည့် ဆံနွယ်များက ခေါင်းအုံထက်မှာရော၊ ကျောနောက်အိပ်ခင်းပေါ်မှာပါ ခွေခေါက်ပြန့်ကျဲလျက်ရှိရာ ပန်းနုရောင်အိပ်ခင်းနှင့် အဖျားရှိန်ကြောင့် ရဲတွတ်နေသည့် မျက်နှာလေးက နှင်းဆီပွင့်ဖတ်ကလေးတွေပေါ်မှာ ပတ္တမြားခဲလေး ပစ်ရုံထားတာနှင့် တူ၏။



www.burmeseclassic.com

www.burmeseclassic.com



စောင်ပါးလေးတစ်ထည် ရင်ဘတ်နားအထိ လွှမ်းခြုံထားသော်လည်း မို့မောက်ရှိက်ဝန်းနေသည့် အလုတရားတို့က ပျောက်ကွယ်မသွားခဲ့ပေ။

နှင်း ကို နောက်ထပ်လှမ်းကြည့်လိုက်မိပေမယ့် နဖူးပြင်ပေါ် လက်တင်၍ နောက်တစ်ကြိမ် စမ်းမကြည့်ရက်တော့ပေ။ စိတ်ထဲမှာ ဘယ်လိုကြီးဖြစ်သွားခဲ့မှန်း မသိ။ သူ ရှိုက်ချပစ်လိုက်တုန်းကလည်း ခွေခေါက်ပုံကျသွားတာကို မြင်လျက်နှင့် ဒေါသအပြင် ဘယ်လိုသနားကရုဏာမှ မဖြစ်ခဲ့။

ပြန်လာခဲ့တော့လည်း နှောင်တမပါခဲ့တာ အမှန်ပဲဖြစ်သည်။ ဒီမနက် အလုပ်ထွက်ခဲ့လို့ ကားပေါ်ရောက်နေကာမှ ဦးပြုံး ဖုန်းဆက်လို့ ဒီဘက်ကို ဦးလှည့်လာခဲ့မိသည်။ နဖူးလေးကို စမ်းကြည့်လိုက်တော့ ကိုယ်တွေ ပူခြစ်တောက်နေတာ ကြောက်စရာကောင်းနေသည်။ ပြီးတော့ သူနှင့် မရှေးမနှောင်းလေးမှာပဲ ဆရာဝန် ထ[illegible]ရောက်လာသည်။

ည ဆယ့်နှစ်နာရီတုန်းကလည်း တစ်ခါ ပင့်ခဲ့ရသေးသည်ဟု ဦးပြုံး ပြောပြ၏။ ဆရာဝန် ဆေးထိုးခဲ့တာလည်း နှင်း မသိ၊ အခု ကိုယ်ပူနည်းနည်းပြန်ကျသွားတဲ့အထိ လူးလွန့်လာတတ်သည်မှလွဲ၍ မျက်လုံးမဖွင့်နိုင်သေး။

ဆရာဝန် ဆေးထိုးနေတုန်း မျက်နှာလေး စောင်းငဲ့လူးလွန့်သွားသည့် နှင်း ၏ပါးပြင်လေးတစ်ဖက်မှာ သွေးခြည်ဥနေဆဲဒဏ်ရာ အစက်အပြောက်လေးတချို့ကို မြင်လိုက်ရသည့်အချိန်တွင် ...

"ကျွတ် ...."

တစ်ယောက်တည်းကြိတ်ဖြစ်ကာ လွှမ်း စုပ်သပ်ရင်း မဲ့သွား၏။ ငါ ဒီလောက်ထိ လူမဆန်စွာ တုံ့ပြန်ခဲ့သလား။ ကိုယ့်ကိုကိုယ် ဘယ်လို ဖြေလို့မရ။





ဖိလိုက်သည့် ပါးပြင်လေးတစ်ဖက်မှာ ဒဏ်ရာပျောက်ကွယ်သွားပြီဖြစ်ပေမယ့် ထိုပါးကလေးကိုပဲ မြင်နေသည်။ ရင်ထဲမှာ မချိမဆန့်ကြီး ရှန်းကန်ထကြွနေတာ အမည်မဖော်နိုင်ပေမယ့် ဘယ်ရောက်ရောက် ထပြေးချင်သည့်စိတ်တွေဖြစ်နေတာတော့ အမှန်ပင်။

ဒါမှမဟုတ် နှင်း ကို အတင်းဆွဲထူ နှိုးပြီး တောင်းပန်ရမည်လား၊ ဒါမှမဟုတ်လျှင် ....၊ နောက်ဆုံးဝင်လာသည့်အတွေးကို သူ ဖွတ် ဖျောက်ပစ်လိုက်ရ၏။ သူ မျက်နှာပျက်နေလေ၊ ဦးပြုံးလည်း ထိုင်ရာမရလေ ဖြစ်လျက် ...

"ဦးလေး မှားတယ်၊ တကယ်တော့ မင်းနဲ့သူ့ကို သင့်မြတ်စေချင်တဲ့ စေတနာပိုသွားမိတာပါ"

ဦးပြုံး အသံထွက်လာတော့ လွှမ်း မျက်နှာ ဒီဘက်ပြန်လှည့်လာသည်။ ဦးပြုံးက သူ့ကို ခယတောင်းပန်သည့်မျက်ဝန်းများနှင့် ကြည့်ပြီးမှ မျက်လွှာချကာ ...

"မင်း ... မင်း သူ့ကို ရိုက်လိုက်တော့ ဦးဦးနဲ့မေမေ ရန်ဖြစ်နေကြပြီလို့ လက်ညှိုးလေးထိုး ပြောတယ်၊ ပြီးတော့ အတင်းသွားမယ်လုပ်တော့ မျက်ရည်တောင်မစဲသေးတဲ့ ကလေးကို နောက်ထပ် မဖွယ်မရာမြင်ကွင်းတွေ ထပ်မြင်ပြီး စိတ်ဆင်းရဲမှာစိုးတာနဲ့"

ဦးပြုံးက ငြိမ်သက်မှေးစင်းနေသည့် နှင်း မျက်နှာဆီ ဝေ့ခနဲကြည့်လိုက်ပြီး ...

"မသွားနဲ့၊ မြေးရဲ့မေမေ ဒေါသထွက်နေတယ်၊ ဦးဦးကို ရိုက်ပစ်လိုက်တာ မကြားဘူးလားလို့ ဦးလေး ပြောလိုက်မိတယ်"

"ဟင် ..."

လွှမ်း မျက်ခုံးနှစ်ဖက် ပင့်သွား၏။ ဦးပြုံး ဆတ်ခနဲ ခါးမတ်ကာ မျာပျာသလဲနှင့် ...

"ဦးလေးကို ခွင့်လွှတ်ပါကွာ၊ တကယ့်စေတနာသက်သက်ပါ မင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ သမီးလေးရယ်၊ မြေးလေးရယ် သုံးယောက်ကြားမှာ ဝင်နှောက်ချင်တာမျိုး လုံးဝမဟုတ်ပါဘူး၊ ယုံပါကွယ်၊ ကလေးက မင်းတို့နှစ်ယောက်ကြားမှာ ပေါင်းကူးတံတားပဲ၊ ဒီကလေး သူ့အမေကို ခင်တွယ်တာထက် မင်းကို ခင်တွယ်နေတာက အဆင်ပြေဖို့ နိုးစပ်မယ်လို့ တွက်ပြီး လွှဲပြောလိုက်မိတာပါ”

လွှမ်း ငိုင်သွားခဲ့သော်လည်း နှင်း ဘယ်လောက်ထိ နာကျင်သွားပြန်ပြီကို နားလည်လိုက်၏။

“မြေးလေးက သူ့အမေနားကို လုံးဝမသွားတော့ဘူး၊ ညဦးပိုင်းမှာ သူသား သူ့ခေါ်တာကို မလာလို့ တအားငိုတယ်၊ အဲဒီကနေ ခေါင်းကိုက်လိုက်တာလို့ ဖြစ်ပြီး ခဏအိပ်ဘယ်၊ နောက် ပြန်နိုးလာပေမယ့် မျက်လုံးမဖွင့်တော့ဘူး၊ ကယောင်ကတမ်းတွေ ပြောပြီး လူးလှိမ့်နေတာပဲ၊ တစ်ညလုံး ခုချိန်ထိပါပဲကွယ်”

လွှမ်း နေရာမှ ထရပ်လိုက်သည်။ နှင်း ရှိရာသို့ ခြေလှမ်းလိုက်ပြီးမှ ရပ်နေမိ၏။ ထို့နောက် နေရာမှ ပြန်ထိုင်ချကာ ...

“ဟုတ်တယ်၊ ဦးလေး မှားတယ်၊ ဒီခြံနဲ့တိုက်ကို ရောင်းခွင့်ပေါင်ခွင့်မရှိတော့ဘူးလို့ ဖွင့်ပြောလိုက်ကတည်းကိုက စမှားခဲ့တာ”

ဦးပြုံး ခေါင်းငုံ့သွားသည်။ သူ ဒီမှာ ဆက်၍အမှုထမ်းနိုင်ခဲ့တာရော၊ နှင်းနဲ့ကလေး အခြေအနေမမဲ့ခဲ့တာရော အားလုံးဟာ လွှမ်းတို့ကြောင့်ပဲ ဖြစ်သည်။

သူတို့က သေချာပိတ်ထားခဲ့ပါလျက်နှင့် သူ ပြောခဲ့မိ၏။ လွှမ်းမျက်နှာ သုန်မှုန်လျက်နှင့် ...

“ဒါတွေအားလုံး သူ့နာမည်နဲ့ပဲ ကျွန်တော် ထားပေးခဲ့တာ၊ ဦးလေးကိုလဲ ပြောခဲ့သားပဲ”

“ဟုတ်ပါတယ်”

“သူ ဘာလုပ်လုပ် လုပ်ပိုင်ခွင့်ရှိတယ်၊ သူ့လက်ထဲကို ဒီစာချုပ်





စာတမ်းတွေ ထည့်မပေးသေးတာက ဒီလိုလုပ်ခွင့်မရှိတာကို သိဖို့ဟုတ်ဘူး၊ သူ လက်မခံဘူးဆိုတာသိလို့ မပေးခဲ့တာ၊ အခု အားလုံးတလွဲတွေဖြစ်ကုန်ပြီ”

“အဲဒါလဲ-သူ့ ထွက်မသွားနိုင်အောင်ဆိုပြီး ဦးလေး ပြောပြလိုက်တာပါ။ ငယ်ငယ်ကတည်းက ကိုယ်ပဲ ထိန်းကျောင်းပြုစုလာခဲ့ပေမယ့် နှင်းမာနဆိုတဲ့ မိန်းကလေး ဒီလောက်ထိ စိတ်ဓာတ်ပြင်းထန်နေမှန်း သိခဲ့တာလဲ ဦးလေး ညံ့တာပါပဲ၊ တကယ်တော့ သမီးလေးက သိပ်ကို သနားစရာကောင်းတဲ့ မိန်းကလေးပါကွယ်”

ဦးပြုံး လေသံက ဟန်ဆောင်ကြေကွဲနေတာမဟုတ်မှန်း သိသာသည်။

“လူတွေဟာ အတ္တများလေ ပင်ပန်းလေပဲ၊ ဒေါသကြီးတယ်၊ အတ္တရှိတယ်ဆိုတဲ့လူတွေဟာ တကယ်တော့ သိပ်ကို ခံစားလွယ်တဲ့သူတွေပေါ့၊ ဒေါသကြီးခြင်းဟာ ထိခိုက်မခံနိုင်ခြင်းကို ဖော်ပြတာ၊ သမီးလေးကို မင်း နားလည်ပေးပါ၊ ဦးလေးမှားခဲ့တဲ့အတွက် ဦးလေးကိုလဲ ကြိုက်သလို အပြစ်တင်ပါ၊ အမိန့်ပေးပါ၊ သမီးလေးကိုတော့ အပြစ်မမြင်ဘဲ စိတ်ရှည်သည်းခံဖို့ ဦးလေး တောင်းပန်ပါတယ်ကွယ်”

လွှမ်း ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်မိသည်။ ဦးပြုံး ပြောမှားမိမှားဖြစ်သွားခဲ့တာ စေတနာနဲ့မှန်း သူ သိသည်။ နှင်း ကို ဘယ်တော့မှ မှန်းပါနဲ့၊ အမြဲခွင့်လွှတ်ပေးပါဆိုဟာလည်း အလင်းဖြူက ဘဝနှင့်ရင်း၍ တောင်းဆိုသွားခဲ့သည်။

သူကိုယ်တိုင် နှင်း ကို ရိုက်ပစ်ခဲ့မိဟာလည်း ခွင့်မလွှတ်နိုင်လို့တော့ မဟုတ်ခဲ့ပေ။ ဒါပေမယ့် ကလေး ဒုက္ခရောက်သွားတာကိုရော၊ သူ့ကို တောက်လျှောက်ကြီး စွပ်စွဲအပြစ်ထားခဲ့ပြီး ခုလည်း သူမ မှားခဲ့တဲ့အပြစ်ကို ထပ်ပြီး ကိုယ့်ကိုပဲ ဇော်ကားဖို့ ကြိုးစားလိုက်သေးသည်။

အဆိုးဆုံးက သူ့ကားကိုမစီး၊ သူ့အိမ်ကလည်းခွာမည် စသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို ကြားလိုက်ရခြင်းကြောင့်ဖြစ်သည်။

စိတ်က မီးညွန့်မီးဖွားတွေလို အလျှံညီးညီးတောက်လောင်နေတုန်းမှာ ကလေးအဖြစ်က မီးလောင်ရာလေပင့်လိုက်သလို ဖြစ်သွားခဲ့၏။ တကယ့်ပြဿနာအရင်းအမြစ်က နှင်း ကို ဒီအိမ်ခြံရာမှ နောက်ထပ် ထွက်ခွာပျောက်ကွယ်သွားခွင့် မပေးနိုင်တော့ခြင်းပဲ ဖြစ်၏။

အတွေးစအားလုံးဟာ အစကနေ အဆုံး၊ ဆုံးတော့မလို ဖြစ်လာပြီးမှ အစပြန်ရောက်၏။ ဘယ်လိုပဲတွေးနေနေ၊ အကြောင်းအရာကလည်း တစ်ခုတည်းပဲ ဖြစ်နေ၏။ နှင်း ရဲ့အမုန်းအမြှုးတွေ ဖြေစရာသူမှာ ဖြေဆေးမရှိ။

"အား ... ကျွတ် ...ကျွတ်"

"ဟော ... သမီးလေး သတိရလာပြီ"

ဦးပြုံး ပျာပျာသလဲ အနားထသွားသည်။ နှင်း မျက်နှာလေး ရှုံ့မဲ့လျက် ကိုယ်လုံးလေးပါ ပက်လက်ကလေးဖြစ်သွား၏။ လွှမ်း ထပ်ရပ်လိုက်ပြီးမှ ရှေ့မတိုးဖြစ်။

"အင်း ..."

"သမီး၊ သမီး ...နှင်း"

"ဟင် ..."

နှင်း မျက်တောင်ဖျားလေးတွေ လှုပ်ခတ်လာသည်။ တဖြည်းဖြည်းပင့်တက်လာ၏။

"သားသား၊ သားသားရော"

"သမီး၊ မြေးလေ .."

"သားသားကို ခေါ်ပေးပါ ဦးလေးပြုံးရယ်၊ နှင်း ..."

"သမီးရယ်၊ ဒါ ကျောင်းချိန်လေ၊ မြေးကို ဦးလေး ကျောင်းပို့လိုက်တယ်၊ မသွားခင် သမီးဆီ သူဝင်လာသေးတယ် သမီးရဲ့၊ အိပ်နေပြီလို့ ဦးလေး ပြောလိုက်လို့ ပြန်လှည့်သွားတာ"





နှင်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာ၏။ ပက်လက်ကလေးမို့ မျက်ရည်တို့က နားသယ်ဆံစပ်များကြားသို့ လျှောခနဲ၊ လိမ့်ခနဲ စီးကျကုန်သည်။ ဘယ်ကိုမှ ငဲ့မကြည့်တော့ဘဲ မျက်နှာကြက်ကိုပဲ ငေးစိုက်လျက် ...။

"သားသားကို ဘာနဲ့ ပို့လိုက်တာလဲဟင်"

ဦးပြုံးက လွှမ်း ကို ဖျတ်ခနဲ လှမ်းကြည့်၏။ လွှမ်း ဘာမှမပြောဘဲ ရင်ငုံနှုတ်ပိတ်နေမှ ပြန်လှည့်ကာ ...

"ကားနဲ့ပဲပေါ့ သမီးရယ်"

"အိမ်ကကားနဲ့ပေါ့ ဟုတ်လား"

တုန်ယင်သည့်အသံလေးက အင့်ခနဲ ရှိုက်လိုက်သည်နှင့် တိမ်ဝင်သွားသည်။

"နှင်းက ကားပျက်နေတယ်၊ အကြာကြီး ဝပ်ခ်ရှော့ပို့ထားရမှာလို့ ပြောထားခဲ့တာ၊ သားသား နှင်းကို ညာတယ်လို့ ထင်သွားပြန်ပြီပေါ့"

"မဟုတ်ဘူး သမီး၊ အိမ်ကကားနဲ့ မဟုတ်ဘူး"

စကားက ဒီအရောက်မှာ ရှေ့မဆက်ဖြစ်လိုက်ဘဲ ...

"ကိုကြီးကမ္ဘာလွှမ်း တဲ့၊ ဖုန်းလာနေတယ်ရှင့်၊ ဦးကမ္ဘာမြေတဲ့၊ လက်ကိုင်ဖုန်း ပိတ်ထားလို့တဲ့"

ဟင် .. လွှမ်း ဆတ်ခနဲ ဖြစ်သွား၏။ အခန်းဝကနေ ပြောလိုက်သည့် တင်နွဲ့ အသံလေးကြောင့် လွတ်လွတ်လပ်လပ် ရှိုက်ငိုနေသည့် နှင်း မျက်ဝန်းလေးတွေ ပြူးကြောင်ငြိမ်သက်သွား၏။ ပြီးတော့ လွှမ်း ရှိနေသည့်ဘက်ကို ဖျတ်ခနဲ လှည့်လာကာ ...

"နှင် ..."

နှင်း မျက်ဝန်းတွေမှာ ရောင်စုံမီးတွေ ပြောင်းလဲသွားသလို ပြိုးပြက်လက်ကုန်၏။

"သမီး၊ လွှမ်း ကို ဦးလေး ခေါ်လိုက်တာပါ။ ညက သမီးလဲ



www.burmeseclassic.com

ဘာအားဖျားတယ်၊ ကလေးကလဲ ခြေထောက်က အနာရှိန်နည်းနည်
တက်ပြီး ကိုယ်ပူတာနဲ့ ဦးလေး စိတ်ပူပြီး မိုးလင်းတာနဲ့ လွှမ်း ဇ
ဖုန်းဆက်အကြောင်းကြားလိုက်တာ”

ဦးဖြူး လျှာခလုတ်တိုက်မတတ် ဝင်ပြောရင်း လက်ကာတ
ရော၊ မြောက်တာရော ခဏအတွင်းမှာ ဗျာများသွားလေသည်။

“မြေးကို လွှမ်း လိုက်ပို့တာပါ။ အခု သမီး ကိုယ်ပူမကျသေး
သူ ...”

“မကြားချင်ဘူး။ ဟင့်အင်း ပြန်၊ နှင် ... နှင် ခုပြန် နော် ...သွာ

နှင်း အိပ်ရာထဲကနေ လက်ထောက်ပြီး ထထိုင်ဖို့ ကြိုးစား
ခွေကျနေသည့်ဆံနွယ်တွေက ခေါင်းကြွလိုက်သည့်အတိုင်း ပါလာ
သည်။ ပါးပြင်လေးတစ်ဖက်မှာ၊ ရင်ဘတ်တစ်ခြမ်းပေါ်မှာ၊ ပြီးတော
ခေါင်းအုံးပေါ်မှာ၊ တချို့ ခွေဝိုက်ကျန်ဆဲနှင့် နှင်း မျက်နှာလေးမှ
ဆံပင်တွေ ဖရိုဖရဲ။

လွှမ်း က နှင်း ၏ခုတင်ဘေးကို နှစ်လှမ်းခန့် တိုးသွားပြီး ...

“ကိုယ် ပြောခဲ့မိတာတွေကို မေ့လိုက်ပါ။ ကိုယ်ထိလက်ရော
ကျူးလွန်ခဲ့မိတဲ့အတွက်လဲ ကိုယ် တောင်းပန်တယ်၊ ကျေနပ်ပါ
ပြောတာမဟုတ်ဘူး။ ကိုယ့်ဘက်က တောင်းပန်တာ၊ သားနဲ့မင်းကို -

“မရဘူး။ ငါ့သားကို နှင် ဘာမှလုပ်လို့မရဘူး၊ ငါ့ကိုရော၊ ဒီမိန်
ခွေကျသွားပြီဆိုပြီး နှင့်ကို ကြောက်ရွံ့ထိတ်လန့်သွားမှာပဲလို့ ထင်လာ

လွှမ်း စိတ်ပျက်သလို နဖူးကဆံပင်တွေ တစ်ချက်ဖွ
တစောင်းလှည့်ရပ်လိုက်သည်။

“ဒီမှာ ကမ္ဘာလွှမ်း၊ ငါ သေသွားရင်တောင် ငါ့ရဲ့ခန္ဓာကိုယ်
ပြာဖြစ်သွားမှာ၊ ငါ့ရဲ့မာနကတော့ ကျန်ခဲ့လိမ့်မယ်၊ နှင့်ကို ငါ ဘယ်
မှ မေ့မှာမဟုတ်ဘူးဆိုတာ အခု မှတ်သွား၊ မုန်းတီးနာကြည်းစွာ သေ
နေမှာ၊ သတိရတိုင်း မုန်းတီးနေမှာ၊ ငါ့ဘဝမှာ အချစ်ဆုံးလူဆို





မရှိခဲ့ပေမယ့် အမုန်းဆုံးလူကတော့ နှင်ပဲ”

ပြောနေရင်း နှင်း မျက်ရည်စက်တွေက မိုးရွာသလို သွန်ကျလာ
သည်။ နှဖတ်စိုရဲနေသည့် နှင်းဆီငုံနှုတ်ခမ်းလွှာလေးက တဆတ်ဆတ်
ခုန်လှုပ်လျက် ...

“ငါ့ရဲ့နောက်ဆုံးထွက်သက်မှာ လက်အုပ်ချီပြီး ဘုရားကို အာရုံ
မပြုဘူး၊ ကောင်းရာသုဂတိရောက်သွားရင် နှင်နဲ့လွဲမှာစိုးလို့၊ နှင့်ကို
နောက်ဘဝထိ ဆက်မုန်းနေပါရစေ၊ ငါ့အမုန်းတွေကြောင့် နှင် ဆင်းရဲ
ကြီးစွာ ခံစားပြီး ဘဝဆုံးရပါစေ”

လွှမ်း ဖျတ်ခနဲ လှည့်သည်။ မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်း
လေးတွေနှင့် နှင်းဆီငုံနှုတ်ခမ်းသားလေးတွေ လွန့်ခါနေတာကို စူး
စိုက်ကြည့်၏။

“မင်းရော၊ စိတ်ချမ်းသာမှာမို့လို့လား”

တစ်လုံးချင်း မျက်ခုံးနှစ်ဖက်ပင့် မေးလိုက်၏။ နှင်း က အင့်ခနဲ
ရှိုက်ပြီး ခေါင်းညိတ်သည်။ ပြီးတော့ မျက်ဝန်းတို့ကို ပိတ်ချလိုက်စဉ်
မျက်ရည်စက်တွေ လိမ့်ဆင်းကုန်ကြပြန်သည်။

“သွား ... နှင်သွားတော့”

နှင်း ခေါင်းအုံးထက်သို့ ခွေလှဲချလိုက်ရင်း မျက်နှာလေး မှောက်
ချပစ်သည်။ ဆံနွယ်ရှည်တို့သည် ပခုံးထက်မှာ ကျော်လွန်ကာ
ခေါင်းအုံးထက်မှာ ပြုဆင်းကျလျက် မျက်နှာကို အုပ်ကွယ်ပြီးသား
ဖြစ်သွားသည်။

လွှမ်း နေရာမှမရွေ့ဘဲ ရပ်နေဆဲပဲဖြစ်၏။ မြင်နေရသည့် မျက်
ရည်စက်ပေါင်းများစွာကို ဘယ်လိုသတ်မှတ် နာကျင်၍ ကျောခိုင်းထား
ခဲ့ရမည် မသိ။ သူမ ပြောသမျှဆိုသမျှအပေါ်မှာ ခံပြင်းခဲ့၊ မျိုသိပ်ခဲ့ရ
သမျှ ဒီနေ့ ဒီအချိန်မှာပဲ ရင်ထဲမှာဘာမှမရှိတော့သလို ဖြစ်သွားခဲ့သည်။

သူမ ဘာတွေနဲ့ ပစ်ပေါက်နေမုန်းမသိသော်လည်း သူ့ရင်ဘတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ထိမှန်နေသမျှဟာ မွှေးပျံ့နူးညံ့သည့် ပန်းပွင့်ကလေးတွေ ဖြစ်နေ၏။

နှင်းမာန ဆိုသောမိန်းမနှင့် ကမ္ဘာလွှမ်း မည်သော ယောကျ်ား၏ ယှဉ်ပြိုင်သည်မဟုတ်ဘဲ မျှဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ အတူပြေးနေခဲ့ကြသော အဖြစ်ဟာ ဆုံမှတ်မမြင်ရဘဲ နီးနီးကလေးဖြစ်လာသည်။

မဝေးတော့ဘူးဆိုပြီး ပန်းဝင်ကြဖို့ လှမ်းကြည့်လိုက်တော့လည်း ပန်းတိုင်ကို မမြင်၊ နားလည်ပါလျက်နှင့် အဖြေရှာမရခဲ့သော ပုစ္ဆာလိုလား၊ ဒါမှမဟုတ် နားလည်မှုတွေ လွဲနေခဲ့သည်မို့ အဖြေရှာမရနိုင်တာလား။

ဘဝဇာတ်ခုံမှာ ကဖို့ သင်ပေးမယ့်ဆရာ မရှိခဲ့သောအဖြစ်ကြောင့် ...။





အခန်း (၃၆)

"ဒီလိုမလုပ်ပါနဲ့ သမီးရယ်၊ ဒါတွေကို သမီးလိုက်ခံလိုက်ပါ၊ အားလုံး သမီးနာမည်နဲ့တွေပဲ၊ သမီး မယူဘဲထားတော့ရော၊ ဒီမှာ ဘာလုပ်လို့ရမှာလဲ"

တိုက်တာခြံမြေ အစပြု၍ လုပ်ငန်းရှယ်ယာတွေရော၊ စီးနေတဲ့ကား အားလုံးနှင့် ပတ်သက်သည့် စာရွက်စာတမ်းတွေ နှင်း ရှေ့မှာ အထပ်လိုက်။

အိပ်ပျော်နေသည့် သားလေးကို ငေးကြည့်ကာ နှင်း မျက်ဝန်းတွေက စက်ရုပ်မျက်ဝန်းများလို အနည်းငယ်မျှပင် ရွေ့လျားခြင်းမရှိဘဲ ငြိမ်သက်နေခဲ့၏။

သူမ၏စိတ်သည် အမြင်အာရုံဆီမှာ ရှိနေတာမဟုတ်ဘဲ လေညင်းတစ်စလို လွင့်မျောနေခဲ့ပြီမှန်း သိသာပါသည်။ ဦးပြုံးက နှင်းကို အကဲခတ်သည်။

ပြောတာမကြိုက်မှန်းသိပေမယ့်လည်း ခုချိန်မှာ နှင်း ဘေးမှာ သူပဲ ရှိသည်။ နှစ်သက်သည့် စကားကိုဖြစ်စေ၊ မနှစ်သက်သော စကားကိုဖြစ်စေ ပြောတော့ပြောရမှာပဲ ဖြစ်၏။

"သမီး ထွက်မတွေ့ပေမယ့် သူ ပြောသွားပါတယ်၊ ခရေးချင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်း၊ လွှင့်ပစ်ချင် လွှင့်ပစ်ခဲ့၊ ကြိုက်သလို လုပ်သွားပါတဲ့၊ သူ ပြော ခဲ့တာတွေကိုလဲ မေ့ပစ်လိုက်ဖို့၊ ပြီးတော့ ဒီနေ့ကစပြီး သမီးနဲ့ အတိုက် အခံ သူ ဘာမှထပ်မလုပ်ဘူးဆိုတာလဲ ကတိပေးသွားတယ်၊ သမီးစိတ် ထဲမှာ မွန်းကျပ်ခံစားနေရတာတွေကို လျှော့ချလိုက်ဖို့ပါ၊ မိန်းမသား တစ်ယောက်ရဲ့ဘဝဟာ အိမ်ထောင်မရှိတော့လဲ မိဘမောင်ဘွား အုပ် ချုပ်မှုရှိမှ၊ အိမ်ထောင်မဲ့ခဲ့ပြန်တော့လဲ သွားသွား၊ စားစား နေရာတကာ မသင့်တော်တာတွေကြောင့် ဆင်ခြင်ရ၊ ထိန်းချုပ်ရ၊ အင်မတန် သိမ် ငယ်ကျဉ်းမြောင်းလှတယ်"

နှင်း တုတ်တုတ်မျှမလှုပ်ပါ။ မျက်နှာလည်း မငဲ့၊ မျက်ဝန်းတို့က လည်း ဒီအတိုင်း၊ မဖြိုးမသင်ဘဲ ဖြန့်ချထားခဲ့သည့် ဆံပင်ရှည်များက အနည်းငယ် စောင်းကျနေသည့် ပါးပြင်တစ်ဖက်ပေါ်မှာ ဖုံးအုပ်ထား ကြသဖြင့် နှင်း ၏ မျက်တောင်ကော့ကော့လေးတွေကိုပဲ ဦးပြုံး ဘက် ကနေ မြင်နေရသည်။

မျက်တောင်ကော့တို့၏ စေညွှန်ရာသည် အိပ်ရာထက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မာန့် မျက်နှာလေးဆီမှာပဲ ဖြစ်၏။ သူ ပြောနေတာကို နှင်း နားထောင်နေသည်လား၊ မထောင်ဘူးလား မသိ ပေမယ့် ဦးပြုံးက ဆက်ပြောနေခဲ့သည်။

"နေထိုင်စရာ အရိပ်အာဝါသကောင်းတစ်ခုနဲ့ ပြည့်စုံစွာ ကျန်ရ ခဲ့ မိန်းမတွေကျတော့ မသိသာပေမယ့် ဘာမှမပြည့်စုံဘဲနဲ့ ရုန်းကန် တော့မယ်ဆိုရင် ဒီမိန်းကလေး ဘယ်လိုလုပ်မလဲ၊ ကလေးက လ မလွှတ်ရသေးဘူး၊ စားဝတ်နေရေးက ရုန်းကန်မှ အဆင်ပြေမယ်၊ ရှ တိုင်းဟာ တစ်ခုခုလိုချင်ရင် တစ်ခုနဲ့ ရင်းကြရတာပဲ သမီး၊ လိုချင်တာ ဖြစ်ချင်တာကို တစ်ပြိုင်တည်း ပြည့်ပြည့်စုံစုံ ဘယ်ခတော့မှ မရကြ သမီးသာ ကိုယ့်အားကိုယ်ကိုးမယ်၊ ဖြစ်သလို ကြုံသလို ရင်ဆိုင်မ ဆိုရင် သမီး ကြိုးစားတာ အရာထင်ချင်ထင်မယ်၊ ကလေးအတွက်





တော့ အားလုံး ဆုံးရှုံးမှာပဲ၊ အဓိက မိခင်နဲ့ ရင်အုပ်မကွာ နေခွင့်၊ နောက်တော့ မပြည့်စုံတဲ့ဘဝမှာ အဲဒီပတ်ဝန်းကျင်ထဲက ရိုက်ခတ်လာ မယ့် ဘဝရန့်တွေ"

နှင်း မျက်တောင်တစ်ချက် ခတ်၏။ လက်ပိုက်အတိုင်း ရှိနေရာမှ သာသာလေးဖြုတ်ပြီး အိပ်ရာဆီသို့ ငုံ့စောင်းထားသည့် မျက်နှာလေး ပြန်လှည့်လာသည်။

သူမ မျက်ဝန်းလေးတွေက အေးစက်မှုန်ရီနေသော်လည်း အရည်ပျော် ကြေပျက်သွားမှာမျိုး မဟုတ်ပေ။

"သတ္တဝါတစ်ခု ကံတစ်ခုပဲလို့ သဘောထားလိုက်ရင် မအေးချမ်း ဘူးလား ဦးလေးပြုံး"

"ဟင် ..."

ဦးပြုံး အံ့အားသင့်သလိုကြည့်တော့ နှင်း က မျက်ဝန်းလေးတွေ လွှဲဖယ်သွားရင်း မဲ့လိုက်သည်။ မဲ့ပြုံးဟာ မနေ့တစ်နေ့ကလို မာနတွေ၊ အတ္တတွေ ပြည့်သိပ်လျက်မဟုတ်ဘဲ ဆွေးမြည့်နာကျင်စွာ ဖြစ်သည်။

"သားက နှင်း မွေးထားပေမယ့် သူ့ကံတရားကို သူ ထမ်းလာတာ ပါ၊ ခုခေတ်ကြီးထဲမှာ သားသမီးတွေကို မိဘတွေက ဘယ်လောက်ပဲ ကိုယ်ကျိုးစွန့် ရုန်းကန်ပြီး ပြီးပြည့်စုံအောင်ထားထား၊ ငါတို့အဖေ တော်လို့၊ ငါတို့အမေကြောင့်ဆိုတာမျိုး ဘယ်သားသမီးကမှ မပြော တော့ဘူး၊ ငါတို့ ကံကောင်းလို့ဆိုပြီး လက်မထောင်တတ်နေကြပြီ၊ အဖေတို့ အမေတို့ အရိပ်မှာနေပြီး ဒီလိုမပြောဘူး၊ ဒီလိုနေမယ်ဆိုတာ မျိုးတွေလဲ မရှိတော့ဘူး၊ ပွင့်လင်းခြင်းဆိုတဲ့ ဘယ်ရှုထောင့်က ဝင်လာ မှန်းမသိတဲ့ တုံ့ပြန်မှုတွေနဲ့ မိဘကို ပြောရဲဆိုရဲနေကြပြီ၊ ဒီတော့ ..."

"သမီးရယ်၊ ဆရာကြီးလဲ သမီးပြောတဲ့စကားမျိုးတွေပဲ ဦးဌေး ကို ပြောခဲ့ဖူးတယ်၊ မိဘမေတ္တာဆိုတာ အနားသတ်မရှိတဲ့ ပင်လယ်ကြီး နဲ့ တူပါတယ်၊ သူတို့ဘဝလေး ရပ်တည်ရှင်သန်ခွင့်ရဖို့အတွက် အသက်



www.burmeseclassic.com

www.burmeseclassic.com



သွေး။ ချွေးတွေကို ရင်းနှီးပေးဆပ်ခဲ့ကြရတာ မိဘပဲမှုဟုတ်လား၊ ဒါဟာ အတိုင်းအဆမဲ့သော မေတ္တာတရားတွေပေါ့၊ အစကတည်းက ၎င်း အပေါ်သိတတ်မယ့် သားသမီးလား၊ မသိတတ်မယ့် သားသမီးလား ဆိုပြီး မျှော်လင့်ချက်နဲ့ ရင်းနှီးခဲ့တာမှ မဟုတ်တာ၊ မိဘတွေ ရင်းနှီးခဲ့ ကြတာဟာ ပြန်ရဖို့မဟုတ်ဘူး၊ ပေးဆပ်ဖို့ပဲ၊ ကိုယ် ပေးစရာရှိတာကို ပေးရမယ်၊ ကိုယ်ထားခဲ့တဲ့မေတ္တာမျိုး သူတို့ရလာတဲ့ သားသမီးတွေ အပေါ် သူတို့ ပြန်ထားကြရတဲ့အခါ တမ်းတလာတတ်ကြတဲ့ 'အဖေ၊ အမေ' ဆိုတဲ့ အသံဟာ တို့တွေ ပေးဆပ်ခဲ့ရသမျှ ချွေးသိမ်ဖို့မဟုတ် ဘူးလား။ မိဘမေတ္တာဟာ ကိုယ် မိဘဖြစ်လာမှ နားလည်လာကြတာမျိုး"

နှင်း က ဦးပြူးကို လှည့်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ မာန့် မျက်နှာလေးဆီ ပြန်ကြည့်ကာ ...

"နှင်း နားမလည်ခဲ့ဘူး ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေ ကိုယ်တိုင် နှင်း ကို အနားသတ်မရှိတဲ့ ပင်လယ်ကြီးလိုမေတ္တာမျိုး ပေးမှ မပေးခဲ့တာ"

"သမီးရယ်"

"ဦးလေးပြူး ပြောသွားတာတွေ နှင်း နားမယဉ်ဘူး၊ မေတ္တာတွေ ပေးဆပ်တာတွေလဲ မတွေးချင်ဘူး၊ အခု နှင်း စိတ်ဆင်းရဲနေရတယ်၊ နှင်းကိုယ်နှင်းတောင် စိတ်ချမ်းသာအောင် ဖြေလို့မရဘဲနဲ့ ဘယ်သူ့ အတွက် ထပ်ပြီး ဝေမျှပေးဆပ်နေရဦးမှာလဲ၊ ဖေဖေက နှင်း ကို သူ့ အတွက် မငဲ့ညှာတဲ့သမီးဆိုပြီး နေစရာ၊ စားစရာမရှိအောင် အားလုံး ဖြုတ်သွားတယ်၊ နှင်း လဲ ဖေဖေ့လို ဥပေက္ခာတရားတွေ ထားဖို့ပဲသိတယ်"

နှင်း သည် ဝေ့သီလာသည့် မျက်ရည်စတို့ကို မျက်တောင်တဖျပ် ဖျပ်ခတ်၍ တားဆီးနေ၏။ မျက်တောင်ခတ်နေရင်း မြင်ကွင်းက မှုန်ဝါး ပျောက်ကွယ်သွားသည့်အခါ မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်သည်။ ထိုအခါ မျက်ရည်စက်တို့က လက်ခနဲ၊ လိမ့်ခနဲ ဖိတ်စဉ်ကျလေသည်။





ဦးပြူး ရင်ထဲမှာ နင့်သွားသည်။ သိပ်ကိုချစ်တတ်လွန်းသည့် မိန်းကလေးပါ။ အချစ်များဖြင့် ပြည့်သိပ်နေသည့်ရင်ထဲကို ဥပေက္ခာ တရားတွေ အတင်း ထိုးသိပ်ထည့်နိုင်အောင် ကြိုးစားနေခြင်းပဲ ဖြစ်သည်။

ဦးဇော်လွင်၏သမီးဟာ ဦးဇော်လွင်နှင့် ဗီလာဆန့်ကျင်နေသော နူးညံ့သည့် နှလုံးသားတစ်ခုကို ပိုင်ဆိုင်နေခဲ့၏။ ဒါပေမယ့် သူမက သူမဖခင်လိုပဲ ဖြစ်ချင်နေပြန်သည်။

လွယ်မတဲ့လား ကလေးရယ် ...။

"ကိုယ် စိတ်ချမ်းသာဖို့ပဲ ကြံဖန်မွေးမြူမယ်၊ နှင်း လုပ်ချင်ရာကို အရင်လုပ်ပြီးမှ ကျန်တာ ဒုတိယ"

"သမီး ဒီက ထွက်သွားတော့မယ်ပေါ့"

နှင်း ဘာမှမဖြေ။

"သမီးရယ်၊ ဦးလေး မတားပါဘူး၊ ဒါပေမယ့် သမီးတစ်ယောက် တည်း ဘဝကို ရုန်းကန်ဖို့က ဒီတိုင်းနဲ့တော့ မစွန့်စားပါနဲ့ သမီးရယ်၊ ဒီမှာ သူ ပေးထားတာတွေကို သမီး ရောင်းချရင်းနှီးလိုက်ပါ။ ယူလိုက် ပါ သမီးရယ်၊ ကလေးအတွက် အစိုက်မထားနိုင်ဘူးဆိုပေမယ့် သမီး သူ့ကြောင့်ပဲ ရုန်းကန်ရတော့မှာ မဟုတ်လား၊ ကလေးကို 'ရော့ ခေါ်သွား' ဆိုပြီး မပေးလိုက်နိုင်တာ သမီးရင်ထဲမှာ ဥပေက္ခာ တကယ် မထားနိုင်သေးလို့ပါ။ မဖြစ်နိုင်တာ မရှိဘူးဆိုပေမယ့် ဖန်တီးယူလို့မရ တာတွေကိုတော့ လက်မခံလို့မရဘူး"

နှင်း က ဦးပြူးကိုမကြည့်ဘဲ ခြောက်ကပ်ကပ်ရယ်သည်။ မျက်နှာ ပေါ်မှာ ရှုပ်နေသည့်ဆံပင်တွေကို ထိုးသိပ်တင်လိုက်၍ ...

"လက်ခံထားတာနဲ့ လက်လျှော့လိုက်တာ မတူဘူး ဦးလေးပြူး ရဲ့၊ နှင်း က လက်ခံတာမဟုတ်ဘူး၊ ဖန်တီးလို့မရဘူးဆိုပြီး လက် လျှော့နိုင်တာ၊ နှင်း ကြိုးစားနိုင်တယ်၊ မဖြစ်ဖြစ်အောင် ကြိုးစားမယ်၊ သူများခြေထောက်ငှားပြီး မတ်တတ်ရပ်နေနိုင်တာ ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

ဦးဖြူ ဘယ်လိုမှ နားမလည်နိုင်တော့ပေ။

အချစ်၊ အမုန်း၊ ဥပေက္ခာနဲ့ မာန၊ အစွန်းရောက်အတ္တများထဲမှာ နှင်း လက်ခံထားခဲ့တာ ဘာကိုလဲ၊ သူ မသိတော့ပါ။





အခန်း (၃၇)

အတော်ကြီးပြောင်းလဲသွားသည့် သားဖြစ်သူကိုကြည့်ကာ ဦးကမ္ဘာမြေ အံ့သြရတော့မလို ဖြစ်လာသည်။ အလုပ်လုပ်နေရင်း ဂစ်တာသံကြားလို့ နားစွင့်ကြည့်လိုက်တော့ ကိုယ့်ခြံထဲကဖြစ်နေသည်။

ဘဝတစ်လျှောက်မှာ ဂစ်တာတီး၊ သီချင်းဆိုနဲ့ သူငယ်ချင်းတွေ ရှုံးတာ ပျော်ပါးသွားလာနေခဲ့သမျှ အလင်းဖြူ ဆိုသည့် လူငယ် တစ်ယောက်နဲ့ ပတ်သက်ခဲ့ပြီးကာမှ ဒီလိုပျော်ရွှင်မှုတွေ လွှမ်း မှာ ဘာမှမတွေ့ရတော့တာ ဒီနေ့ထိဖြစ်၏။

ခဏခဏပဲ အရေးတွေကြီးနေ၊ ကိစ္စတွေ များနေရဘာ၊ ဟိုလူ နေနိုင်၊ ဒီလူပနေနိုင်၊ ကျောင်းချင်းမတူတဲ့ တခြားကျောင်းသားတစ် ယောက်နဲ့ ကြဲကြဲဖန်ဖန် သွားခင်ပြီး သံယောဇဉ်တွေ ကြီးခဲ့လိုက်တာ သောကျော်းချင်းမို့ပါ။ မဟုတ်လျှင် မလွဲမသွေ ညားသွားနိုင်၏။

အလင်းဖြူ မရှိတော့သော်လည်း ကျန်ရစ်သူတွေတာဝန်က သူ့ အပေါ် ပိကျလာပြန်သည်။ ဒီမိန်းကလေးကိုပဲ လက်ထပ်မည်၊ လက် ထပ်မှ ဖြစ်မည်နှင့် တောက်လျှောက် ခေါင်းမာစွာ ကြိုးစားလာခဲ့ပြီး နေ့တစ်နေ့ကတော့ ပြောလာခဲ့သည်။

"နှင်းမာနကို ကျွန်တော် လက်မထပ်တော့ဘူး" တဲ့။ ပြောသေးသည်။

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော့်ကို ဘယ်မိန်းမနဲ့မှ ထပ်မပေးစားပါနဲ့" တဲ့။ ဘာတွေဖြစ်ကုန်ကြမှန်း မသိသော်လည်း သီချင်းကတော့ မာနသံစဉ်တွေပါလား။

(မင်းစိတ်ကူးတွေ မင်းအယူအဆတွေ ငါနဲ့ထပ်တူ ဘယ်တော့မှမရှိ ... ငါ့စိတ်ကူးတွေ ငါ့အယူအဆတွေ နင်နဲ့ထပ်တူ ဘယ်တော့မှမရှိ ....

ရှေ့ဆက်နှစ်ပါး သွားကြဖို့အတွက် အို ...နီး .. မဖြစ်နိုင် ... ညှိလို့မရတဲ့ တို့အဖြစ်ကြောင့် ငါနဲ့မင်းနဲ့ အို .. မျဉ်းနှစ်ကြောင်းလို ဆုံစည်းဖို့ရန်မရှိ၊ ငါနဲ့မင်းနဲ့ ဒီဘဝတော့ကွယ် ပြိုင်မျဉ်းနှစ်ခုလိုပဲ ..

ဦးကမ္ဘာမြေ အလုပ်စားပွဲက ထရပ်လိုက်မိသည်။ ပြဿနာရှိနေတာကတော့ သေချာပါသည်။ သို့သော် ဘယ်တော့မှ လက်မလျှော့နိုင်ဘူးလို့ ကြွေးကြော်ခဲ့သည်။

တစ်သက်လုံးမှာ အလျှော့ပေးခဲ့ဖူးသည့် ရာဇဝင်လည်း မရှိခဲ့ဖူးသော ကိုယ့်သား ဘာဖြစ်သွားတာလဲ။

(.. မှားကိုမှားတယ် မင်းကပြောရင် ...ငါက သိပ်မှန်တယ်လို့ ပြောချင် ... ကလွဲတွေချည်းပဲလို့ ငါကပြောရင် နင်ကပြောမယ် ဒါမှ အကောင်းဆုံး .... ရှေ့ဆက်နှစ်ပါး သွားကြဖို့အတွက် အို ... နီး မဖြစ်နိုင် ...)

နောနေ့ာ်ရဲ့ 'မျဉ်း' သီချင်းကို ဆိုနေတာ ခံစားချက်အပြည့်နဲ့ နားထောင်လို့တော့ ကောင်းပါသည်။ ဒါပေမယ့် ဦးကမ္ဘာမြေ စိတ်မကောင်းနိုင်။

သူဟာ အဖေဆိုပေမယ့် မိခင်တစ်ယောက်လိုလည်း တယုတယ ပျိုးထောင်နိုင်ခဲ့တာမဟုတ်ပေမယ့် သူ့ဘက်က တတ်နိုင်သမျှ ပြည့်စုံအောင် ဖန်တီးပေးခဲ့သည်သာ။

နောက်ဆုံး ကိုယ့်သားလေး တန်ဖိုးထားလွန်း၍ ဒီကလေးအား





နဲ့ သဘောမတူနိုင်တာတောင် ကြည်ဖြူနိုင်ဖို့ ကြိုးစားခဲ့ပြီးသား။ ဒီလိုတွေ ဖြစ်ကုန်တော့ သူလည်း မတတ်နိုင်ပေ။

ခြံထဲကို မီးရောင်ပြောက်ကျားလောက်ပဲ မြင်နေရသော်လည်း လွှမ်း ဂစ်တာတီးနေသည့် နေရာကို မှန်းဆရပ်ကြည့်ရင်း ဦးကမ္ဘာမြေ သက်ပြင်းချနေမိသည်။

ထိုစဉ် ဖုန်းသံက နားထဲကို ဖျက်ဆီးဝင်လာခဲ့၏။ ဦးကမ္ဘာမြေ နောက်လှည့်ပြန်ခဲ့သည်။ လွှမ်း ကတော့ သံစဉ်တွေကို ကျူးရင့်နေဆဲ။

(ငါနဲ့ မင်းနဲ့ ... ဒီဘဝတော့ကွယ် ... ပြိုင်မျဉ်းနှစ်ခုလိုပဲ)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

ထိုင်ကြသည့်လူတွေကတော့ ပြုံးလို့ပဲဖြစ်သည်။ မပြုံးနိုင်သူ
နှင်း။ သူမရှေ့တည့်တည့်မှာ ဒေါ်ကြာနက်၊ ဘေးမှာ သူ့တူဆိုသ
ဦးအာကာထွန်း။ မထိုင်ဘဲ တံခါးဝမှာ ရပ်ကျန်ခဲ့သည့် နှစ်ယောက်
ဘယ်သူတွေမှန်း မသိပေ။

ချစ်လွန်းရင် မုန်းရတယ်ဆိုတာ ဒါမျိုးလား၊ မနေ့ကတော့
သည့်မျက်နှာနှင့်၊ ဒီနေ့ကျတော့ အေးစက်စက်လှောင်ပြုံးနှင့် အ
မျက်နှာ။

ကျကျနနထိုင်ပြီးမှ ဒေါ်ကြာနက်က တစ်အိမ်လုံးကို သိမ်း
ဝေ့ကြည့်နေသည့် သူမ မျက်လုံးတွေကို ပြန်သိမ်းသည်။ နှင်း
ခပ်ပြုံးပြုံးကြည့်ကာ ...

"ညကြီးမိုးချုပ်ကျမှ လာရတာ အားတော့နာပါတယ်၊ ဒါပေ
ကိစ္စက အရေးကြီးနေတာ နှင်း သိပါတယ်ကွယ်"

နှင်း မပြုံးနိုင်ပါ။ ဒေါ်ကြာနက်တို့ ရောက်လာပုံက ရိုးသ
မရှိသလို စိတ်ထဲမှာ မသိုးမသန့်ကြီး ခံစားလာမိ၏။ မိုးချုပ်တာနဲ့
ရေးကို တင်းကျပ်တတ်သော ဦးလေးပြူးဟာ ဒီအချိန်ရောက်လာ
သည့် လူတွေကို အကြောင်းမကြားဘဲ တံခါးဖွင့်ပေးလိုက်မှာ





ဘူးဆိုတာ နှင်း သိသည်။

ဒါပေမယ့် 'အန်တီတို့ကို ခြံစောင့်က ဖွင့်ပေးလိုက်တာလား' လို့
လဲ မေးလို့မကောင်း။ ဒေါ်ကြာနက်ဆိုတာ မေမေ ရှိနေစဉ်ကတည်းက
အိမ်မှာ တရင်းတနှီး ဝင်ထွက်စားသောက်နေခဲ့တဲ့ မိတ်ဆွေဟောင်း
ကြီး ဖြစ်သည်။ နှင်း ကိုလည်း အကူအညီတွေ ပေးနေခဲ့သေးသည်။
ဒါပေမယ့် ...

"တစ်အိမ်လုံး ဘယ်နှယောက်နေတာလဲ"

အလုပ်ကိစ္စကို စပြီးမှ ဒေါ်ကြာနက်က မဆီမဆိုင်မေးသည်။
နှင်း သည် ဦးအာကာထွန်း၏ မျက်မှန်နက်ကြီးအောက်က သူမ ဆီကို
ပဲ စူးစိုက်နေသည်ဟု ထင်ရသော မျက်လုံးတွေကိုပဲ စိတ်ဝင်စားလျက်
ဒေါ်ကြာနက် မေးလိုက်မှ ...

"နှင်းတို့သားအမိနဲ့ အိမ်ဖော်ကောင်မလေးပဲရှိတာ၊ ခြံစောင့်က
သူတန်းလျားမှာနေတာ၊ အန်တီတို့ကို တံခါးဖွင့်ပေးတာ တွေ့ခဲ့မှာပေါ့"

ဦးလေးပြူး တံခါးကို ဘယ်လိုယုံကြည်ပြီး ဖွင့်ပေးလိုက်သည့်
အဖြစ်ကို သိချင်လို့ ထည့်ပြောလိုက်သော်လည်း ဒေါ်ကြာနက်က ထို
စကားအတွက် အရေးတယူ မပြောခဲ့ပေ။

"ဪ ... ကလေးက အိပ်နေပြီပေါ့"

"မအိပ်သေးပါဘူး၊ အထဲမှာ စာကျက်ခိုင်းထားတယ်၊ အန်တီ
လာတဲ့ကိစ္စကို ပြောပါဦး"

နှင်း က စိတ်မရှည်တာကို သိသာအောင် ပြောပေးလိုက်သည်။
ဒေါ်ကြာနက်က မျက်နှာမပျက်ပါ။ အလွန်ကြီးမားနေသည့် လက်ကိုင်
အိတ်ကို ရင်ခွင်ထဲမှာ ပိုက်ထားလျက်နှင့် အထပ်ထပ်ပြုပြင်ပွေ့ပိုက်
ရင်း ...

"ဟိုကိစ္စပဲပေါ့ နှင်းရယ်၊ နေ့လည်က အန်တီ ဖုန်းဆက်မေးခဲ့တဲ့
ဟာလေ"



www.burmeseclassic.com

www.burmeseclassic.com



နှင်း မျက်နှာလေး တင်းသွားသည်။ ပြီးတော့ မျက်ခုံးလေးတွေ မသိမသာ ကုက်ကျသွားကာ စိုးရိမ်စိတ်တွေ ဖြစ်သွားမိ၏။ သူမ ခေါင်းထဲမှာ ဘာမှမရှိခဲ့သော ကိစ္စတစ်ခုက ဒေါ်ကြာနက်အတွက် ဘယ်လောက် အရေးကြီးနေပြီမှန်း ရိပ်မိလိုက်သည်။

ပြုံးနေခဲ့သည့် ဒေါ်ကြာနက်မျက်နှာလည်း စကားစလိုက်တာနဲ့ အရေးကြီးပုံစံ ချက်ချင်းဖြစ်သွားခဲ့ပြီး ...

"တကယ်ဆို မင်းကို တို့က လက်တွဲခေါ်ခဲ့တာပါ။ စိန်အကြောင်း ပတ္တမြားအကြောင်းသိတဲ့၊ တတ်တဲ့ပညာတွေ ဘယ်လောက်ပဲ မင်းမှာရှိနေနေ မောင်းသူမဲ့နေရင် အဲဒီသဘော် ဘယ်ကမ်းမှာမှ ကပ်လို့ရမှာ မဟုတ်ဘူး၊ အန်တီ့ကို မင်း မကျော်ချင်ပါနဲ့၊ ဒါ သေးနုပ်တဲ့ပြဿနာ မဟုတ်ဘူးနော်၊ ဟင့်အင်း တစ်လုံးနဲ့ မင်း ရှောင်ထွက်သွားလို့ရမှာ"

"ရှောင်တာမဟုတ်ဘူး အန်တီ၊ နှင်းနဲ့မမမိုးတို့ လုပ်ခဲ့ကြတာ ဥပဒေနဲ့ ငြိစွန်းစေမယ့်ကိစ္စလဲ မဟုတ်ဘူး၊ ရိုးရိုးသားသား ရောင်းဝယ်ခဲ့ကြတာပဲ၊ သူက သူပိုင်တဲ့ပစ္စည်းကို ရောင်းတယ်၊ နှင်းက ..."

"မင်းအလုပ်က ပွဲစားလေ၊ ဘာဖြစ်လို့ ဝယ်လက်ဖြစ်သွားရတာလဲ၊ ဒီလောကထဲကို ပွဲစားအဖြစ်နဲ့ မင်းက ဘာမှမဟုတ်သလို ဝင်လာခဲ့တာ၊ စိန်ကဲ၊ ပတ္တမြားကဲလေး ခတ်တတ်လို့ တို့ရဲ့အသိုင်းအဝိုင်းထဲမှာ နေရာရခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် မင်း တို့ကို ဖြတ်စားသွားတာ စည်းကမ်းမဲ့လွန်းတယ်"

ဒေါ်ကြာနက်မျက်နှာမှာ အပြုံးတွေ မရှိတော့ပါ။ တကယ်တမ်းကျတော့ ရွှဲကုန်သည်နှစ်ဦး ဓာတ်လမ်းထဲကလို နှိုင်းယှဉ်ရမည်ဆိုလျှင် ဒေါ်ကြာနက်ဟာ မိုက်မဲသော ရွှဲကုန်သည်ဖြစ်သည်။

မိဘဘိုးဘွားပစ္စည်းလေးကို တန်ဖိုးထားပေမယ့် ဘယ်လိုမှ သိမ်းထားမရတော့သည့် ဒုက္ခသည်တစ်ယောက်က ပတ္တမြားလည်ဆွဲကြိုး တစ်ကုံးကို ပြသည်။ လုံးချောတွေချည်း ဖိတ်ဖိတ်လက်နေသည့်





လည်ဆွဲက ကျောက်ဖြူစားပွဲလေးပေါ်မှာ ချလိုက်တော့ စားပွဲမှာရော၊ ပတ်ဝန်းကျင်မှာပါ ရဲတောက်ဖြာထွက်နေ၏။

အရည်အသွေးကိုမြင်တော့ ကြည့်တတ်ပါသည်ဆိုသော ဒေါ်ကြာနက်ကိုယ်တိုင် တန်ဖိုးမဖြတ်ရဲခဲ့ပေ။ ဒါပေမယ့် နှင်း ကိုလည်း မျက်ရိပ်ပြထားခဲ့၏။

"အရည်အသွေးတော့ ကောင်းသားပဲ၊ ဒါပေမယ့် ..."

ပစ္စည်းကို သေချာကိုင်တွယ်ကြည့်ရှုပြီး သရုပ်ဆောင်ထားသည့် မျက်နှာကလည်း ပီပြင်ပါသည်။

"အနာတွေရှိနေတယ် ညီမရဲ့၊ ညီမပစ္စည်းကို မှန်ဘီလူးနဲ့ စစ်ကြည့်လိုက်ရင် လူပြိန်းလောက်ပဲ မမြင်မှာ၊ မမတို့ကတော့ တောက်ပြောင်နေတာထက် အနာအဆာကင်းတာကိုပဲ မက်တာ၊ အခု ညီမက ဘယ်လောက်မှန်းထားလို့လဲ၊ တို့ မယူနိုင်ပေမယ့် ညီမကို တန်ဖိုးဖြတ်ပေးခဲ့ပါ့မယ်၊ တစ်ပြားမှ မယူဘူး"

ရောင်းမည့်သူက မယုံနိုင်သည့်မျက်ဝန်းများဖြင့် ပစ္စည်းကိုရော၊ ဒေါ်ကြာနက်ကိုရော အတန်ကြာကြည့်နေပြီးမှ ...

"ဟုတ်ကဲ့၊ မိုးကလဲ ဈေးမသိပါဘူး၊ မသိတော့ နည်းသွားလဲ စိုးတယ်၊ အပြောများသွားပြီး အရောင်းအဝယ်မတည့်မှာလဲစိုးရိမ်လို့ ညီမလေးနှင်း ကို ခေါ်ပြတာပါ၊ နှင်း မေမေက ဘွားရဲ့ပစ္စည်းတွေကို တန်ဖိုးဖြတ်ပေးနေကျလေ၊ နှင်း လဲ နားလည်တာပဲ၊ နှင်း ..."

မမမိုးက နှင်း ကိုလှည့်ခေါ်၍ အားကိုးသည့်မျက်လုံးများနှင့် မေးဆတ်မေးသည်။ နှင်း စိတ်မကောင်းဖြစ်ခဲ့မိသည်။ မမမိုး ခေါ်တာက နှင်း ကိုပါ။ နှင်း က ဒေါ်ကြာနက်နှင့် တွဲမိနေခဲ့၏။ ပြီးတော့ 'မိုးစံအိမ်' ကြီး အခြေယိုင်နေပြီဆိုကတည်းက ဘယ်ပစ္စည်းထွက်မလဲဆိုပြီး စောင့်နေကြတဲ့လူတွေထဲမှာ ဒေါ်ကြာနက်လည်းပါသည်။

မမမိုး ကလည်း ရင်းနှီးတဲ့သူတွေမို့ ခေါ်သည်။ ဒေါ်ကြာနက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း နှင်း ကို ကူညီနေတဲ့သူတွေမို့ ဖဲ့ထုတ်ပစ်ခဲ့လို့ မကောင်း။ ထို့ကြောင့် ခုလို ဇယားတွေ ရှုပ်ခဲ့ကြရခြင်းဖြစ်သည်။

နှင်း ဘာမှမပြောဖြစ်လိုက်ဘဲ ဒေါ်ကြာနက် ချေးဖြတ်ပစ်လိုက်တာ နှစ်ထောင်၊ တကယ်က ခြောက်ကျော်ကျော် ခုနစ်အထိ တန်နေ၏။

ဒီပစ္စည်း သူမ လက်ထဲကိုပဲရောက်အောင် ပတ်ဝန်းကျင်ဝယ်လက်တွေနဲ့ ဖြတ်တောက်ပစ်လိုက်နိုင်တာလည်း ဒေါ်ကြာနက်၏ ထက်မြက်မှုပဲဖြစ်သည်။

သူမမှာ လူမိုက်တွေ အများကြီးရှိသည်။ လှုပ်ရှားတာ မြန်သည်။ တိကျသည်။ နောက်ဆုံး မမမိုး ဘယ်မှာမှ ရောင်းလို့မရတော့ဘဲ ပတ္တမြားတွေဟာ ပုလင်းကွဲသာသာလောက်ပဲ ဖြစ်သွားခဲ့ရသလို အခြေအနေက ဆိုးရွားသွားသည်။

ထို့ကြောင့် နှင်း ကိုပဲ သူမ အကူအညီတောင်းသည်။ နှစ်ယောက်တည်းတွေ့တော့မှ နှင်း အမှန်အတိုင်း ပြောပြလိုက်၏။

"ဩော် ...ဒီလောက်ထိ တန်တာကိုး၊ ဖြစ်ရလေဟာယ်"

မမမိုး မျက်နှာမှာ ဝမ်းသာတကြီး ဖြစ်မသွားဘဲ စိတ်ဆင်းရဲကြေကွဲသွားသလို ချုံးချုံးကျသွားခဲ့သည်။ ပြီးတော့ မျက်ရည်တွေ စီးကျလာကာ ...

"လူတွေ ကြောက်စရာကောင်းလိုက်တာနော်၊ တို့အိမ်တွင်းထဲမှာလဲ ဒီအမွေကိစ္စနဲ့ပဲ တစ်ယောက်ကိုတစ်ယောက် ကြံစည်၊ ညအိပ်လို့မှ ကျောမလုံနဲ့၊ ဘယ်အချိန် ဘယ်နေရာကနေ အသားထဲ ဓားဝင်လာမလဲလို့ ဘုရားတနေကြရတယ်၊ အခုလဲ တို့မှာ အားကိုးရမယ့်သူတွေ အားလုံးသေကုန်ကြပြီး တို့ယောကျ်ားလဲ ရောဂါရှာမရဘဲ သေခဲ့ပြန်ပြီ။ တို့လေ အဲဒါကြောင့် ဒီမှာ မနေတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ"

ပြောနေရင်း နှင်း ရှေ့မှာပဲ မမမိုး ရှိုက်ငိုရှာ၏။

"ဆုပ်နိုင်ကိုင်နိုင်သလောက်ပဲ ယူသွားမယ်၊ ကျန်တာတွေကို





တ်တဲ့သူတွေ ယူကြပါစေတော့၊ တို့ တရားအားထုတ်တော့မယ် နှင်း ယ်၊ ဒီတိုင်းဆက်ပြီး လုပ်ကြံခံလိုက်ရရင် ကိုယ့်ဘဝသံသရာအတွက် ာင်းမှုကုသိုလ်လေးတောင် မလုပ်နိုင်ဘဲ ရှေ့လူတွေနောက် လိုက် တော့မှာ၊ တို့ ဒါတွေကို မမက်တော့ပါဘူး၊ နှင်း ပဲယူလိုက်ပါ။ တို့ကို င်း သုံးထောင်ပဲပေး၊ ဒုက္ခရောက်နေကြတာချင်းတူရင် နှင်း က လေးနဲ့ မိဘမဲ့၊ တို့ထက် ပိုဆိုးတယ်၊ တို့ရဲ့ ပထမဆုံးကောင်းမှုလို့ တ်ပြီး နှင်း ယူလိုက်ပါ"

"နှင်း မှာ ဘယ်လိုလုပ် အဲဒီလောက် ရှိမှာလဲ မမမိုးရယ်"

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နှင်း ယူပါ။ မသမာသူတွေရဲ့ လောဘကို မိုး မုန်းလွန်းလို့ ဘယ်သူ့ကိုမှ မပြချင်တော့ဘူး"

မိုးစံအိမ် ကြီးမှာ အမွေကိစ္စများဖြင့် မသမာမှုတွေလည်း အတွင်း ိုက်ဖြစ်နေခဲ့သည်။ ဒါကို ဘယ်သူမှ မသိခဲ့ကြပေ။

နှင်း ပတ္တမြားလည်ဆွဲကို ဝယ်လိုက်တာ မှန်သည်။ ဒါပေမယ့် မှာ ငွေမှမရှိဘဲ၊ လက်လွှဲလေးရောင်းလိုက်ပြီး လက်ထဲမှာ ကိုယ်ရ င့်တာလေးကိုပဲ ဆုပ်ကိုင်ထားခဲ့နိုင်တာ ဖြစ်သည်။ ဒီအဖြစ်မှာ ရားတာ ဘာရှိခဲ့လို့လဲ။

"အန်တီနက်က လိုရင်းကိုပဲပြောလေ၊ သူ့ကို အပြစ်တင်ဖို့လာ ာမှမဟုတ်တာ"

နှင်း ၏ယောက်ယက်ခတ်သွားသည့် အတွေးများက ဦးအော ာတွန်း၏ ပေါက်ဆတ်ဆတ် စိတ်မရှည်သံကြီးကြောင့် မူလနေရာဆီ ြန်ရောက်လာခဲ့သည်။

တံခါးဝက နှစ်ယောက်ထဲမှ တစ်ယောက်သည် ဆိုဖာတွေနား ထိ လျှောက်လာပြီး ဆက်ပဲဝင်သွားတော့မလိုလို၊ ရပ်နေတော့မလို င့် ပိုင်စိုးပိုင်နင်းပုံစံ ရပ်နေသည်။

ဒီလောက် လူစုလူဝေးနဲ့ဝင်လာကြတာကို ဦးလေးပြူး ရှော်



www.burmeseclassic.com

လိုက်သည်ပဲဖြစ်ခဲ့ရင်တောင် စိတ်ချလက်ချကြီး ဒီလိုနေတာတော့ မဖြစ်နိုင်။ နှင်း စိတ်တွေ လှုပ်ရှားစပြုလာသည်။

ထိုပြင် ခါးနှစ်ဖက်ထောက်လျက်နှင့် အထဲဝင်မလို၊ ရပ်နေမလို လုပ်နေသူက တင်နွဲ့နှင့် သားလေးရှိနေသောအခန်းဆီ သေချာလိုက်ကြည့်နေပြန်သည်။

“ဟုတ်တယ်၊ တို့တွေ လိုရင်းကိုပဲ ပြောကြရအောင် နှင်း၊ အခု မင်း ယူပြီးပြီဆိုတော့ ထားလိုက်ပါတော့၊ ဒါပေမယ့် ဒါ ဘယ်လောက် တန်တယ်ဆိုတာ မင်း သိနေတာပဲ၊ တို့ပေးထားတဲ့ဈေးနဲ့ပဲ မင်း တို့ကို ပြန်ပေးပါ။ တစ်ယောက်နဲ့တစ်ယောက် ဘာပြဿနာမှမဖြစ်ဘဲ ပြီးသွားဖို့လေ”

“အဲဒီပစ္စည်းကို နှင်း ဝယ်ခဲ့တာမဟုတ်ဘူး အန်တီနက်၊ နှင်းက ဘယ်လိုလုပ် ဝယ်နိုင်မှာလဲ”

“မသိဘူး၊ အဲဒါ တို့ စိတ်မဝင်စားဘူး၊ အခု အဲဒီပစ္စည်း မင်းဆီမှာ ရှိတယ်၊ ဝယ်လိုက်တာဖြစ်စေ၊ သိန်းထောင်ချီတန်မှန်းသိလို့ လွဲပြောင်း အမြတ်ယူဖို့ ခဏလေးဆုပ်ကိုင်ထားတာပဲဖြစ်စေ မင်းဆီမှာ ရှိနေတာ တို့သိတယ်”

နှင်း ခေါင်းခါလိုက်တော့ ဒေါ်ကြာနက် မျက်နှာကြီး မည်းခဲ မှောင်ကျသွားသည်။ နောက်တွဲဆံထုံးမှာ အမြဲတမ်း ထိုးစိုက်ထားသည့် စိန်ဆံထိုးက ‘ပို၍ လှုပ်ခါနေသလို ပြိုးပြက်လက်နေသည်။

“နှင်းမာန”

ခေါ်သံသည် ထ၍ ကုတ်ဖဲ့တိုက်ခိုက်တော့မည့် ရန်သူကြီး ချက်ချင်း ပြောင်းလဲသွား၏။

“ဒီပစ္စည်းကို တို့ ဘယ်လောက်ရှုံးသွပ်ခဲ့ရသလဲ၊ မင်း သိရဲ့လား ဘယ်လိုရင်းနှီးဖို့ ကြိုးစားနေခဲ့သလဲ၊ ဘယ်လောက် အပင်ပန်းခံခဲ့ သလဲ၊ ဒါကို မင်းက ဒီလို လွယ်လွယ်လေး ဖြတ်ခုတ်သွားလို့ ရမလား





တို့ရဲ့လောကမှာ ကြာနက်ဆိုရင် အားလုံးက ဆုတ်ရှောင်သွားကြတာ ပဲ၊ မင်းလို မလောက်လေးမလောက်စားကျမှ ခံလိုက်ရရင် ရာဇဝင် ရိုင်းသွားမှာပေါ့”

ဒေါ်ကြာနက် ပြောင်းလဲသွားသည်နှင့် တံခါးဝမှာရပ်နေသည့် တစ်ယောက်ပါ ဝင်လာကာ ရပ်နေကြသည့် နှစ်ယောက်သည် မာန် စာဖတ်သံထွက်နေသည့် အခန်းထိ ဝင်သွားကြသည်။

“ရှင်တို့ ဘာလုပ်တာလဲ”

နှင်း စိုးရိမ်တကြီး ထရပ်လိုက်တော့ ဦးအာကာထွန်းက နှင်း သွားမည့်ရှေ့ကနေ ပိတ်ရပ်လိုက်ကာ ....

“ပြန်ထိုင်နေလိုက်၊ မင်း လိမ္မာရင် ကလေး ဘာမှမဖြစ်စေရဘူး”

သူ့လက်ထဲက ဓားကို မြင်အောင်ပြလိုက်ပြီးမှ ဂျာကင်အိတ်ထဲ ပြန်ထည့်သည်။

“ဟိုကောင်တွေဆီမှာလဲ ဒါမျိုးပါတယ်၊ မင်းရဲ့ကလေးကို မင်း ညှာတာဖို့ သတိရရင် ပစ္စည်းကို ပြန်ပေးလိုက်ပါ”

နှင်း ဒေါသထောင်းခနဲ ဖြစ်သွားသည်။ မိတ်ဆွေလိုလို လာပြီး အိမ်ပေါ်ကို လူစုလူဝေးနဲ့ ဓားပြလာတိုက်နေကြတာလား။

“ပစ္စည်းက နှင်း ဆီမှာမရှိတော့ဘူး၊ ဘာလုပ်ပေးရမလဲ”

နှင်း ဒေါ်ကြာနက်ကို ဆတ်ခနဲ ပြန်ကြည့်ကာ ...

“အန်တီ၊ ဒါ ဘာလုပ်တာလဲ၊ သူများအိမ်ပေါ် တက်လာပြီး ဓားပြ တိုက်သလိုလုပ်နေတာ နှင်း သည်းမခံဘူးနော်”

“ဓားပြတိုက်နေတာ မဟုတ်စားလေ၊ မင်းဆီကနေ ပြန်ဝယ်နေတာပဲ”

ဒေါ်ကြာနက် ထိုင်ရာကနေ ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ ပုံစံ ဦးအာကာထွန်းနဲ့ ဒေါ်ကြာနက်တို့အလယ်မှာ နှင်း က ဆိုဖာနဲ့ ပိတ်မိလေသည်။

“ကိုယ့်ငွေ ကိုယ်ပြန်ရမယ်၊ ဘယ်သူကိုမှ နာကျင်ထိခိုက်စေမှာ

www.burmeseclassic.com



မဟုတ်ဘဲ တို့ ပြန်သွားမယ်၊ ကဲ ...မင်း ဆုံးဖြတ်တော့"

"နှင်း သိမှာမရှိတော့ဘူးလို့ ပြောပြီးပြီပဲ"

"ဘာ ..."

ဖြန်းခနဲ ရိုက်သံကြီးကို ကြားလိုက်ရကာ အခန်းထဲမှာ တင်နွဲ့ ကိုယ်လုံးဝဝလေး တုန်ခနဲ ဖြစ်သွား၏။ ချောင်ကပ် လက်ပိုက်လေး နေရင်း တယ်လီဖုန်းကို အားကိုးတကြီး လှမ်းကြည့်နေမိသည်။

ပြီးတော့ နာရီကို မော့ကြည့်၏။ ကိုကြီးကမ္ဘာလွှမ်း သိပ်ပါ့မလား။

"အား ... လွှတ်၊ သားသားကိုလွှတ်၊ မေမေရေ ..."

မာန့် ကို ပန်းလေးနှစ်ဖက်ကနေ မညှာမတာ ဆွဲမသွားသည်။ တစ်ယောက်က တင်နွဲ့ ရပ်နေသည့်ရှေ့ကို စားပွဲခုံကြီး တွန်းပစ်လိုက်၏။

ရှိုးကေ့စ်နှင့် စားပွဲထောင့်ကြားမှာ တင်နွဲ့ ကိုယ်လေး ပိကပ်ညပ် သွား၏။

"အဲဒီထဲက နည်းနည်းမှ ထွက်လာခဲ့နဲ့ ကြားလား၊ သေသွားမယ်"

တင်နွဲ့ ခေါင်းတွင်တွင်ညိတ်ကာ လက်လေးပိုက်လျက် ကိုယ့်ပါးစပ်ကိုလည်း လက်ဝန်းနှင့် ပြန်၍ ပိတ်ထားလိုက်သည်။ အိမ်ရှေ့မှာ စကားသံတွေ ဆူညံလာသည်။ ရိုက်နှက်တွန်းထိုးသံတွေရော၊ မာန့် ငိုသံရော ရောထွေးနေလျက် ...။

"လွှတ်၊ သားကို မလုပ်နဲ့၊ မထိနဲ့နော်"

"မေမေ၊ သားသားကို ခေါ်ပါ၊ အား ... နာတယ်"

တင်နွဲ့ အသံတွေကို နားစွင့်ရင်း တစ်ကိုယ်လုံး နှတ်ပူးသလို တုန်လာ၏။ ဓားပြတိုက်ခြင်းဆိုတာကို ဗီဒီယိုထဲမှာပဲ မြင်ဖူးခဲ့တာ၊ ခုတော့ လက်တွေ့ကြီးဖြစ်နေသဖြင့် ကြောက်သည့်စိတ်က ဆိုဖွယ်ရာ မရှိ။

အပြင်မှာ ဆူညံသည်တွေရောက်လာကြပုံ ထူးခြားကတည်းက သူမ နားစွင့်ခဲ့တာဖြစ်သည်။ လူက ဝပေမယ့် တင်နွဲ့ အဲဒီလောက်





တော့ မအပါ။

ထို့ကြောင့် ဒီပြဿနာကို မပတစ်ယောက်တည်း မျက်နှာငယ်လေး ဖြေရှင်းမနေရအောင် ရှင်းနိုင်တဲ့လူဆီ ဖုန်းဆက်လိုက်သည်။ ကိုကြီးကမ္ဘာလွှမ်းနှင့် မတွေ့ပါ။ ပြီးတော့ ပြီးဆုံးအောင်လည်း မပြောလိုက်ရဘဲ လူတွေဝင်လာကြတာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မမနှင်း ဒုက္ခရောက်နေလို့ ဆိုသည့်စကားကိုတော့ ပြောဖြစ်ခဲ့သည်။ ဖုန်းကိုင်သည့်လူသာ ပြန်ပြောလျှင်တော့ ကိုကြီးကမ္ဘာလွှမ်း ရောက်လာမှာပဲဖြစ်သည်။ မြန်မြန်လာပါစေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"တိ"

ခြံရှေ့မှာ ကားရပ်ပြီး ဟွန်းတီးလိုက်တော့ အထဲမှာ ဘာလှုပ်ရှားမှုမှ မတွေ့။

"တိ"

ညဘက် တစ်ခါတစ်လေ သူရောက်လာလျှင် ဟွန်းတစ်ချက်နှိပ်လိုက်တာနဲ့ ခြံတံခါးမီး ဖျတ်ခနဲ ပွင့်လာတတ်ပြီး ခဏအတွင်းမှာပဲ ဦးပြူး တံခါးဖွင့်ပေးခဲ့သည်သာ။ မီးလည်း ပွင့်မလာ၊ တံခါးကလည်း မပွင့်။

လွှမ်း မျက်မှောင်ကြုတ်သွားကာ ကားပေါ်က ဆင်းလိုက်သည်။ ခြံထဲမှာ သူ ဂစ်တာတီးနေရင်း ဖေဖေ့ဆီကို ဖုန်းဝင်လာတာဖြစ်သည်။

"မင်းရဲ့ နှင်း ဆီကပဲကွ၊ ဘာမှန်းတော့ မသိဘူး"

"နှင်း ဆက်တာလား ဖေဖေ၊ ကလေး တစ်ခုခုဖြစ်လို့တဲ့လား"

"ကလေးတော့ မဟုတ်ဘူးထင်တယ်၊ ဖေဖေ ဘာမှ ရေရေရာရာ မကြားလိုက်ဘူး၊ နှင်းမာန မဟုတ်တာ သေချာတယ်၊ ဘာဖြစ်ဖြစ်ကွာ ညမှုညခင်းဆိုတော့ အရေးကြီးလို့ ဆက်တာဖြစ်မှာပေါ့၊ ဘာလဲ၊ မင်းက အဲဒီကို လုံးဝမသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီလား"





ဖေဖေ မေးလာတိုင်း နှင်း နဲ့ပတ်သက်ပြီး သူ ဘာမှ ရေရေရာရာ မဖြေခဲ့ပါ။ ဒီရက်ပိုင်းမှာ အိမ်ကိုရော၊ နှင်း ဆီကိုရော သူ မသွားမိအောင် နေခဲ့သည်။ မနက်ပိုင်းတော့ ကျောင်းကို နေ့တိုင်းရောက်ပါသည်။ ကလေးကို သူ သွားတွေ့ပြီး ပျော်ရွှင်စေခဲ့တာလဲ သူမအတွက်သာ။

ဒီည ဖုန်းဆက်ခေါ်လိုက်ခြင်းက ထူးဆန်းနေသည်။ ဖေဖေပြောပုံအရဆို နှင်း မဟုတ်သောမိန်းကလေးအသံဟာ တင်နွဲ့ ဆိုသည့် အိမ်ဖော်ကောင်မလေးပဲဖြစ်မည်။

မရေရာခဲ့သော အတွေးများက ခြံတံခါးရှေ့မှာ သေချာရပ်လိုက်မိတော့ စိုးရိမ်မှုတသို့ ရောက်သွားခဲ့သည်။ လွှမ်း ခြံတံခါးကို မော့ကြည့်ကာ နောက်ပြန် နှစ်လှမ်းသုံးလှမ်း ဆုတ်သည်။

အထဲမှာ အရေးအခင်းတစ်ခုခုတော့ ရှိနေတာ သေချာပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

ကလေးကို လက်နှစ်ဖက်စလုံး ပူး၍ လျှပ်စစ်မီးကြိုးနှင့် သေချာ ပူးချည်ထားသည်။ တောက်လျှောက်သွယ်တန်းနေသော မီးကြိုးက ခလုတ်ခုံဆီမှာ ဆုံး၏။

သူ့ကို ကြိုးချည်ထားတာကိုပဲ သိနေသည့် သားလေးက ကြိုးကို မကြောက်ဘဲ လွတ်မြောက်ဖို့သာ ရုန်းကန်ရင်း တအင့်အင့် ရှိုက်ငိုနေသည်။

"လွှတ်ပေး၊ သားသားကို လွှတ်ပေး၊ မေမေ ... မေမေ၊ သားသား ဦးဦးကို သွားခေါ်ပေးပါ၊ သားသား နာလှပြီ၊ အဟင့် ... ဟင့်"

"သားလေး"

နှင်း အဟင်းဆောင့်ရုန်းသည်။ သူမ မှာလည်း ရုန်းလေ၊ ကျပ်လေ ဖြစ်နေ၏။ ယောကျ်ားတစ်ယောက်၏ ဖိချုပ်ထားမှုကို နှင်း ဘယ်လိုမှ မရုန်းနိုင်ခဲ့ပေ။

ထို့ပြင် သားလေးမျက်ရည်တွေကို မြင်နေရသည့်အဖြစ်ကြောင့် ရုန်းနေရတာက အင်အားမဲ့နေ၏။

"ဦးဦးရေ၊ သားသားဆီကို လာပါ။ ဟီး ဟီး"

ငိုသံကြားရတော့ နှင်း မှားပြန်ပြီဆိုသည့် ပြင်ဆင်ခွင့်မရှိတော့သော နောင်တတွေကြောင့် နှင်း နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားမိသည်။





တကယ်တော့ ဒီလောကက လူတွေဟာ ကိုယ့်စားကျက်၊ သူ့စားကျက် ခွဲခြားနေတာလည်း မဟုတ်ပေ။ လျင်သူစား၊ ရှိသမျှယူ။

ဒါကိုသိလျက်နှင့် နှင်း ဂရုမစိုက်ဘဲ ပတ်သက်မိခဲ့သည်။ စိတ်ထဲမှာ သမ္မာအာဇီဝရောင်းဝယ်ကြခြင်းလို့ပဲ မြင်သည်။ ထို့ပြင် ကြားဖြတ်ခုတ်တာပဲဖြစ်ဖြစ်၊ လူလည်ကျတာပဲဆိုဆို နှင်း အတွက်က ငွေမရှိလို့ မဖြစ်ပေ။

အစ်ကိုအလိုချင်ဆုံးဆန္ဒဟာ ဒီတိုက်တာခြံမြေထဲကနေ ကိုယ့်ငွေ၊ ကိုယ်ခွန်အားနဲ့ကိုယ် လွတ်လွတ်ခါခါ ထွက်သွားချင်တာပဲ ဖြစ်သည်။ အခု သူမလက်ထဲမှာ ငွေတွေရှိသည်၊ မကြာမီ ထွက်သွားဖို့ပဲ ရှိတော့သည်။ သို့သော် ...

"ဘယ်လိုလဲ နှင်းမာန၊ အခု ငါ အမိန့်ပေးလိုက်တာနဲ့ ဟိုမှာ ခလုတ်ချလိုက်ရုံပဲနော်၊ မင်းရဲ့ကလေး ဓာတ်လိုက်သေတော့မယ်"

ဦးအာကာထွန်း၏ စကားသံကြီးက ရွံရှာဖွယ်ကောင်းလှသည်။ ဒေါ်ကြာနက်က အံတကြိတ်ကြိတ်နှင့် လက်ပိုက်ရပ်ကြည့်နေသည်။

"ရှင်တို့ ကျွန်မသားလေးကို လွှတ်လိုက်ပါ၊ ပစ္စည်းရောင်းလိုက်တဲ့ငွေ ကျွန်မ ရသင့်သလောက် ရထားတာ အခန်းထဲမှာ အားလုံးရှိတယ်၊ အဲဒါ ယူသွားကြပါ။ ဒီ့ပြင် ကြိုက်တဲ့ပစ္စည်းကို ယူချင်တာယူ၊ ဖျက်ဆီးချင် ဖျက်ဆီးပစ်ခဲ့၊ သားလေးကို ဘာမှမလုပ်ပါနဲ့"

"မင်း အပိုတွေ လျှောက်ပြောမနေနဲ့"

ဒေါ်ကြာနက်က ဝင်အော်ပစ်သည်။ ခြံဝန်းကျယ်ကြီးတွေနှင့် တံခါးအလုံပိတ်ထားကြပြီးဖြစ်သည့် တိုက်ကြီးထဲမှာ ဘယ်လောက်ဆူနေနေ အပြင်ကို အသံကမထွက်။

ထို့ကြောင့် အခုထဲမှာ ဖြစ်ချင်တိုင်းဖြစ်နေတာကို ဘေးလူ ရတ်တရက် မသိကြပေ။

"အိုးစုတ်ခွက်စုတ်ရောင်းတဲ့ ပိုက်ဆံလောက်ကို ဘာလုပ်ရမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းထုတ်ပေးမလား။ မပေးဘူးလား။ မရှိဘူးလို့ မပြောနဲ့နော်၊ ဒီ လောဘအိတန်ဖိုးကြီးကြီးကို မင်း ချက်ချင်း ထုတ်မပေးနိုင်ဘူး၊ အေး ထုတ်ပြီးပြီဆိုရင်တော့ ပြောရဲရင် ထပ်ပြောလိုက်"

နှင်း ဘာမှမပြောနိုင်တော့ပေ။ ပစ္စည်းက မရှိတော့ပါ၊ မရှိတော့တာကို ပြောပြီးပြီပေမယ့် ထပ်မပြောရဲတော့ဘဲ ဖြစ်သွားသည်။ ဒေါ်ကြာနက်ပုံစံက လောဘကြောင့် ရူးသွပ်နေသူတစ်ယောက်လို ရူးရူးရဲရဲ မြူးမြူးပြဲပြဲ ဖြစ်လာသည်။

မိုက်မဲသော ရွဲကုန်သည်လို အဖိုးမထိုက်ပါဘူးလို့ ပြောပြီး ထားရစ်ခဲ့ပြီးမှ ...

"ဟော့ ပြောလေ"

"မေးမနေနဲ့တော့ အန်တီနက်၊ လုပ်စရာရှိတာ လုပ်ပစ်လိုက်၊ အဲဒီကလေးကို လုပ်ပြီးတာမှ သူ ထုတ်မပေးနိုင်ရင် ထုတ်ပစ်လိုက်တာ သေချာပြီ၊ အကုန်ကြိုးတုပ်ပြီး တိုက်ကို မီးရှို့ပစ်ခဲ့မယ်"

ဦးအာကာထွန်း ပြောလိုက်သည်နှင့် ဒေါ်ကြာနက်က ခေါင်းညိတ်၏။ လောဘစိတ်ကြောင့် ဘယ်လိုမှ လက်မခံနိုင်လွန်းလို့ ပေါက်ကွဲလာပေမယ့် ဒီပစ္စည်းကို နှင်းမာန ကိုင်ထားနိုင်မှာမဟုတ်ဘူးဆိုတာကို တွက်မိခဲ့ပြီးသား။

လာကတည်းက လူကို ဒုက္ခပေးပြီး ကျောင်းမှန်းကန်မှန်းသိအောင် ဒေါ်ကြာနက်က မီးခလုတ်ခုံနားမှာ ရပ်နေသူထံ လှမ်းကြည့်လိုက်လျှင် ...

"သားကို မလုပ်ပါနဲ့၊ သားကို မလုပ်ပါနဲ့၊ နှင်းကို သတ်ပစ်ခဲ့ပါ"

နှင်း အတင်းရုန်းသည်။ ဦးအာကာထွန်းက လူသတ်ချင်နေသည့် ရုပ်ကြီး ့ှင် ‌ကြက်ကြည့်ပြီး မေးဆတ်ပြလိုက်၏။ ခလုတ်ခုံနားကလူသည် အသင့်ကိုင်ထားသည့် ကြိုးစထိပ်က ပလပ်ကို ကိုင်လိုက်ပြီး နှင်း မြင်အောင်ပြသည်။





ယုတ်မာကောက်ကျစ်သည့်အပြုံးနှင့် ကျကျနန စိမ်ပြေနပြေ ပွတ်သပ်ကိုင်တွယ်နေပြီး ....

"မလုပ်နဲ့၊ မလုပ်နဲ့၊ လာကြပါဦး၊ ကယ်ကြပါဦး၊ သားလေး"

"ဟိတ် နေဦး"

တားဆီးလိုက်သံက ဟိန်းထွက်လာ၏။ အားလုံး၏အကြည့်တွေ တံခါးဝဆီ လှည့်ကြည့်လိုက်မိလျှင် မီးပလပ်ကိုင်ထားသူထံ မည်းခနဲ အရာတစ်ခု လွင့်ပျံဝင်သွား၏။

"ဒုတ်"

"အား ..."

ဒီဘက်လှည့်လိုက်စဉ်မို့ နှာခေါင်းရိုးကို ပြင်းထန်စွာ ထိမိကာ နံရံပေါ်သို့ ပက်ခနဲ လန်ကျသွားသည်။ လက်ကိုင်ဖုန်းတစ်လုံး အဆုံးခံလိုက်ရကျိုး နုပ်သွား၏။

ကလေးကို ဒုက္ခပေးမည့်သူတစ်ယောက် လောလောဆယ် သွေးသံရဲရဲ ဖြစ်သွား၏။

"ဟိုကောင် ဝင်လုပ်၊ အကုန်သတ်ပစ်၊ ပြီးရင် မီးရှို့ပစ်မှာ"

ဦးအာကာထွန်း ဒေါ်သတွေထကုန်ကာ နှင်း ကို လက်ပြန်ရိုက်ချပစ်လိုက်၏။

"အား ..."

နှင်း ဘိုင်းခနဲ ပစ်လဲသွားသည်။ မျက်လုံးထဲမှာ ရောင်စုံတွေ ပြိုးပြက်ကုန်လျက် တိုက်ခိုက်လဲပြိုသံတွေကို ကြားရပြီး ဘာမှမမြင်။

သတိမလစ်ရဘူး နှင်းမာန၊ ညည်းသားလေးကို ကယ်ရမယ်၊ ညည်းကြောင့် ကလေး တစ်ခုခုဖြစ်သွားရင် .. ဟင့်အင်း ...။

နှင်း အံကြိတ်၍ မျက်နှာကို ဆတ်ခနဲ ပြန်မော့သည်။ ဆံပင်တွေဆို သိမ်းလှန်ပစ်လိုက်တော့ မြင်ကွင်းထဲမှာ ရှုပ်ယှက်ခတ်နေ၏။ ဦးအာကာထွန်းသည် စားပွဲနှင့်ဆိုဖာကြားထဲမှာ လဲပြိုကျနေလျက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာနက်က ကြမ်းပေါ်မှာ ခွေခေါက်ပုံကျနေ၏။

မားနှင့်လှူက လွှမ်း ကို အကြိတ်အနယ် ထိုးသတ်ဖို့ ကြိုးစားနေ ဆဲရှိသည်။ မီးခလုတ်နားမှာ လဲကျနေသူက သွေးစိမ်းရှင်ရှင် စီးကျ နေသော နဖူးခေါင်းကို ဖိအုပ်ရင်း ပြန်ကျုံးထကာ ပလပ်စကို ပြန် ကောက်၏။

"မလုပ်နဲ့၊ သား ...."

နှင်း က ဟိုကိုလည်း ပြေးမဆွဲနိုင်၊ တားလို့မရနိုင်မှန်းလည်း သိနေကာ ကလေးကို ရှေ့ပြေးဖက်ထားလိုက်လေသည်။ ဒါဟာ ကိုယ် မိုက်မဲစွာ ဆုံးဖြတ်ပြီး လုပ်ခဲ့တာဖြစ်သည်။

ခံစရာရှိတာ ကိုယ်ပဲခံသင့်တာမို့ ကလေးလက်က ကြိုးကို ဖြည် ဖို့ ကြိုးစားသ်။ မမီလို့သေလည်း အတူတူသေပါစေတော့။

လွှမ်း ကတော့ ဘယ်သူ့ကိုမှ အထိခိုက်မခံနိုင်ပါ။ ချည်ထားသည့် ကြိုးကို နှင်း အလွယ်တကူ မဖြည်နိုင်တာကို သူ မြင်သည်။ မီးပလပ် တပ်ဖို့ ကြိုးစားနေသူကိုလည်း မြင်သည်။

သူ့မှာ ကလေးဆီကိုလည်း တိုးလို့မရ၊ မီးသမားဆီလည်း မသွား နိုင်၊ ရှေ့က တားဆီးတိုက်ခိုက်နေသည့် မားနှင့်လှူကိုပဲ ရင်ဆိုင်နေရ၏။

ထိုစဉ် ဦးအာကာထွန်း ဒီယိမ်းဒယိုင် ထလာသည်။ ပြီးတော့ ပြန်လဲကျကာ သူ့လက်ထဲမှာ ဓားတစ်ချောင်းနှင့် ..။

လွှမ်း စိတ်က ကလေးကိုဓာတ်လိုက်သေဆုံးအောင် လုပ်မည့် မီးသမားထံ ရောက်နေသဖြင့် ခြေလှမ်းမှားသွားကာ လက်မောင်း ဓားတစ်ချက် ထိသွားသည်။

"အ ..."

"ဦးဦး ..."

မင်တက်မိသလို ပြူးကြောင်ငေးမောကြည့်နေသည့် မာန့် ဆီ ပထမဆုံး စူးစူးဝါးဝါး အော်သံလေး ထွက်လာသည်။ ဒီတော့မှ ...





တွေ ရဲနေသည့် လွှမ်း လက်မောင်းကဒဏ်ရာကို နှင်း လှမ်းမြင်သွား၏။

ဒီဒဏ်ရာလောက်ကို နှင်း ဂရုစိုက်မနေအားပါ။ လောလောဆယ် အရေးကြီးနေသည့် အသိထဲမှာ လှုပ်လီလှုပ်လဲ့ ကြိုးစားနေသော မီး ပလပ်တပ်ဖို့ သူကို တားဆီးနိုင်ဖို့ပဲဖြစ်သည်။

ထို့ကြောင့် ရှေ့ကလူ၏ ဓားကိုင်သည့်လက်ကို မိုက်တိမိုက်ကန်း ခမ်းဆုပ်ပစ်လိုက်၏။ ရင်ဘတ်အထက် လည်ပင်းနားမှာ ပူခနဲ တစ် ချက်ဖြစ်သွားသည်။ ဓားထိသွားမှန်း သိလိုက်သည်။

"ဟိတ်ကောင်၊ မြန်မြန်ကိစ္စတုံးလိုက်စမ်း"

လူတွေများပြီး ပွဲမစည်တာကို နားလည်သွားပြီမို့ ဦးအာကာထွန်း ခရိုးသံကြီးနှင့် ခပ်ကြိတ်ကြိတ် လှမ်းအော်သည်။ သို့သော် လွှမ်း ကို တော့ ကိစ္စတုံးလို့ မရတော့ပေ။ ဓားရောင် လက်ခနဲ ဖြစ်သွားပြီး မီး ပလပ်တပ်ဖို့ ကြိုးစားနေသူ၏ ညာဘက်လက်ပြင်မှာ ဓားစိုက်လျက် ခွေလဲကျသွားသည်။

"တောက် ... ဒီကောင်"

ဦးအာကာထွန်းကလည်း ခေသူမဟုတ်ပေ။ အံ့အားသင့်သွား သည့်အချိန်မှာ မထင်မှတ်ဘဲ ဗွေဆော်ဦး ခံလိုက်ရသဖြင့် သူ မကျေ နပ်နိုင်ဘဲ တက်ခေါက်၏။ ဓားကိုင်ပြီး ရှေ့တက်လာသည်။

"ဟိတ် ရပ်နေကြစမ်း"

အသံတစ်သံက အပြင်ကနေ ဟိန်းထွက်လာသည်။

"သူတို့ပါခင်ဗျား၊ သူတို့ဓားပြတွေပါ"

ဦးပြူး ပြေးဝင်လာသည်။ သူ့နောက်မှာ လုံခြုံရေးကင်းလှည့်ရင်း ဝင်လာသည့်ရဲများနှင့် အိမ်နီးချင်းလူတွေ။

ခြံထဲရောက်ဖို့ လွှမ်း မရမက ဝင်ခဲ့သည်။ ဦးပြူးကိုရှာတော့ သူ့အိမ်ကလေး၏ ရှေ့မှာ ခွေလဲနေတာမြင်သောကြောင့် ဆွဲထူလှုပ်နှိုး ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပြူး မျက်လုံးမပွင့်တပွင့်နှင့် အိမ်ဆီကို လှမ်းကြည့်ကာ ...

"ဟိုမှာ ...ဒေါ်ကြာနက်တို့ ..."

ဦးပြူး ကိုယ်မှာ ဒဏ်ရာတွေနဲ့မို့ စကားပြောသံက ဗလုံးဗထွေး ထို့ကြောင့် သူ ချက်ချင်းထပြေးလာခဲ့တာဖြစ်သည်။ ဦးပြူးကတော့ ကိုယ့်ကိုကိုယ် ထူနိုင်ရပ်နိုင်အောင် ကြိုးစားကာ ဘာလုပ်ရမည်ကို စဉ်းစား၏။

အပြင်ကို ထွက်သည်၊ အိမ်နီးချင်းတွေထံ ပြေးလွှားသွားခဲ့တဲ့ ကင်းလှည့်သည့် ရဲတွေနှင့်တွေ့ကာ ဤသို့ အချိန်မီ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

"လွှမ်း ...လူလေး"

ကျေးရွာတင်လွှန်းသော၊ စိုးရိမ်သော၊ လှိုက်လှဲသည့်ခေါ်သံနှင့် ဦးပြူးက လွှမ်း ရပ်နေရာသို့ ပြေးသွား၏။

လွှမ်း တစ်ကိုယ်လုံးမှာ သွေးတွေနဲ့ မြင်မကောင်း ...။





အခန်း (၄၁)

"လောကသတ္တဝါယတွေဟာ တယ်လဲ ကြောက်စရာကောင်းပါလား"

ခပ်တိုးတိုးပြောကာ ဦးကမ္ဘာမြေက ဆရာဝန်နှင့်အတူ ထရပ် ထိုးက်သည်။ ဆရာဝန် ခွာသွားတာမြင်သည်နှင့် ဦးပြူး လက်ကိုဆွဲ ထားသည့် မာန် က ဖျတ်ခနဲ ရပ်ကာ လွှမ်း အိပ်ရာပေါ် ကို ဇွေ့ခနဲ တက်၏။

"မြေး ... မြေး၊ ဦးဦးကို အရမ်းမဖက်နဲ့လေ၊ ဦးဦးမှာ ဒဏ်ရာတွေနဲ့"

ဦးပြူးက စိုးရိမ်တကြီးတား၍ ရှေ့တိုးတော့ လွှမ်း ကပြုံးပြီး ခေါင်းခါပြသည်။ ပြီးတော့ လှဲနေရာမှ လက်ထောက်ထိုင်လိုက်ပြီး မာန့် ကို ရင်ခွင်ထဲဆွဲသွင်း၏။

"ဦးဦး၊ နာလားဟင်"

"နည်းနည်းတော့ နာတာပေ့ါ"

"ဟုတ်ပဲနဲ့ ဦးဦးက ညာပြန်ပြီ"

"အဟုတ်ပြောတာပါကွ၊ ဦးက ဘာဖြစ်လို့ ညာရမှာလဲ"

"ဦးဦးကိုယ်မှာ ဒဏ်ရာတွေအများကြီးပဲဥစ္စာ၊ အများကြီး နာမှာပေါ့"

မာန် က သူ့လက်မောင်းကို ဖွဖွလေးကိုင်သည်။ ပြီးတော့ လည် ပင်းနှင့်ရင်ဘတ်မှာ သိုင်းစည်းထားရသည့် ပတ်တီးဖြူဖြူကို ရှပ်အကျႌ ထဲအထိ သေချာကိုင်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး"

"ဟင် ..."

"ဒါ သားသားတို့အိပ်ရာ"

"ဟုတ်လား"

မာန် က သွားလေးတွေပေါ်အောင် ရယ်ပြီး သူ့ကျောပြင်ထိ မမိမကမ်း ဖက်ထားကာ ...

"ဦးဦးနဲ့သားသား၊ ဒီအိပ်ရာပေါ်မှာ တူတူအိပ်ရမှာလားဟင်"

ဦးကမ္ဘာမြေက ဆရာဝန်နှင့်အတူထွက်သွားရင်း တံခါးကျမှ မာန်နှင့်လွှမ်းဆီကို မသိမသာ လှည့်ကြည့်သည်။

ဒီလိုတွေ ဖြစ်ကုန်ကြသည်၊ လွှမ်း ဒဏ်ရာတွေရထားသည်ဟု ဖုန်းရသည်နှင့် သူ လိုက်လာခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာတွေက များပေမယ့် နက်နက်ရှိုင်းရှိုင်း သိပ်မဖြစ်သည်မို့ တော်ပါသေးသည်။

ကလေးနှင့်သူ့သားအဖြစ်ကို လှည့်ကြည့်ရင်း နှုတ်ခမ်းမပွင့်ဘဲ ပြုံးတော့ မဲ့သလိုကြီးဖြစ်သွား၏။ ပြောတော့ဖြင့် ဒီမိန်းမကို ဘာလေး ညာလေးနဲ့ ...။

ဆရာဝန်ကို ကားထဲဝင်သွားသည်အထိ ပို့ပေးပြီး သူလည်း ကိုယ့်ကားဆီ ကိုယ်ပြန်သွား၍ ..

"ဦးပြုး"

"ဗျာ .."

နောက်က ခပ်ခွာခွာပါလာသည့် ဦးပြုးက ရှေ့ကို သွက်သွက်လက်လက် တိုးလာ၏။

"ကျုပ်သားကို ပြောလိုက်ပါ၊ ဒီည မပြန်ဖြစ်တော့ဘူးဆိုရင် ဖုန်းဆက်ဖို့ ....။





အခန်း (၄၂)

"မိန်းကလေး ... ဘယ်လိုလဲ"

"သက်သာသွားပါပြီ၊ အကြောက်လွန်ပြီး ချော့ခ်ရသွားတာ"

ဦးပြုးက အခန်းဝကနေ အိပ်ပျော်နေသည့် တင်နွဲ့ ကို လှမ်းကြည့်၏။ နှင်း က အပြင်ထွက်ပြီး တံခါးကို သာသာလေး ပြန်ပိတ်ပေးလိုက်သည်။ ပြီးမှ ဒီဘက်လှည့်လာကာ ...

"သားသားရော"

"အိပ်နေပြီထင်တယ်၊ စောစောက လွှမ်း ရင်ခွင်ထဲမှာပဲ"

"ဟင် ..."

နှင်း မျက်မှောင်လေးကြုတ်သွားသည်။ လွှမ်း ဒဏ်ရာတွေများတာကို သိသည်။ အသက်အန္တရာယ် မရှိနိုင်ဘူးဆိုပေမယ့် ကိုယ့်အိမ်မှာ ကိုယ့်ပြဿနာတွေထဲ ဝင်ပါရင်း ဖြစ်ရတာမို့ တာဝန်ရှိနေမှန်းလည်း တွေးမိသည်။

ဒါပေမယ့် ဦးပြုး ရှိနေသည်မို့ တတ်နိုင်သမျှ ရှောင်နေခဲ့တာပါ။

"သူ့ဒဏ်ရာတွေ သက်သာရဲ့လား ဦးလေးပြုး"

"သက်သာတယ်လို့ ပြောတာပဲ၊ သမီးနဲ့ စကားပြောဖို့ စောင့်နေတယ်"

"ရှင် ..."



www.burmeseclassic.com

"သူ ပြန်မလို့ထင်တယ်၊ နှုတ်ဆက်မလို့ဖြစ်မှာပါ"

ဦးပြုံး ဒါပဲပြောပြီး ထွက်သွားသည်။ နှင်း နေရာမှာပဲ ငိုင်နေခဲ့မိသည်။ ကိုယ့်မှာ အမှားတွေ အများကြီးရှိခဲ့သည်။ ဒါပေမယ့် သူ့ကိုတော့ ပြောင်းလဲဆက်ဆံဖို့ စိတ်မကူးတော့ပါ။ အချိန်တန်လျှင် ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာပဲ။

တံခါးဖွင့်သံကြောင့် လွှမ်း က လက်မောင်းကဒဏ်ရာကို ကျပ်နေလို့ ပြန်စည်းနေရင်း လှမ်းကြည့်၏။ ပန်းနုရောင်ပိုးပျော့ ညဝတ်အင်္ကျီလေးနှင့် အပြာရောင် ထရိုင်ဆွယ်တာပါးလေးတစ်ထည် ထပ်ဝတ်ထားသည့် နှင်း မျက်နှာလေးက မီးရောင်အောက်မှာ နုဖတ်အိညက်နေ၏။ ဖြန့်ချထားသည့် ဆံပင်ရှည်တွေက သပ်သပ်ရပ်ရပ် သိပ်မရှိသော်လည်း တင်ပါးနားထိ ဝဲဖြာနေ၏။

နှင်း ကို စိုက်ကြည့်နေမိပြီးမှ မျက်နှာပြန်လွှဲကာ ပတ်တီးကို ပြီးအောင် ပြန်စည်းနေလိုက်သည်။ နှင်း က ရှေ့ကိုတစ်လှမ်းချင်း တိုးလာရင်း ခုတင်ဘေးမှာ ရပ်လိုက်သည်။

သားလေးကိုကြည့်တော့ လွှမ်း ရဲ့ပေါင်ပေါ်မှာ လက်ကလေးတစ်ဖက်တင်ကာ ဘေးမှာ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ မလှုပ်မရှားရပ်နေသည့် နှင်း ကို မော့ကြည့်၍ ...

"နှင်းမာန၊ ဒါလေးတစ်ချက်လောက် ကူညီပါလား"

နှင်း ကြည့်လိုက်တော့ မျက်လုံးချင်းဆုံသွားသည်။ နောက်ထပ် ဘေးကိုလွှဲပစ်လိုက်မိတော့ လက်တစ်ဖက်တည်းမို့ စည်းလို့မအောင်မြင်ဘဲဖြစ်နေသည့် ဒဏ်ရာနှင့်ပတ်တီးဖြူ၊ ပတ်တီးပေါ်မှာ သွေးစတွေက စိုစိုစွတ်စွတ် ဖြစ်နေ၏။

နှင်း ခုံပုလေးဆွဲ၍ ခုတင်ဘေးမှာ ဝင်ထိုင်လိုက်သည်။ ကလေးလက်ကလေးကို သာသာလေး ဘေးမှာချထားလိုက်ပြီး လွှမ်း က ဒီဘက်တိုးထိုင်၏။





"ပတ်တီးက ဘာဖြစ်လို့လဲ"

ဆရာဝန် စည်းပေးသွားတာကို လွှမ်း ပြန်ဖြည်လိုက်မှန်း သိ၍ မေးခြင်းဖြစ်သည်။ သံပတ်ပေးလိုက်၍ စကားထပြောလာသော အရုပ်လေးလို လှုပ်ရှားမှုကင်းမဲ့သည့် မျက်နှာလေးကို လွှမ်း က စိုက်ကြည့်သည်။

"အရမ်းတင်းနေလို့ ပြန်လျှော့ချင်တာနဲ့ ဖြည်လိုက်တာ၊ ပြန်ချည်တာ မရတော့ဘူး"

နှင်း က ပတ်တီးကို အကုန်ဖြည်ချလိုက်ပြီး အမှိုက်ပုံးထဲ သွားထည့်သည်။ ပြီးတော့ ပတ်တီးလိပ်နှင့်ကတ်ကြေး ယူလာကာ အသစ်ထပ်စည်းပေး၏။ လွှမ်း သည် ဝိုးစင်းသည့် နှာတံကော့ကော့လေးနှင့် တင်းပြည့်လှပသော နှုတ်ခမ်းလွှာလေးတွေကို သတိလက်လွတ် ငေးကြည့်မိလိုက်၊ သတိဝင်လာပြီး ပြန်လွှဲလိုက်။

ဟိုတုန်းက တက္ကသိုလ်မှာ အလွန်လှပါသည်ဆိုတာထက် ပိုလှသည်။ ဘယ်လိုကြည့်ကြည့် လှနေသည့်မျက်နှာလေးကို အနီးကပ်ကြည့်တော့ ရင်ခုန်သံတွေ မြန်လာခဲ့သည်။

နှင်း က သူ့ကိုရော၊ သူ့ရင်ထဲက ကဗျာတွေကိုရော ဘာမှ စိတ်ဝင်စားပုံ မရှိပါ။ ပတ်တီးစည်းပေးနေရင်း တစ်ချက်မှ မျက်လွှာမပင့်၊ ပြီးတော့ နေရာမှ ထလိုက်လျှင် ...

"နှင်း ..."

လွှမ်း က နှင်းလက်ဖဝါးလေးကို ဖိဆုပ်ထားလိုက်၏။ တစ်ချိန်လုံး စင်းချထားခဲ့သည့် နှင်း၏မျက်တောင်ရှည်တွေ ဖျတ်ခနဲ ပင့်တက်လာသည်။ မျက်လုံးချင်းဆုံမိခိုက်မှာ နှင်း မျက်ဝန်းလေးတွေကို လွှမ်း အမိအရ အကဲခတ်သည်။

"ကိုယ် ဒီညမပြန်တော့မှာ စိုးရိမ်နေလားဟင်"

နှင်း က ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကြောင့် ကိုယ် ဒီအချိန်အထိ နေဖြစ်ခဲ့တာပါ"

နှင်း က လက်ကိုပြန်ရုန်းသည်။ လွှမ်း ကလွှတ်ပေးလိုက်၏။

"ရှင့်မှာ ဒဏ်ရာတွေနဲ့ပဲ၊ နေလို့ရပါတယ်၊ ဖြစ်ရတာလဲ ကျွန်မတို့ကြောင့်၊ ကျွန်မတို့အိမ်ထဲမှာပါ"

နှင်း လေသံက မပျော့ပျောင်းပေမယ့် အသုံးအနှုန်းတွေ ပြောင်းလဲသွားခဲ့သည်။ ဒါပေမယ့် ကျေးဇူးတင်သွားသည့်စိတ်လေးနှင့် အရင်လို တမင်မုန်းတီးပြီး 'နင်တွေ၊ ငါတွေ' နှင့် ပြောမထွက်တော့တာပဲ ဖြစ်လိမ့်မည်။ လွှမ်း က ခပ်ယဲ့ယဲ့ပြုံးကာ ...

"ကိုယ့်ဒဏ်ရာက ဘာမှမဖြစ်လောက်ပါဘူး၊ ပြီးတော့ မင်းတို့ကိစ္စထဲ ဝင်ပါခဲ့ရတယ်လို့လဲ ကိုယ် မမှတ်ဘူး၊ လက်မတင်လေးကျမှ ရောက်ခဲ့ရတဲ့အဖြစ်ကိုတောင် ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိခဲ့တယ်၊ ကလေးနဲ့မင်းသာ တစ်ခုခုဖြစ်ခဲ့ရင်ဆိုတဲ့ အကြေးနဲ့ ရင်တွေပူနေတုန်းပဲ"

"ထားလိုက်ပါ။ ဒါတွေအားလုံးက ကျွန်မဆုံးဖြတ်ချက်နဲ့ ကျွန်မ ဖြစ်ရတာ၊ ရှင် ကူညီခဲ့တာကို သားလေး လွတ်မြောက်ခဲ့ရလို့ ကျေးဇူးတင်ပေမယ့် ကျွန်မအတွက် မလိုဘူး၊ ဒုက္ခဖြစ်ပြီဆိုမှ ကူပါ ကယ်ပါနဲ့ ကျွန်မဖြစ်ခဲ့ရတာလဲ သားလေး ရှင်သန်ဖို့ပဲ"

"ကိုယ်ကတော့ ပါဝင်ခွင့်ရခဲ့တာကိုပဲ ဝမ်းသာနေတာပါ"

နှင်း က သူ့ကို စူးခနဲ ကြည့်သည်။

"ရှင် ကျွန်မကို ခနဲ့နေတာလား ကမ္ဘာလွှမ်း"

"မဟုတ်ပါဘူး၊ ဘာခနဲ့စရာရှိလဲ၊ ဘယ်သူမဆိုမှန်တယ်ထင်လို့ လုပ်ခဲ့တာပဲ၊ ကိုယ်လုပ်ခဲ့သမျှ အမှန်တွေချည်း ဖြစ်ချင်ကြတာ၊ မှားချင်တဲ့သူ ဘယ်သူရှိလို့လဲ"

နှင်း က နေရာမှ ထရပ်လိုက်ပြီး ...

"ကျွန်မကတော့ ရှင် တားဖူးတဲ့ကြားက လုပ်ခဲ့တာလေ"

"ကိုယ်လဲသိတာ မဟုတ်ဘူး၊ သတိပေးရုံပဲ တတ်နိုင်ခဲ့တာ၊





မင်းကလဲ သူများပြောတိုင်းယုံတဲ့ အကျင့်မရှိတဲ့သူ၊ မင်းနဲ့ကိုယ့်ကြားမှာ ဘယ်တုန်းကမှ နားလည်မှုမရှိခဲ့တာ ဆန်းမှမဆန်းဘဲ၊ ကိုယ် မင်းကို စိတ်ဝင်စားခဲ့တာလဲ ဂရုမစိုက်တတ်တဲ့ မင်းရဲ့အကျင့်ပဲ"

နှင်း တစ်ဖက်လှည့်သွားသည်။ လွှမ်း က ခုတင်ပေါ်ကနေ ခြေချထိုင်လျက်မှ လှပသည့် နှင်း ရဲ့ကျောပြင်လေးကို ငေးကြည့်ကာ ...

"ကလေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ် မင်း ကိုယ့်ကို မမုန်းတော့ဘူးလို့ ကိုယ်ထင်တယ်၊ ဟုတ်လား၊ဟင်"

နှင်း ခြေလှမ်းလေး တုံ့သွားသည်။ သက်ပြင်းတစ်အောင့်လောက် ရပ်နေပြီးမှ ပြတင်းတံခါးဆီ လျှောက်သွား၏။

"သားက ပြောတယ်၊ ကိုယ်နဲ့မင်းရယ်၊ သူရယ် ဒီအိမ်ထဲမှာ တူတူနေချင်တယ်တဲ့၊ မေမေ့ကို မမုန်းပါနဲ့တော့လို့ မနက်ကျရင် ပြောမယ် တဲ့"

ပြောနေရင်း လွှမ်း က ထရပ်လိုက်သည်။ တိတ်ဆိတ်နေသော ညဥ့်ယံနှင့် မှောင်တချို့၊ လင်းတချို့ရှိနေသော ခြံထဲ မြင်ကွင်းက ညဘက်မှာတော့ မလှပေ။ နှင်း က ပြတင်းပေါင်ပေါ်မှာ လက်ကလေး တင်လျက် ကြည့်ချင်လို့မဟုတ်ဘဲ ငေးနေခဲ့၏။

"နှင်း ..."

နှင်း ရဲ့နောက်မှာ သူ ရောက်လာသည်။ ဒါပေမယ့် လှည့်မကြည့်ဖြစ်ပါ။ ရင်ထဲမှာ ရှုပ်ထွေးနေကာ ဘာတွေမှန်းမသိ။ မှားပေမယ့် ဘယ်တော့မှ ဝန်မချတတ်သည့်အကျင့်နှင့် မှားပြီဆို နာကျင်အောင် ထုရိုက်ဒဏ်ခတ်တတ်သော လောကဓံ၏ သဘာဝတရားများက သူမကို ဆွဲ့အစေသည်။

"ကိုယ့်ကို နည်းနည်းလောက်တော့ ပြန်ပြောကွာ"

လွှမ်း ရှေ့ဆက်တိုးတော့ နှင်း ရဲ့ကျောပြင်နားမှာ နီးနီးလေး ဖြစ်သွား၏။

"မနက်ကျရင် မင်းကို သားကပြောမှာ၊ အဲဒါ ဘယ်လိုဖြေမလဲ"

"ရှင်နဲ့သားကို ကျွန်မ ခွဲမထုတ်တော့ပါဘူး၊ သားကို စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သလို နေခွင့်ပေးတော့မယ်လို့ ကျွန်မ ဆုံးဖြတ်ထားပြီးသား"

"အဲဒါ ဘာလဲ၊ ဒီ့ထက်ရှင်းအောင် ပြောစမ်းပါ"

လွှမ်း က တံခါးပေါင်တစ်ဖက်ကို လှမ်းကိုင်ပြီး နှင်း မျက်နှာကို ငုံ့ကြည့်တော့ နှင်း သူ့ရင်ခွင်ထဲရောက်နေ၏။ နှင်း က လက်ကလေး ပိုက်ပစ်ကာ သူ့ကို စောင်းငဲ့ကြည့်၍ ...

"သူ ပျော်တဲ့ဆီမှာ နေပို့လေ၊ နောက် ဘယ်တော့မှ မတားဆီးကော့ဘူး"

လွှမ်း မျက်နှာ မဲ့ကျသွားသည်။

"မင်း မကြောက်တတ်ဘဲနဲ့ ဘာဖြစ်လို့ ဝေ့လည်လည်ဖြေနေတာလဲ နှင်း၊ သားက ကိုယ့်ကို ..."

"ရှင်က ဘာပြောချင်တာလဲ"

"မင်းကို လက်ထပ်ခွင့်တောင်းချင်တာ၊ ကိုယ့်စကားတွေကို မေ့လိုက်ပါလို့ ပြောခဲ့ဖူးတော့ အခု ပြန်ပြောရမှာ ခက်နေလို့၊ ဒါပေမယ့် အခု ပြောပြီးသွားပြီ၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ၊ ဘယ်မှ ထွက်မပြေးပါနဲ့တော့ နှင်းရယ်၊ သားလေးနဲ့မင်းကို ကိုယ့်ရင်ခွင်ထဲမှာပဲ ထားပြီး စောင့်ရှောက်ခွင့်ပြုပါ၊ တကယ်တော့ သားက ကိုယ့်သား၊ ကိုယ့်ရင်သွေးပါ"

"ဘာ ..."

နှင်း ဆတ်ခနဲ တုန်သွားသည်။ သူ့ကို နောက်ပြန်မော့ကြည့်တော့ သူ့မျက်နှာက ရှေ့ကို ပိုငုံ့လာ၏။ ထိုအခါ သူ့ရင်ခွင်ထဲမှာ နှင်း ရဲ့ ကျောပြင်လေးက ထိကပ်လျက် ...။

"ကိုယ် ရိုးရိုးလေးပြောတာပါ၊ ကိုယ့်ရင်ထဲမှာ ဒီတိုင်းပဲရှိခဲ့တာ အမှန်ပဲ၊ ပြီးတော့ မင်းရဲ့ရင်ခွင်ဦး ကိုယ် မဖြစ်ခဲ့ပေမယ့် အချစ်ဦးတော့ ဖြစ်ခွင့်ရှိနိုင်သေးတယ်"

နှင်း မျက်ဝန်းလေးတွေ လှုပ်ရှားမှု ကင်းမဲ့သွား၏။ သူ့ကိုငေးရင်း မျက်တောင်မခတ်မိလောက်အောင် ရင်ထဲမှာ လှုပ်ရှားသွား၏။

"အချစ်ကြောင့် မလှုပ်ရှားခဲ့ဖူးပေမယ့် မင်း ကိုယ့်ကို မုန်းတဲ့စိတ်





တွေနဲ့ အချိန်ပြည့် ရင်ပူနေခဲ့ရတာမဟုတ်လား၊ အဲဒါ မင်းရင်ထဲမှာ ကိုယ် အမြဲရှိနေခဲ့တဲ့သက်သေပဲ၊ မမုန်းတော့ဘူးဆိုရင် မင်း ကိုယ့်ကို ပြန်ချစ်လာမှာပါ နှင်းရယ်၊ တကယ်ဆို မုန်းနေရင်းနဲ့ ရင်းနှီးခဲ့ကြတာ နှစ်တွေ နည်းလို့လား"

လွှမ်း ထံမှ ဆေးနံ့ရောသော ရေမွှေးနံ့က နှင်း ကို ရိုက်ပုတ်ရန်စနေကြသည်။ သူ ပြောနေတာတွေ ဟုတ်သလား၊ မဟုတ်ဘူးလား၊ နှင်း ချောက်ချားလာခဲ့သည်။ အလင်းဖြူ မျက်နှာ ဖျတ်ခနဲ ဝင်လာတော့ ရင်ထဲမှာ ဒိန်းခနဲ လှုပ်ခတ်သွား၏။

"နှင်းရယ်၊ တကယ်တော့ နှင်းက လွှမ်း နဲ့ အသွင်တူတာပါ၊ လွှမ်းနဲ့နှင်း မတည့်ကြပေမယ့် အတိုက်အခံ အမြဲဖြစ်နေကြတာကိုက မင်းတို့ရဲ့စရိုက်တွေ တူနေတာ"

အလင်းဖြူ မချိတရိ နှစ်သိမ့်သောအပြုံးနှင့် နှင်း ရှေ့မှာ မျက်လွှာချရင်း ပြောခဲ့ဖူးသည်။

"သားကို မင်း ကိုယ့်လိုစိတ်နဲ့ ကြီးပြင်းလာမှာစိုးနေတာ ကိုယ်သိတယ်၊ ကိုယ်က သားကို ဒီလိုသင်ရင် မင်းက ဟိုလို၊ မင်း ဖြစ်စေချင်တဲ့ပုံက လွှမ်းရဲ့စရိုက်၊ လွှမ်းရဲ့ အယူအဆတွေပဲ၊ နှင်းကိုယ်နှင်း မသိပေမယ့် ကိုယ်က ကိုယ့်ကိုကိုယ် နားလည်တယ်၊ ကိုယ် မင်းဆီက ရခဲ့တာ အချစ်မဟုတ်ဘူး၊ သနားငဲ့ညှာမှုတွေ"

"ဒါပေမယ့် ကိုယ် ကျေနပ်တယ်၊ မင်းကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကိုယ်က ချစ်ခွင့်ရခဲ့တယ်လေ၊ ပြီးတော့ မင်းအတွက် ကိုယ့်မှာ မရှိတဲ့၊ ကိုယ် မပေးနိုင်ခဲ့တဲ့ ရဲရင့်ပြတ်သားမှုတွေအားလုံး လွှမ်း မှာ ရှိတယ်၊ အဲဒါလဲ ကိုယ် ဝမ်းသာတယ်"

နှင်း မျက်ဝန်းတွေကို မှိတ်ပစ်လိုက်ရင်း ငုံ့ချထားလိုက်၏။ မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး၊ နှင်း .... သူ့ကို ....။

"ပြန်ချစ်ပါလို့ ကိုယ် မပြောသေးဘူး၊ လက်ထပ်ပါမယ်လို့ ခေါင်း



www.burmeseclassic.com

ညီတ်တာကိုပဲ လိုချင်တာ"

လွမ်းက ငုံ့ချထားသည့် နှင်း မျက်နှာလေးကို လိုက်ငုံ့ကြည့်တော့ သွန့်ကျဲဆံ ဒမ်းတွေက နှင်း ရဲ့ ပါးပြင်လေးမှာ ထိလုထိခင်။

"ဖယ်ပေးပါ"

နှင်း သူ့မျက်နှာကို ငဲ့ရှောင်ကာ ထွက်သွားနိုင်ဖို့အတွက် ရင်ဘတ်ကို တွန်းပစ်လိုက်မိ၏။

"ကိုယ်မေးတာကို ဖြေပါဦး"

"အို ..."

နှင်း လက်နှစ်ဖက်ကို သိုင်းချုပ်သလို နောက်ကနေ ဖွဖွလေး ဖက်ထားလိုက်၏။

"လွမ်း ... အဲဒီလိုမလုပ်နဲ့"

"ကိုယ် ..."

"ဟင့်အင်း ဖယ်ပါ"

"ကိုယ့်ရင်တွေ တဲအားခုန်နေတယ် နှင်းရယ်၊ နည်းနည်းတော့ မနှာင့်ယှက်ခွင့်ပြုပါ"

"လွမ်း ..."

မာနတွေ လဲပြိုကျနိုးသည်။ အတ္တ တံခါးလေးရှေ့၌ ငြိမ်ငြိမ်လေး အသက်အောင့်ပေးခဲ့၏။

နှင်း ဘယ်တော့မှ ဝန်မခံတတ်သော နှုတ်ခမ်းလွှာလေးများ၌ လွမ်း မရပ်မနားမေးနေခဲ့သော မေးခွန်းများကြောင့် ထိတ်လန့်တုန်ယင်ကာ ....

ရပ်စဲပါတော့ ....။ ဒီအနမ်းများမှ လွတ်မြောက်ခွင့်ပြုပါ .....။

ပရိသတ်အတွက် ထာဝရ

ညိုမြ

ဝေဖန်အကြံပြုစာများကို
အမှတ်(၃၉)၊ (၄၄)လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်
သို့ပေးပို့နိုင်ပါသည်။ ဈေးသင်ခါမပေ